# ပုဂံရှာပုံတော်-၂

အနန္တသူရိယ၊နရပတိစည်သူမင်းနှင့် ဝေဠုဝတီ

## တက္ကသိုလ်ဗိုလ်နုတင်



## ပုဂံရာပုံတော် (၂)

**ပုံနှိပ်မှတ်တမ်း**

ပထမကြိမ်၊ အားမာန်သစ်စာပေ၊ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ၊ အုပ်ရေ- ၂၀၀

**စီစဉ်သူ**

ခွန်ဂျာမှိုင်း

**စာမူခွင့်ပြုချက်**

၈၈၄/၂၀၀၀(၁၀)

**မျက်နှာဖုံးခွင့်ပြုချက်**

၁၉၈/၂၀၀၁(၃)

**မျက်နှာဖုံးပန်းချီ**

ပန်းချီ ဦးကျော်ညွန့်

**မျက်နှာဖုံးပုံနှိပ်**

ဦးတိုးဝင်း၊ နေလရောင် ပုံနှိပ်တိုက်
အမှတ်- ၉၆/ခ၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်**

ပပစိုး၊ ဦးစိုးမြင့်

**စာအုပ်ရောင်းဈေး**

၇၀၀ ကျပ်

ဤစာအုပ်ကို တက္ကသိုလ်စိန်တင် (မြဲ၊ ၀၁၀၉၆) ညောင်ရမ်း စာအုပ်တိုက်၊ မိုးမခမြ
အမှတ်-၁၁၅၇/၁၁၅၈၊ မိုးမခလမ်း၊ (၄၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်
ရန်ကုန်မြို့က ထုတ်ဝေ၍ ဦးရှိန်ဘီး (၀၇၆၅၉)၊ ဝင်းလိုက်မိတ် ပုံနှိပ်တို
အမှတ် ၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ပုံနှိပ်သည်။

မင်းခန့်-ပရိဘောဂ
ကိုမြင့်သန်း+သီသီလွင်
တိုက် (B-3), အခန်း (A), သမိုင်းလမ်းဆုံ၊ အင်းစိန်လမ်းမ
☎ : 01-662090

# ပုဂံ ရှာပုံတော် ၂

## အနန္တသူရိယ၊ နရပတိစည်သူနှင့် ဝေဠုဝတီ

တက္ကသိုလ်စိန်တင်

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး၊ |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး၊ |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး၊ |

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ် ပေါက်ရေးသည်**
**ပြည်ထောင်စု သားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

ရပ်ရွာအေးချမ်းသာယာရေး
ဝိုင်းဝန်းကူညီ စောင့်ထိန်းပေး။
တိကျမှန်ကန် စိတ်အားသန်
မြန်ဆန်ဆောင်ရွက် ပြည်သူ့တွက်။
သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်။

### ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တအုပ်ပြုစုသူ၏အမှာစာ

### ပုဂံအကြောင်း သောင်းပြောင်းဖြစ်စုံ လွမ်းလို့မကုန်

[ ၁ ]

သပြေပန်းကိုလှ
လက်လှမ်းတဲ့ ကိုင်ကာ
မင်းညီနောင် ပန်လို့သွားရင်
နားပြည့်အောင်ပါ။

တောင်ပုပ္ပားရယ်က
မယ်ဖုရား သူ့သည်းချာငယ်
ယဉ်ပါဘိကြော့ရှင်း
ပုဆိုးပန်းနီလွင်နဲ့
ပေါင်းကြယ်ပြင် ရွှေရောင်ပွမှာ
ထုံးမြိတ်စကွင်း။

တက္ကသိုလ်စိန်တင်သည် အဝေးဆီမှ မြင်နေရသော ပုပ္ပားတောင်ကြီးကို ငေးနေရင်း တောင်ပြုန်းပွဲတော် သီချင်းကဗျာကလေးကို တိုးတိုးကလေး သီဆိုနေမိလေသည်။ ၁၂-၆-၂၀၀၁ နေ့ နံနက်က ဖြစ်သည်။ ကိုစိန်တင်နှင့် စိမ့်(ပညာရေး)တို့သည် ရန်ကုန်-ပုဂံ ညောင်ဦးသွား ရဲသူအောင် အဝေးပြေး

ကားကြီးဖြင့် ခရီးသွားနေကြခြင်း ဖြစ်လေသည်။ ကျောက်ပန်းတောင်း
ဝန်းကျင်ကို ဝင်သည်နှင့် ရှုမြင်နေရသော ပုပ္ပားတောင်မကြီးက ပသာဒအ
ကို ဆင်သ နေလေပြီ။ ပုပ္ပား တောင်မကြီးသည် မိုးရိပ်မိုးငွေ့တို့ ရစ်သ
အုံ့မှိုင်းခံနေရစဉ်မှာပင် မြင်ရသည့် အလှက ပျက်ပြယ် မသွား။ ရှုကြည့်
၏ အာရုံကို လွှမ်းမိုးလို့ ဖမ်းစားထားပါလေ၏။ တက္ကသိုလ်စိန်တင် ခ
ပုပ္ပားတောင်မကြီးကို မြင်ရသည်နှင့် မချုပ်တည်းနိုင်တော့ဘဲ အထ
သီချင်း ကဗျာကလေးကို တိုးတိုးကလေး သီဆိုမိရှာတော့သည်။

"စာရေးဆရာ သတိလည်း ထားဦး၊ ဘေးမှာ လူတွေနဲ့ ရှင့်"

ကိုစိန်တင်က သီချင်းကို စိတ်လိုလက်ရ သီဆိုချလိုက်တော့ တိုး
ဆိုနေပါလျက်ကယ်နှင့် အသံက နည်းနည်း ကျယ်သွားသည် ထင်
ကားပေါ်ပါ ခရီးသည် အချို့ စိတ်ဝင်တစား လှမ်းကြည့်၏။ သည်
စိမ့်က တခြားသူတွေ မမြင်အောင် စာရေးဆရာ၏ ပေါင်ကို လက်
ခပ်နာနာ ထိုးဆိတ်ရင်း ကျိတ်၍ သတိပေးနေသည်။ ကိုစိန်တင်က
လက်ကို တွန်းပစ်ရင်း သီချင်းကို ပြီးအောင် ဆက်၍ ဆိုနေလေသ
ပုပ္ပားတောင်မကြီးကား ကိုစိန်တင်၏ သီချင်းသံကို ကြားပြီး ကြည်နူးပြုံး
ပြုံးနေသည် ထင်ပါရဲ့။ စာရေးဆရာက ထိုသို့ပင် တွေးနေမိသေးသည်

[၂]

"ပုဂံညောင်ဦးသို့ မသွားသေးဘူးလား ပုဂံရာပုံတော် (၂) စာအု
အတွက် ဓာတ်ပုံတွေ မရသေးဘူးလား" ဟု အားမာန်သစ် စာပေ
ကိုခွန်ဂျာမှိုင်းက တွေ့တိုင်း မေးနေသည်။ တက္ကသိုလ်စိန်တင်မှာ မကြာ
ဒဂုံမြို့သစ် (မြောက်ပိုင်း)သို့ အိမ်သစ်တက်ရန် ကိစ္စကြီးက ရှိနေ၍ ပြင်ဆင်
ဖွယ်များကို လုပ်ဆောင် နေရသဖြင့် ယခု တစ်ကြိမ် ပုဂံညောင်ဦး သွားရန်
ခရီးမှာ ဖင့်နွှဲ လေးကန်၍ နေလေ၏။ နောက်အကြောင်း တစ်ခုက ငါးထပ်
ကြီး ဘုရားလမ်းရှိ ဗြဟ္မာ့ဝိဟာရ ဓမ္မာရုံကြီးတွင် စနေနေ့နှင့် တနင်္ဂနွေ
နေ့တိုင်း တက်ရောက် သင်ယူ နေသော ဆုထူးပန် ဆရာဟန်၏ အဘိဓမ္မာ
ပထမဆင့်၊ ဒုတိယဆင့် သင်တန်းကို မပျက်ချင်၍လည်း ဖြစ်လေသည်။

ပြောရဦးမည်။ ထိုအဘိဓမ္မာ သင်တန်းကို ယမန်နှစ်ကလည်း တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး)တို့ ပထမဆင့် သင်ယူပြီး ဖြစ်၏။ သင်ယူရုံသာ ဖြစ်သည်။ နှစ်စဉ် ကျင်းပ ပြုလုပ်သော အဘိဓမ္မာ စာမေးပွဲကိုကား ကိုစိန်တင်နှင့် စိမ့်တို့ ဝင်ရောက် ဖြေဆို၍ အောင်လက်မှတ် တစ်စောင် ရင်မှာ ပိုက်ရန် ရည်ရွယ်ချက် မရှိခဲ့ပါ။ ကိုစိန်တင်နှင့် စိမ့်တို့ အဘိဓမ္မာ သင်တန်း တက်ရောက် သင်ကြားခြင်း၏ ရည်ရွယ်ချက်မှာ ထို့ထက် ကျယ်ပြန့် မြင်မားခဲ့သည်ဟု ဆိုရမည် ထင်၏။ ဗုဒ္ဓ ဂေါတမ မြတ်စွာဘုရား ဟောကြားခဲ့သော တန်ဖိုး မဖြတ်နိုင်သည့် အဘိဓမ္မာ တရားတော်၏ အနှစ်သာရကို လေ့လာ သင်ကြား ရယူပြီးနောက် ကိုယ်တိုင်လည်း ကျင့်ကြံ၍ နောင် ရေးသားမည့် စာအုပ်များတွင် အဘိဓမ္မာ အတွေး၊ အဘိဓမ္မာ အမြင်၊ အဘိဓမ္မာ ကျင့်စဉ်၊ အဘိဓမ္မာ သဘောတရား အဆီအနှစ်များကို လိုအပ်သလို ထည့်သွင်း ရေးသား ဖြန့်ဝေ နိုင်ရန်သာ အဓိက အာသီသ ထားရှိခဲ့ပေသည်။

ထို့ကြောင့်ပင် အဟော အပြော အသင် အပြ ကောင်းလှသော ဆရာကြီး ဆုထူးပန်ဦးဟန်၏ အဘိဓမ္မာ သင်တန်းများကို များပြား လေးလံလှသော လူမှုရေး တာဝန်နှင့် စာပေ တာဝန်များ၏ အကြားမှ မဖြစ်မနေ ကျားကုတ်ကျားခဲ ဖွဲ့နပဲ ကြိုးစွာ တက်ရောက် သင်ယူ နေကြခြင်း ဖြစ်ပေသည်။ သည်မှာပင် အဘိဓမ္မာ စာမေးပွဲ မဖြေဘူးလားဟု ဓမ္မမိတ်ဆွေများက စေတနာမွန်ဖြင့် မေးမြန်းလာတိုင်း ဖြေမှာပေါ့ဟုသာ မယုတ်မလွန် ပြန်ပြောခဲ့ကြရသည်။

ယခု ပုဂံ ညောင်ဦးမြို့သို့ မဖြစ်မနေ ခရီးထွက်ရန် ရှိသောအခါ စနေနေ့၊ တနင်္ဂနွေနေ့ အဘိဓမ္မာ သင်တန်းရက် လွတ်သော၊ တနင်္လာနေ့မှ သောကြာနေ့ အတွင်း အပြီး သွားရောက်ရန် စိမ့်က အကြံပေး လေသည်။ ထို့ကြောင့်ပင် ယခင့် ယခင် ပုဂံ ညောင်ဦး ခရီးများကဲ့သို့ ပုဂံ ညောင်ဦး မီးရထားဖြင့် သက်သောင့်သက်သာ ရက်ယူ၍ မသွားနိုင်တော့ဘဲ ညဥ့်သွား နံနက်ရောက် ခရီးသည်တင် အဝေးပြေး ကားဖြင့် အပင်ပန်းခံကာ တက်သုတ်ရိုက်၍ ပြေးလွှား သွားကြရတော့သည်။

ထိုနေ့ နံနက်က ပုဂံ ညောင်ဦးသို့ ရောက်တော့ ရွှေလီ တည်းခိုရိပ်သာမှ ကိုအောင်ကျော်မြင့်နှင့် ကိုကျော်ဆွေလင်းတို့ ညီနောင်က မတ် ဆလွန်းကားကြီးဖြင့် လာရောက် ကြိုဆိုနေကြသည်။ ရွှေလီ ဧည့်ရိပ် ရောက်တော့ အထုပ်အပိုးတွေ ချ၊ ရေမိုးချိုးပြီးသည့်နှင့် ရွှေလီ ညီနော ဦးဆောင်မှုဖြင့် ဓာတ်ပုံရိုက် ကင်မရာ သုံးလုံးကို ပွေ့ပိုက်၍ ပုဂံ ညော တစ်ခွင် ပြုပြစ်အောင် ခရီးနှင်ကြရတော့၏။

ပုဂံရာပုံတော် (၂) စာအုပ်မှာ နရပတိစည်သူမင်းကြီး၊ ဝေဠုဝတီမိ တို့ အကြောင်းကို သိုင်းဝိုင်းက ရေးဖွဲ့ထားသည် ဆိုသော်လည်း ပ ဓာတ်ဆောင်များနှင့် ဆက်သွယ် ပတ်သက်နေသော အလောင်းစည်သူမင်း သားတော် နရသူနှင့် နရပတိစည်သူ မင်း၏ သားတော် ဇေယျာသိင်္ခ နားတော များ မင်းတို့ပါ ပါဝင်နေသော ဓာတ်အိမ်ကြီး ဖြစ်နေသည်။ ထို့ကြော ထိုပုဂ္ဂိုလ်များ ကျင်လည်ခဲ့ရာ ဒေသ၊ သူတို့ တည်ထားခဲ့သော စေတီပု များကိုပါ ပြည့်ပြည့်စုံစုံ ထည့်သွင်း ဖော်ပြလိုသော စေတနာက ရင်နှင့်အပြ သို့ဖြစ်၍ပင် ထိုနေ့က တစ်နေ့လုံးပင် ရေသန့်ဘူး မော့လိုက်၊ အအေးပုလ တစ်ကျိုက် နှစ်ကျိုက် သောက်လိုက်၊ လမ်းဘေးက ဘူးသီးကြော်ဆိုင် ဝ ဝမ်းဖြည့်လိုက်နှင့် ဓာတ်ပုံတွေ ရိုက်ခဲ့ရာ နံနက်စာ စားရန် အေးရိပ်သာ စားတော်ဆက် ရောက်တော့ မွန်းလွဲ ၂ နာရီ ရှိနေပြီ။ ဆာလိုက်သည် ဟပ်နေတော့၏။

ဤခရီးတွင် ပုဂံမြို့ ရှေးဟောင်း သုတေသန ဌာနမှ အထက် မြန် ပြည် ဆိုင်ရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင် (စာရေးဆ မင်းဘူး အောင်ကြိုင်) ထံ ဝင်ရောက်၍ မသိတာတွေ မေး၊ သူ ပြောပြသ နားထောင်၊ သူ ညွှန်ပြခဲ့သော နေရာဒေသ၊ စေတီ ပုထိုးများသို့ မရော ရောက်အောင် သွားခဲ့သည်ကိုလည်း ကျေးဇူးတင် သတိရနေသေးသည်။

[၃]

"စိမ့်ရေ... ဒီနေရာမှာ ပေါ့ကွယ်၊ တို့ အမေ ကျောက်ရောဂါ ပြင်းပြင်း ထန်ထန် ခံစားရပြီး၊ စိတ်ညစ်လို့ လျှောက်ပြေးနေတဲ့ ရေကန်"

နေ့လည် (၁) နာရီ မွန်းလွဲ နေပူကျဲကျဲတွင် ကိုစိန်တင်တို့ နရပတိ စည်သူမင်းကြီး တည်ထား ကိုးကွယ်ခဲ့သော 'စူဠာမဏိ' စေတီတော်သို့ ရောက်၏။ စေတီတော်နှင့် မနီးမဝေးတွင် ရေကန် တစ်ကန် ရှိသည်။ မိုးရေ ရထားသဖြင့် ရေကန်မှာ ရေအပြည့်။ ၁၉၄၅ ခုနှစ်က ပုဂံ ညောင်ဦး မြို့ကို ဗြိတိသျှ စစ်တပ်များ ဝင်ရောက် သိမ်းပိုက်ခဲ့သည်။ ထိုစဉ်က စာရင်း စာအုပ်ကို ကိုင်၍ လာသော ဗြိတိသျှ စစ်အရာရှိ တစ်ဦးသည် ကိုစိန်တင်တို့ အဖေ ညောင်ဦးမြို့နေ ဆရာညွန့်ကို နိုင်ငံရေး အမှု တစ်ခုဖြင့် ဖမ်းဆီး သွား၏။ ကုသိုလ်ကံများ ဆိုးလိုက်သလေနော်။ ဤအချိန်မှာပင် ကိုစိန်တင် တို့ အမေ ဒေါ်ခင်စုမှာ ကျောက်ရောဂါ ခံစားရသဖြင့် ဗြိတိသျှ အစိုးရက ယာယီ ကူးစက်ရောဂါ ဆေးရုံ လုပ်ထားသော ပုဂံမြို့ စူဠာမဏိ ဘုရား စေတီဝင်းသို့ အပို့ ခံရ၏။ အစ်မကြီး မဝင်းဝင်းကြည်နှင့် မောင်စိန်တင်၊ မခင်ဌေးလှ၊ မခင်စန်းလှတို့ မောင်နှမ လေးဦးကို အမေက ပုဂံမြို့နေ အစ်ကို အရင်းနှင့် မခြား အားကိုးရသော မြန်မာ ဆေးဆရာ ဦးနိုင်– ဒေါ်တဆုပ်တို့ထံ ဆန်အိတ်၊ ဆီပုံး၊ နီလာ လက်စွပ် တစ်ကွင်း ပေးအပ်ကာ "ကျွန်မ မသေရင် ပြန်တွေ့ရမှာပေါ့" ဟု ပြောဆို အပ်နှံလိုက်သည်။

သည်တုန်းက မမဝင်းနှင့် မောင်စိန်တင်တို့သည် အမေ့ကို ထား သော ပုဂံမြို့ စူဠာမဏိ စေတီတော်သို့ နေ့တိုင်းပင် ထမင်းပို့ သွားကြ၏။ အမေ့ အဝတ်ဟောင်းတွေကို ပြန်ယူလာ၍ ပုဂံမြို့ ဗူးဘုရား ရေဆိပ် ဧရာဝတီ မြစ်ကမ်း၌ မမဝင်းက လျှော်ဖွပ် ပေးရသည်။

တစ်နေ့တွင် အမေ့ အိပ်ရာ၌ အမေ့ကို မတွေ့သဖြင့် လိုက်ရှာတော့ "ကျွန်မ သမီးကလေး မဝင်းကြည်ကို ဒီရေကန် ထဲမှာ စတေးပြီး ရေနစ် သတ်လိုက်ကြပြီ၊ ကယ်ကြပါရှင်" ဟု အမေ တစ်ယောက် စိတ်နောက်ကိုယ်ပါ ရေကန် ဘောင်ရိုးမှာ ပြေးလွှားကာ နေရှာ၏။ မမဝင်းက အမေ့ကို ပြေး ဖက်၍ "အမေ သမီး မသေပါဘူး အမေရဲ့၊ ဒီမှာပါ" ဟု ငိုရင်း ပြော၊ ပြောရင်း ငို၏။ ၁၀ နှစ်သားရွယ် မောင်စိန်တင်လည်း အမေ့ ထဘီစကို မလွှတ်အောင် ဆွဲရင်း ချုံးချ၍ ငိုနေသည်။ ဩော်... သည်ဘဝဝဋ်၊ ကြုံရသည့် အခင်းက နှစ် ၅၀ ကျော် ကြာမှ ပြန်ပြောပြရသည်မှာပင် မျက်ရည် လည်စရာပါ။

မျက်နှာ တစ်ပြင်လုံး ကျောက်ရောဂါ အဖုအပိန့်တွေ အပြည့် ဖြ
သော အမေနှင့် သားသမီး နှစ်ဦး ဆွဲကြ၊ ပွေ့ကြ၊ ငိုကြ၊ အော်ကြ ဖြစ်
ကယ်တင်ရှင်၊ ရဟန်းပျို တစ်ပါးက လာခေါ်သည်။ အဆိုပါ ရဟန်းတေ
အမေ့ကို သည်းခြေ သွေးဆေး တိုက်ကျွေး၍ အမေ့ ရောဂါ ဝေဒနာ သက
ပျောက်ကင်းခဲ့ရလေသည်။ ဩော်... ယခု ထိုရေကန် ဘေးသို့ စာရေး
ရောက်ရပြန်တော့ အတိတ်က ဓာတ်လမ်းကို တွေးပြီး မျက်ရည် စို့ရ

ထိုနေ့က ရွှေဥမင်ဏီ စေတီတော်မှ တစ်ဆင့် နရပတိ စည်သူမင်း
၏ ကုသိုလ်တော် **'ဓမ္မရာဇိက ဘုရားစေတီ'** သို့ ခရီး ဆက်ကြသ
ဘုရား ဂေါပက အဖွဲ့တွင် အဝေးပြော တယ်လီဖုန်း ရှိသဖြင့် မကွေးမြို့
ယခု ထက်တိုင် ကျန်းမာစွာ ရှိနေသော အသက် (၉၃) နှစ်ရွယ် အမေ
သားလိမ္မာ ကိုစိန်တင်က ဖုန်းဆက်သည်။ ရွှေဥမင်ဏီ စေတီတော်
ရောက်ခဲ့သည်၌ လွမ်းမျက်ရည် သီသီ ဝေခဲ့ပုံကို အမေ့အား ပြောပြ
အမေက တယ်လီဖုန်း ထဲမှနေ၍ သားငယ်ကို ချော့မော့နေသေး၏။ "အ
ကို အတိတ်မှာပဲ ထားခဲ့သား၊ ပစ္စုပ္ပန်ကို တည့်တည့်ရှု၊ အခု မင်း
အတွေးအခေါ်နဲ့ ရပ်တည်နေတဲ့ စာရေးဆရာ ဖြစ်နေပြီ မဟုတ်လား"

ထိုနေ့က ပုဂံ ညောင်ဦး တစ်ခွင်၌ နရပတိ စည်သူမင်းကြီး တ
ထား ကိုးကွယ်ခဲ့သော စေတီဘုရားများသို့ လှည့်လည် သွားလာ၊ ဓာ
ရိုက်ရင်း၊ စာရေးဆရာမှာ ပင့်သက်ကို အခါခါ ရှိုက်မိသည်။ ရွှေဥ
စေတီတော်သို့ ဖူးမြော်နေရင်း နရပတိ စည်သူမင်းကြီးနှင့် ကျေးရွ
ဆရာရင်း ပုံ့သကု မထေရ်မြတ်တို့ ဆရာနှင့် ဒါယကာ မသင့်မမြ
ဖြစ်ကြပုံ ဓာတ်လမ်းကို သတိရပြီး စိတ်ထဲမှာ ကြေကွဲစွာ ခံစားရသ
အမှန်။ ထို့နောက် ရွှေဂူကြီး စေတီဘုရားကို ဓာတ်ပုံများ ရိုက်ကူး
ခမည်းတော် အဲလောင်းစည်သူ မင်းကြီးအား အာဏာမက်သော၊ သားမ
နရသူက လုပ်ကြံခဲ့သည့် ဖြစ်ရပ်ကို တွေးတော၏။ စာရေးဆရာ
အသက်ရှူ ကျပ်ချင်လာမိသည်။ နောက်တစ်နေ့ ကျတော့ နရပတိစည်
မင်းကြီး တည်ထားခဲ့သော ကျောက်ဂူဥမင် ဘုရားသို့ ရောက်ကြပြန်
ကျောက်ဂူဥမင့် ဘုရားဝင်း အတွင်း၌ ဂျပန်ခေတ်က အဖေ၊ အမေ၊ အ

အဘွားတို့နှင့် စစ်ပြေး ပုန်းခိုခဲ့ရသော ငယ်ဘဝကို သတိရပြီး တို့ကိုစိန်တင်ကြီး လွမ်းမျက်ရည် သီသီ ဝေ့ရပြန်ရှာ၏။ ဤတွင် ကျောက်ဂူဥမင်နှင့် တစ်ဆက်တည်း ဖြစ်ပေါ်ခဲ့သော သစ္စာတရားကို ပြက်ပြက်ထင်ထင် ပြခဲ့သူ ဓားမကျူး ဆရာတော် ဘုန်းကြီး၏ ဖြစ်ရပ်မှန် ဇာတ်လမ်းကို တွေးမိ၏။ ထိုအခါ သစ္စာ မှန်သူတို့ အောင်ပွဲခံမြဲ ဖြစ်ကြောင်း သာဓက အတွက် စာရေးဆရာ ခမျာ အားတက် ဝမ်းသာ ရှိပြန်လေသည်။

ဪ... ကံကောင်းလို့ဗျို့ မေ့ကျန်တော့မလို့၊ နရပတိစည်သူမင်း အကြောင်း ရေးလျှင် ခြွင်းချန်ထား၍ မဖြစ်သော ပုဂ္ဂိုလ် တစ်ဦး ရှိသေးသည် မဟုတ်ပါလား။ အနန္တသူရိယ အမတ်ကြီးလေ။ သူသတ်ကုန်းသို့ ရောက်၍ တမလွန် ဘဝသို့ ခရီး နှင်တော့မည့် ဆဲဆဲ ဓား ကုပ်ပေါ်မှာ ဝဲနေစဉ်မှာပင် ရှင်ဘုရင်ကို တရား သံဝေဂ ရအောင် ညွှန်ပြနိုင်ခဲ့သော တကယ့် ပညာရှိ သူရဲကောင်းပါလားလေ။

ဘာတဲ့ဗျ၊ သူ ရေးပြခဲ့သော ဒသနစာကြောင်းကလေးက–

**ရွှေအိမ်နန်းနှင့်**
**ကြငှန်းလည်းခံ**
**မတ်ပေါင်းရံလျက်**
**ပျော်စံရိပ်ငြိမ်**
**စည်းစိမ် မကွာ**
**မင်းချမ်းသာကား**
**သမုဒ္ဒရာ**
**ရေ မျက်နှာထက်**
**ခဏ တက်သည်**
**ရေပွက်ပမာ**
**တစ်သက်လျှာတည်း...တဲ့။**

ကဲ... လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ ခန့်က ပုဂံ နိုင်ငံတော်ကြီးတွင် လူသားတို့၏ လောက အပေါ် ရှုမြင်သော ဒသနသည် ဘယ်ကလောက်

များ ကြည်လင်ပြီး ဘယ်ကလောက်များ ခေတ်မီ မြင့်မား နေ
သတဲ့လဲ။

[၄]

ချစ်စွာသော စာရှုသူ ခင်ဗျား။

တက္ကသိုလ်စိန်တင်၏ ယခင် ထုတ်ဝေခဲ့ပြီးသော 'ပုဂံ ရှာ
(၁)' စာအုပ်၊ စာရေးသူ၏ အမှာစာ၌ ဤသို့ ရေးသား ဖော်ပြခဲ့ပါ
**'တက္ကသိုလ် စိန်တင်သည် ပုဂံ ရှာပုံတော် စာအုပ် အတွဲများကို ဆက်
ရေးသားရန် ကြံစည် အားထုတ်လျက် ရှိပါသည်။ နောင်လာမည့်
များတွင် ပုဂံ၏ တင့်တယ်ခြင်း၊ ပုဂံ၏ ထည်ဝါခြင်းတို့နှင့်အတူ
ဖြစ်ရပ်များကို ဝတ္ထုဟန်ဖြင့် ဆက်လက် ရေးသား တင်ဆက် သွ
ဖြစ်ကြောင်း အစီရင်ခံပါသည်။'**

ချစ်စွာသော စာရှုသူ ခင်ဗျား၊ ယခု စာရှုသူ၏ လက်တွင် ရှိနေ
'ပုဂံ ရှာပုံတော် (၂)' စာအုပ်သည် အထက်ပါ အစီရင် ခံစာတွင် ဖော်
သော တက္ကသိုလ်စိန်တင်၏ ဆက်လက် ကြိုးပမ်းချက် တစ်စိတ်တစ်
ဖြစ်ပါသည်။ ပုဂံ ရှာပုံတော် (၂) တွင် ပုဂံ၏ တင့်တယ်ခြင်း၊
ထည်ဝါခြင်းတို့နှင့် အတူ ပုဂံခေတ် လူသားတို့၏ လူသားတိုင်းတွင်
ဖြစ်သော လောဘ၊ ဒေါသ၊ မောဟ မီးသုံးပါးတို့ လောင်မြိုက်ခြင်း ခံ
ဖြစ်ပေါ်လာသည့် ကိုယ်စိတ်နှစ်ဖြာ ချို့တဲ့မှု၊ ချို့ငဲ့မှု၊ အားနည်းမှု၊ မလ
ဖွယ်ရာ၊ အပြစ်အနာအဆာများ ပြုကျင့် ကြံစည်ကြမှုများကို မရှော
သာဘဲ ရေးသား ဖော်ပြခဲ့ရပါသည်။ ချစ်စွာသော စာရှုသူများသည်
ရှာပုံတော် (၂) စာအုပ်ကို ဖတ်ရှု ဆင်ခြင်၍ အကာကို ပစ်လျက်၊ အ
ရှာဖွေကြနိုင်ပါမည်။ ထိုဆင်ခြင်တုံတရားများကို လက်ကိုင်ပြု၍
မှောက်ခေတ် နိုင်ငံ အကျိုးပြု လုပ်ငန်းများတွင် မိမိတို့ ဆိုင်ရာ
ကဏ္ဍအသီးသီး၌ ပါဝင် ဆောင်ရွက် ကြိုးပမ်းကြမည် ဆိုလျှင် စာ
ဤစာအုပ်ကို ကြိုးကုတ် **အားထုတ် ရေးသားရကျိုး** နပ်ပြီဟု မှတ်ယ
ပါမည်။

တက္ကသိုလ်စိန်တင် အနေဖြင့်ကား ပုဂံရှာပုံတော် (၁) နှင့် (၂) တို့ကဲ့သို့ ပုဂံရှာပုံတော် (၃)၊ ပုဂံရှာပုံတော် (၄) စာအုပ် အတွဲများကို ဆက်လက် ရေးသား ပြုစုရန် ကြိုးပမ်းဦးမည် ဖြစ်ကြောင်း စာရှုသူများအား လေးစားစွာ အစီရင်ခံအပ်ပါသတည်း။


တက္ကသိုလ်စိန်တင်
၃/၁၀/၂၀၀၁

'မိုးမခမြိုင်'
ဒဂုံမြို့သစ်(မြောက်ပိုင်း)

## တက္ကသိုလ်စိန်တင်၏ စာအုပ်များ

၁။ နှင်းမှုန်ကြားမှ တပ်နီတော်
၂။ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာ ဦးသန့်
၃။ ဟစ်တလာ၏ သစ္စာကေရီ
၄။ ၁၉၄၅ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း
၅။ ရဲဘော်သုံးကျိပ်မော်ကွန်း
၆။ ငွေဓားဗိုလ်
၇။ အန္တရာယ်တောင်ကြား
၈။ နွေမင်းသားနှင့် ဆောင်းကေရီ
၉။ ကံ့ကော်မြိုင်တန်း လွမ်းပန်းဝေဝေ
၁၀။ နန်းကျဘုရင်သီပေါ
၁၁။ အကျဉ်းခံသီပေါ
၁၂။ မင်းတုန်းမင်း၏ နောက်ဆုံးနေ့များ
၁၃။ မြန်မာ့နိုင်ငံရေးဇာတ်ခုံမှ စောစံဖိုးသင်
၁၄။ ၁၉၇၃ အာရပ်-အစ္စရေး သဲကန္တာရစစ်ပွဲ
၁၅။ ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း
၁၆။ ကေရိစုဖုရား
၁၇။ မုန်တိုင်းဗိုလ်ရဲဒင်
၁၈။ အိုဘယ့်အနော်ရထာ
၁၉။ ပုဂံမှာကျန်စစ်သား
၂၀။ ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို
၂၁။ သိင်္ဂီဆောင်အခန်းအမှတ် (၃)
၂၂။ မိန်းမချောကလေးများ မချစ်ရ
၂၃။ စတီရီယိုမင်းသမီး
၂၄။ ကျွန်တော်တို့အမေ
၂၅။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့် သခင်ဗစိန်
၂၆။ ပခုက္ကူဦးအုံးဖေ (ဘဝခရီးနှင့် အောင်မြင်နည်း အတွေ့အကြုံများ)
၂၇။ ဆိုဗီယက်ယူနီယံပြိုကွဲခြင်း
၂၈။ မြန်မာ့တော်လှန်ရေးအာဇာနည် ပုဂံဗိုလ်ချို
၂၉။ ပုဂံရှာပုံတော် (၁)
၃၀။ မြင်ကွန်းနှင့် ကနောင်
၃၂။ ပုဂံရှာပုံတော် (၂)

# သမိုင်းဝင် ဓာတ်ပုံများ



**ပုံ(၁)။ ဘွဲ့မည်မှာ "ဓမ္မရာဇက"၊ ဘုန်းတောက်ပ မြတ်စေတီ**

ပုဂံမြို့၊ 'ဓမ္မရာဇက' စေတီတော်ကြီးကို ညဉ့်အချိန်၌ ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ နရပတိစည်သူ မင်းကြီး၏ ကုသိုလ်တော်။ ၁၃၆၁ ခုနှစ်၊ နတ်တော်လပြည့်နေ့ ညဉ့် ၁၀ နာရီတွင် အထက်ပါ ဓာတ်ပုံကို ရိုက်ကူးခဲ့ရာ ဘုရားအား စောင့် ရှောက်နေသော ပုဂံခေတ်၊ ဓမ္မပါလ စစ်သူကြီး၏ ပုံကို ဓာတ်ပုံထဲတွင် မမျှော်လင့်ဘဲ တွေ့ကြရသည်ဟု ဂေါပကအဖွဲ့မှတ်တမ်းက ဖော်ပြသည်။ (ဝိုင်းပြထားသည်။) (စာမျက်နှာ ၁၇၁)



ပုံ(၂)။ ရွှေပြောင်ပြောင်၊ ရောင်ခြည်ပွင့်ဘုရား၊
မယ်နှင့်မောင် နိဗ္ဗာန်ကူး ဖူးကြစို့လား

နရပတိစည်သူ မင်းကြီး၏ ကုသိုလ်တော် ပုဂံမြို့ 'ဓမ္မရာဇက' စေတီတော်ကြီးကို နေ့အခါ ရွှေရောင် တဝင်းဝင်းနှင့် တင့်တယ် သပ္ပာယ်စွာ ဖူးတွေ့ရသည်။ ပုဂံ မြို့ရှိ မုခ် ငါး မုခ် ရှိသော ငါးမျက်နှာ ဘုရား စေတီ ၁၆ ဆူတွင် အကြီးဆုံး စေတီ ဖြစ်သည်။ (စာမျက်နှာ ၁၇၁)



**ပုံ(၃)။ မြတ်စေတီ စူဠာမဏိ သမိုင်း၏ ပုံသက်သေ**

နရပတိ စည်သူမင်းကြီး၏ ကုသိုလ်တော်၊ ပုဂံမြို့ စူဠာမဏိ စေတီတော်။ ဤစေတီတော်ကြီး တည်ထားစဉ် ဆရာနှင့် ဒါယကာ သဘောထားကွဲပြား၍ နရပတိစည်သူ မင်းနှင့် ပုံသကူ မထေရ်မြတ်တို့ မသင့်မမြတ်ဖြစ်ခဲ့ရာ မင်းကြီး ဝန်ချ တောင်းပန်၍ ပြီးပြေခဲ့သော သမိုင်း ရှိသည်။


(စာမျက်နှာ ၁၄၇)



**ပုံ(၄)။ ပုံသကူ့ စေတီဘုရား၊ ခံ့ညားသည့် ဓမ္မသဘင်**

'မင်းကြီး ကပ်လှူသော ဆွမ်းကို ငါ မစားပြီ' ဟု ပုံသကူ မထေရ်မြတ် မိန့်ကြားသော နေရာ၌ တည်ထားခဲ့သော 'သပိတ်မှောက်ဘုရား' ယခုအခါ သင့်တင့်သော ဘွဲ့အမည် 'ပုံသကူစေတီ' ဟု ပြောင်းလဲ ပူဇော်ထားသည်။

(စာမျက်နှာ ၁၄၄)



**ပုံ(၅)။ ထီးလိုမင်းလို စေတီအကျော်၊ သမိုင်းနှော် လွန်ထင်ရှား**

နရပတိစည်သူ မင်းကြီးက သားတော် ဇေယျသိင်္ခ နားတောင်းများမင်းအား နန်းမွေ ပေးရန် လိုလားပြီး၊ အဓိဋ္ဌာန်ပြု၊ ထီးတော်ကလည်း မင်းသားထံ ညွှတ်ခဲ့သည့် နေရာ၌ တည်ခဲ့သော ဇေယျသိင်္ခမင်းကုသိုလ်တော် 'ထီးလိုမင်းလို' စေတီ (စာမျက်နှာ ၁၁၈)



ပုံ(၆)။ စေတနာကြီးမြတ်စေတီ၊ ပြုတည်သူ မင်းဇေယျသိင်္ခ

ဇေယျသိင်္ခ နားတောင်းများမင်းက ပစ္စေကဗုဒ္ဓါဆုကို တောင်း၍ သဒ္ဓါထက်သန် စေတနာမွန်ဖြင့် တည်ထား ကိုးကွယ်ခဲ့သော ပုဂံမြို့ 'စေတနာကြီးဘုရား'။



**ပုံ(၇)။ ဗုဒ္ဓဂယာမှ မြတ်စေတီ၊ မဟာဗောဓိ တည်ပုံထူး**

ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂယာမှ မူလ မဟာဗောဓိ စေတီတော် ပုံစံအတိုင်း တည်ထား ကိုးကွယ်ခဲ့သော ကုသိုလ်ရှင် ဧယျသိခ်မင်း၏ ပုဂံမြို့ 'မဟာဗောဓိ စေတီတော်'။



ပုံ(၈)။ ပုဂံတဲ့ မြို့အကျော်၊ ရှာပုံတော် ခရီးအစ

ပုဂံ ညောင်ဦး တစ်ခွင်၊ သမိုင်းဝင် ဝတ်ပုံများ ရှာဖွေ ရိုက်ကူးမည့် ခရီး အစဝယ်။ (ဝဲမှ ယာ) အငြိမ်းစား မြို့နယ် ပညာရေးမှူး ဆရာကြီး ဦးညွန့်၊ တက္ကသိုလ်စိန်တင်၊ စိမ့်(ပညာရေး) နှင့် ကိုကျော်ဆွေလင်း။



**ပုံ(၉)။ "ဒီစေတီတော်ကို ရှာချင်ရင် ဟောဒီလမ်းက ဝင်ပါဗျ"**
ပုဂံကို ရှာပုံတော် ဖွင့်သူ၊ တက္ကသိုလ်စိန်တင် (ယာ) နှင့် ပုဂံမြို့ မြေပုံဖြင့် ညွှန်ပြ ကူညီပေးသူ၊ ရှေးဟောင်း သုတေသန ဦးစီးဌာန၊ (အထက်မြန်မာပြည်) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင် (မင်းဘူး အောင်ကြိုင်)



**ပုံ(၁၀)။ ထု ဓမ္မရံ၊ ဉာဏ် သဗ္ဗညု၊ အနန္တ အာနန္ဒာ**

ပုဂံမြို့ရှိ နရသူမင်း ကုသိုလ်တော်၊ ဓမ္မရံကြီး စေတီ။ ခမည်းတော် နှင့် နောင်တော် တို့ကို အဆုံး စီရင်၍ နန်း ယူခဲ့သော နရသူ မင်းသည် သံသရာ ဘေးကို ကြောက်ရွံ့ တုန်လှုပ်ပြီး ဤ စေတီတော်ကြီးကို တည်ထားခဲ့သည်။ စေတီတော်၏ ကြီးမားသော ထုထည်ကြောင့် 'ထု ဓမ္မရံ'၊ ဉာဏ်တော် အမြင့်ဆုံး ဖြစ်၍ 'ဉာဏ် သဗ္ဗညု'၊ အနုပညာ မြောက်သော အထုံအမွမ်း များကြောင့် 'အနန္တ အာနန္ဒာစေတီ' ဟု ဖွဲ့ဆိုကြသည်။



**ပုံ(၁၁)။ သားနှင့်အဖ၊ ရာဇဝင်မှာ စာတင်လို့ မလှတဲ့ စေတီ**

အလောင်းစည်သူမင်းကြီး၏ ကုသိုလ်တော် ရွှေဂူကြီး စေတီ။ သားတော် နရသူ မင်းသားက လုပ်ကြံ၍ ကုသိုလ်ရှင် မင်းကြီး ဤစေတီတော် အတွင်း၌ ကံတော် ကုန်ခဲ့ရှာသည်။



ပုံ(၁၂)။ ပုဂံမြေမှာ ရှာဖွေလို့ မဝ၊ ခရီး ဆန့်ကြရာဝယ်
ပုဂံမြို့ တန်ဖိုး မဖြတ်နိုင်သော ရှေးဟောင်း သုတေသန ပြတိုက်ကြီး
ရှေ့တွင် စိမ့်(ပညာရေး)၊ တက္ကသိုလ်စိန်တင်၊ ကိုအောင်ကျော်မြင့်။



**ပုံ(၁၃)။ ဘုရင် နှစ်ပါး ကုသိုလ်ရှင် ဂေါဓောပလ္လင်**

နရပတိစည်သူ မင်းကြီးသည် မြန်မာ သက္ကရာဇ် ၅၆၅ ခုနှစ်တွင် စေတီထူး ဂေါဓော ပလ္လင် (ကန်တော့ ပလ္လင်) စေတီကို တည်ထားခဲ့၍ ဘုရားတည် မပြီးဆုံး မီ နတ်ရွာ စံခဲ့သည်။ သားတော် ဇေယျသိင်္ခမင်းက ဘုရားကို ပြီးစီးအောင် ဆက်လက် တည်ထားခဲ့ရသည်။ (စာမျက်နှာ ၁၈၀)



**ပုံ(၁၄)။ ဆပဋ စေတီ မထေရ်မြတ် တည်ပြု**

နရပတိစည်သူမင်း လက်ထက်တွင် သီဟိုဠ် နိုင်ငံနှင့် ပုဂံနိုင်ငံတော်တို့ အကြား ဗုဒ္ဓဘာသာရေး ဖွံ့ဖြိုး တိုးတက်ခဲ့သည်။ သီဟိုဠ်ရောက် ပညာတော်သင် မထေရ် ဆပဋ အရှင်သည် ပုဂံ ညောင်ဦးမြို့ အထွက် ကျောက်ပန်းတောင်း သွားလမ်းဘေး၌ ဤဆပဋ စေတီကို တည်ခဲ့သည်။

(စာမျက်နှာ ၁၅၈)




**ပုံ(၁၅)။ ပုံ့သကူ မထေရ်မြတ် ညွှန်းမှတ်သည့် ထိုစေတီ**

ပုံ့သကူ မထေရ်မြတ်က အမှတ်အသား ပြု၍ ဝိုင်းပြခဲ့သော မြေနေရာ၌ သားတော် ၅ ပါးကို စေတီ ၅ ဆူ တည်ရန် နရပတိစည်သူ မင်းကြီးက စေခိုင်းခဲ့သည်။ အထက်ပါ မြေပုံသာဘုရားလှ စေတီသည် ထိုစေတီ ၅ ဆူတွင် တစ်ဆူ ဖြစ်သည်။ (စာမျက်နှာ ၁၄၉)



ပုံ (၁၆)။ "ခင်... မြင်းလှည်းလေးနဲ့ တူပျော်ပျော်
ဘုရားပွဲတော် သွားစို့နော်

တေးသံရှင် အောင်ရင်နှင့် မေဆွိ မဟုတ်ပါ။ စူဠာမဏိ စေတီ ပရဝုဏ်တွင် တက္ကသိုလ်စိန်တင်နှင့် စိမ့်တို့ မြင်းလှည်း စီးကြသည်မှာ...။



ပုံ(၁၇)။ ပုဂံမြို့ နန်းတော်တွင် ဆင်ခြင်ဖွယ် သင်္ခါရ

အလောင်းစည်သူ မင်းကြီး ကုသိုလ်တော် ရွှေဂူကြီး စေတီ အနီးတွင် ရှေးဟောင်း သုသေသနမှ တူးဖော်နေသော ပုဂံနန်းတော်ရာ အပြိုအပျက်များ။ ရွှေရောင်ဝင်းဝင်း ထိန်ထိန်လင်းခဲ့သော နန်းတော်ကြီး၏ သင်္ခါရတရား သရုပ်သကန်တို့မှာ....။



ပုံ(၁၈)။ ကျောက်ဂူဥမင်ရှေ့၊ သူတော်စင် ဓလေ့ သက်သေတည်
သူတော်စင် ရဟန်း တစ်ပါးကို မာတုဂါမနှင့် စွပ်စွဲ ခံရသဖြင့် ဓားသွေး
ကျောက်နှင့် ဓားမပါ ဤရောဝတီ မြစ်ရေပြင်၌ ပေါလော မျောအောင်
ပစ်ချ၍ သစ္စာဆို ပြုပြခဲ့သော သမိုင်း မှတ်တမ်း ရှိသည်။ ထိုနေရာ အထက်
တွင် နရပတိစည်သူ မင်းကြီးက ကျောက်ဂူဥမင် (ကျောက်ကူးဥမင်) တူး၍
ဘုရား တည်ခဲ့သည်။ (စာမျက်နှာ ၁၆၄)



**ပုံ(၁၉)။ ကျောက်ဂူဥမင် တံခါးဝ လမ်းနှစ်ခွ ခရီးတည်**
နရပတိစည်သူ မင်းကြီး၏ ကုသိုလ်၊ ကျောက်ဂူဥမင်လိုဏ် စေတီ အတွင်း အထက်အညာ ပုံတောင် ပုံညာသို့ တစ်လမ်း၊ ညောင်ဦးမြို့ ရွှေစည်းခုံ စေတီသို့ တစ်လမ်း၊ ဥမင်လိုဏ်လမ်းမှ သွားရောက်နိုင်သည်ဟု ဆိုစမှတ် ပြုကြသည်။ (စာမျက်နှာ ၁၆၅)



ပုံ(၂၀)။ ကတိသစ္စာ တည်သောခါဝယ် အံ့ဖွယ်ဓားမ ရေကူးပြခဲ့
သူတော်စင် မထေရ်မြတ်၏ ခိုင်မတ်သော သစ္စာကျင့်စဉ်ကို အံ့ဖွယ်သူရဲ
ထူးကဲစွာ သက်သေ ပြ၍ ရေကူး ပြခဲ့ခြင်း အထိမ်းအမှတ် 'ဓားမ ပါ ဘုရား'
ကို ကျောက်ကူးဥမင်၏ အထက်၌ နရပတိစည်သူ မင်းကြီး တည်ထား
ခဲ့သည်။ (စာမျက်နှာ ၁၆၄)




**ပုံ(၂၁)။ ရှင်ရဲ တစ်ထောင် ဘာသာရောင်၊ သာသနာရောင် လွှမ်းပါလို့**

ပုဂံမြို့ နရပတိစည်သူ မင်းကြီး၏ သားလိမ္မာ ဇေယျသိင်္ခ နားတောင်းများ မင်းသား ငယ်စဉ်က ပညာ သင်ကြားခဲ့သော ရှင်ရဲ တစ်ထောင်ကျောင်း အပြိုအပျက်များ။



**ပုံ(၂၂)။ အတိတ်က ကြေးမုံပြင် စိတ်အစဉ် ပြန်ကာတွေးမိတော့**
၁၉၄၅ ခုနှစ်က ညောင်ဦးမြို့တွင် တက္ကသိုလ်စိန်တင်၏ မိခင်ကြီး ဒေါ်စုစု ကျောက်ကြီးရောဂါ ပေါက်၍ ပုဂံမြို့ စူဠာမဏိ ဘုရားဝင်း ယာယီ ကျောက်ရောဂါ ဆေးရုံသို့ ပို့ခဲ့ရသည်။ မိခင် စိတ်ထွေပြား၍ ဤရေကန် အပါးတွင် ပြေးလွှား ခဲ့ဖူးသည်။ ၁၀ နှစ်သားအရွယ် ကိုစိန်တင်နှင့် အစ်မကြီး ဒေါ်ဝင်းဝင်းကြည်တို့ ငိုယိုကာ အမေ့ကို လိုက်လံ ရှာဖွေ ပြုစုခဲ့ရ၏။
(စာရေးသူ အမှာစာကြည့်)



**ပုံ(၂၃)။ ပုဂံမြေ နေအကျမှာ လှပါဘိခြင်း**

ပုဂံမြို့ ဆည်းဆာ နေဝင်ချိန် ရှုခင်း အလှကို ကမ္ဘာလှည့် ခရီးသည်များ နှင့် မြန်မာ ဘုရားဖူးများ အမြတ်တနိုး ငေးမော ကြည့်ရှု ခံစားကြသည်။ ပုံတွင် ပုဂံ၏ နေဝင်ချိန်အလှ ရှုခင်း ကို ဤသို့ ကြည်နူးဖွယ် တွေ့ရသည်။ (ဓာတ်ပုံ ညောင်ဦးဖိုးချို၊ ကဗျာအောင်ပြည့်)



**ပုံ(၂၄)။ တိမ်ပလီ နွေနှောင်း၊ ခညောင်းတဲ့ အိုဘယ့် ပုဂံမြေ**
တိမ်ပွင့် တိမ်ဆုပ်များ နောက်ခံဖြင့် ပုဂံမှ နွေတစ်နေ့၏ ဆည်းဆာချိန် အလှမှာ ခံစား ကြည်နူး ရှုမျှော်၍ မဝနိုင်စရာ။

## တက္ကသိုလ်စိန်တင်နှင့် ဆက်သွယ်ရန်လိပ်စာသစ်


**တက္ကသိုလ်စိန်တင်**

မိုးမခမြိုင်၊ အမှတ်–၁၁၅၇/၁၁၅၈၊

မိုးမခလမ်း၊ (၄၆) ရပ်ကွက်၊

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။

☎ ၅၈၀၄၅၅

# (၁) အနန္တသူရိယ အမတ်ကြီး၏ နောက်ဆုံးနေ့

## (က)

**'သူတည်းတစ်ယောက်၊ ကောင်းဘို့ ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ ဓမ္မတာတည်း။'**

အနောက်ဘက် တောင်စွယ်တွင် နေကွယ်လုပြီ။ ဆိုကြပါစို့၊ ပုဂံနေပြည်တော်၏ နေဝင်ချိန်ညနေဆည်းဆာသည် အတောက်ပဆုံး၊ တောက်ပဝင်းလက်၍ နေလေ၏။ အိပ်တန်းပြန် ကျေးငှက် တစ်အုပ်သည် အရှေ့မှသည် အနောက်သို့ ဖြည်းဖြည်းမှန်မှန် ပျံသန်းသွားလျက် ရှိနေသည်။ ပုဂံနေပြည်တော်၏ အနောက်ဘက်စွန်းရှိ သူသတ်ကုန်းတွင် လူတစ်စုတို့ ရုတ်ရုတ် သဲသဲ ဖြစ်နေကြသည်။ သူတို့ အထဲ၌ တည်ငြိမ်အေးချမ်းစွာဖြင့် ကုန်းကမူကလေးပေါ်တွင် ထိုင်နေသော လူတစ်ယောက်ကိုလည်း တွေ့နိုင်ကြသည်။ ထိုလူဘာလုပ်နေပါလိမ့်။

ထိုလူသည် ကုန်းကမူကလေးပေါ်၌ အေးဆေးစွာ ထိုင်ရင်း ခြေနှစ်ချောင်းကို ချိတ်ထားလျက် ရှိ၏။ ညာဘက် ဒူးပေါ်တွင် ပေချပ် တစ်ရွက်ကို တင်လျက် လက်ထဲမှ ကညစ်တံဖြင့် တစ်စုံတစ်ရာကို ရေးခြစ်၍ နေသည်။

သူ ဘာရေးနေပါလိမ့်။

# (၁) အနန္တသူရိယ အမတ်ကြီး၏ နောက်ဆုံးနေ့

## (က)

**'သူတည်းတစ်ယောက်၊ ကောင်းဘို့ ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ ဓမ္မတာတည်း။'**

အနောက်ဘက် တောင်စွယ်တွင် နေကွယ်လုပြီ။ ဆိုကြပါစို့၊ ပုဂံနေပြည်တော်၏ နေဝင်ချိန်ညနေဆည်းဆာသည် အတောက်ပဆုံး၊ တောက်ပဝင်းလက်၍ နေလေ၏။ အိပ်တန်းပြန် ကျေးငှက် တစ်အုပ်သည် အရှေ့မှသည် အနောက်သို့ ဖြည်းဖြည်းမှန်မှန် ပျံသန်းသွားလျက် ရှိနေသည်။ ပုဂံနေပြည်တော်၏ အနောက်ဘက်စွန်းရှိ သူသတ်ကုန်းတွင် လူတစ်စုတို့ ရုတ်ရုတ် သဲသဲ ဖြစ်နေကြသည်။ သူတို့ အထဲ၌ တည်ငြိမ်အေးချမ်းစွာဖြင့် ကုန်းကမူကလေးပေါ်တွင် ထိုင်နေသော လူတစ်ယောက်ကိုလည်း တွေ့နိုင်ကြသည်။ ထိုလူဘာလုပ်နေပါလိမ့်။

ထိုလူသည် ကုန်းကမူကလေးပေါ်၌ အေးဆေးစွာ ထိုင်ရင်း ခြေနှစ်ချောင်းကို ချိတ်ထားလျက် ရှိ၏။ ညာဘက် ဒူးပေါ်တွင် ပေချပ် တစ်ရွက်ကို တင်လျက် လက်ထဲမှာ ကညစ်တံဖြင့် တစ်စုံတစ်ရာကို ရေးခြစ်၍ နေသည်။

သူ ဘာရေးနေပါလိမ့်။

အဲ...သူက ဘယ်သူပါလိမ့်။

သူ့အနီးမှာ လုံတထောင်ထောင်၊ ငှက်ကြီးတောင်ဓား တဖွေးဖွေးနှင့် တွေက ဘယ်သူတွေပါလိမ့်။

နေပါအုံး၊ မေးပါရစေ။ သည်လူတစ်စုက ပုဂံ သူသတ်ကုန်းတွင် တောင်စွယ်နေကွယ်ချိန်၌ ဘာကြောင့်များ လှုပ်လှုပ်ရှားရှား ဖြစ်နေကြပါသ လဲ...လဲ။

ယခုလို အမေးရှိလျှင် အဖြေရှိရလိမ့်မည်။

ဖြေမည်ဆိုမှ ပြည့်ပြည့်စုံစုံ ဖြစ်အောင် စကားလက်တံဖြင့် အနည်းင ရပါတော့အုံ။

(ခ)

ကညစ်တံဖြင့် ပေရွက်တွင် အေးဆေးစွာ ရေးခြစ်နေသော ထိုလူကား ရက်ပိုင်းက နတ်ရွာစံ ကံတော်ကုန်သွားသည့် ပုဂံပြည့်ရှင် မင်းယဉ်နရသိခ်နှင့် လည်းဖြစ် ရင်းနှီးကျွမ်းဝင်သော၊ အမတ်ကြီးလည်းဖြစ်သည်။ အမတ်ကြီးသည် ဆီမှာ ပျံသန်းသွားသော ငှက်တစ်အုပ်စီသို့ ငေးမောကြည့်နေရင်း နှုတ်မှ တစ်စုံ ရွတ်ဆိုနေသည်။

**သူတည်းတစ်ယောက်**
**ကောင်းဘို့ ရောက်မူ**
**သူတစ်ယောက်မှာ**
**ပျက်လင့်ကာသာ**
**ဓမ္မတာတည်း။**

လေးလုံးပိုဒ် ကဗျာကလေး ဖြစ်၏။ ကဗျာ၏ ပထမဆုံး စာပိုဒ်ကို မောမော ရေးပြီးသွားသည်။ ကဗျာဆရာက သူ ရေးဖွဲ့ပြီးသွားသော စာပိုဒ်ကို ငြင်သာ ပြန်ဖတ်ကြည့်၏။ ပြီးတော့ ကျေနပ်ဟန်ဖြင့် ခေါင်းကို ညိတ်လိုက်သေ

**'လူတစ်ယောက်၊ ကောင်းစားဘို့၊ လူတစ်ယောက်က၊**
**ပျက်စီးပေးရတာ၊ လောကတံထွာ၊ ဓမ္မတာပေပဲ'**

ကဗျာဆရာသည် အဝေးဆီသို့ ငေးမျှော်လိုက်ပြန်သည်။ သူမျှော်ကြည့်နေသော
နေရာကား ညနေဆည်းဆာ၏ နေရောင်တွင် ဝင်းလက်တောက်ပြောင်နေသော ပုဂံရွှေနန်း
တော်ပင်တည်း။ ဟုတ်ပါရဲ့။ အဝေးဆီ၌ တပြောင်ပြောင်၊ တဝင်းဝင်း၊ ထင်လင်းစွာမြင်
နေရသော ထိုနန်းတော် ပြာသာဒ်ဆောင်များကား ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်
မူသော နရပတိစည်သူမင်းကြီး စံမြန်းတော်မူသော ဘုမိနက်သန် နေရာမှန်ပင်တည်း။

သည်လို ဝင်းလက်တောက်ပြောင်နေသော စုလစ်မွန်းချွန်များဖြင့် တင့်တယ်နေ
သည့် ပုဂံရွှေနန်းကို အဝေးဆီမှ ရှုမြင်ရသောအခါ သူသတ်ကုန်းရောက် ကဗျာဆရာ
သည် ကျေနပ်နှစ်သိမ့်စွာဖြင့် ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်ပြန်၏။ ထို့နောက် သူ့
လက်ထဲက ကညစ်တံကို လှုပ်ရှားစေလိုက်ပြန်သည်။

**ရွှေအိမ်နန်းနှင့်**
**ကြငှန်းလည်းခံ**
**မတ်ပေါင်းရံလျက်**
**ပျော်စံရိပ်ငြိမ်**
**စည်းစိမ်မကွာ**
**မင်းချမ်းသာကား**
**သမုဒ္ဒယာ**
**ရေမျက်နှာထက်**
**ဓေတက်သည်**
**ရေပွက်ပမာ**
**တစ်သက်လျာတည်း။**

**'ရွှေရောင်တဖိတ်ဖိတ် တောက်နေတဲ့ သည်နန်း သည်ကြငှန်းနဲ့၊ အမတ်ပေါင်းစုံ ခြံရံနေတဲ့၊ သည်မင်းချမ်းသာစည်းစိမ်ကို၊ မြဲမည်ထင်နေသလား… ဘဝတစ်သက်တာ၊ သုခချမ်းသာဟာ၊ ပမာပြရရင်၊ သမုဒ္ဒရာမှာ၊ တက်လာတဲ့ ရေပွက်ကလေးပါ'**

သူသတ်ကုန်းရောက် ကဗျာဆရာသည် အဝေးဆီ၌ မြင်လိုက်ရသော ရွှေန
ဆောင်များကို တရားသဘောအမြင်နှင့် ဆင်ခြင်ပြီးနောက် မိမိလက်ရှိ ကြုံတွေ့နေရသေ
ကြောက်ရွံ့ဖွယ်ဘဝကို ဤသို့ ဆက်လက်ရှုမြင်ပြန်လေသည်။

ကြင်နာသနား
ငါ့အား မသတ်
ယခုလွှတ်လည်း
မလွတ်ကြမှာ
လူတကာတို့
ခန္ဓာခိုင်ကျည်
အတည်မမြဲ
ဖောက်လွဲတတ်သည်
မချွတ်စသာ
သတ္တဝါတည်း။

**'ငါ့ကို၊ ယခုမသတ်တော့ဘဲ၊ လွှတ်လိုက်လျှင်ပင်၊ လူသတ္တဝါတို့ရဲ့၊ မမြဲတဲ့ အနိစ္စသဘောအရ တစ်နေ့၊ သေရမှာပါပဲ'**

မှန်လှပေ၏။ အနိစ္စ ဆိုသော မမြဲတရားကို ဘုရားသော်မှ မလွန်ဆန်၊ မဆ[illegible] နိုင်ဘူး မဟုတ်လား။ သည်သဘောကို သူသတ်ကုန်းသို့ ရောက်နေသော ပညာ[illegible] တွေး၊ သိ၊ ရှု၊ မြင်၊ ပြခဲ့ပြီကော။ ထိုကဗျာဆရာက သူ၏ သံဝေဂ၊ က[illegible] နောက်ဆုံး စာပိုဒ်ကို ခေတ္တမျှ တွေးမြင် ရွတ်ဆို ကြည့်ပြီး ကညစ်တံဖြင့် ပေရွ[illegible] ရေးခြစ်ပြန်လေသည်။

ရှိနိုးကော်ရော်
ပူဇော်အကျွန်
ပန်ခဲ့တုံ၏
နိက်ကြွံဝိပါက်
သံသာစက်ဌ
ကြိုက်လတ်တွန်မူ
တုံ့မယူလို
ကြည်ညိုစိတ်သန်
သခင်မွန်ကို
ချန်ဘိစင်စစ်

**အပြစ်မဲ့ရေး**
**ခွင့်လျှင်ပေး၏**
**သွေးသည် အနိစ္စာ၊**
**ငါ့ဓမ္မာတည်း။**

ကဗျာစာဆိုက မိမိအား သတ်ရန် အမိန့်ပြန်ထားသော ရှင်ဘုရင်နှင့် ကြိုတင်၍ စာရင်းရှင်းထားလိုက်သည်။ သံသရာစက်ဝန်း၌၊ တစ်လှည့်တစ်ပြန် ကြုံတွေ့လျှင်ပင် တုံ့ပြန်လက်စား ခြေလိုသော ဆန္ဒဆိုးများ သူ့မှာ မရှိ။ ခွင့်လွှတ်လိုက်ပါသတဲ့၊ ထို့ပြင် ထိုရှင်ဘုရင်ကိုပင် ရှိခိုးကော်ရော်၊ ပူဇော်ကန်တော့ခဲ့ကြောင်း၊ ကဗျာ၌ ဖော်ပြနေပြန်သေးသည်။

"ကဲ... ကဲ... အချိန် မရှိတော့ဘူး၊ အမတ်ကြီး၊ တောင်စွယ်မှာ နေကွယ်တော့မယ်ပလေ၊ ကျုပ်တို့မှာ ဘုရင်မင်းမြတ် အမိန့်တော်က ရှိသေးတယ် မဟုတ်လား"

ခံ့ညားထယ်ဝါသော ဝတ်ရုံနီ အင်္ကျီဖားဖားကို ကိုယ်မှာ လွှားခြုံဝတ်ဆင်ထားသူ၊ တာဝန်ရှိ၊ မှူးမတ်ကြီး တစ်ဦးက အေးအေးသက်သာ ကဗျာစပ်ဆိုနေသော အနန္တသူရိယ အမတ်ကြီးကို သတိပေးစကား မြွက်ကြားနေသည်။

**အနန္တသူရိယ။** ။ ပြီးပါပြီ အမတ်မင်းရယ်၊ ကျုပ် ရေးသီ မှာကြားလိုသမျှကို သည်ကဗျာမှာ၊ ဖွဲ့သီရေးထည့် ပြီးပါပြီ။ ကျေးဇူးရှင် ဘုရင်မင်းမြတ်ထံသာ ဤကဗျာစာလွှာကို ဆက်သလိုက်ပါလေ'

ပြောပြောဆိုဆိုနှင့် အနန္တသူရိယ အမတ်ကြီးသည် နေရာတွင် ထရပ်၏။ ပြီး တော့ လက်ထဲက ကဗျာရေးထားသော ပေစာကို မနီးမဝေးရှိ တာဝန်ကျ အာဏာပိုင် မှူးမတ်ကြီးအား ကမ်းလိုက်သည်။ ထို့နောက် အနန္တသူရိယ အမတ်ကြီးသည် ကုန်းကမူ ကလေးပေါ်၌ စိုက်ထူထားသော သူသတ်စင်ဆီသို့ တစ်လှမ်းချင်း လျှောက်လှမ်းသွား နေ၏။

ကြည့်ကြပါတော့၊ ဘယ့်ကလောက်များ ရဲစွမ်းသတ္တိနှင့် ပြည့်စုံလှသော အနန္တ သူရိယပေနည်း။ မကြာမီကာလ၌ မိမိအား သွေးစိမ်းရှင်ရှင် ထွက်ကာ တမလွန်ဘဝသို့ ပို့တော့မည့် သူသတ်စင်မြင့်သို့ ထိုအမတ်ကြီး ကြွလှမ်းသွားပုံမှာ အံ့သြဘနန်းပါလား။ သူ့အသွင်မှာ မိတ်ဆွေအိမ်က ထမင်းစားဖိတ်သည်ကို လက်ခံ သွားရောက်လျက် ရှိ သော ဧည့်သည်ပမာ၊ တည်ကြည်အေးချမ်းလှပါကလား။

ပုဂံနေပြည်၏ အနောက်ဘက်၊ ဧရာဝတီမြစ်ပြင်ကို မေးတင်ထားသော တ
တောင်ပေါ်၌ အနော်ရထာ ဘုရင်မင်းမြတ် တည်ထားကိုးကွယ်ခဲ့သည့် တန့်ကြည်
စွယ်တော်ရှင် စေတီတော်သည် ခံ့ထည်စွာ သီတင်းသုံးလျက် ရှိပေ၏။ တန့်ကြည်
စွန်းတွင်တော့ ဝင်လုဆဲဆဲ နေလုံးကြီးသည် တဖြည်းဖြည်း နိမ့်ဆင်းသွားလျက်
ဖြစ်သည်။ တန့်ကြည်တောင် တောင်စွယ်၏ အကွယ်၌ နိမ့်ဆင်းလျက် ရှိသော
နီနီကြီးသည် ကနေ့မှပင် ပိုလို့ မြန်ဆန်လှသည်ဟု ထင်ရပါကလား။

ထိုအချိန်၌ ကဗျာရှင် စာဆို အနန္တသူရိယ အမတ်ကြီးသည် သူသတ်
ထောင်ထားသော သူသတ်စင်မြင့်ကို ကျောပေးလျက် ရပ်လိုက်သည်။ ခက်ထန်ခြင်း
မရှိ၊ ပျော့ညံ့ခြင်းကိုလည်း မဖော်ပြသော အမတ်ကြီး၏ မျက်နှာသည် မြကတော့
ငြိမ်လွန်းစွဘိတကား။ သတ္တိရှိခြင်းကို အမတ်ကြီးက ပြသလိုသည့် အဓိပ္ပာယ်
ရဲရင့်ခြင်းကို အမတ်ကြီးက ကြေညာလိုသော သဘောပေလား။ သို့မဟုတ် သေ
ရှင်သည် ထိုနှစ်လီကို မည်သို့မျှ ဂရုမထား၊ ဥပေက္ခာတရားကို များများကြီး ဆ
ထားနိုင်သည့် အသွင်ကို ဆောင်လေသလား။ ထိုလား၊ ဤလား မေးခွန်းများ၏
မှန်ကိုတော့ အနန္တသူရိယ အမတ်ကြီးကိုယ်တိုင် ထုတ်ဖော် ဝန်ခံမှသာလျှင် သိ
ပေတော့မည်။

လောလောဆယ် အခြေအနေတွင်ကား အမတ်ကြီး အနန္တသူရိယသည် တန့်
တောင် တောင်စွယ်၌ ကွယ်ပတော့မည့် နေလုံးနီကြီးကို မျက်လုံးလှန်၍ တစ်ချက်
လိုက်သည်။ ဒါက ဘာအဓိပ္ပာယ်ပါလိမ့်။ ဤ မြေကမ္ဘာကို နှုတ်ဆက်လိုက်
အကြည့်များပေလား။ ထိုစဉ်ခဏဝယ် အနန္တသူရိယ အမတ်ကြီး၏ နှုတ်မှ၊ တစ်စုံတ
ရွတ်ဆိုလိုက်သည်။ အနီးရှိ သူသတ်ယောကျ်ား ပါးကွက်အာဏာသား တစ်ဦးက
ကြားလိုက်သလိုလို ရှိသည်မှာ...

**နိုက်ကြွေဝိပါက်**<br>
**သံသာစက်၌**<br>
**ကြိုက်လတ်တွန်းမှု**<br>
**တို့မယူလို**<br>
**ကြည်ညိုစိတ်သန်**<br>
**သခင်မွန်ကို**<br>
**ချန်ဘိစင်စစ်**<br>
**အပြစ်မဲ့ရေး**

**ခွင့်လျှင်ပေးသည်၊**
**သွေးသည် အနီစွာ ငါ့မှေ့ာတည်း။**

ဩော် တရားခံမှုနှင့် ပြည့်လျှမ်းနေသော အနန္တသူရိယ အမတ်ကြီးသည် စားရောင်တဖွေးဖွေး၊ လုံသွေးပြက်ပြက် လျှမ်းလျှမ်းလက်လျက်၊ မိမိကို တမလွန်ဘဝသို့ ပို့ပေးမည့် သူသတ်သမား လူကြမ်းကြီးများ ဝိုင်းရံနေသည့် အချိန်၌ပင် တရားနှင့် ယှဉ်သော စကားကို ပြောကြား သွားနိုင်ပေသေး၏။

**'သွေးသည် အနီစွာ**
**ငါ့မှေ့ာတည်း'** ဆိုပါလား။

**(ဂ)**

မကြာမီပင် အမတ်ကြီး အနန္တသူရိယ၏ ရှေ့၌ ရပ်နေသော မင်းခယောက်ျား အာဏာရှင် မှူးမတ်ကြီးသည် သူ၏ ဝတ်ရုံနီအတွင်းမှ ပဝါတစ်စကို ဆွဲနှုတ်၍ သူ့မျက်နှာကို သုတ်လိုက်သည်။

ဤကား အနန္တသူရိယကို ကွပ်မျက်ကြပေတော့ဟု အချက်ပြလိုက်သော အထိမ်းအမှတ်ပင်တည်း။

အာဏာပါးကွက်သားတို့၏ ဓားလုံတို့သည် နောက်ဆုံး မှိန်ပျပျလင်းနေသော ရောင်ခြည်တွင် ဝင်းကနဲ လက်ကနဲ ဖြစ်သွားလေ၏။ အနန္တသူရိယ အမတ်ကြီး၏ ဦးခေါင်းသည် ဆတ်ကနဲ တစ်ချက်တွန့်ကာ ဘေးသို့ ငိုက်ကျသွားလေသည်။

ထိုအချိန်ဝယ် သူသတ်ကုန်းအနီး ပညောင်ပင်ကြီးပေါ်၌ အိပ်စက်နားနေတော့မည့် ကျီးငှက်တို့သည် အချိန်မဟုတ်၊ အခါမဟုတ် ထ၍ ပျံသန်းကာ တအာအာမြည်နေကြ၏။ ဩော် အနန္တသူရိယ အမတ်ကြီး၏ နောက်ဆုံး ဇီဝိန်ချုပ်ချိန်ကို ကျီးငှက်သတ္တဝါတို့သည်ပင် မကြည့်ရက်၊ မမြင်ရက်၊ မရှုရက် ဖြစ်ကာ အိပ်တန်းမှ ထပြန်ကြသည်များ ဖြစ်လေမလား။

ပုဂံနေပြည်တော်၏ အနောက်ဘက် တန့်ကြည်တောင်စွယ်၌ကား နေလုံးကြီး ကွယ်ခဲ့လေပြီ။

တန့်ကြည်တောင်၊ စွယ်တော်ရှင် စေတီမြတ်သည် မျက်လွှာကို ချလျက် တည်ငြိမ်စွာ ရှိနေသည်။

**'သဗ္ဗေ သင်္ခါရာ အနိစ္စာ'**
**အလုံးစုံသော ရွေ့လျောခြင်း**
**တရားတို့သည် မမြဲကုန်။**

စွယ်တော်ရှင် စေတီတော်အတွင်း၌ သီတင်းသုံးနေသော ဗုဒ္ဓရုပ်ပွားတော် မမိန့်သော်လည်း မိန့်ဘိသို့၊ မကြားသော်လည်း ကြားဘိသို့၊ မဆိုသော်လည်း ဆိုဘိ

မေးရဦးမည်။ ယခု ပညာရှိ အနန္တသူရိယ အမတ်ကြီး မင်းပြစ် မင်းဒဏ် သေရွာသို့ မြန်းရသည်မှာ ဘာကြောင့်ပါလိမ့်။ အဘယ်သို့သော အကြောင်းရင်းခံ လို့ပါလိမ့်။

ဖြေပါဦးမည်။ သည်ဖြစ်ရပ်၏ မူလ မြစ်ဖျားခံလာသော ခြင်းရာထုပ္ပတ်၊ သ ဇာတ်ကို ပြတ်ပြတ်သားသား ပြောတော့မည် ဆိုလျှင် ပုဂံနိုင်ငံတော်၌ နရသူမင်း ဝ ကြဲခံရသည်က အစချီရလိမ့်မည်။ ဟုတ်သည်လေ။ နရသူမင်း နတ်ရွာစံပြီး မင်းဖ နရသိခ်မင်း ထီးနန်းတက်ခဲ့သည်က စလို့ ပုဂံနေပြည်တော်မှာ ဇာတ်လမ်းတွေ ရှု သည် မဟုတ်လား။

## (၂) နန်းပလ္လင်ပေါ်သို့ ရောက်လာသည့် လူတစ်ယောက်

(က)

နေပြည်တော်သည် သတင်းဆိုး တစ်ရပ်ဖြင့် လှုပ်ခါလျက် ရှိလေတော့သည်။ သတင်းဆိုး သတင်းဆိုးတဲ့။ ဟုတ်လား။ ဘယ်လို သတင်းဆိုးပါလိမ့်။ ပြောကြပါအုံး။ ဆိုကြပါအုံး။ မေးသူကမေး၊ မြန်းသူကမြန်း၊ တိုးတိုးပဲဆိုကြ၊ ကျယ်ကျယ်လည်း မပြောဝံ့။ မေးထိုး၍ မေးသူက မေး၊ ခေါင်းဆတ်၍ အံ့အားသင့်ပြသူကပြ၊ ပခုံးတွန့်၍ ကြောက်ဟန် လုပ်သူကလုပ်၊ အို ဘာမှန်းလည်း မသိ၊ ဇာတ်ကတော့ဖြင့် တော်တော် ကလေး ရှုပ် နေပြီထင့်။

အမှန်ကတော့ ဒါကလည်း၊ ထူး၍မျှ မဆန်းသော မှတ်တမ်း တစ်ရပ်ပေပဲ။ ကြည့်လေ၊ ပုဂံနိုင်ငံတော်၌ သက်ဦးဆံပိုင်၊ အာဏာရှင် ဘုရင်မင်းမြတ် အုပ်စိုးနေသည် မဟုတ်လား။

။ အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်း၊ အဲ အပြော မတော် တစ်ခွန်း ဆိုသည် မဟုတ်ပါလား။ မမှားနှင့်၊ မှားလျှင် ဒုက္ခကြုံရပေအံ့။

သည်တော့ အစားမတော် တစ်လုတ် ဆိုတာ မစားဘဲနေလျှင် အန္တရာယ်ကင်း၏။ မစားဘဲလည်း နေနိုင်၏။

အသွားမတော် တစ်လှမ်းတဲ့။ မသွားဘဲ နေလျှင် အန္တရာယ်ကင်းသ
မသွားဘဲလည်း နေနိုင်၏။

အဲ အပြောမတော် တစ်ခွန်းတဲ့။ အပြောအဆို မှားယွင်းလျှင် စကား တ
တည်းနှင့် ဒုက္ခကြီးကြီးက မုချ အပြီးရောက်လိမ့်မည်။

မရချေ။ လုံးဝ မရချေ။ လူဆိုတာကလည်း မသိချင်ပါနှင့်ဆို သိချ
မပြောပါနှင့် ဆိုမှပင် ပြောချင်၏။ မပြောပါရစေနှင့်ဟု တောင်းပန်တော့မှပင် အ
ကလိထိုး၍ ပြောခိုင်းတော့သည်။

သည်နေရာမှာ ကြွံတုန်း ကြိုက်တုန်း မြန်မာ့ရိုးရာ ပုံပြင်ကလေး တ
အတိုချုံး၍ ထုတ်ပြောရပေဦးအံ့။

ဟိုရှေးရှေးတုန်းက ဖြစ်ရပ် ဆိုပါစို့။ ပုံပြင်လည်း ဖြစ်ချင် ဖြစ်မည်။[၁]

တိုင်းပြည် တစ်ပြည်ကို အုပ်ချုပ် မင်းလုပ်နေသော ဘုရင်ကြီးတစ်ပါး
အာသာ ဆန္ဒ ပြင်းပြသော ချင်ခြင်း တစ်ခု ဖြစ်၏။ ထိုချင်ခြင်းကလည်း ပြေ
အားနာစရာ၊ မကြားဝံ့မနာသာ၊ ဘာတဲ့လဲ သိချင်ကြသလား။

ဘုရင်မင်းမြတ်၏ သွေးထဲက တောင့်တသည်မှာ ဖွဲနုစားချင်သည့်
ဖြစ်ပါသတဲ့။ ထို့ကြောင့်ပင် ဘုရင်မင်းမြတ်သည် ယုံကြည်ရဆုံးသော အ
ကြီး တစ်ဦးအား မိမိ စက်ရာဆောင်တွင်းသို့ တိတ်တဆိတ် ခေါ်သွင်း
သည်။ ထိုအချိန်တွင် မိဖုရားခေါင်ကြီးပင် အနားတွင် မရှိစေရ။ ပြီးတေ
မိမိ အာသာဆန္ဒ ပြင်းပြနေပုံကို တိုးတိုးကလေး အမတ်ကြီးကို ပြောတော့

**ဘုရင်ကြီး။** ။"အမတ်ကြီး ငါကိုယ်တော်ရှင်မြတ်ရဲ့ ဒုက္ခကို ကယ်ပါအုံး
**အမတ်ကြီး။** ။"မှန်လှပါ ပွင့်လင်းစွာ မိန့်ကြားတော်မူပါဘုရား၊ အား
ပြည့်စုံပါစေ့မယ် ဘုရား"
**ဘုရင်ကြီး။** ။"ငါကိုယ်တော်ရှင်မြတ်လေ"
**အမတ်ကြီး။** ။"မှန်လှပါ ရဲရဲကြီး မိန့်ပါဘုရား၊ မိန့်ပါဘုရား"
**ဘုရင်ကြီး။** ။"ငါလေ ငါ ငါ အို ဘယ်ကစပြောရပါလိမ့်"
**အမတ်ကြီး။** ။"မိန့်ချလိုက်ပါ ဘုရား၊ ဆန္ဒရှိတာကို မိန့်ခွန်းချွေတော်မူလိုက်
ဘုရား၊ ဘယ်သူမှ မကြားနိုင်ပါဘူး ဘုရား"
**ဘုရင်ကြီး။** ။"ငါ ငါ ဖွဲ ဖွဲ ဖွဲနု စားချင်တယ်၊ အဲ ပြောချလိုက်ပြီကွာ
စားချင်တယ် ကဲ"

---

၁။ Dr. Htin Aung ၏ Burmese Folk Tales စာအုပ်ကို မှီးယူပါသည်။

**အမတ်ကြီး**။ ။ (ထိတ်လန့်အံ့သြသွားပြီး ရယ်ချလိုက်ချင်သော်လည်း မရယ်ဝံ့ရှာဘဲ အရေးတကြီး သဘောထားဟန် မျက်နှာထားဖြင့် ပြော) "မှန်လှပါ၊ မပူပင်ပါနှင့်ဘုရား၊ စိုးရိမ်နှောင့်လို့၊ ကြောင့်ကျတော် မမူပါနှင့်ဘုရား၊ ကိုယ်တော်ရှင်မြတ်ရဲ့ ဆန္ဒကို ချက်ချင်း မကြာ၊ ပြည့်စေရပါမယ် ဘုရား"

**ဘုရင်ကြီး**။ ။ (စိုးရိမ်ထိတ်လန့်ဟန်ဖြင့်) "ဟဲ့ အမတ်ကြီး၊ တိုးတိုးလုပ်စမ်းပါဟဲ့၊ ဒါကို ငါ့ မိဖုရားတွေ မကြားစေနဲ့နော်၊ ငါ့သားတော်တွေ မသိစေနဲ့နော်၊ ငါ့မှူးမတ်တွေ မသိစေနဲ့နော်၊ သိများသိရင်တော့လား နင့်လည်ကုတ်ကို သံလျက်နဲ့ ခုတ်ပြီသာအောက်မေ့ဟဲ့"

**အမတ်ကြီး**။ ။ (လည်ကုတ်ယားသဖြင့် လက်ဖြင့် အသာအယာလည်ပင်းကို ပွတ်ရင်း) "မှန်လှပါ၊ ဘယ်သူမှ မသိစေရပါဘူး ဘုရား၊ မသိစေရပါဘူး ဘုရား"

တိုတို ဆိုကြပါစို့။ အမတ်ကြီးသည် ဖွဲနုစားချင်သော ရှင်ဘုရင်အကြောင်းကို စဉ်းစားရင်း အိမ်သို့ ပြန်စဉ်၊ ရယ်ချင်ပြုံးချင်သော ဆန္ဒကို ပြင်းပြစွာ နှိပ်ကွပ်ထားရ၏။ ထို့နောက် အမတ်ကြီး အဝတ်အစားကို ချွတ်သည်။ အရပ်ဝတ် အဝတ်ကို လဲဝတ်သည်။ ဈေးထဲသို့ သွား၍ ဖွဲနုဆိုင်မှ ဖွဲနုကမန်းကတန်း ဝယ်၏။ အိမ်ပြန်၏။ အမတ်ကြီးက အမတ်ဝတ်ကို ဝတ်သည်။ ဖွဲနုထုပ်ကို အမတ်ကြီး ဝတ်ရုံအတွင်း၌ သိုဝှက်ယူပြီး နန်းတွင်းသို့ တိတ်တဆိတ် ပြန်ဝင်သည်။ ချိန်းဆိုထားသည့် အတိုင်းပင် ဘုရင်ကြီးကို သူ၏ စက်ရာခန်းဆောင်၌ လျှို့ဝှက်စွာ ဝင်တွေ့လေ၏။

**ဘုရင်ကြီး**။ ။ (ဝမ်းသာစွာဖြင့်) "ဟဲ့ အမတ်ကြီး ပြန်လာပြီလား"

**အမတ်ကြီး**။ ။ "မှန်လှပါ ပြန်ရောက်ပါပြီ ဘုရား။ အရှင်မင်းမြတ် စားလိုသော အာသီသရှိတဲ့ ဖွဲနု ဝယ်ယူခဲ့ပါပြီ ဘုရား"

အမတ်ကြီးသည် ဝတ်ရုံအတွင်း၌ သိုဝှက်၍ ယူလာသော ဖွဲနုထုပ်ကို ဘုရင်မင်းမြတ်အား ရိုသေစွာ ဆက်သလေသည်။ မင်းတရားကြီးသည် အမတ်ကြီး၏ လက်ထဲမှ ဖွဲနုထုပ်ကို ဖွင့်၍ အားပါးတရ စားနေလေတော့သည်။

**ဘုရင်ကြီး**။ ။ (ဖွဲနုစားရင်းမှ) "ဟဲ့ အမတ်ကြီး၊ နင် ဒီဖွဲနု ဘယ်ကရသလဲဟဲ့"

**အမတ်ကြီး**။ ။ "မှန်လှပါ ဈေးထဲက ဝယ်လာတာပါ ဘုရား"

**ဘုရင်ကြီး။** ။ "နင်ကိုယ်တိုင် ဝယ်တာလား၊ တစ်ယောက်ယောက်ကို ခိုင်းတာလား"

**အမတ်ကြီး။** ။ "မှန်လှပါ၊ ဘုရား ကျွန်တော်မျိုးကြီး ကိုယ်တိုင် လျှို့ဝှ ဝယ်တာပါ ဘုရား"

**ဘုရင်ကြီး။** ။ "နင့်မယားတွေ၊ နင့်သားတွေ မသိဘူးလား"

**အမတ်ကြီး။** ။ "မှန်လှပါ၊ ဘယ်သူ ဘယ်ဝါ တစ်ဦး တစ်ယောက်မှ ရအောင် သိုသိပ်ထားပါတယ် ဘုရား"

**ဘုရင်ကြီး။** ။ (ကျေနပ်အားရသော အသံဖြင့်) "အေးဟဲ့ ကောင်းပ ကောင်းပါဘိ၊ အင်း ခုမှပဲ ဖွဲနုတွေ စားပြီး ငါ ကိုယ် မြတ် နေသာထိုင်သာ ရှိရပါသကွဲ့"

ဘုရင်ကြီးသည် မိမိ ဖွဲနုစားချင်သော ဆန္ဒကို ဖြည့်ဆည်းပေ အမတ်ကြီးအား ဆုတော်ငွေ တစ်ထောင် ချီးမြှင့်လိုက်ပါသတဲ့။

သို့သော်

ပြဿနာက ထိုမျှနှင့် မပြီးချေ။ ဖွဲနု ဝယ်ကျွေးခဲ့သော ထိုအ ကြီးသည် ဘုရင်ကြီး ဖွဲနု စားသောအကြောင်းကို မပြောရ မနေနိုင်၊ ပြော နေလေ၏။ ဘယ်သူကို ပြောရပါ့မလဲ။ အမတ်ကြီးကတော်ကို ပြောရ လား။ ဒါလည်း မဖြစ်သေး၊ မိန်းမများ၏ ပါးစပ်ပေါက်ကား ပိတ်ရခက် ၏။ ကိုယ်က ယုံကြည်လို့ မိန်းမကို 'ဟဲ့ ဘယ်သူမှ ပြန်မပြောနဲ့' ဆိုလျှင် ကိုယ့်စကား နားမထောင်ဘဲ မတော်လို့ အရပ်ထဲ လည်၍ ပါး မောင်း တီးမှုဖြင့် ရှင်ဘုရင်ကြီး၏ သံလျက်ဓားက လည်ကုပ်ပေါ်သို့ ကား ရောက်လာပေတော့မည်။ ဒါဖြင့် ဘယ်သူ့ ပြောရပါ့။ ကိုယ့်မိန်းမကိုမှ ကို မယုံရဘူး ဆိုလျှင် ငါသည် လောကတွင် အခြား ယုံကြည်ရမည်သူကား မ မရှိ။ သည်တော့...

အမတ်ကြီးသည် မိမိ၏ ရင်တွင်းမှ ကလိ၊ ကလိ ဖြစ်နေသော ထိုစက ကို ပြောရန် နေရာကို ရှာ၏။ တွေ့ပြီ။ တောထဲ သွားပြီး တစ်ကိုယ်တည် ပြောတော့အံ့။

အမတ်ကြီးသည် တောထဲတောင်ထဲသို့ သွား၏။ တောနက်နက်သ ဝင်၏။ အနီးအနား၌ လူသွားလူလာ ရှိ မရှိ ကြည့်၏။ မရှိ၊ တစ်ဦး မရှိ။

သည်တော့မှ အနီးအပါးရှိ သစ်ခေါင်းကြီး ဖြစ်နေသော ညောင်ပင်

ကစ်သည်။ ညောင်ပင်၏ သစ်ခေါင်းကြီးထဲသို့ အမတ်ကြီး၏ ဦးခေါင်းကို သွင်းလိုက်၏။ ထို့နောက် အမတ်ကြီးသည် မိမိရင်ထဲက ပြောချင် ဆိုချင် ရှိလှသော အကြောင်းအရာကို တဝကြီး အော်ပြောလိုက်၏။

**'ရှင်ဘုရင်ကြီး ဖွဲ့နဲ့စားတယ်'**

အမတ်ကြီးသည် သစ်ခေါင်းအတွင်းသို့ မိမိ ဦးခေါင်းကို သွင်းပြီး တစ်ကြိမ် အော်၏။ ထို့နောက် သစ်ခေါင်းအတွင်းမှ ခေါင်းကို ပြန်ထုတ်ပြီး ဘေးဘီသို့ ကြည့်သည်။ ငါ အော်တာ ဘယ်သူများ ကြားသွားသလဲ။ ဘယ်သူ့ကိုမှ မမြင်။ ဒါဆို ဘယ်သူမှ ကြားမည် မဟုတ်။ သည်တော့ ထပ်အော် ဦးမည်။

**'ရှင်ဘုရင်ကြီး ဖွဲ့နဲ့ စားတယ်'**

**'ရှင်ဘုရင်ကြီး ဖွဲ့နဲ့ စားတယ်'**

သည်အခါတွင်တော့ အမတ်ကြီးသည် ရင်ထဲက ပြောချင်သမျှကို အားရပါးရ အော်ပြောချလိုက်လေ၏။ ဘယ်သူမှ မကြားဘူး ဆိုတာ သေချာသည်နှင့် ရင်ထဲက ပြောချင်နေသမျှကို စိတ်တိုင်းကျ ဟစ်အော်ပြောလိုက်တော့သည်။

သို့သော် ထိုကိစ္စက သည်မျှနှင့် ပြီးဆုံးမသွား။

နောက် သုံးလေးငါးနှစ်၊ ထားပါတော့၊ ကိုးနှစ်၊ ဆယ်နှစ် ကြာသော အခါ ဘုရင့်နန်းတော်အတွင်းမှ စည်တော်ကြီး ဟောင်းနွမ်းဆွေးမြေ့နေသော ကြောင့် စည်တော် အသစ်ပြုလုပ်ရန် ရှိသည်။ နန်းတော်အတွင်းမှ လက်သမား ဆရာတို့သည် တောတွင်းသို့ ဝင်ကာ သစ်ပင်ကြီး တစ်ပင်ကို ခုတ်လှဲ၍ ယူခဲ့ကြသည်။ ထိုသစ်ပင်ကြီးကို ထွင်းထု၍ စည်တော်ကြီး အဖြစ် ပြုလုပ်ကြသည်။ စည်တော်သစ်ကြီးကား ခံ့ညားထယ်ဝါလှပေ၏။ ထိုစည်တော်သစ်ကြီး စတင် တီးခတ်မည့်နေ့ကို အခမ်းအနားဖြင့် ကျင်းပသည်။ ထိုအခမ်းအနားသို့ စောစောက ဖွဲ့နဲ့စားသော ဘုရင်ကြီးနှင့် မိဖုရား၊ သားတော် သမီးတော်များ၊ မှူးမတ်များ၊ ဝန်ကြီးများ တက်ရောက်ကြသည်။ အောင်မယ် အထူးဧည့်သည် တော်ကြီးများအဖြစ် နိုင်ငံတော်အတွင်းမှ ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးများပင် ပါသေးသတဲ့။

ဤတွင် အခါတော်ပေး ပုဂ္ဂိုလ်များက မင်္ဂလာအခါပေးသည့် အချိန်၌ မင်္ဂလာစည်တော်ကြီးအား လွှမ်းထားသည့် ကတ္တီပါ အဝတ်အထည်များကို မင်းမှုထမ်းတို့က ခွာချလိုက်ကြသည်။ ထို့နောက် တာဝန်ကျသော မင်္ဂလာ

စည်တော် အရာထမ်းက မင်္ဂလာစည်တော်ကို တီးခတ်လိုက်လေ
စည်တော်ကြီးက ဘယ်သို့ မြည်သလဲ။

**'ရှင်ဘုရင်ကြီး ဖွဲ့နစားတယ်'**
**'ရှင်ဘုရင်ကြီး ဖွဲ့နစားတယ်'**
**'ရှင်ဘုရင်ကြီး ဖွဲ့နစားတယ်'**

အို အံ့ဖွယ်သူရဲ ထူးကဲလှသည့် အဖြစ်ပေတကား။ ဘယ့်နှယ်လဲ။ မင်္ဂ
စည်တော်သစ်ကြီးကို တီးခတ်လိုက်သောအခါ မြည်ဟီးစွာ ထွက်ပေါ် လာ
အသံက–

**'ရှင်ဘုရင်ကြီး ဖွဲ့နစားတယ်'** ဆိုပါကလား။

ဤတွင် မင်းပွဲသဘင်၌ ရှိနေသမျှသော ပရိသတ်အပေါင်းသ
သောင်းသောင်းဖျဖျ ရယ်မောလိုက်ကြ၏။ နောက်တော့မှ ဘုရင်မင်းမြ
ကိုယ်တိုင် မင်းပွဲသဘင်၌ ရှိနေသည်ကို သတိရပြီး အရယ်ရပ်သွားတော့သ
ရှင်ဘုရင်ကြီးသည်လည်း မင်္ဂလာစည်တော်ကြီးမှ မကြားဝံ့ မနာသာ ကြ
လိုက်ရသဖြင့် ဒေါသအမျက် ခြောင်းခြောင်းထွက်ပြီး မင်းပွဲသဘင်မှ ထွက်
ကြွလှမ်းသွားလေတော့သည်။

'ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်' ဟု ရေဒီယိုက ပြောသလို ပြောရပေတော့
မှန်ပါပေသည်။ တကယ်တော့ သည်ပုံပြင် သည်ဇာတ်လမ်းက ဖြစ်နိုင်သည်၊ မဖြစ်နိုင်သ
ကို ထားလိုက်ပါတော့။ ဘာပြောချင်တာလဲ ဆိုတော့ ဤလောက၌ မပြောပါနှင့်
ဆိုပါနှင့်ဟု ပိတ်ပင်ထား၍ မရ။ မပြောပါနှင့် ဆိုမှပင် ပို၍ ပြောချင်သည်။ မဆိုပါ
ဆိုမှပင် ပို၍ ဆိုချင်သည်။ ယခု အဲသည်လို မပြောရန် ပိတ်ပင်ထားသော ကိစ္စ
မပြောဘဲ မနေနိုင်ခဲ့ပြီ ဖြစ်သဖြင့် လူပုံအလယ်တွင် ထင်ရှားစွာ ပေါ်ခဲ့ပါပကော။

ထားတော့။ ရေးသားလိုသော မူရင်းသမိုင်းဇာတ်လမ်းကို ပြန်ကောက်ကြပါဦး
ပုဂံနိုင်ငံတော်တွင် ဖြစ်ပွားပေါ်ပေါက်ခဲ့သော သတင်းဆိုးတစ်ရပ်က ဘာတဲ့လဲ။ ဘာဖြ
ပါသတဲ့လဲ။ ဘယ်သို့သော သတင်းလို့ ပြည်သူတို့ ခများ မပြောဝံ့ မဆိုဝံ့၊ မမေး
မမြန်းဝံ့ ဖြစ်နေရပါသံတဲ့လဲ။

(၁)

ကဲ မေးမနေကြနှင့်တော့။ သိချင်သပ ဆိုမှဖြင့် ပြောပြရပါတော့မည်။ သည်လ
ပါ။ ပုဂံပြည့်ရှင်၊ ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာ၊ ရတနာ ခုနစ်ပါးတို့၏ သခ

နရသူ ဘုရင်မင်းမြတ်သည် ပုဏ္ဏားရှစ်ယောက်တို့က ဓားဖြင့် လုပ်ကြံသဖြင့် နတ်ရွာစံတော်ကုန် ရှာပါသတဲ့။

အို ဖြစ်မှ ဖြစ်ရလေ၊ ကြားရသော သတင်းက မကြားဝံ့ မနာသာ။ အလွန်ပဲ ဆိုးရွားလှပါပေသည်တကား။ မယုံကြည်နိုင်ဖွယ်ရာ သို့သော် တကယ် ဖြစ်ပျက် ကြုံတွေ့ခဲ့သော အံ့မှယ်သုရဲ ထူးကဲသော အကြောင်းပေတကား။ သည်သတင်း အမှန်ပဲတဲ့လား။ ပြောကြပါအုံး။ ဆိုကြပါအုံး။ အဲသည့် ပုဏ္ဏား ရှစ်ယောက်က တို့သခင်၊ တို့ဘုရင်ကို ဘာထင်လို့များ၊ ဘာရန်ညိုးရှိလို့ ယခုလို လုပ်ကြံကြခြင်း ဖြစ်ပါသတဲ့လဲ။

မေးသူတွေက မေးကြပြီ။ ခက်နေသည်မှာ သည်လိုမေးကြ မြန်းကြသည်ကို တိတိကျကျ ပြောပြမည့်သူ လုံးဝ မရှိ။ သည်သတင်း၏ ဖြစ်ရပ် အမှန်အကန်ကို မပြောနိုင်ကြ။ ပုဏ္ဏားရှစ်ယောက်က ဘယ်သူတွေတဲ့လဲ၊ ဘယ်က လာသူတွေလဲ။ သည်ပုဏ္ဏားတွေက ဘယ်သို့သော ရန်ညိုးကြောင့်များ ဘုရင်မင်း မြတ်၏ အသက်ကို လုပ်ကြံကြပါသတဲ့လဲ....လဲ....လဲ။

သတင်းအစအန ထွက်လာသော်လည်း ဖြစ်ရပ်မှန် အတိအကျကို ဘယ်သူမှ မပြောနိုင်ကြ။ ပြောလည်း မပြောဝံ့ကြ။ ဘယ်ပြောဝံ့မှာလဲလေ။ သည်လို သတင်းဆိုးမျိုးကို ပြောမိသဖြင့် ဘုရင့် အမှုတော်ထမ်းတွေ ကြားသွားသည် ရှိသော် ထိုသူ၏ ကံကြမ္မာက တွေးဝံ့စရာပင် မရှိ။ ဘဝ တစ်ပါးသို့ လွှားကနဲ ကူးသွားနိုင်သည် မဟုတ်လား။ သည်တော့ ကြောက်ပါ၏။ ရွံ့ပါ၏။ သိချင်တာ ရှိလျှင်ပင် ရင်ထဲမှာ မျိုသိပ်၍ တိတ်တိတ်ကလေး နေ....နေ။

သို့သော် ဗူးတစ်ရာ အပေါက်ကိုသာ ပိတ်၍ ရမည်။ ပါးစပ်တစ်ပေါက်ကိုကား ပိတ်ထား၍ မရဟု ဆိုကြသည် မဟုတ်လား။ ပုဂံရွှေနန်းတော်အတွင်းက သတင်းဆိုးသည် ပုန်းလျှိုး ကွယ်လျှိုးနှင့်ပင် နန်းအပြင်သို့ ထွက်လာလေသည်။

**'ပုဂံရွှေနန်းရှင်၊ နရသူမင်းတရားကို အနောက် မစ္ဆိမတိုင်းသား ပုဏ္ဏားရှစ်ယောက်တို့က နန်းတွင်းမှာ လုပ်ကြံသတ်ဖြတ်ခဲ့ကြသတဲ့'**

အို....ကြားရသော သတင်းကဖြင့် ရိုင်းလိုက်လေ။ ပြောမနေနှင့်တော့၊ တကယ့်ကို မကြားဝံ့ မနာသာ၊ ပြန်ပြောရမှာပင် အားနာစရာကောင်းသည့် သတင်းဆိုးပါကလား။

ထိုသို့ ပုဂံပြည့်ရှင်၊ နရသူမင်း နတ်ရွာစံ သတင်းကို 'မှန်နန်းရာဇဝင်တော်ကြီး'[၁] စာမျက်နှာ (၃၀၉) တွင် ဤသို့ ဖော်ပြခဲ့သည်။

---

[၁] **မှန်နန်းရာဇဝင်တော်ကြီး**၊ (ပြန်လည် ပုံနှိပ်ခြင်း၊ ပထမအကြိမ်) သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း၊ ၁၉၉၂ ခုနှစ်။

သက္ကရာဇ် ငါးရာနှစ်ဆယ့်ကိုးခုသော် ထိုမင်းသားတော် နရသူ
တော်မူ၏။ မင်းဖြစ်တော်မူသော အကြောင်းကား ခမည်းတော် (အ
စည်သူ) မင်းကြီး မရှိဟူ၍ သားတော် မင်းရှင်စော ကြားလေသော် ကြ
ရေအား၊ ချီမည်ဟူ၍ ရုံးစု စည်းဝေးရာတွင် နရသူလည်း ပုဂံတစ်
ဘုရားကဲ့သို့ ကိုးကွယ်သော၊ သဗိတ်သည်သား၊ ပံ့သုကူ မဟာ
ဤသို့ နားတော်လျှောက်၏။

'နောင်တော် မင်းရှင်စောလည်း ခမည်းတော် မရှိသော အကြေ
ကြားတော်မူလျှင် ရေအား ကြည်းအား ချီ၍ ခမည်းတော်၏ ရွှေထီးရွှေ
သိမ်းမည်ဟု ကြားသည်။ ဤသို့ အလုံးအရင်းနှင့် ချီတော်မူသော်
တော့မည် ဖြစ်သည်။ ကြာ၍လည်း ပြည်ထဲအရေးသည် မသင့်ချေ။ ကျွန်
လေပြီးသည်ကို ဓားတစ်စင်း၊ မြင်းတစ်စီးနှင့်သာ အလျင်ကြွတော်မူ
တက်တော်မူမည့်အကြောင်းကို နောင်တော်အား ခေါ်တော်မူပါ'ဟုလျှော

ပံ့သုကူ မထေရ်လည်း "ငါခေါ်၍ ရောက်သောအခါ မင်းမမြေ
နေဘိမူကား ငါ ရဟန်းတရားနှင့် မလျော် ရှိလတ္တံ့သည်" ဟူ၍ မိန့်တော
နရသူလည်း "နောင်တော်အားကို ထမ်း၍ နန်းတင်ပါမည်" ဟူ၍ သစ္စာ
ပြုတော်မူ၍ မင်းရှင်စောရှိရာသို့ ကြွလေပြီးသော် အကြောင်းမျိုးကို ပြန်
လေ၏။

မင်းရှင်စောလည်း မဟာထေရ်စကားကို ကြားတော်မူလေသော် ပ
မူ၍ ရွှေလှေကား တစ်စင်းနှင့်သာ မဟာထေရ်ကို တင်၍ စုန်လာတော်
လက်ပံဆိပ်သို့ ရောက်လျှင် နရသူလည်း သစ္စာပြုသည့်အတိုင်း
ဆင်း၍ နောင်တော်သံလျက်ကို ထမ်းပြီးသော် နောင်တော်ကို မ၍ နန်းတ
၏။ ဘိသိက်သွန်းပြီး၍ ထိုညဉ့်တွင် စားတော်ဝယ် ဆေးခပ်ဘိ၍
ရောက်တော်မူလေ၏။

မင်းရှင်စော အနိစ္စရောက်တော်မူလျှင် နရသူမင်းဖြစ်တော်မူ၏။
ဆေးခပ်၍ အနိစ္စ ရောက်ကြောင်းကို ပံ့သုကူ မဟာထေရ် ကြားတော်မူ
နန်းတော်သို့သွား၍ "ဟယ် မင်းဆိုးမင်းညစ် သင်ကား သံသရာဝယ်
သော မကောင်းမှုကို မကြောက်၊ ဤစည်းစိမ်ကိုရလျှင် သင်၏ ကိုယ်ခန္ဓာ
မအို မသေပြီ ဟူ၍ မှတ်သလော၊ လောကတွင် သင့်ထက် ပျက်သောမင်
သည်ကား မရှိပြီ" ဟု မိန့်တော်မူ၏။ နရသူလည်း "အရှင်ဘုရားကို သစ္စာ
အတိုင်း နောင်တော် သံလျက်ကို ထမ်း၍ နန်းတင်ပါ၏တကား" ဟု ဆို

**သခင်မြတ်လည်း 'လူ့ပြည်တွင် သင့်ထက် ဆိုးသွမ်း၊ ညစ်ညမ်းသော သူမရှိပြီ' ဟု မိန့်တော်မူခဲ့၍ သိန်းဃိုကျွန်းသို့ ကြွလေ၏။**

မှန်နန်းရာဇဝင်ကြီး၏ အဆိုအမိန့် ဖြစ်ပါချေ၏။ ထိုသို့ နရသူသည် ပုဂံနန်းပလ္လင်ကို ညစ်ညမ်းသော အမှုအကျင့်ဖြင့် ပိုင်ဆိုင်ရယူခဲ့ပြီးနောက် သူ၏ ဘဝ နိဂုံးအဆုံးအသတ် မလှမပ ဖြစ်ခဲ့ရသည်ကို မှန်နန်းရာဇဝင်တော်ကြီးကပင် ဤသို့ ထင်ရှားစွာ အမှုကွန်း တင်လေသည်။[၁]

**နရသူမင်းကား ဘုရားရှင် တန့်ကြည်တောင်ဖျား၌ ဗျာဒိတ်ထားတော်မူသောအခါ အင်ဖက်သုံးချပ်ကာဖူးသော တောင်စောင့် ဥပါ ဖြစ်ခဲ့သောကြောင့် ဘုန်းတန်ခိုး၊ အာဏာကြီး၏။ မူးမတ်ဗိုလ်ပါ အစရှိသော ပြည်သူလူ အပေါင်းတို့ ကြောက်ရွံ့ ခုံညားကုန်၏။ အမျက်စောင်းမာန်ပြင်း၏။ မင်း ဖြစ်လျှင် ခမည်းတော် အလောင်းစည်သူပေးသော ကြဘန်အမည်ရှိသော သတို့သမီးကိုလည်း ကွပ်လေ၏။ ကြဘန်သား ဥတ္တရသူနှင့် ဘထွေး စချီမဟာဗိုလ်ကိုလည်းကွပ်လေ၏။ စွမ်းသန်သော ရဟန်းတို့လည်း လူထွက်ရကုန်၏။ အချို့သော ရဟန်းမြတ်တို့သည် လူပြုရမည်ကို ကြောက်၍ သိန်းဃိုကျွန်းသို့ ချည်းကြွလေကုန်၏။**

**မင်းကြီးကား ရက်စက် ကြမ်းကြုတ်၏။ မိဖုရား စသော ကိုယ်လုပ်မောင်းမတို့လည်း ကြောက်ရွံ့ခုံညားကြကုန်သည် ဖြစ်၍ မချစ်မကြိုက်ကြကုန်။ မကောင်းဆုကို ယူကုန်၏။ တိုင်းကားနိုင်ငံ၌ နေကုန်သော သူအပေါင်းတို့သည် ပူဆာကုန်သည် ဖြစ်၍ ရွာ၊ ပြည်၊ မြို့ပြ ပျက်စီးကုန်သည်ကား များ၏။ ကောင်းမှုတော် ဓမ္မရံကို လုပ်သည်လည်း ကြောက်ရွံ့ခြင်း ပြင်းသောကြောင့် စေ့စပ်သေချာလွန်း၍ မပြီးလေ။ ခမည်းတော်လက်ထက် ဆက်လာသော ကုလားမင်းကြီး သမီးကို ထိုမင်း မင်းဖြစ်တော်မူလျှင် မပြတ်လုပ်ကျွေးရ၏။**

**တစ်ရံရောအခါ မင်းကြီး ရေအိမ်ဝင်ရာတွင် သန့်သက်ရေ မဆောင်သည်ကို ကုလားမင်းသမီး သိလေသော် 'ကျင်ကြီး ကျင်ငယ် သွားသည်၊ သံဝါသဖြစ်သည်များ၌ သန့်သက်ရေ ဆောင်ကောင်းလျက် မဆောင်နေသည်' ဟူ၍ ရွံရှာသောအားဖြင့် မချဉ်းမကပ်နေသည်။ မင်းကြီး အမျက်တော် ရှိ၍ ဖွဲတော်မူသောသန်လျက်ဖြင့် ခုတ်၍ အနိစ္စရောက်လေ၏။ ခမည်းတော် ကုလားမင်းကြီး ကြားလေသော် ကုလား သူရဲကောင်းတို့ကို ရွေး၍ သူရဲကောင်း ရှစ်ယောက်**

---

၁။ မှန်နန်းရာဇဝင်တော်ကြီး၊ စာမျက်နှာ (၃၁၀)

ရသည်။ ကုလားမင်းကြီး ဤသို့ ဆို၏။ 'ဟယ် အချင်းတို့ သမီးတော် သတ်သော မင်းရှိရာ၊ ပုဏ္ဏား အယောင်ဆောင်၍ နင်တို့ သတ်ချေ။ သေလျှင် နင်တို့ ကိုယ်ကို သန်လျက်နှင့် ထိုး၍ သေကြလေ။ နင်တို့ မယားကို သုံးစွဲ စားသောက်လောက်အောင် ငါပေးတော်မူမည်' ဟု ဆို

သူရဲကောင်း ရှစ်ယောက်တို့လည်း "သားမယားတို့ကို တသက်ပတ် (တစ်သက်တာ) သုံးစွဲစားသောက်လောက်အောင် ပေးတော်မူပါ။ ထိုမင်း သေအောင် သတ်မည်"ဟု လျှောက်၏။ ပဋိက္ခရားမင်းလည်း ကြီးစွာသော ဆုလာဘ် ပေးပြီးလျှင် ထိုသူရဲကောင်း ရှစ်ယောက်တို့ကို ပုဏ္ဏားယော ဆောင်စေ၍ ခရသင်းကို ခါးဝယ် ပိုက်လျက် သံလျက်ကိုယ်စီနှင့် လွှတ်လိုက် ပုဂါရာမသို့[၁] လာရ၏။ ရောက်လျှင် နန်းတော်သို့ တက်၍ မင်းကြီးအ ခရသင်းနှင့် နေစာမြက် ကမ်းဟန်ပြုပြီး ပတ်ပတ်ရံပြီးသော် အမ သဒ္ဒိကါကြီးကို လက်ညှိုးတန်းတန်း ညွှန်၍ 'ဟယ် အမတ် အထက်ကလ နင်တို့ တန်စိုး များစွာ စား၍ ငါတို့ အရှင်သား ဆုံးပြီ။[၂] ယခုလည်း မဆီးမတားသောကြောင့် ငါတို့ အရှင့်သမီး ဆုံးရပြန်သည်။' ဟူ၍ ဆိုပြ မင်းကြီးကို သံလျက်ဖြင့် ထိုးသည်။ အနိစ္စရောက်တော်မူချေ၏။ ယင်းသို အမတ် သိဒ္ဓိကါကို ထိုးမည် လိုက်သည်။ မမိ၍ ချင်းတို့ ကိုယ်ကို သံလျက်ဖြ ထိုးသည်။ ရှစ်ယောက်လုံး သေလေ၏။ ယင်းသို့ ကုလားထိုး၍ သေသည် အကြောင်းပြု၍ ထိုမင်းကို နောက်မှ ကုလားကျမင်းဟုတွင်၏။

ကုလားကျမင်းကား ဟီရိဩတ္တပ္ပလည်း မစောင့်။ စကားလည်း မမှ မှူးကြီး မတ်ကြီး၊ အတွင်းလူ အပြင်လူတို့ကိုလည်း မျက်နှာမကြည့်။ ရက်စ ကြမ်းကြုတ်စွာ ပြုလေ့ရှိ၏။ ပြည်သူရွာသားတို့ကိုလည်း နှိပ်နင်းညှဉ်းပန်း၏ ထိုသို့ ပြုလေ့ ရှိသောကြောင့် အမှူးအမတ်၊ ပြည်သူလူထု ရဟန်း အပေါင် တို့သည် မကောင်းသော ဆုကို ပြုကုန်၏။ အိမ်နိမ့် လေးဆယ့်ငါးနှ စည်းစိမ် လေးနှစ်၊ သက်တော် လေးဆယ့်ကိုးနှစ်သော် အနိစ္စရောက်တော်မူ၏

ဤကား နရသူမင်း နတ်ရွာစံရပုံအကြောင်းနှင့် ပတ်သက်၍ မှန်နန်း ရာဇဝ တော်ကြီး၏ အဆိုအမိန့်ဖြစ်သည်။ နရသူမင်း နတ်ရွာစံရခြင်းအပေါ် ခေတ်အမြင် ခေတ်အတွေးဖြင့် ဆင်ခြင်ဝေဖန် ပိုင်းဆစ်ထားသော စာတစ်ပိုဒ်နှင့် ပူးတွဲဖတ်ရှုသော ပို၍ သင့်လျော်ပေမည်။

---

၁။ ပုဂါရာမ = ပုဂံနေပြည်တော်

၂။ ကြာခန်သား ဥတ္တရသူနှင့် ဘထွေးတော် စချိမဟာဗိုလ်ဟု ယူဆရ၏။ (စာရေးသူ)

(ဂ)

**မြတ်ပန်းဝေ** မဂ္ဂဇင်းတွင် ပုဂံဘုရင် နရသူနှင့် ပတ်သက်၍ ဆောင်းပါးရှင် တစ်ဦးက ဤသို့ အကဲဖြတ်ထားသည်ကို လက်ဆင့်ကမ်းရပေဦးအံ့။[၁]

## ပုဂံခရီးသည်နှင့် ကန္တာရလမင်း

သန်းဆွေသစ် (ဓနုဖြူ)

(၁)

သူသည် မင်းစည်းစိမ်အတွက် ကျေးစူးရှင် ခမည်းတော် အလောင်းစည်သူမင်းကြီးကိုလည်း လုပ်ကြံခဲ့သည်။ နောင်တော်မင်းရှင်စောကိုလည်း စားတော်ဝယ် ဆေးခတ်၍ လုပ်ကြံခဲ့သည်။ ပုဂံတစ်ပြည်လုံးက ဘုရားတစ်ဆူကဲ့သို့ ကြည်ညိုကိုးကွယ်သော ပံ့သုကူ မဟာထေရ်ထံတွင် ပြုခဲ့သော သစ္စာကိုလည်း ပျက်စေခဲ့၏။

သူသည် ပုဂံရာဇဝင်တွင် ရက်စက်သော မင်းတစ်ပါးအဖြစ် သမိုင်းတွင် ကျန်ခဲ့၏။ ထီးနန်းကို သူရရှိခဲ့သော်လည်း (၄) နှစ်သာ နန်းစံခဲ့ရ၏။ မင်းအာဏာနှင့် မင်းစည်းစိမ်အတွက် သူ့ဘဝကို စတေးပြီး အရင်းအနှီးများစွာ ပေးခဲ့ရသော်လည်း စံစားခဲ့ရသော သက်တမ်းကား တိုတောင်းလှ၏။

သူ၏ မကောင်းမှုများစွာအတွက် သူ့ဘဝကို ကယ်တင်နိုင်ရန် သူ၏ တစ်ခုတည်းသော ကောင်းမှုတော်အဖြစ် 'ဓမ္မရံကြီး လိုဏ်ဂူဘုရား'ကို တည်ထားခဲ့သည်။

(၂)

'ထုမှာ ဓမ္မရံ' ဟု အဆိုရှိသည့်အတိုင်း ပုဂံတွင် ထုထည် အကြီးမားဆုံးသော ဓမ္မရံကြီးလိုဏ်ဂူဘုရားသို့ ကျွန်တော်သည် ဘုရားဖူးရောက်ရှိနေခဲ့ပါသည်။ ဓမ္မရံကြီး ဘုရား၏ ပန္နက်ပုံစံမှာ အာနန္ဒာလိုဏ်ဂူဘုရား၏ ပန္နက်ပုံ

၁။ မြတ်ပန်းဝေ၊ ဓမ္မ၊ သုတ၊ ရသ၊ မဂ္ဂဇင်း၊ ၁၉၉၉၊ ဖေဖော်ဝါရီ၊

နှင့် ဆင်တူပါသည်။ အာနန္ဒာလိုဏ်ဂူဘုရားကဲ့သို့ ပြင်အမိုး၊ နှစ်ဆင့် နိ
ရှိ၍ ပစ္စယာလေးဆင့် တပ်ထားပါသည်။

ထုထည် ကြီးမားသော မွေ့ရံကြီးအတွင်း၌ အပြင်လိုဏ်ပတ်စင်္ကြံ
များ အထိသာ ဝင်ရောက်နိုင်ပြီး အတွင်းလိုဏ်ပတ်စင်္ကြံလမ်းများကို ပိ
ပါသည်။ မည်သည့်အကြောင်းကြောင့် မည်သည့်အချိန်တွင် ပိတ်ခဲ့သ
မသိရပေ။

ဤ လိုဏ်ဂူဘုရားကြီး၏ ထူးခြားချက်မှာ အုတ်၊ အင်္ဂတေ၊
မိသုကာ လက်ရာ၊ သေသပ်ကောင်းမွန်ခြင်း ဖြစ်ပါသည်။ အုတ်
ဓားစိစုတ်ခေါ် ဓားဖြင့် ခုတ်ပြီးမှ သရွတ်အင်္ဂတေ ညှပ်စီခြင်း ဖြစ်၍ အပ်
မရလောက်အောင် လက်ရာ ကောင်းမွန်လှပါသည်။

ကျွန်တော်သည် စင်္ကြံပတ်လမ်းအတိုင်း လျှောက်၍ ဆေးနက်
စာဖြင့် ရေးသားထားသော နံရံပန်းချီ၊ ကနုတ်၊ ပန်းခက်၊ ပန်းနွယ်မျ
လေ့လာနေမိပါသည်။ တစ်နေရာတွင် ဘုရားဖူး ဧရီးသည်အချို့အား
လမ်းညွှန်လူငယ် တစ်ဦးက ကျောက်ပြားကြီး တစ်ချပ်ပေါ်ရှိ အချင်းအ
ကို ညွှန်ပြပြီး အုတ်တစ်ချပ်နှင့် တစ်ချပ်အကြား အပ်ထိုး၍ ရသော
နရသူမင်းကြီး သဘောတော် မကျဘဲ လက်ဖြတ်ခံရသော ပန်းရံ
လက်ရာနှင့် ဓားရာ ဖြစ်ကြောင်း ရှင်းပြနေပါသည်။ မည်သည့် အထေ
အထားနှင့် ရှင်းပြနေသည်ကို ကျွန်တော် မသိပါ။ ဘုရားဖူး ဧရီးသည်အ
နရသူမင်းကို ရက်စက်ကြမ်းကြုတ်သော မင်းအဖြစ် ဝေဖန် ပြော
သံကိုတော့ ကျွန်တော် ကြားခဲ့ရပါသည်။

(၃)

ကျွန်တော်သည် မွေ့ရံကြီးဘုရား၏ ဒါယကာ နရသူမင်းအကြော
တွေးနေမိပါသည်။ နရသူမင်းသည် အလောင်းစည်သူမင်းကြီး၏ မောင်းမ
တစ်ဦးက မွေးဖွားသော သားဖြစ်၏။ အလောင်းစည်သူမင်းကြီး၏ မိဖု
ခေါင်ကြီးက မွေးဖွားသော သားတော်ကြီး မင်းရှင်စောရှိပြီး ဖြစ်၍ န
သည် ထီးညွှန့် နန်းလျာ မဟုတ်ချေ။ နရသူကား ထီးနန်းနှင့် အလှမ်း
သူသာ ဖြစ်၏။

သို့သော် သားတော်ကြီး မင်းရှင်စောကို အလောင်းစည်သူမင်းကြီး

အမျက်တော်ရှ၍ နယ်နှင်ဒဏ်ပေးထားစဉ် နရသူသည် ခမည်းတော် အလောင်းစည်သူမင်းကြီး၏ အပါး၌ ခံစားခွင့် ရခဲ့၏။ သက်တော် (၁၀၁) နှစ်ရှိပြီဖြစ်သော အလောင်းစည်သူမင်းကြီး၏ ကိုယ်စား နိုင်ငံအရေးကို စီမံခန့်ခွဲခွင့် ရခဲ့၏။ နန်းတော်အတွင်း၌ အရေးပါလာ၏။ ဩဇာအရှိန်အဝါ ကြီးမားလာ၏။ ဤသို့ဖြင့် ပုဂံထီးနန်းသည် နရသူအဖို့ မျှော်မှန်းချက် ဖြစ်လာ၏။

အလောင်းစည်သူမင်းကြီး အပြင်းအထန် မမာမကျန်း ဖြစ်နေချိန်တွင် မင်းကြီးကို နန်းချ၍ မင်းကြီး၏ ကောင်းမှုတော် ရွှေဂူဘုရားအတွင်းသို့ ပြောင်းရွှေ့ထားခဲ့သည်။ မင်းကြီး သတိပြန်လည် ရရှိ၍ အကြောင်းစုံကို သိရှိသောအခါ သားတော် နရသူကို မင်းကြီး အမျက်ပြင်းစွာထွက်၏။ နရသူလည်း မင်းကြီး ပြန်လည် ကျန်းမာလာလျှင် ငါ့အသက် ဆုံးရှုံးတော့မည်ဟု စိုးရိမ် ကြောက်လန့်ပြီး မင်းကြီးကို အဝတ်ပုဆိုးတို့ဖြင့် ဖိ၍ နတ်ရွာစံစေခဲ့သည်။

အလောင်းစည်သူမင်းကြီး နတ်ရွာစံပြီးနောက် သားတော် မင်းရှင်စောသည် ပုဂံထီးနန်းကို တိုက်ခိုက် သိမ်းပိုက်ရန် ကြည်းအား၊ ရေအား ချီရန်ပြင်လေသည်။ နရသူသည် ပုဂံပြည်လုံး၊ ဘုရားတစ်ဆူကဲ့သို့ ကြည်ညိုကိုးကွယ်သော ပုံသုကူ မဟာထေရ်ထံ သွားပြီး 'နောင်တော် မင်းရှင်စောသည် ခမည်းတော် နတ်ရွာစံသော အကြောင်းကို ကြားတော်မူလျှင် ရေအား ကြည်းအား ချီ၍ ခမည်းတော်အရာ ရွှေထီးရွှေနန်းကို သိမ်းမည်ဟု ကြားသည်။ ဤသို့ အလုံးအရင်းနှင့် ချီတော်မူသော် ကြာချေတော့မည်။ ပြည်ထဲရေးလည်း မသင့် ချေ။ ကျွန်တော် ရှိလေပြီးသည်ကို ဓားတစ်စင်း၊ မြင်းတစ်စီးနှင့်သာလျှင် ကြွတော်မူ၍ ထီးနန်းကို သိမ်းပိုက်ရန် နောင်တော်ကို ခေါ်တော်မူပါ'ဟု လျှောက်၏။

ပုံသုကူမဟာထေရ်လည်း 'ငါ ခေါ်၍ ရောက်ပြီးနောင်၊ မင်းမမြောက်ဘဲ နေက ငါသည် ရဟန်းတရားနှင့် မလျော်ညီ၊ ဖြစ်လတ္တံ့.'ဟု မိန့်၏။ နရသူလည်း 'နောင်တော့် ဓားကို ထမ်း၍ နန်းတင်ပါမည်'ဟု သစ္စာကြီးစွာ ပြု၏။

ပုံသုကူ မဟာထေရ်လည်း နရသူ၏ သစ္စာကို ယုံ၏။ ထို့ကြောင့် မင်းရှင်စောကိုလည်း နရသူ၏ သစ္စာကို ယုံကြည်စေ၏။ မင်းရှင်စောသည် ရွှေလှေကားတစ်စင်းနှင့် ပုံသုကူမဟာထေရ်ကို တင်၍ စုန်လာခဲ့သည်။ လက်ပံဆိပ်သို့ ရောက်လျှင် နရသူသည် မိမိ သစ္စာ ပြုထားသည့်အတိုင်း လှေသို့ ဆင်း၍ နောင်တော်၏ သံလျက်ကို ထမ်းပြီး ဘိသိက်သွန်း၍ နန်း

တင်ခဲ့သည်။ သို့သော် ထိုညဥ့်တွင် စားတော်ပွဲ၌ ဆေးခတ်၍ နေ
ကို လုပ်ကြံသတ်ဖြတ်ခဲ့သည်။

ထိုအကြောင်းကို ပုံသုကူ မဟာထေရ် ကြားလျှင် နန်းတော်သို့
ရာဇပလ္လင်ထက်ရှိ နရသူမင်းကို 'ဟယ် မင်းဆိုးမင်းညစ်၊ သင်ကား
၏ ခံရအုံသော မကောင်းမှုကို မကြောက်၊ ဤ စည်းစိမ်ကို ရလျှင်
ကိုယ်ခန္ဓာသည် မအို၊ မသေပြီဟု မှတ်သလော။ လောကတွင် သ
ပျက်သော မင်းမည်သည်ကား မရှိဟု မိန့်၏။ နရသူလည်း 'အရှင်
သစ္စာခံသည့်အတိုင်း နောင်တော်၏ ဓားကို ထမ်း၍ နန်းတင်ခဲ့သည်
လော' ဟု ဆို၏။ မဟာထေရ်လည်း 'သင့်ထက် ဆိုးသွမ်း ယုတ်
ပြီ' ဟု ဆိုပြီး သိန်းဃိကျွန်းသို့ ကြွလေ၏။

နရသူကို သူအသက် ထင်ရှား ရှိစဥ်အခါကလည်း မင်းဆိုးမင်းည
ပြည်သူတို့ ရွံမုန်းခဲ့၏။ သူ မရှိခဲ့သည့်နောက် နှစ်ပေါင်း ရာထောင်တို
လည်း ရက်စက်ကြမ်းကြုတ်သော မင်းတစ်ပါးအဖြစ် သမိုင်းတွင်ရစ်ခဲ့လေ

ခမည်းတော် လက်ထက်က ဆက်လာသော ပဋိက္ခရား မင်း
သူ့ကို မချဉ်းမကပ်၊ သူ့ကို မနှစ်လိုဘဲ မခန့်လေးစား ပြုမှုသည်
နရသူကိုယ်တိုင် ကွပ်မျက်ခဲ့သည်။ မင်းသမီး၏ ခမည်းတော်က သူ့ရဲ
ရှစ်ယောက်ကို စေလွှတ်ပြီး နရသူကို လုပ်ကြံစေခဲ့ရာ နရသူနတ်ရွာစံရ
နရသူကို ကုလားကျမင်းဟုလည်း ခေါ်ဆိုကြသည်။ နရသူသည် ရက်စ
ကြုတ်သော မင်းအဖြစ် ကျော်ကြားခဲ့သည်သာမက တိုင်းတစ်ပါးသာ
လက်ချက်နှင့် ကျဆုံးရသူအဖြစ် ပုဂံအစဉ်အလာတွင် အမည်းစက် စွန်
စေခဲ့သူ ဖြစ်ပါသည်။

(၄)

ကျွန်တော်သည် သံဃိနိပါတ်တော်မှ သံကိစ္စဇာတ်ကို ပြန်လည်
မိပါသည်။ ဘုရားအလောင်းသည် ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်း
ပရောဟိတ်ပုဏ္ဏားကြီး၏ သားဖြစ်သည်။ သံကိစ္စ မည်၏။ ဗြဟ္မဒတ်မ
၏ သားတော် အိမ်ရှေ့မင်းသားနှင့် သံကိစ္စသည် ပညာသင်ဘက်
သံကိစ္စသည် အိမ်ရှေ့မင်းသားထံ၌ ခစား၏။

အိမ်ရှေ့မင်းသားသည် မင်းစည်းစိမ်ကို တပ်မက်ပြီး ခမည်းတေ

လုပ်ကြံရန် ကြိုးစား၏။ သံကီစ္စ သိသော် 'ဝိတုဃာတကကဲ' မပြုရန် အိမ်ရှေ့မင်းသားကို သုံးကြိမ်တား၏။ မင်းစည်းစိမ်ကို လွန်စွာ တပ်မက်နေသော အိမ်ရှေ့မင်းသားအား သံကီစ္စသည် တားမရချေ။ ထို့ကြောင့် သံကီစ္စသည် ရသေ့ရဟန်းပြုပြီးနောက် ဈာန်အဘိညာဉ်ရရှိ၍ ရသေ့ငါးရာ ခြံရံ၍ ဟိမဝန္တာတောသို့ နေ၏။

အိမ်ရှေ့မင်းသားသည် ဖခင်ကို သတ်၍ မင်းပြုခဲ့သော်လည်း ဖခင်ကို သတ်ခဲ့သည့် 'ပိတုဃာတကကံ' ကြောင့် ကြောက်လန့်နေ၏။ ငရဲ၌ ခံစားရဘိသကဲ့သို့ အမြဲပူလောင်နေ၏။

ဘုရားအလောင်း သံကီစ္စသည် ရသေ့ငါးရာ ခြံရံလျက် ကောင်းကင်ခရီးဖြင့် ဗာရာဏသီပြည်သို့ ကြွလာပြီး မင်းဥယျာဉ်၌ သီတင်းသုံးနေသည်။ ဗြဟ္မဒတ်မင်းကြီးသည် ဘုရားအလောင်း ရသေ့ထံသို့ သွားပြီး ကုသိုလ် အကုသိုလ် ပြုသူတို့၏ လားရာ ဂတိကို မေး၏။ ဘုရားအလောင်းသံကီစ္စရသေ့က ကုသိုလ်ပြုသူသည် နတ်ပြည်သို့ ရောက်၏။ အကုသိုလ် ပြုသူသည် ငရဲသို့ ကျ၏ဟု ဖြေကြားပြီး ငရဲနှင့် နိဗ္ဗာန်၏ အကြောင်းကို အကျယ်တဝင့် ဟောကြားသည်။ ဗြဟ္မဒတ်မင်းကြီးအား ကုသိုလ်ပြုရန် ဆုံးမပြီး ဟိမဝန္တာသို့ ပြန်ကြွခဲ့လေ၏။ ဗြဟ္မဒတ်မင်းကြီးလည်း ကုသိုလ်ပြုပြီး သူ၏ စိတ်သက်သာရာကို ရှာကြံခဲ့သည်။ ဇာတ်ပေါင်းသော် ဗြဟ္မဒတ်မင်းကြီးသည် အဇာတသတ်မင်းသား ဖြစ်၏။ ဘုရားအလောင်း သံကီစ္စရသေ့သည် မြတ်စွာဘုရား ဖြစ်၏။

(၅)

မိဘကို စော်ကားခဲ့သော အထင်ရှားဆုံးသော ဇာတ်ကြောင်း ဖြစ်သည်။ အဇာတသတ်မင်းနှင့် ရှင်မောဂ္ဂလန်တို့အကြောင်းကို ဆက်၍ စဉ်းစားနေမိပါသည်။ အဇာတသတ် မင်းသည် ဖခင် ဗိမ္ဗိသာရမင်းကြီးကို မသတ်မိပါက ထိုဘဝတွင်ပင် သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်သော သောတာပန် အရိယာ ပုဂ္ဂိုလ်ဖြစ်မည်။ သို့ရာတွင် ဖခင် ဗိမ္ဗိသာရမင်းကြီးကို သတ်မိသည့် အကုသိုလ်ကံကြောင့် အပါယ်ကျရ၏။

ရှင်မဟာမောဂ္ဂလန်သည် မြတ်စွာဘုရား၏ သာသနာတော်၌ မြတ်စွာဘုရားမှ လွဲလျှင် တန်ခိုးအကြီးဆုံး ရဟန္တာ ဖြစ်၏။ နန္ဒောပနန္ဒ နဂါးမင်းကို

ဆုံးမနိုင်စွမ်း ရှိ၏။ တာဝတိံသာနတ်ပြည်ရှိ ဝေဇယန္တာ ပြာသာဒ်ကို ဆတ်ခါအောင် ခြေမဖြင့် တုံလှုပ်နိုင်စွမ်း ရှိ၏။

အရှင်မဟာမောဂ္ဂလန်သည် နုစဉ်အခါက မယားမိုက်၏ ကုန်း ကြောင့် မျက်မမြင် မိဘနှစ်ပါးကို ခိုးသူယောင်ဆောင်၍ ရိုက်သတ်ခဲ့ ထိုအကုသိုလ်ကံသည် နောက်ဆုံးဘဝ၌ပင် အရှင်မဟာမောဂ္ဂလန်ကို အ ပေး၏။ ခိုးသား ငါးရာတို့၏ ရိုက်သတ်ခြင်းကို ခံရရှာ၏။

အကုသိုလ်ကံ၏ အကျိုးပေးမှုသည် ကြောက်မက်ဖွယ် ကောင်း

(၆)

ခန္ဓာဝဂ္ဂ၊ သံယုတ်ပါဠိတော်၊ ဝါသိဇဋာသုတ်၌ ကံ၏ အကျိုး ကို လက်သမား၏ ပဲကွပ်ရိုးနှင့် ဥပမာပြု၍ မြတ်စွာဘုရား ဟောကြားခဲ့ လက်သမားသည် ပဲကွပ်ကို အရိုးမှ ကိုင်၍ နေ့စဉ် အလုပ်လုပ်သည်။ အ ပဲကွပ်ရိုး၌ လက်ရာ မထင်ချေ။ နောက်ပိုင်းတွင် တဖြည်းဖြည်းနှင့် လ ထင်လာ၏။ မည်သည့်နေ့က မည်မျှလောက် လက်ရာထင်သည်ကို မသိ ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့၏ အကျိုးပေးမှုသည်လည်း မပြတ်ပြုလုပ် က လက်သမား၏ ပဲကွပ်ကဲ့သို့ တဖြည်းဖြည်း အရာထင်ပြီး အကျိုးပေ မည်ဟု မြတ်စွာဘုရား ဟောကြားခဲ့၏။

(၇)

နရသူမင်းသည် 'ပိတုဃာတကကံ' အတွက် ကြောက်လန့်ပြီး စိတ် တုံလှုပ်ချောက်ခြားခဲ့၏။ မိမိ၏ အနာဂတ်ဘဝအတွက် ပူပန်စိတ်နှင့် မိ ရှာခဲ့၏။ အနာဂတ်ဘဝအတွက် ကြောင့်ကျမှု ကင်းသော၊ ငြိမ်းချမ်းရေး ပြည့်စုံသော၊ ကိုးကွယ်ရာ၊ ဆောက်တည်ရာ၊ လဲလျောင်းရာ၊ မှီခိုရာ ဓမ္မမှ တစ်ပါး အခြား မရှိဟု သိလာတော့၏။ ကုသိုလ်ပြုပြီး သူ၏ သော မီးကို ငြိမ်းစေခဲ့သည်။

နရသူသည်ကား မွန်းတည့်နေအောက်တွင် လမ်းလျှောက်နေသည့် 'ကျ ခရီးသည်' ဖြစ်၏။ သုခကို ပေးမည့် တရားကို ရှာမည့်အချိန်တွင် တိုင်းတစ် သား ကုလားတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရလေသည်။ သူ့ဘဝတစ်လျှော

လုံး ပြုမှားမိခဲ့သော အပြစ်များအတွက် ကာကွယ်နိုင်ရန် ဓမ္မရံကြီးဘုရားကို တည်ထားခဲ့သည်။ သေသပ်မှု အရှိဆုံး၊ အခိုင်ခန့်ဆုံး ဓမ္မရံကြီးလိုဏ်ဂူဘုရားကို တည်ပြီး သူ၏ ဘဝအတွက် အေးမြသော အရိပ်ကို ရှာခဲ့သည်။ ဓမ္မရံကြီးဘုရားသည်ကား နရသူမင်းအတွက် 'ကန္တာရအတွင်းမှ လမင်း'ပင် ဖြစ်ပါသည်။ ဤသို့ဖြင့် နရသူမင်း၏ နောက်ဆုံး အချိန်အတွက် ဓမ္မရံကြီးသည် မှီခိုရာ ဖြစ်ခဲ့ပါသည်။

(၈)

ကျွန်တော်သည် ဓမ္မရံကြီး ဘုရားကို ရှိခိုးကန်တော့ပြီး ပြန်လည် ထွက်ခွာလာခဲ့ပါသည်။ ဓမ္မရံကြီးဘုရား၌ မိမိပြုသမျှသော ကုသိုလ် ကောင်းမှုများအတွက် နရသူမင်းကို အမျှဝေမိပါသည်။ နရသူမင်းကား အဘယ်ဘုံဌာန၌ အဘယ်သူနှင့် ရှိနေပြီ ဆိုသည်ကို ကျွန်တော် မသိပါချေ။

သန်းဆွေသစ် (ဓနုဖြူ)

**မြတ်ပန်းဝေ** ဘာသာရေး မဂ္ဂဇင်း၌ ဖော်ပြပါရှိသော စာရေးဆရာ သန်းဆွေသစ် (ဓနုဖြူ) ၏ အမြင်ဖြစ်လေသည်။ ပုဂံနိုင်ငံတော်၏ သမိုင်းတစ်ခေတ်တွင် ဘုရင် ဖြစ်ခဲ့သော နရသူမင်း၏ အပြုအမူကို ပိုင်းဆစ်ဝေဖန်ပြထားခြင်းဖြစ်သည်။ မှတ်သားလောက်ဖွယ် ဖြစ်သည်။ စဉ်းစားဆင်ခြင်ကြဖွယ်လည်း ဖြစ်သည်။ ထားတော့။

အဖကို သတ်သော၊ အစ်ကိုအရင်းကို အဆုံးစီရင်သော၊ မိဖုရားကို ကိုယ်ထိလက်ရောက် ကွပ်မျက်ခဲ့သော နရသူမင်းကား အရှင်လတ်လတ်ကပင် သေပွဲဝင်သွားလေပြီ။ သေရွာသည်မှ သွေးရဲရဲ သံရဲရဲ ဒုက္ခကြီးစွာ တွေ့၍ ဓိဝိန်ချုပ်သွားခြင်း ဖြစ်တော့သည်။ ကြားဖူးကြသည် မဟုတ်လား။ မှတ်သားဖူးကြသည် မဟုတ်လား။ ရှေးလူကြီးသူမတို့၏ ဆိုရိုးစကား ရှိထားပါသည်ကော။ ဘာတဲ့။

**ရှေးက ဝိပါက် ခုနစ်ရက်၊ ကာလဝိပါက် နောက်ပိုးတက်** တဲ့။ ရှေးရှေးဘဝကပါရှိလာသော မကောင်းမှု ဝိပါကဝတ်တို့သည် အမြန်ဆုံး ခုနစ်ရက်တော့ ကြာပေဦးမည်။ ယခုကာလ မျက်မှောက်ဘဝတွင် ပြုမိမှားသော ဝိပါကဝတ်သည်ကား သိပ်ကြာကြာ မနေရ၊ မိမိနောက်ပိုးက ချက်ချင်းတက်၍ အပြစ်ဒဏ်ခံရမည် ဆိုပါကလား။

ဤ အဆိုအမိန့်အတိုင်းပင် နရသူဘုရင်သည် ကာလဝိပါက် နောက်ပိုး
အနိစ္စသဘော၊ ကိစ္စချောသွားတာပဲ ဖြစ်လေတော့မည်။

မေးရပေဦးအံ့။ နရသူဘုရင်တစ်ပါး မိဖုရားကို ကွပ်မျက်ခဲ့မှုကြောင့် သူ
လက်ချက်ဖြင့် သေစားသေခဲ့ရပြီ။ သည့်နောက် ပုဂံရွှေနန်းတွင် ဘယ်သူဘုရင်
သလဲ။

ဖြေပါဦးအံ့။

နရသူမင်း ဘဝတစ်ပါးသို့ ပြောင်းသွားပြီးနောက် (ရှင်ဘုရင် ဖြစ်၍ 'န
သည်' ဟု ရေးရမည် ဖြစ်သော်လည်း မရေးလိုပြီ။ အဖကို သတ်၊ အစ်ကိုကို
စီရင်သော ထိုလူ ဘယ်သို့များ နတ်ရွာစံနိုင်မည်နည်း။ ဗုဒ္ဓလက်တော်က အဖ
အဇာတသတ်မင်းလိုပဲ အဝီစိငရဲသို့ တွဲလောင်းကြီး ဆင်းရမည် မဟုတ်ပါလား။ စ
ကြလေ။ ဤကား စကားချပ်) နရသူမင်း၏ သားတော် မင်းယဉ်နရသိခ် နန်းတ
သည်။ ထိုအကြောင်းကို မှန်နန်းရာဇဝင်တော်ကြီးက ဤသို့ မော်ကွန်းတင်လေ

## မင်းယဉ်နရသိခ်မင်းအကြောင်း

**သက္ကရာဇ် ငါးရာသုံးဆယ့်ခုသော် ထိုမင်း သားတော် မင်းယဉ်နရသိ**
**ဖြစ်တော်မူ၏။။ နန်းတက်တော်မူလျှင် ညီတော်ကို နရပတိစည်သူဟု**
**အမည်နှင့် အိမ်ရှေ့ပေးတော်မူ၏။ ထိုမင်းလက်ထက် မိုးရေကောင်း၏။ ပြ**
**ဝပြောသာယာ၏။ ပြည်သူလူတကာ အပေါင်းတို့သည် ချမ်းသာစွာ အ**
**မွေးရကုန်သည် ဖြစ်၍ မြတ်သော ဆုကို ယူကုန်၏။ ထိုမင်း မိဖုရား**
**အလောင်းစည်သူ သမီးတော်၊ ကျောင်းတော်သည်တွင် မြင်သော သမီး**
**သုံးပါးမှ မင်းအောင်မြတ်ဟူသော သမီးတော်လည်း တစ်ပါး၊ မင်းလတ်**
**တစ်ပါး၊ မင်းထွေးလည်း တစ်ပါး၊ သည်သမီးတော် သုံးပါးတွင် အ**
**မင်းအောင်မြတ်သည် မင်းယဉ်နရသိခ်မိဖုရားတည်း။**

**ဘိုးတော်အလောင်းစည်သူရှိစဉ်ကပင် မြေးတော် နှစ်ပါးကို စုံဖက်တော်**
**သတည်း။ အလောင်းစည်သူ မိဖုရား ခင်အုန်း၏ တူသမက်၊ ရာဇသူမ**
**အိမ်တော်သည် သမီးနှစ်ပါးကိုလည်း ယူ၍ မိဖုရား မြှောက်တော်မူ**
**ခယ်မတော် အလတ်ကိုလည်း မိဖုရားမြှောက်တော်မူ၏။**

**မိဖုရားကြီးကို တောင်ပြင်သည်ဟု မှည့်တော်မူ၏။ ရာဇသူသမီးအ**
**ကို အလယ်ပြင်သည်ဟု မှည့်တော်မူ၏။ ခယ်မတော် အလတ်ကို အလယ်**

**သည်ဟု မှည့်တော်မူ၏။ ထိုမိဖုရား သုံးပါးတို့ကို မင်းကြီး ကြွတော်မူရာတွင် မင်းကြီး ဆင်စီးတော်မူလျှင် မင်းကြီးနောက်က ဆင်သုံးစီးနှင့် အပြိုင်လိုက်ရ၏။ ဝေါ၊ ပေါင်း၊ ထမ်းစင်၊ သံလျင်း စီးကြသော်လည်း မင်းကြီးနောက်တော်က တစ်ဦးကို တစ်ဦး မလွန် မယုတ်စေရ။ အပြိုင်အညီ လိုက်ရ၏။ ကွမ်းခွက်၊ ကွမ်းအုပ်၊ ဖလား၊ ထွေးခံ၊ ကရား၊ အိုးပုျစ် တူကြလျက် ကိုယ်လုပ်သုံးရေတို့ကိုလည်း လက်ကောက် ပုတီး၊ လက်စွပ်၊ နားဋောင်း၊ အဝတ်တန်ဆာ၊ ရည်တူအမျှ ဝတ်ဆင်လျက် လိုက်စေ၏။ ထိုသို့ မယုတ်မလွန် ချစ်တော်မူသောကြောင့် တစ်ပါးကို တစ်ပါး စောင်းမြောင်း ငြူစူခြင်း မရှိဘဲ ကြည်ကြကုန်၏။**[၁]

မှန်နန်းရာဇဝင်တော်ကြီးက ပုဂံပြည်တွင် ရှင်ဘုရင်ဖြစ်လာသော မင်းယဉ်နရသိခ်၏ အရည်အသွေးကို အထက်ပါအတိုင်း ချီးပရေးသားပေး၏။ ဘာတဲ့ဗျာ၊ သည်ရှင်ဘုရင်အသစ်က သူ့အချစ်ကို မိဖုရား သုံးပါးဆီ အညီအမျှ 'ခွဲတမ်း' ချပေးထားသည် ဆိုပဲ။ မိဖုရား သုံးပါးတို့ ခွင့်ရေးတူမျှရကြသော်ကြောင့် တစ်ဦးကို တစ်ဦး 'စောင်းမြောင်း၊ ငြူစူခြင်း မရှိ၊ ကြည်ကြကုန်၏။' ဆိုပါလား။ မင်းယဉ်နရသိခ်မင်းတရား၊ မိဖုရားချစ်တတ်ပုံကဖြင့် တော်ပါပေရဲ့။ ပြောမဆုံးပေါင် တောသုံးထောင်ဟု ဆိုရပေတော့အံ့။ ထိုမင်းတရားကို ဤသို့ ပြောဆို ချီးကျူးသင့်သည် မဟုတ်ပါလား။ နေကြပါအုံး၊ စောင့်ကြပါအုံး၊ အချီးမွှန်း မလောကြပါနှင့်အုံး၊ မင်းယဉ်နရသိခ်မင်းက မိဖုရား သုံးပါးတည်းသာ ချစ်လို့ မဝဘူး ထင်ပါရဲ့။ နောက်ထပ်၍ သူတစ်ပါး မိဖုရားကို အဓမ္မလုပြီး ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ခဲ့သဖြင့် နန်းပလ္လင်ပေါ်က ဆွဲချခံလိုက်ရသော သာဓကကို ရှုကြပါအုံး။ ဆင်ခြင်ကြပါအုံး သံဝေဂ ယူကြပါအုံးလေ။ ဖြစ်ပုံက သည်လို။

---

၁။ **မှန်နန်းရာဇဝင်တော်ကြီး၊** စာ– ၃၁၂။

# (၃) အိမ်ရှေ့မိဖုရား ဝေဠုဝတီက စခဲ့သော သွေးဖာတ်လမ်း

## (က)

မှန်နန်းရာဇဝင်တော်ကြီး စာမျက်နှာ (၃၁၂) တွင် **ဝေဠုဝတီ** အမည်ရှိ သတို့သမီးငယ်အကြောင်းကို ဤသို့ ဆိုလေသည်။

**အခါတစ်ပါး မြင်စိုင်းဝက်ဝင်ရပ်၌ တောသို့ ဝင်လေသော် ကြီးစွာသော ဝါး၏ အထဲ၌ အဆင်းအင်္ဂါ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော သံသေဒဇ ဖြစ်သော သတို့သမီးငယ်ကိုရ၍ အရွယ်သို့ ရောက်လျှင် ဦးသစ်သော၊ ရွှေ အဆင်းကဲ့သို့ မင်းယဉ်နရသိခ်အား ဆက်လေ၏။ မင်းကြီးလည်း သတို့သမီး ကို မြင်တော်မူသော် ဘုန်း မဆုံသည် ဖြစ်၍ 'နားကျယ်နှင့် ဝမ်းပျက်လီလီ' ဟု မိန့်တော်မူ၏။ ညီတော် နရပတိစည်သူကို ပေးလေ၏။**

ထိုသို့ သံသေဒဇ ပဋိသန္ဓေအဖြစ် ဝါးပင်က ဖွားသော ကလေးကို ရခဲ့ခြင်းအား စာရေးဆရာကြီး 'ပါရဂူ'က **ပုဂံခရီးသည်**[၁] စာအုပ်တွင် ဤသို့ ရေးသားခဲ့သည်။

**ကျမ်းဂန်များ၌ ပဋိသန္ဓေ တည်နေခြင်းကို လေးမျိုးလေးစား ဖော်ပြထား**

---

၁။ **ပုဂံခရီးသည်**၊ ပါရဂူ၊ စာ-(၂၁)

သည်။ ပထမအမျိုးအစားမှာ အဏ္ဍဇ ဖြစ်သည်။ ဥ၌ ပဋိသန္ဓေ တည်
မွေးဖွားခြင်း ဖြစ်သည်။ ဒုတိယ အမျိုးအစားကား ဇလာဗုဇ ဖြစ်
အမိဝမ်း၌ ကာလရှေကြည်တည်၍ မွေးဖွားလာခြင်း ဖြစ်သည်။ တတိယ
အစားမှာ သစ်ပင်၊ အပွင့်၊ အသီး စသည်တို့၏ အညှိမှ ဖြစ်ပေါ်လာ
သံသေဒဇအမျိုးအစား ဖြစ်သည်။ စတုတ္ထအမျိုးအစား ဖြစ်သော ဩပပါ
မှာမူ နတ်တို့ကဲ့သို့ ဘွားကနဲ ကိုယ်ထင်ရှား ဖြစ်ပေါ်လာသော အမျိုး
ဖြစ်သည်။ ယင်းလေးမျိုးလေးစားအနက် အဏ္ဍဇနှင့် ဇလာဗုဇ အမျိုး
နှစ်ခုမှာမူ မြင်နေကျ တွေ့နေကျ ဖြစ်၍ အဆန်းမဟုတ်ပေ။ ကျန်
အစားနှစ်ခုကား မိမိမျက်စိနှင့် ကိုယ်တိုင်ကိုယ်ကျ မတွေ့ရဘဲ တစ်ဆင့်
တစ်ဆင့်ကြားအရ လည်းကောင်း၊ စာတွေ့အရ လည်းကောင်း သိရ
အမျိုးအစား ဖြစ်သည်။

ပုဂံရာဇဝင်၌ သံသေဒဇအမျိုးအစားနှင့် ဖွားသည်ဟု သမုတ်ထား
မိဖုရားတစ်ပါး ပေါ်ပေါက်ခဲ့ဖူးသည်။ မင်းယဉ်နရသိင်္ခနှင့် နရပတိစ
နောင်တော် ညီတော်တို့ လက်ထက်က ဖြစ်သည်။ မြင်စိုင်း ဝက်ဝင်အ
ပြောလူမျိုးတို့သည် တောအတွင်းသို့ သွားကြရာ ဝါးရုံတောထဲက သံသေ
မွေးဖွားလာသော မိန်းကလေး တစ်ယောက်ကို တွေ့ကြသည်။ ဝါးရုံတော
ရလာသောကြောင့် နောင်သောအခါ၌ မိန်းကလေး၏ အမည်ကို 'ဝေဠုဝတီ'
ခေါ်ကြသည်။

နောင်အခါတွင် ပုဂံနိုင်ငံတော်ကြီး၌ မင်းပြောင်းမင်းလွှဲ ဖြစ်ရသည်အထိ အ
ဆိုက်ခဲ့သော ဝေဠုဝတီ သတို့သမီး၏ ဇာတ်လမ်းက ဤမှ စတင်ခဲ့သည်။ မှန်
ရာဇဝင်တော်ကြီး၌ ရေးသားခဲ့သလိုပင် မြင်စိုင်း ဝက်ဝင်အရပ်ရှိ လူတို့သည် ဝါးတေ
ထဲမှာ မိန်းမငယ် တစ်ဦးကို တွေ့ခဲ့သည်။ တွေ့စတုန်းကတော့၊ ပိုင်ရှင်မဲ့ သည်က
ငယ်နှင့် ပတ်သက်၍ ဘာဘာညာညာ မတွေးမိကြ။ ဘယ်သူ့သမီးလဲ၊ ဘာကြေ
တောကြီးမျက်မည်းထဲမှာ သည်မိန်းကလေး ရောက်နေပါလိမ့်။ မမေးမိကြ။ လွယ်လွယ
မှတ်ယူလိုက်ကြသည်မှာ ဝါးပင်က သံသေဒဇ ဖြစ်၍ ပေါ်ပေါက်လာသော သတို့သမီး
ကလေးဟုသာ။ ထားတော့။ တောထဲမှာ တွေ့ရသော သည်မိန်းကလေး ဘယ်နည်း
လူ့ပြည်ရောက်လာသလဲ ဆိုသည်ကို ဦးနှောက်ခြောက်အောင် မတွေးတော့ပြီ။ အ
ကြီးသည်ကား ထိုမိန်းကလေး ကျန်းမာစွာဖြင့် အသက်ရှင်နေထိုင်သွားဖို့သာ။

သို့ဖြင့် ဝက်ဝင်ရွာသားတို့သည် ဝါးတောထဲမှ ရခဲ့သော ထိုမိန်းကလေး
ရွာသူကြီးအိမ်သို့ ပို့လိုက်ကြသည်။ ရွာသူကြီး မိသားစုလည်း တောထဲမှာ တွေ့လ

သော မိန်းမငယ် တစ်ဖွေ့တစ်ပိုက်ကြီးကို ဝိုင်းဝန်း ပြုစုကြသည်။ ယုယကြသည်။ သမီးရင်းနှင့် မခြား ကျွေးမွေး စောင့်ရှောက်ကြသည်။ သို့နှင့်ပင် ထိုမိန်းကလေးသည် ဆယ်ကျော်သက်အရွယ် ရောက်ပြီး အပျိုကြီးဖားဖားပင် ဖြစ်တော့မည်။

သည်တွင် ရွာသူကြီးမင်း စဉ်းစားရလေပြီ။ ဘယ့်နှယ်လဲ၊ ဝါးတောထဲက ရခဲ့သော သတို့သမီးငယ်မှာ အရွယ်ကလေး ရလာလေ၊ အလှမျိုး တစ်ရာ၊ ပြည့်စုံစွာနှင့် ကလျာနသစ်၊ ပျိုမျစ်ယဉ်ကျေးလှပါဘိ။ သည်လို သတို့သမီးငယ်မှာ တောနှင့် လားလားမျှ မထိုက်။ သည်တော့ ဘုန်းရှင်ကံရှင် ရတနာခုနစ်ပါးတို့၏ သခင်၊ ရေမြေ့သနင်း ဘုရင်မင်းမြတ်ထံ အမြန်ဆက်သမှသာ တော်သင့်ပေတော့အံ့။

ဝက်ဝင်သူကြီးမင်းသည် အမျှော်လင့်ကြီး မျှော်လင့်မိပါလိမ့်မည်။ ရှင်ဘုရင် ဆိုသည်မှာ မိဖုရားတွေ အများကြီး ထားခွင့်ရှိသတဲ့။ သည်ဝါးတောထဲက လှကလျာ ကလေးကို ပုဂံပြည့်ရှင် ဘုရင်မင်းမြတ်ထံ ဆက်သလိုက်ရလျှင် ငါ့သမီးကလေး ဘုရင် ကတော် ဖြစ်ပေတော့အံ့။ ရှင်ဘုရင်ကလည်း လှသော၊ ချောသော၊ မိန်းမပျို နုနုဖပ်ဖပ် ကလေးကို ရပြီး သဘောအတွေ့ကြီး တွေ့ပေတော့အံ့။ ဝမ်းအသာကြီး သာပေတော့အံ့။ အကျေနပ်ကြီး ကျေနပ်ပေတော့အံ့။ ထိုအခါတွင်....

ဝက်ဝင်ရွာသူကြီးမင်းသည် စိတ်ကူးခြင်းကြီးစွာဖြင့် ပျော်မွေ့ကာ နေလေသည်။ ငါ့မွေးစားသမီးချောကလေးကို လက်ခံရရှိသဖြင့် ဘုရင်မင်းမြတ် ဆုလာဘ်တွေ အများကြီး ချီးမြှင့်ပေတော့မည်။ အို ဆုလာဘ်တွေ ဆိုတာ ထားလိုက်ပါလေ။ ရှင်ဘုရင့် ယောက္ခမ ဆိုသည့် ဂုဏ်ပုဒ်ကြီးကပင် နည်းတာမှတ်လို့။ သည်သို့လည်း စိတ်ကူး ဖဲရိုက်ကာ၊ ဂုဏ်ဘာနှစ်ကောင်နှင့် နိုင်ပွဲဆက်ရမည်ကို တွေးရင်း တွေးရင်း မြူးနေလေသည်။ မြူးရင်း မြူးရင်းလည်း တွေးနေမိရှာတော့သည်။ သို့သော်-

ဝက်ဝင်သူကြီးမင်းခမြာ မှန်းချက်နှင့် နှမ်းထွက် မကိုက်ရှာတော့ပေ။ ကြုံရပုံ ကဖြင့် ပြန်ပြောပြရလျှင် မျက်ရည်ကျလောက်သည့် ဇာတ်လမ်းပင်။ ဝက်ဝင်သူကြီး မိသားစုနှင့် ရွာသူရွာသားတွေက ဝါးတောထဲက ရသော သမီးပျိုအချောအလှကလေးကို ခမ်းနားကြီးကျယ်စွာဖြင့် ပုဂံရွှေနန်းသို့ ပို့ဆက်လေ၏။

ထိုနေ့က မင်းညီလာခံသို့ အခစား ဝင်လာကြသော ဝက်ဝင်ရွာသူကြီးနှင့်ဆွေမျိုး မိသားစုတို့မှာ ပွဲသွားကြော့ကြော့ဆိုဘိသို့ အားမာန်အပြည့် ရှိလှပါဘိ။

ဝက်ဝင်ရွာသူကြီးနှင့်အတူ ပါလာသော သတို့သမီးချောကလေးမှာ မင်းညီလာခံ သို့ မဝင်ဝံ့ဝံ့၊ ဝင်ဝံ့ဝံ့နှင့် ထိတ်ထိတ်ပျာပျာ ရှိလှချည့်။ ဘုရင့်မှူးကြီးမတ်ကြီး တစ်ဦးက မင်းညီလာခံရှေ့တော်မှောက်သို့ ရောက်လာသော ဝက်ဝင်ရွာသူကြီး၏ မွေးစားသမီးငယ် ကို ဘုရင်မင်းမြတ်ထံ ဆက်သပါကြောင်း တင်လျှောက်ပေးလေသည်။

'တင်လျှောက်ပါသည် ဘုရား၊ ဘုန်းတော်ကြောင့် အရှင်
မင်းတရား ရှေ့တော်မှောက်သို့ ရောက်လာသော သတို့သမီး
ငယ်အား မင်းတရားကြီးထံ ကျွန်တော်မျိုး ဝက်ဝင် ရွာသူကြီးက
ဆက်သအပ်ပါသည် ဘုရား'

ညီလာခံပလ္လင်နန်းပေါ်မှ မင်းယဉ်နရသိခ်ဘုရင်မင်းမြတ်သည် ဝက်ဝင်ရွာ
တင်ဆက်လာသော သတို့သမီးငယ်ကို သေချာစွာ ကြည့်သည်။ သေချာစွာ ...
သည်။ သေချာစွာ အကဲခတ်သည်။ ဤတွင် မှန်နန်းရာဇဝင်တော်ကြီးက ရေး...
ဖော်ပြသော စာသားအတိုင်း 'ဘုန်းမဆုံသည်ဖြစ်၍' ဘုရင်မင်းမြတ်သည် ဝါးတော...
သတို့သမီးကို မနှစ်သက်၊ မမက်မော၊ မြတ်နိုးချစ်ကြင် ချစ်ခင် ခုံမင်သော စိတ်...
မပေါ်ပေါက်ရှာ။ ထို့ကြောင့် ညီလာခံ ခန်းမဆောင်၌ အသင့်ရှိနေသော မယ်...
မိဖုရားကြီးအား တိုးတိုးညင်သာ ပြောလိုက်သည်။

'မယ်တော်ဘုရား သည်ဝါးတောသူ သတို့သမီးငယ်ကို
ညီတော်အား ပေးလိုက်ပါ။ ညီတော်နှင့် စုံဖက်ပါစေ'

ဝက်ဝံရွာသူကြီးမှာ ရှင်ဘုရင်နှင့် သူ့မယ်တော်ဘုရားတို့ ဘာစကားတွေ ပြော...
သလဲ၊ တိုင်ပင်ကြသလဲ မသိလိုက်ရ။ ခဏအကြာ ညီလာခံ စဲသွားသည်။ အို ...
ဘယ် လိုပါလိမ့်။ ဘုရင်မင်းတရားကြီးထံမှ နှုတ်မိန့်စကား ဘာမှလည်း မကြားလိုက်...
ကလား။ အဖြေက ဘာတဲ့လဲ။ မင်းတရားကြီးက ဝါးတောသူ သတို့သမီးငယ်အ...
ဘယ်သို့မျှ မပြောပါကလား။ မဆိုပါကလား။ မမိန့်ပါကလား။

သို့သော် မကြာပါချေ။ အဖြေက ပေါ်လာသည်။ ဝါးတောသူ သတို့သမီး...
ဘုရင့်မယ်တော် မိဖုရားကြီး၏ အပျိုတော်များက လာရောက် ခေါ်ငင်ချေပြီ။

'သတို့သမီးကလေးကို ဘုရင့်မယ်တော် မိဖုရားကြီးရဲ့ စံအိမ်တော်...
ပို့ပေးပါ'တဲ့။

သည်သတင်းစကား ကြားရတော့မှပင် ဝက်ဝင်ရွာသူကြီးနှင့် မိသားစုလည်...
အနည်းငယ် စိတ်သက်သာရာ ရသွားကြသည်။ ဘုရင့်မယ်တော် မိဖုရားကြီးက သ...
သမီးငယ်ကို အိမ်တော်သို့ ခေါ်ဆောင်သွားမည် ဆိုပဲ။ သည်လိုဆိုတော့ တော်ပေသေ...
တာပေါ့။ ဘုရင်မင်းတရားကြီးက သတို့သမီးငယ်ကို ပြုပြင်သွန်သင်ဆုံးမပေးဘို့ မယ်တော...
မိဖုရားကြီးထံ အပ်နှံလိုက်ခြင်း ဖြစ်ပေမည်။ ဤသို့ တွေးမိပြန်တော့လည်း ဝမ်းသာရသေ...

နောင်တွင် ဝက်ဝံရွာသူကြီး မိသားစုအား ဘုရင့်မယ်တော် မိဖုရားကြီးက လ...
ဆောင်ပဏ္ဏာများ ပေးကမ်း၍ နန်းတော်မှ ပြန်လွှတ်လိုက်လေသည်။ အဖြေစကားကလည်...
ထိုအခါမှ ရှင်းပေတော့သည်။

**'ဝါးတောသူ သတို့သမီးကလေးကို ဘုရင်မင်းမြတ်က ညီတော် အိမ်ရှေ့စံ နရပတိစည်သူထံသို့ လွှဲအပ်လိုက်ပြီ။ သတို့သမီးငယ်ကို ဘုရင့်မယ်တော်ကိုယ်တိုင် အလှဖွဲ့ပြင်ပြီး သားတော် အိမ်ရှေ့စံ၏ မိဖုရားအဖြစ် တင်မြှောက်ပေးမည်။'**

(ခ)

မင်းယဉ်နရသိင်္ခမင်းတရားက မယ်တော်ကို ပြောခဲ့သော စကားအပြည့်အစုံက နောက်ပိုင်းတွင် ပုဂံ နန်းတော်အတွင်း တစ်ဆင့်စကား တစ်ဆင့်နား ကြားလိုက်ကြရပြီး နန်းတွင်းမှ သတင်းက ပုဂံရွှေမြို့တော်သို့ ပြန့်နှံ့သွားရန်ကား မခက်ခဲတော့ချေ။

မင်းတရားကြီးက ဝါးတောသူ သတို့သမီးငယ်ကို ကြည့်ပြီး 'နားကျယ်နှင့်ဝမ်းပျက်လိလိ' ဟု မိန့်ကြားသည်။ သတင်းတို့က ဆိုသည်။ ထို့ကြောင့် ညီတော်ထံသာ ပို့လိုက်ပါတော့ မယ်တော်ဘုရားဟု ဘုရင်မင်းမြတ်က မိန့်ကြားပါသတဲ့။ နားရွက်က သာမန်အမျိုးသမီးတွေထက်ပင် ကြီးနေသည်။ ပင်ကိုယ် ရုပ်ရည်ကလေးကတော့ ပြေပြစ်ချောမောချင်ပါရဲ့။ နားရွက်ကြီးနေသည့်ကြောင့် လှသည် ချောသည် မပြောနိုင်ပြီ၊ ဘုရင်မင်းမြတ်က မလိုချင်လို့ပဲ အပြစ်ပြောလိုက်လေသလား၊ မည်သို့ပင် ဖြစ်စေ ဝါးတောသူ ပျို့ဖြူကလေးကတော့ ဘုရင့်မယ်တော်၏ စံအိမ်တော်တွင် အလှဘုရင်မတစ်ဦးအသွင် လှသည်ထက်လှအောင် ပြုပြင် ဆင်ယင် သွန်သင်ပေးလျက် ရှိပေပြီ။

ကံကောင်းထောက်မသည်မှာ ဘုရင့်မယ်တော် မိဖုရားကြီးက သားတော် အငယ် အိမ်ရှေ့စံ နရပတိစည်သူနှင့် အတူနေခြင်းပင် ဖြစ်သည်။ ထို့ကြောင့် အိမ်ရှေ့စံမင်းသည် ဝါးတောသူ ပျို့ဖြူကလေးအား မယ်တော် မိဖုရားကြီးက ပြုပြင်မွမ်းမံပေးနေသည်ကို မြင်နေရသည်။ တွေ့နေရသည်။ နောင်တော်မင်းတရားဟာ 'ညီတော်ယူစေ' ဟု အမိန့်တော်မြတ် ချမှတ်ခဲ့ကြောင်း သတင်းစကားကိုလည်း နားနှင့် ဆတ်ဆတ်ကြားမှတ်ပြီး ဖြစ်နေလေသည်။ ထို့ကြောင့် မကြာမီ ပိုင်ဆိုင်ရတော့မည့် အပျိုစင် ဝါးတောသူကလေးကို ကြည့်ပြီး အိမ်ရှေ့စံ နရပတိစည်သူ ဖရဏာ ပီတိ ဝမ်းဆီထိသို့ ကြည်နူးဝမ်းသာ ရှိပေတော့အံ့။

ထူးခြားသော အကြောင်းချင်းရာ တစ်ခုကို ဆိုရဦးမည်။ ဒါကလည်း ဝါးတောသူ ပျို့ဖြူကလေးနှင့်ပင် ပတ်သက်နေလေသည်။ မင်းယဉ်နရသိင်္ခမင်းတရား မလိုချင်သဖြင့် စွန့်ပယ်လိုက်သော ထိုမိန်းမပျိုမှာ ဘုရင့်စကားအတိုင်း အားမနာတမ်း ပြောရလျှင်

---

၁။ မှန်နန်းရာဇဝင်တော်ကြီး၊ စာ- ၃၁၃။

'နားကျယ်နှင့် ဝမ်းပျက်လိလိ' ။ မှန်ပါပေသည်။ မိန်းမပျို၏ နားရွက်တစ် အဆမတန် ကြီးမားနေသည်။ ထို့ကြောင့်ပင် အမြင်မလှ ဖြစ်နေလေ၏။ ဒါကို မယ်တော်က မည်သို့များ ကြည့်လို့ကောင်းအောင် ပြုပြင်ပေးလိုက်ပါသလဲ။ သိ သလား။ ပြောပြပါမည်။

မှန်နန်းရာဇဝင်တော်ကြီးက သည်အကြောင်းကို ဤသို့ မော်ကွန်းတင်ခဲ့

**'မင်းကြီးမယ်တော် မိဖုရားလည်း သားတော်အငယ် နရပတိစည် အတူနေ တော်မူသည် ဖြစ်၍ သံသေဒ၈ မိန်းမကို မြင်တော်မူသော် ပ ထောက်ရှုတော်မူ၍ နားကို တန်ရုံဖြတ်ပြီးလျှင် ဆက်လေ၏။ နားတန်လေ အလွန်သော အဆင်းကို ဆောင်သည်ဖြစ်၍ ယောကျ်ားတကာတို့ မြ တိမ်းညွတ်ကုန်၏။ မယ်တော် မိဖုရားကြီးလည်း မင်းသမီးတကာတို့၏ စရာသော အတတ်တို့ကို ပဲ့ပြင် သွန်သင်တော်မူ၍ ခပ်သိမ်းသော မိန်းမ ဂုဏ်နှင့် ပြည့်စုံတော်မူ၏။ သံသေဒ၈ ပဋိသန္ဓေနေသော သူဖြစ်သော အရောင်အဆင်းကား မိန်းမဟူသမျှနှင့် မတူကုန်သည်သာ။'**[၁]

သည်မှာပင် ထူးပေ ဆန်းပေသည်ဟု ဆိုရတော့မည်။ ကြည့်ပါတော့။ ဟို ရှေး နှစ်ပေါင်း (၈၀၀) ခန့်ကပင် ပုဂံပြည်၌ ခေတ်မီ မျက်နှာ ခွဲစိပ် ပြုပြင်ကုသ အတတ်ပညာက ထွန်းကားနေပြီ ဆိုပဲ။ မယုံမရှိကြနှင့်လေ။ သမိုင်းဆိုသည်မှာ လိ ရေး၍ မသင့်။ ချဲ့ကားရေးသား၍လည်း မဖြစ်နိုင်။ သည်တော့ မှန်နန်းရာဇဝင်တော် ၏ မော်ကွန်းတင်ခြင်းကို ဥပေက္ခာပြု၍ ရပါမည်လား။ ယခုပင် ကြည့်ပါ မင်းယဉ်နရသိခ်မင်းကြီး၏ မယ်တော် မိဖုရားကြီးသည် ဝါးတောသူ ပျိုဖြူကလေ ကြီးနေသော နားကို ဖြတ်၍ တော်သင့်ရုံ ဆက်ပေးလိုက်သည်တဲ့။ ယခု သိပ္ပံ ထွန်းကားသော ခေတ်တွင် ခွဲစိပ်ဆရာဝန်တို့ လက်က သွက်သွက်၊ ဓားက ထက် လူတစ်ကိုယ်လုံး နေရာလပ် မကျန်အောင် ခွဲစိပ် ကုသပေးခဲ့သည်မှာ ဘာဆန်း လေ။ ရှေးပဝေသဏီ ပုဂံပြည်တွင် ဘုရင့်မယ်တော်က ဝါးတောသူ ပျိုဖြူ၏ ကြီးနေ နားကို အရွယ်သင့် ဖြစ်အောင် ဓားဖြင့် ဖြတ်၍ ဆက်ပေးခဲ့ပါသတဲ့။ အံ့သြကုန်နိုင် ကဲ မယုံချင်နေ ဆိုသော သီချင်းကို ဆိုရပေတော့အံ့။

သို့သော် ထိုကိစ္စသည် ထိုမျှနှင့် မရပ်သွားချေ။ မှန်နန်းရာဇဝင်က 'ဝါးတော ကလေးမှာ အလွန်သော အဆင်းကို ဆောင်သည် ဖြစ်၍ ယောကျ်ားတကာတို့ မြင် တိမ်းညွတ်ကုန်၏' ဟု ရေးခဲ့သည်။

ပြောရဦးမည်။ ဝါးတောသူပျိုဖြူကလေး၏ အလှကို ယောကျ်ားတကာတို့

---

၁။ **မှန်နန်းရာဇဝင်တော်ကြီး**၊ စာ-၃၁၃။

လျှင် တိမ်းညွတ်ကြတာ၊ တပ်မက်ကြတာ၊ မြတ်နိုးကြတာ ဘာအရေးကိစ္စ ရှိမှာလဲ။ ယောက်ျားတွေက သည်သတို့သမီးကို တပ်မက်လွန်းမက တပ်မက်၍ လဲကျပြီး သေကုန်ကြလျှင်လည်း ဘာအရေးလဲလေ။ ဘာကိစ္စရှိမှာလဲလေ။ ဘာအန္တရာယ်ရှိမှာလဲလေ။ ယခုတော့ အဲသည့် ယောက်ျားတကာတို့ထက် ပို၍ အစွမ်းထက်သော လူတစ်ယောက်က သည်ဝါးတောသူကို တွေ့မြင်သွားသောအခါတွင်ကား ပုဂံနိုင်ငံတော်၏ သမိုင်းကိုခပ်ရိုင်းရိုင်း ပြောင်းလဲရေးထိုးရမည့် အဖြစ်သို့ ရောက်လေသတည်း။

ထိုအကြောင်း ထုပ္ပတ်ကို 'စာရေးဆရာကြီး ပါရဂူ'က **'ပုဂံစရိုးသည်'** စာအုပ်တွင် ဤသို့ မော်ကွန်းတင်လေသည်။

> **ဝေဠုဝတီ အရွယ်ရောက်လာသောအခါ တောပန်းအလှ တစ်ပွင့် ဖြစ်လာသည် ဖြစ်၍ ထိုအချိန်က ပုဂံပြည်တွင် စိုးမိုးအုပ်ချုပ်နေသော ဘုရင်မင်းယဉ်နရသိခ်အား ဆက်လိုက်လေသည်။ သို့ရာတွင် ဝေဠုဝတီ၏ အလှတွင် အမည်းစက်ကလေး တစ်စက်တင်နေသည်။ အရည်ကောင်းသော စိန်တုံး၊ နီလာတုံး ဖြစ်နေသော်လည်း အနာကလေး တစ်ကွက်ပါနေသည်။ ဝေဠုဝတီသည် တခြား ဘာမျှ အပြစ်ဆိုစရာ မရှိသော်လည်း သူ၏ နားရွက်က သူ၏ အလှကို ဖျက်နေသည်။ ဝါး၏ သမီးပျို ဝေဠုဝတီသည် ဝါးကို ဖျက်သော အမျက်ကြောင့် အလှပျက်နေသည်။**
>
> **မင်းယဉ်နရသိခ်သည် အရည်ကောင်းသော စိန်တုံး၊ နီလာတုံးကို မဆိုစလောက်ပါနေသည့် အနာကလေး တစ်ကွက်ကြောင့် စွန့်ပစ်လိုက်သည်။ ဝါး၏ သမီးပျို ဝေဠုဝတီကို 'ဝေဠု' တွင် ပါသော အမျက်ကြောင့် လက်လွှတ်လိုက်သည်။ မိမိအား ဆက်သလာသော ဝေဠုဝတီကို ငြင်းပယ်လျက် သူ့ညီတော် နရပတိစည်သူအားပေးပစ်လိုက်လေသည်။ ကျကွဲသော နွားနို့အိုးကို ရွှေစည်းခံ လှူလိုက်လေသည်။**
>
> **နရပတိစည်သူ၏ မယ်တော်ကြီးသည် အလှဆင်တတ်သူ အလှဖန်တီးတတ်သူ ဖြစ်သည်။ သူ့ချွေးမတော်၏ ပုံပျက်နေသော နားရွက်ကို ကြည့်ကောင်းအောင် ပုံမှန် အနေအထား ဖြစ်လာအောင် ပြုပြင်ပေးလိုက်လေသည်။ ထို့မျှသာမက ထီးမှုနန်းဟန်နှင့် သွယ်ပျောင်းနွဲ့နှောင်းသော ဟန်ပန်မူယာများကိုလည်း သင်ပေးသည်။ ထိုအခါ ဝေဠုဝတီသည် ပြောစရာ တစ်ကွက်မျှ မရှိတော့ဘဲ ထီးနန်းနွယ်ဖွား တကယ်သမီးတော် အလှရတနာ တစ်ပါး ဖြစ်လာလေသည်။ တစ်နေ့သ၌ မင်းယဉ်နရသိခ်သည် ဝေဠုဝတီကို တွေ့မြင်ရသည် ဖြစ်၍ ဝေဠုဝတီ၏ ခြောက်ပစ်ကင်း သဲလဲစင် အလှကို စုံမက်မြတ်**

နီးသွားပြီးလျှင် လွတ်သည့်ငါး ကြီးသွားလေသည်။ သို့သော် ဘုရင်ဝ
သည်မှာ မိမိလိုရာကို မရမနေ ကြံတတ်သည်။ ခယ်မတော်ကို သိမ်း
သည် ဖြစ်၍ ညီတော်အား သူပုန်သူကန်ကို နှိမ်နင်းရန်ဟူသော မမှ
အကြောင်းပြချက်ဖြင့် ငဆောင်ချမ်းသို့ စေလွှတ်လိုက်လေသည်။ အ
ကြံနေသူဖြစ်၍ ဘုရင်သည် ညီတော်မရှိခိုက် ခယ်မတော်ကို သိမ်းပိုက်လို
သည်။ နရပတိစည်သူသည် နောင်တော်က စေခိုင်း၍ သွားရသော
နောက်ဆံတင်းတင်းနှင့် သွားရခြင်း ဖြစ်သည်။

သူ့ကြင်ယာ မိဖုရား ဝေဠုဝတီကို သူ့နောင်တော် သိမ်းပိုက်လ
ဆိုသည့် သတင်း ရရှိသောအခါ နရပတိစည်သူသည် တပည့်အောင်ဇွ
ကို စေလွှတ်၍ မင်းယဉ်နရသိခ်ကို လုပ်ကြံစေသည်။ မင်းယဉ်နရသိ
သော် နရပတိစည်သူသည် သူ၏ ချစ်သူဟောင်း ဝေဠုဝတီနှင့် တွဲ၍ နန်း
ပွဲခံလေသည်။[၁]

ဝေဠုဝတီ၊ နရပတိစည်သူနှင့်၊ မင်းယဉ်နရသိခ်တို့၏ ဇာတ်လမ်းကို ဆရာပါ
အထက်ပါအတိုင်း လှပစွာ ဖွဲ့ဆိုတင်ပြခဲ့သည်။ မှန်နန်း ရာဇဝင်တော်ကြီးကို မော်
တင်သော ရာဇဝင်ဆရာက ဤသို့ ဖော်ပြလေသည်။

တစ်ရံရောအခါ မယ်တော် မိဖုရားကြီးသည် ချွေးမတော် အိမ်
မိဖုရားကို ခေါ်၍ နန်းတော်သို့ ဝင်လေ၏။ မင်းကြီးလည်း ခယ်မ
အဆင်းပြင်လျာကို မြင်လေလျှင် တိမ်းမက်သော စိတ်ဖြင့် မရပ်မတည်
ရှိ၍ ဤသို့ ကြံတော်မူ၏။ ငဆောင်ချမ်း စစ်ထွက်သည်ဟူ၍ အိမ်ရှေ့မင်
ချီလေစိမ့်မည်။ ထိုသို့ ချီသော နောက်မှ ခယ်မတော်ကို နန်းတင်မည်
ကြံ၍ အမတ်တစ်ယောက်ကို နှုတ်ထည့်ပြီးသော် ငဆောင်ချမ်း စစ်ထွက်သ
ဟူ၍ လျှောက်လာ၏။ မင်းကြီးလည်း နရပတိစည်သူကို ခေါ်တော်
'ငဆောင်ချမ်းသို့ ချီလေ' ဟု မိန့်တော်မူ၏။ ညီတော် နရပတိစည်သူလည်
ဉာဏ်ပဋိဘာန် လျင်သော မင်းဖြစ်၍ မြင်းခံပြေည့်ကို မြင်းသူတော်စင်
တကွ ငါ့အိမ်တော်တွင် အခင်းထွက်လျှင် လျင်လှစေဟု မှာတော်မူပြီ
အမှူး၊ အမတ်၊ ကလန်၊ သံပျင်၊ စစ်သည်၊ ဗိုလ်ပါ အပေါင်းနှင့် ရေအ
ကြည်းအား ကြပ်မ၍ ဆန်တော်မူလေ၏။ သစ်ဆိမ့်အရပ်သို့ ရောက်တေ
မူလေသော် ငဆောင်းချမ်းမှာ အကြောင်းကို မည်သို့မျှ မထင်လေသောကြေ
ငါ့နောင်တော် ငါ့ကို ယိုးမယ်ပြုချေသည်ဟု အမှတ်ထား၍ အမှူးအမ

၁။ ပုဂံခရီးသည်၊ ပါရဂူ၊ စာ၊ ၂၂-၂၃။

**ကလန်၊ သံပျင် အပေါင်းနှင့် ရုံးစုတိုင်ပင်တော်မူပြီးသော် သစ္စာချည်ပေးလေ၏။ အမျုးအမတ်တို့လည်း မင်းယဉ်နရသိခ်သည် သားတော် ယောကျ်ား မရှိသောကြောင့် ညီတော် နရပတိစည်သူကို နန်းလျာထားတော်မူသည်ဟု နရပတိစည်သူကိုချည်း နှလုံး တစ်ချောင်းတည်း ညီကြကုန်၏။ မင်းယဉ် နရသိခ်လည်း ညီတော် သစ်ဆိမ့်အရပ်သို့ ရောက်ပြီဟု ကြားတော်မူလျှင် ခယ်မတော်ကို ယူ၍ နန်းတင်တော်မူလေ၏။**[၁]

မင်းယဉ်နရသိခ်က ခယ်မတော်အား သိမ်းပိုက်လိုက်ပုံကို မှန်နန်းဆရာက ဤသို့ တိုတိုနှင့် ပြတ်ပြတ် ရေးလေသည်။

ပြောရဦးမည်။ ခယ်မတော် ဝေဠုဝတီကို ခဲအို မင်းယဉ်နရသိခ် ဘုရင်မင်းမြတ်က သိမ်းပိုက် ယူငင်လိုက်ခြင်းမှာ ပုဂံရွှေနန်းတွင် ရှင်ဘုရင် အပြောင်းအလဲ ဖြစ်တော့မည်ဟု သတိပေးနှိုးဆော်လိုက်သော သံချောင်းခေါက်သံပင် ဖြစ်တော့သည်။ သြော် မေ့လို့၊ မေ့လို့၊ ပုဂံရွှေနန်းတွင် ရှင်ဘုရင် အပြောင်းအလွဲ ဖြစ်ရန်သာ မဟုတ်။ အနန္တသူရိယ အမတ်ကြီးမှ အစ၊ မြင်းခံပြည့် အလယ်၊ သူရဲကောင်း အောင်စွာငယ်အဆုံး လူတော် လူကောင်းတွေ ဆုံးရှုံးရလေတော့မည့် နိမိတ်ပုံလည်း ဖြစ်လေသည်။

ဇာတ်လမ်းကို ဆက်ပါအုံ့။

## (ဂ)

ဝေဠုဝတီအမည်ရှိ အိမ်ရှေ့မိဖုရား တစ်ပါး ဘုရင့်မိဖုရား ဖြစ်သွားခြင်းမှ ဆက်၍ ဆက်၍ ဖြစ်ပေါ်လာသော သွေးထွက်သံယို ဇာတ်လမ်းတို့ကား များပြားလှပေစွ။သည်တွင် ယင်းဖြစ်ရပ် ဇာတ်လမ်းတို့ကို တစ်ခန်းစီ ဖော်ပြရသော် ပထမဆုံး **'မဟာကံဆိုးရှင်'** မှာ အိမ်ရှေ့မင်း၏ တပည့် မြင်းခံပြည့်ပင် ဖြစ်သတည်း။

အိမ်ရှေ့မိဖုရား အိမ်တော်တွင် အစောင့်အနေထားခဲ့သော မြင်းခံအမှုထမ်း ပြည့်သည် ဝေဠုဝတီ မိဖုရားအား ဘုရင့်အမှုထမ်းတို့က ညဥ့်အချိန်တွင် ဘုရင့်အမိန့်ဖြင့် လာခေါ်သွားသည်ကို ကြားသိရသည်။ ထို့ကြောင့်ပင် ပြည့်သည် အရဏ်တက် တုံး မောင်း ခေါက်ချိန်တွင် ပုဂံ တစ်ဘက်ကမ်း အောင်သာသို့ ကူး၏။ ထိုနေရာမှ နေ၍ မြင်းကို ကဆုန်စိုင်းစီးကာ အိမ်ရှေ့မင်း စစ်ချီရာသို့ လိုက်၏။ မြင်းခံပြည့်သည် ပရိမ္မအရပ်သို့ ရောက်သော် မွန်းမတည့်သေး။ ထို့ကြောင့် ဟန်လင်းသို့ ဖြောင့်ဖြောင့်ကြီး မြင်းစီး၍ လိုက်လေသည်။ ငါးပတ်ချောင်းအရပ်သို့ ရောက်သော် နေဝင်လေပြီ။ မှောင်ရီ ပိုးတဝါးတွင် ပြည့်သည် ရှေ့ခရီးကို မျှော်ကြည့်သည်။ ငါးပတ်ချောင်းအတွင်း၌ ရေ

---

၁။ **မှန်နန်းရာဇဝင်တော်ကြီး**၊ စာ-၃၁၃။

မရှိ။ ခြောက်သွေ့နေသည်။ သောင်ပြင်ကျယ်ကြီးက ချောင်းလယ်တွင် ထီးထီး
ပေါ်ထွန်းနေလေ၏။ ဤတွင် ငပြည့် ကံဆိုးမိုးမှောင်ကျဖို့ ဖန်လာလေသည်။

ငပြည့်သည် ချောင်းကျယ်ကြီး၏ အလယ်က သောင်ပြင်ကို မျှော်ကြည့်
နေဝင်ရီတရော မှောင်ရီဖျိုးဖျ အချိန်၌ ခရီးပန်းလာသော ငပြည့်၏မျက်ဝန်းတွင် သော
ကို ရေထင်မိသည်။ ထို့ကြောင့် ညဥ့်အချိန်မတော်တွင် ရေပြင်ကို မကူးတော့ဘဲ
ဟု ဆုံးဖြတ်၍ မြင်းကို ရေတိုက်၊ မြက်စားစေပြီး သစ်ပင်တွင် ချည်နှောင်ထားလိုက်
ငပြည့်ခမျာ ထမင်းဆာဆာနှင့် သစ်ပင်ရင်းတွင် ခေါင်းချသည်နှင့် အိပ်ပျော်သွား

ငပြည့်စီးလာသော မြင်းသည် မနီးမဝေးတွင် စခန်းချနေကြသော အပေါင်း
မြင်းတို့၏ အနံ့ကိုရ၍ အသံကုန် မြင့်ကာ ဝမ်းသာစွာ ဟီလေ၏။ ထိုအချိန်၌ အိ
နရပတိစည်သူသည် မိမိ၏ မြင်းဟီသံကို ကြားလေသည်။ အိမ်ရှေ့မင်းမှာ မြင်းဟ
ကြားပြီး အခြေအနေကို နားလည်သဘောပေါက်သွားသည်။ မြင်းဟီသံမှာ သိ
သဖြင့် ကျွန်ယုံတော် ငပြည့် မိမိ၏ အနီးအပါးသို့ ရောက်နေကြောင်း သိပြီး တစ်
စိတ်မအေးနိုင်ဘဲ ရှိတော့၏။ အိပ်စက်၍ပင် မပျော်ပြီ။

နရပတိစည်သူသည် စက်တော်ခေါ်၍ မရတော့အောင် စိတ်လှုပ်ရှားနေရှာ
အိပ်၍ မပျော်သော ညဥ့်ကား ညဥ့်တာ ရှည်လျားလှပေတော့သည်။ ထိုအချိန်၌
မြင်းဟီသံကို အဆက်မပြတ် ကြားနေရပြန်၏။ သည်တွင် စိတ်လှုပ်ရှားနေသော အိ
မင်းသည် 'သည်မြင်းဟီသံမှာ ငါ့မြင်း စင်စစ် ဖြစ်လျှင် ငါ၏ ခေါင်းအုံးသည် ပေါ
စေသား' ဟု သစ္စာ အဓိဋ္ဌာန်ပြု၍ ခေါင်းအုံးကို လက်ဖြင့် ပုတ်ခတ်လိုက်သည်
အုံ့ဖွယ်သရဲ၊ ထူးကဲလှပေစွတကား။ အိမ်ရှေ့မင်း၏ ခေါင်းအုံးသည် လက်ဖြင့် အ
အဟာ ပုတ်ခတ်ရုံဖြင့် ပေါက်ကွဲထွက်သွားလေသည်။ မင်းယောကျ်ားတို့ ဘုန်း
ထူးခြား ဆန်းကြယ်ရှိလှ၏။ နရပတိစည်သူမင်း၊ ခေါင်းအုံးပေါက်သွားသော အရ
ယနေ့တိုင် 'မလွဲမပေါက်' အရပ်ဟု ခေါ်ဝေါ်နေကြသတတ်။

နောက်တစ်နေ့ အရုဏ်တက်ပြီ။ မြင်းခံငပြည့်သည် မြင်းကို စီး၍ ခရီးဆက်
မကြာမတင်သော ကာလတွင် အိမ်ရှေ့စံမင်း၏ တပ်နှင့် ပက်ပင်းတိုးလေ၏။ မြ
ငပြည့်က အိမ်ရှေ့မင်းထံ အလျင်အမြန်ပင် အခစားဝင်၍ သတင်းဆိုးကို လျှော
တင်တော့သည်။ ်

**ငပြည့်။** ။ 'တင်ပါသည်ဘုရား၊ ဘုရင်မင်းတရားကြီးက အ
မိဖုရားကို မင်းမိန့်နဲ့ ခေါ်ယူ သိမ်းပိုက်လိုက်ပ
ဘုရား'

**နရပတိစည်သူ။** ။ (ဒေါသအမျက်ထွက်လျက်) 'တောက် မိုက်ရိုင်းလို

တဲ့ နောင်တော်ပေပဲ။ ကဲ ဒါထားပါအုံး၊ မောင်မင်း မနေ့ညဥ့်က ဘယ်မှာ အိပ်သလဲ'

**ပြေည့်။** ။ 'မှန်လှပါ၊ မြင်းတော်ပင်ပန်းလှပြီ ဖြစ်လို့ ငါးပတ်ချောင်းမှာ မြင်းစာ ကျွေးမွေးပြီး ကျွန်တော်မျိုး အိပ်ခဲ့ကြောင်းပါ'

**နရပတိစည်သူ။** ။ 'ငါနဲ့ မဝေးတဲ့ အရပ်မှာမှ နင်အိပ်ရသလား၊ ငမိုက်သား၊ ငါတို့ မင်းအဖို့ တစ်နာရီ ကြံစည်လျှင် အများကြီး ပြီးနိုင်တာဟဲ့'

မိဖုရား ဝေဠုဝတီကို နောင်တော် မင်းတရား သိမ်းပိုက်သဖြင့် မွှန်ထူနေသော အိမ်ရှေ့မင်း၏ ဒေါသမီးသည် လောင်စာကို ရှာဖွေလောင်မြိုက်လေပြီ။ အိမ်ရှေ့မင်း၏ ဒေါသမီး လောင်မြိုက်ရန် အနီးဆုံး လောင်စာမှာ ကျွန်ယုံတော် မြင်းခံပြေည့်ပင်တည်း။

ဒေါသဖြင့် အသားဆတ်ဆတ်တုံနေသော အိမ်ရှေ့မင်း နရပတိစည်သူသည် တစ်ချက်လွှတ် အမိန့်ကို ပေးလိုက်တော့၏။

**အိမ်ရှေ့မင်း။** ။ 'တာဝန်ကို တာဝန်မှန်း မသိတဲ့ ပြေည့်ကို ယခုချက်ချင်း ကွပ်မျက်စေ'

ဤသို့ဖြင့် ဝေးလံသော ခရီးမှ မတ်တပ်ကလဲလုနီး မြင်းစီးလာခဲ့ရှာသော မြင်းခံပြေည့်။ သူ့ခမျာ ဝေဠုဝတီ မိဖုရားနှင့် ပတ်သက်ပြီး ပထမဆုံး အသက်ပေးသွားရပြီတည်း။

ကျွန်ယုံတော် မြင်းခံပြေည့်ကို ကွပ်မျက်ပြီးသောအခါ ဒေါသအရှိန် မပြေသေးသော အိမ်ရှေ့မင်းသည် ကျွန်ယုံတော် အောင်စွာငယ်ကို ခေါ်၍ တစ်ဝန်တစ်ရပ်ပေးလေ၏။

**အိမ်ရှေ့မင်း။** ။ 'ဟဲ့ အောင်စွာငယ်၊ အရေးတော်ဖြင့် ပေါ်ပြီ၊ နင်ငါ့အမှုတော်ကို အသက်စွန့် ထမ်းပေတော့။ ယခုချက်ချင်း ပုဂံရွှေနန်းကိုပြန်၊ နောင်တော်ဘုရင် မေ့လျော့ သတိပေါ့စဉ် စောင့်ကြည့်ပြီး လုပ်ကြံလေ။ အောင်မြင်ပါက ငါ့မရီးတော် ဖိဖုရား သုံးယောက်ထဲက နင်ကြိုက်ရာ ယူစေ၊ ငါ သူကောင်းပြုမယ်'

အိမ်ရှေ့စံ နရပတိစည်သူမင်း၏ အမိန့်ကို ကြားသော ကျွန်ယုံအောင်စွာငယ်သည် အတိုင်းမသိ ဝမ်းသာသွားဟန် ရှိသည်။ ဟီးဟီး၊ ဘုရင့် မိဖုရားထဲက ကြိုက်ရာကို ယူစေဆိုပဲ။ တာဝန်ကြေအောင် ထမ်းရွက်အုံး။ တပ်မှ သူ့ရဲကောင်း ရှစ်ကျိပ်ကို ရွေး

ကောက်ပြီး အောင်ဇွာငယ်က လက်ရွေးစင်တပ်ကို ဖွဲ့သည်။ ထို့နောက် လှေ
လှေလျှင်ကို စီးကာ ပုဂံသို့ ခရီးပြင်း စုန်တော့သည်။ နရပတိစည်သူက ေ
ကြည်းအား စီစဉ်လျက် နောက်မှ ချီတက်လိုက်ပါသွားလေသည်။ လမ်းခ
နရပတိစည်သူသည် ရွှေကြက်ယက်ဘုရား တောင်တော်သို့ တက်၍ ဆုတေ
ဆုယူပြုခဲ့သေးသည်။ 'ဘာ ဆုတောင်းသလဲ ချစ်သူ' ဟု မမေးကြနှင့်။ သိ
မဟုတ်လား။ နောင်တော် ရာဇကုမ္ဘရင်ကြီးကို ကောင်းစွာ အောင်မြင်နိုင်စေ
ဆုတောင်းခြင်းပဲ ဖြစ်ပါလိမ့်မည်။

ဆိုရဦးမည်။ နရပတိစည်သူသည် ကျွန်ယုံတော် မြင်းခံပြေည့်ကို ဒေါ
ကွပ်မျက်ခဲ့သည် မဟုတ်လား။ ယခု နရပတိစည်သူ၏ ပုဂံချီ ရေစုန်ခရီးတွင် ကျွန်
နှင့် သခင် နရပတိစည်သူတို့ တကွေ့မှာ တွေ့ကြပြန်လေသည်။ နရပတိစည်
ဖောင်တော်ရှေ့တွင် မြင်းခံပြေည့်၏ ရုပ်အလောင်းကို တွေ့နေရသည်။ မင်းမှုထမ်း
ပြေည့်ကို ကွပ်မျက်ပြီး အလောင်းကို ရေတွင် ပစ်ချခဲ့ကြသည် မဟုတ်လား။
ပြေည့်ကား ကျွန်ယုံပီသပါပေ၏။ သေသည်၏ အခြားမဲ့၌ပင် သခင် မင်းမြ
ဖောင်တော်အနီးမှာ အလောင်းကို ခွာမသွားနိုင်ရှာဘူး ထင်ပါရဲ့။ ယခုလို ရုပ်အလေ
ကို မြင်ရပြန်တော့ နရပတိစည်သူ၏ နှလုံးသားက မမာနိုင်ပေ။ ကျွန်ယုံကို သနား
နာစိတ် ဝင်လာသည်။

**နရပတိစည်သူ**။ ။ 'ချင်း အကောင်ကို သည် ကျွန်းဦးမှာ ကော
သင်္ဂြိုဟ်ပေးလိုက်ကြ၊ သည်အရပ်မှာ ခပ်သိမ်း
သူတို့ ပူဇော်ရာ ဖြစ်ပါစေ၊ နတ်အိမ် နတ်နန်း
ကောင်းစွာ ဆောက်ပေးလေ'

သည်တွင် အမတ်တို့လည်း နရပတိစည်သူ၏ မိန့်လွှာချက်အတိုင်း ပြေ
အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်ပေးလိုက်ကြသည်။ ထို့ပြင် မြင်းခံပြေည့်အ
နတ်အိမ်နတ်ကွန်း တင့်တင့်တယ်တယ် ဆောက်ပေးကြသည်။ ပြေည့်အလောင်း သ
ရာ ကျွန်းကို **ရွှေပြည့်ရှင်ကျွန်း** ဟု ယခုတိုင် တွင်နေကြောင်း၊ မှန်နန်းရာဇဝ
ဖော်ပြလေသည်။ အနီးအံပါး‌ရှိ ရွာသားရွာသူတို့ ရွှေပြည့်ရှင် နတ်ကို ကြည်ဖြ
ပူဇော်မှု ပြုကြသည်တဲ့။ ကောင်းပါ၏။ ဘုရင်တို့ဘုန်း၊ မိုးသို့ချုန်းဟု ဆိုထုံးစ
ရှိပေသား မဟုတ်လား။ ယခုလည်း ကြည့်လေ။ နရပတိစည်သူက မိဖုရားဓော မှ
ကျွန်ယုံတော် ပြေည့်ကို ရက်ရက်စက်စက် ကွပ်မျက်ပစ်၏။ ရှေ့နောက် အသွားအ
စဉ်းစားခြင်း မရှိပါ။ ယခုတော့မှ ကျွန်ပြေည့်၏ အလောင်းကို မြင်ပြီး သခင် နရ
ရင်ထဲမှာ မချိရှာဘူး ထင်ပါရဲ့။ ကျွန်ယုံတော်ကို 'နတ်ဖြစ်စေသတည်း'ဟု မင်း

အမိန့်ထုတ်လိုက်သည်။ အို ပြည်သူတို့၊ ရွှေပြည့်ရှင်နတ်ကို ယုံလျှင်လည်း ကိုးကွယ်ကြ။ မယုံလျှင်လည်း ကိုးကွယ်ကြပေရော့။ ဤသို့ နရပတိစည်သူ ဆိုချင်သလား။ ထားတော့။

အိမ်ရှေ့စံ နရပတိစည်သူ စေလွှတ်လိုက်သော အောင်စွာငယ်သည် ရွေးချယ်လာသော သူရဲကောင်း ရှစ်ကျိပ်နှင့်အတူ ပုဂံရွှေနန်းသို့ ဝင်လေသည်။ ရှင်ဘုရင်မင်းယဉ်နရသိခ် ဘယ်မှာလဲဟု အပူတပြင်း လိုက်ရှာသည်။ တွေ့ပြီ။ ဘယ်မှာပါလိမ့်။ ရေအိမ်ဝင်နေသတဲ့။ ဟယ် တတ်နိုင်ပါဘူး။ ရေအိမ်ဝင်နေလည်း ရေအိမ်မှာပဲ တမလွန်သို့ ပို့ပေးရမှာပဲဟု အောင်စွာငယ် ဆုံးဖြတ်ပြီး ထင်ပါရဲ့။ အောင်စွာငယ်သည် ဘုရင်မင်းမြတ်၏ ရေအိမ်အထိ အလျှင်အမြန် လိုက်ဝင်လေသည်။

**မင်းကြီး။** ။ 'ဟဲ့ ရတ်ရတ်သဲသဲ ရှိလှချည့်၊ ဘယ်သူတွေလဲကွယ်'

**အောင်စွာငယ်။** ။ 'အရှင်မင်းကြီးရဲ့ ညီတော်က စေလွှတ်လို့ ကျွန်တော်မျိုးတို့ မင်းကြီးကို စီရင်ဖို့ လာခဲ့ပါတယ် ဘုရား'

မင်းယဉ်နရသိခ် မင်းကြီးသည် အရိပ်အခြည်ကို ကြည့်ပြီး မိမိဘဝ၏ နောက်ဆုံးနေ့သို့ ရောက်ပါပြီဟု နားလည်၏။ ကြည့်လေ။ အာဏာပါးကွက်သား၊ လေးငါးရှစ်ဆယ် ရှိမည် ထင်ရဲ့။ ဓားလှံဖွေးဖွေးနှင့် သွေးဆာနေသည့်ပုံ။ သည်ဓားသမားတွေလက်က လွတ်မြောက်ဖို့ကား စဉ်းစားစရာပင် မရှိတော့ပြီ။ မှားလေပြီ။ မှားခဲ့ပါပြီ။ ဟိုတစ်နေ့က အိမ်ရှေ့မိဖုရား ဝေဠုဝတီရဲ့ ဖောင္ဒပါရုံ အထိအတွေ့မှာ မွေ့ပျော်ခဲ့ရသော အရသာကား သေရွာသို့ အပို့ခံရမည့် အပြစ်ကြီး ဖြစ်နေပါပေါ့လား။ ခံစားခဲ့ရသော ကြည်နူးမှုကား စက္ကန့်ပိုင်းကလေးမျှ တဒင်္ဂ။ ခံယူရတော့မည့် အပြစ်ဒဏ်ကား တမလွန်သို့ အပို့ခံရတော့အံ့၊ ထာဝရ။

မင်းယဉ်နရသိခ်ဘုရင်သည် ထွက်သက်ဝင်သက် နောက်ဆုံးအကြိမ်အတိ အသနားခံကြည့်ချင်ရှာသေး၏။

**မင်းယဉ်နရသိခ်။** ။ 'ငါ့ညီထံမှာ ကျိုးစောင့်ကြက်နှင့် အမှုတော်ထမ်းပါ့မယ်။ အောင်စွာငယ် ငါ့ကို မသတ်ကြပါနဲ့'

**အောင်စွာငယ်။** ။ 'အရှင်မင်းကြီးရဲ့ ညီတော်က ထိုသို့စကား မှာကြားခြင်း မရှိပါ။

အောင်စွာငယ်မှာ သခင်တစ်ပါးတည်း၏ အမိန့်ကိုသာ နာခံမည့်သူတည်း။ သို့နှင့် သူသည် ကိုယ်တိုင်ပင် ဘုရင်မင်းမြတ် အပါးသို့ ကပ်၏။ ပေးအပ်လိုက်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လိုက်သည်။ ရွှေတွင်း၊ ငွေတွင်း၊ ပယင်း ဒုတ္တာ၊ ရတနာခုနစ်ပါးတို့၏ အရှင်၊ ရေမြေ့သနင်း ဘုရင်မင်းမြတ်သည်၊ မိန်းမ တစ်ယောက်ကြောင့် ရေအိမ်ထက်ဝယ် အသက်ပေးသွားရရှာလေသည်။

ဩော် ပြောရဦးမည်။ မင်းယဉ်နရသိခ်ဘုရင်ခမျာ ဘယ့်ကလောက်တော ဆိုးရှာရသည်လည်း မသိ။ သူ့ကို ဝိုင်းဝန်းလုပ်ကြံဖို့ သူ့ရဲ့ရှစ်ကျိပ်၊ အနားသို့ ရောက် ဘုရင်မင်းမြတ်သည် သူရူးကြီး တစ်ဦးနှယ် ရှန်းကန်ခုခံရှာ၏။ သည်မှာပင် ဘု ဆင်သော အဘိုးကြီးစွာ ထိုက်တန်သည့် ပတ္တမြား နားဋောင်း တစ်ဘက်သည် ပြုတ်၍ အိမ်သာတွင်းသို့ ကျဆင်းသွားသတဲ့လေ။

အလွန်ပင် ကြေကွဲဖို့ ကောင်းပါသေးတော့။ မင်းယဉ်နရသိခ်ဘုရင်ခမျာ တော်က ဘာရှိသေးလို့လဲ။ သုံးဆယ့်ငါးနှစ်သာ ရှိသေးသည်။ နန်းပလ္လင်ပေါ် ရော ရသည်မှာပင် သုံးနှစ်သာ ရှိပါသေး၏။ ရွှေနန်းစည်းစိမ် ဆိုတာ ဘယ်လိုပ ခံစား စံစား မြည်းစမ်းကြည့်၍မှ အရသာ မသိရသေးမီ (ခေတ်စကားနှင့် ဆို အနိစ္စသဘော ကိစ္စချောသွားရပါပေါ့လား။ သည်တွင် မှတ်တမ်းပြုရသော် ဝေ မိဖုရားနှင့် ပတ်သက်၍ **ဒုတိယ မဟာကံဆိုးရှင်**မှာ မင်းယဉ်နရသိခ်တည်း။

မင်းယဉ်နရသိခ်ဘုရင်သည် တဏှာပေမအား စွဲလန်းတပ်မက်မှုကြောင့် အသက်ပေးသွားခဲ့ရသော အဖြစ်ကို စာရေးဆရာ ချစ်ဦးညိုက **သမိုင်းမတွင်ပေ သမိုင်းဝင်နေတဲ့ စကားများ**[၁] စာအုပ်တွင် ဤသို့ သံဝေဂ သဘောမီးမောင်း ခဲ့လေသည်။

**'နားကျယ်နှင့် ဝမ်းပျက်လိလိ'**
**(မင်းယဉ်နရသိခ်)**
**ချစ်ဦးညို**

**အနော်ရထာမင်းကနေ စောမွန်နစ်အထိ ပုဂံမင်းများကို ကျောင်း မြန်မာရာဇဝင် ရေးခဲ့တဲ့ ဆရာကြီး ဦးဘသန်းက မင်းဆက်အု ငါးစုခွဲပေးထားပါတယ်။ ဒီငါးစု အနက်က ပုဂံမင်းဆက် (စတုတ္ထ) အ နရသူ၊ နရသိခ်၊ နရပတိစည်သူ ဆိုပြီး မင်းသုံးဦး ပါဝင်ပါတယ်။ ဒီ စတု အစုဝင်မင်းများနဲ့ ပတ်သက်နေတဲ့ အကြောင်းတွေဟာ အမှတ်ထင် ဖြစ်စရာတွေပါ။ ကြည်နူးအားရစရာ အဖြစ်သနစ်တွေတော့ မဟုတ်ပါ သွေးညှီနံ့ လွှမ်းနေတဲ့ ကိစ္စတွေ ဖြစ်နေတာ တွေ့ရပါတယ်။**

**ဒီမင်းသုံးဦးထဲက အလယ်မင်း နရသိခ် (မင်းယဉ်နရသိခ်) နန်းစံသုံးနှစ်ပဲ ရှိခဲ့ပါတယ်။ သူ့ဖခင် နရသူဟာ ပဋိတ္ထရားမင်းက လွှတ်လိုက်**

၁။ **သမိုင်းမတွင်ပေမယ့်၊ သမိုင်းဝင်နေတဲ့ စကားများ**၊ ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်၊ ၁၉ ဩဂုတ်လ။

သူရဲ့ရှစ်ယောက်တို့ လုပ်ကြံလို့ ကုလားကျမင်း အမည်ရခဲ့သူ ဖြစ်ပါတယ်။

မှန်နန်းက နရသိခ်မင်းအပိုင်းမှာ 'ထိုမင်းလက်ထက် မိုးရေကောင်း၏။ ပြည်ထဲဝပြောသာယာ၏။ ပြည်သူအပေါင်းတို့လည်း ချမ်းသာစွာ အသက်မွေးရ ကုန်သည်ဖြစ်၍ မြတ်သောဆုကို ယူကုန်၏။' လို့ ဖော်ပြထားတဲ့အတွက် ဖတ်ရသူ အဖို့ ကြည်နူးမယ် အလုပ်မှာ မဖွယ်မရာ မထင်တာတွေ ဖြစ်လာတော့တာပါပဲ။

အခါ တစ်ပါးမှာ နရသိခ်မင်းထံကို မိန်းမပျို တစ်ယောက် ဆက်သ လာပါတယ်။ ပြောလူမျိုးနွယ်တို့ မြင်စိုင်း ဝက်ဝင်တောအရပ်က ရရှိလာပြီး (ဦးသစ်သော ရွှေအဆင်း ကဲ့သို့ ရှိသည် ဖြစ်၍) ဘုရင့်ထံ ပဏ္ဏာဆက်သပါသတဲ့။ နရသိခ်မင်းက ဒီမိန်းကလေးကို မြင်တော့ လက်မခံ ခေါင်းခါတဲ့အပြင် စကားတစ်ခွန်း ဆိုလိုက်ပါသေးတယ်။

'နားကျယ်နှင့် ဝမ်းပျက်လိလိ' တဲ့။

အဓိပ္ပာယ်ကတော့ နားရွက်ကကြီး၊ (နားပေါက်ကကျယ်၊ နားအောက် ဘက် တွဲရရွဲကျ) နေလို့ ကိုယ်တော်လက်ခံဖို့ မထိုက်ဘူးပေါ့။ (ဝမ်းပျက်လိလိ) ဆိုတာကတော့ မိန်းကလေးရဲ့ ဝမ်းဗိုက်နေရာ ခါးနေရာ မလှမပ ဖြစ်နေ တယ်လို့လည်း အဓိပ္ပာယ် ရနိုင်ပါတယ်။ နားကျယ်နေတဲ့ အတွက် စိတ်ပျက် စိတ်ကုန်စရာပါလို့လည်း အဓိပ္ပာယ်ရနိုင်ပါတယ်။

*** *** ***

ဆက်သလာတဲ့ သတို့သမီးငယ် တစ်ယောက်ကို ချီးဖွဲ့ နင်းနှိပ်စကားနဲ့ ကဲ့ရဲ့ လိုက်ရုံတင်မက (သူ မနှစ်သက်လို့ ပယ်ထားတာ) ညီတော် အိမ်ရှေ့စံ နရပတိစည်သူကို ပေးလိုက်ပါတော့တယ်။ မင်းကြီး မယ်တော် မိဖုရားကြီးက သားတော်ငယ် နရပတိစည်သူနဲ့ အတူနေတာ ဖြစ်ပါတယ်။

သားကြီး ပယ်ချလိုက်တဲ့ မိန်းကလေး သားတော်ငယ်လက်ထဲ အရောက် မှာ မယ်တော်ကြီးက ချေးမကို ပြုပြင်ဖန်တီး ယူပါတယ်။ နားကို တန်ရုံဖြတ်ပြီး ဆင်သပါသတဲ့။ ဝါးသံသေဒဇလို့ ဆိုတဲ့အတွက် အဆင်းကလည်း အလွန်လှလာ ပါသတဲ့။

မယ်တော်ကြီးဟာ သားတော်ငယ်အတွက် လုပ်ပေးရှာတာပါ။ ကိုယ်နေဟန်ထား အမူအရာကစပြီး နန်းလေ့နဲ့ ညီညွတ်အောင်လည်း အနီးကပ် ပို့ချပေးပါတယ်။

ဒီအခါမှာ မူလကတည်းက 'နားကျယ်' တဲ့ အပြစ်ကလေး ရှိပြီး ကျန်အင်္ဂါရပ်တွေက ကောင်းမွန်လှပနေလေတော့ နားလည်းတ လာရော ပြစ်မျိုးမထင် မိန်းမလှလေး ဖြစ်လာပါတော့တယ်။

ဒီချွေးမတော်လေးကို ခေါ်ပြီး မယ်တော်ကြီးက နန်းတော် ဝင် နားကျယ်နှင့် ဝမ်းပျက်လိလိလို့ မင်း ရွတ်ချ ပယ်ရှား လိုက်တဲ့ မိန်း ငါ့လက်ထဲမှာ ဘယ်လို ဘယ်လောက်ထိ တင့်တယ်လာသလဲ၊ ကြည့်လ မယ်တော်ကြီး ဂုဏ်ယူချင်တာလည်း ဖြစ်ပါလိမ့်မယ်။

ဒီမိန်းကလေး (ဝေဠုဝတီ) ကို နရသိခ်မင်းက ခယ်မအဖြစ် အခါမှာတော့ အားလုံးအတွက် ကိုယ်ကျိုးနည်းစရာတွေ ဖြစ်လာပါတော့ နရသိခ်မင်း ဖောက်ပြန်ပျက်စီးသွားပုံဟာ အံ့ဩစရာပါပဲ။ သူ့မှာ တော မြောက်နန်း၊ အလယ်နန်း၊ မိဖုရား သုံးပါး ရှိပြီးသားပါ။ ဒီမိဖုရားတွေက နှယ်နှယ်ရရ မဟုတ်ပါဘူး။ တစ်ဦးက အလောင်းစည်သူရဲ့ မြေးပါ။ အ မင်းအောင်မြတ်တဲ့။ ကျန်နှစ်ဦးကလည်း ညီအစ်မ ဖြစ်ပြီး မင်းသွေး မိဖုရား သုံးပါးဟာ ဘုရင်ဆင်စီး ကြွတော်မူတိုင်း နောက်က ဆင် လိုက်ပါရသူတွေ။ လိုက်ပါတဲ့ အခါမှာလည်း ဝေါ၊ ဆောင်း၊ ထမ်းစင်၊ သ ကိုယ်စီပေမယ့် ဘယ်သူ့ဆင်ကမှ မလွန်မယုတ်စေရ။ ရှေ့ဆင့်နောက မဟုတ်ဘူး။ တစ်ပြေးညီ ရင်ဘောင်တန်း လိုက်ပါကြရပါတယ်။ အသုံး အ တွေကလည်း တူညီ၊ ရံရွေတော် ဝတ်ဆင်တဲ့ တန်ဆာတွေက တူညီ၊ အ အပိုအလို မရှိ တစ်ပြေးညီ ချစ်ခင်ပြီး တန်းတူထားတာမို့ မိဖုရား သုံးပ တစ်ပါးကို တစ်ပါး ငြူစူခြင်း မရှိ၊ ကြည်ဖြူကြတာတဲ့။

အဲဒီ မင်းဟာ ညီအိမ်ရှေ့စံ မိဖုရားကို တွေ့တော့မှပဲ ဖောက် သွားလိုက်တာများ ဆူပူမှု တကယ် မရှိဘဲနဲ့ 'ငဆောင်ချမ်းအရပ်မှာ ဆူပူသ ညီတော်စစ်ထွက်စေ' လို့ အမိန့်ချပါတယ်။ ညီမရှိတော့မှ ခယ်မကို သိမ် နန်းတင်မယ့် အကြံပါ။ ညီတော် နရပတိစည်သူကလည်း အကင်းပါးသူ ဆို တစ်စုံတစ်ရာ ထူးခြားလျှင် ချက်ချင်း အကြောင်းကြားလို့ မြင်းခံပြည် မှာပြီး စစ်ထွက်ခဲ့ပါတယ်။ သူ သစ်ဆိမ့် ရောက်ချိန်မှာ ဘုရင် နရသိခ် ခယ်မကို သိမ်းပိုက်နန်းတင်တော့တာပဲ။

နောက်ပိုင်း ဖြစ်ရပ်တွေကိုတော့ ရာဇဝင်သမိုင်း ဝါသနာပါသူ တို သိကြပြီးသားပါ။ မြင်းခံပြည့်က သူ့အရှင်နောက်ကို လိုက်ပြီး သတင်း လမ်းမှာ ငါးပတ်ချောင်း အရောက် နေဝင်သွားလို့ မြင်းကို ဖြတ်၊ အိပ်စက်

ဒီအချိန်မှာ ချောင်းတစ်ဖက် တပ်စွဲနေတဲ့ နရပတိစည်သူရဲ့ မြင်းနံ့ကို ရပြီး ပြေညှိရဲ့ မြင်း (နရပတိပေးထားခဲ့တဲ့ မြင်းသူတော်စင်) က ပြင်းစွာ ဟီ။ နရပတိစည်သူလည်း ဟိုဘက်ကနေ ဒါ ငါ့မြင်းဟီသံကြားလို့ အိပ်မရ။ နံနက်မိုးသောက်မှ ပြေညှိ ချောင်းကို ဖြတ်၊ အကျိုးအကြောင်း လျှောက်တင်။ မယားစိတ်နဲ့ အဆိပ်တက်နေတဲ့ နရပတိစည်သူလည်း 'ငါနဲ့ မနီးမဝေး အရပ်မှာ နင် ညဥ့်က အိပ်ခဲ့တယ်၊ ဒီလောက် အရေးတော်မှာ နင် အမှုထမ်း ဆုတ်ယုတ်တယ်' ဆိုပြီး ပြေညှိကို နေရာမှာတင် ကွပ်မျက်။

နောက် ကျွန်ယုံအောင်စွာကို ခေါ်၊ နောင်တော်ကို လုပ်ကြံခိုင်းပါတယ်။ အောင်စွာလည်း သူရဲ့ရှစ်ကျိပ်နဲ့အတူ လှော်ကားလှေလျှင် စီးပြီး အပြင်းနှင်လို့ နန်းတော်ရောက်ပါတယ်။ ဘုရင် နရသိင်္ခ ရေအိမ် အဝင်မှာ တွေ့တာပါပဲ။ ဓားသွား ဖွေးဖွေး မြင်တော့မှ ဘုရင်လည်း 'ငါ့ညီတော်ထံမှာ ကျီးစောင့်ကြက်နှင်မှု ဖြစ်ပါရစေ၊ ငါ့ကို မသတ်ပါနဲ့'လို့ တောင်းပန်ပါသတဲ့။

'အရှင့်ညီတော်က ဒီလို မမှာပါ' လို့ ဆိုပြီး အောင်စွာငယ်ရဲ့ ဓားဟာ လက်ကနဲ ဖြစ်သွားပါတယ်။ ရေအိမ်ရှေ့မှာပဲ နရသိင်္ခရဲ့ သွေးတွေ ရဲခနဲ။

*** ***

ဒီအကြောင်းတွေ ဖတ်ရချိန်မှာ အဖကို သားသတ်၊ အစ်ကိုကို ညီသတ်၊ သူ့ကိုယ်သတ် ကိုယ့်သူသတ် ကိစ္စတွေကြောင့် နှလုံးမသာ ရှိရတဲ့ ကြားထဲကပဲ ညောင်ပင်သာ ဦးပုညရဲ့ သုတရတနာ ဆုံးမစာထဲက အသံလေးတွေ တစ်စွန်းတစ်စ မြည်လာပါတယ်။ (ကိုယ်နှင့်မထိုက်၊ မေတ္တာစိုက်၊ မကြိုက်မခင်နှင့်) တဲ့။ (တဏှာလောဘ၊ မျက်ဒေါသ၊ မောဟ အပါယ်နစ်တတ်သည်) တဲ့။ (မေတ္တာမသက်၊ သူ့ကိုဖျက်၊ ကိုယ်ပျက်စီး၍ မှောက်တတ်သည်) တဲ့။ (နင်ဖြင့် နင့်ကိုယ်၊ ဆုံးမဆို၊ နင့်ကိုယ်အမှုသည်)၊ (နင်နှင့် နင့်ကံ၊ စီရင်ဖန်၊ အမှန်ဖြစ်တော့သည်။) (နင့်ကိုနင်နှစ်၊ နင့်အပြစ်၊ နင်ဖြစ်ခံရမည်။) (နင့်ကိုယ်နင်အား၊ နင်မသနား၊ နင်မှားရှာတော့သည်။) (နင်မဆုံးမ၊ နင့်တာပ၊ ဘယ်က ခံလိမ့်မည်။)

ထွန့်ခေါင်ဆရာတော်ကြီးရဲ့ သံဝေဂဆုံးမစာထဲက အသံတွေကလည်း ခေါင်းလောင်းတွေ ထိုးလိုက်သလိုပါပဲ။

နရသိင်္ခဘုရင် ရေအိမ်ရှေ့ အသေဆိုးနဲ့ သေရတာဟာ ဝေဠုဝတီကြောင့် မဟုတ်။ မယ်တော် မိဖုရားကြီး အလှပြုပြင်ကောင်းလို့ မဟုတ်။ ညီနရပတိစည်သူ

**အမိန့်ပေးလို့ မဟုတ်။ ပြေညှိကြောင့် မဟုတ်။ အောင်စွာငယ်ဓားချက် မဟုတ်။ နားကျယ်နှင့် ဝမ်းပျက်လီလီလို့ သူပြောခဲ့ပြီး သူပဲ ပြန်တပ်မ သူကိုယ်တိုင်ကြောင့် သူ့တဏှာ ကြောင့် နင့်ကိုယ်နင်နှစ် နင့်အပြစ် ခံရမည်တဲ့။**[၁]

... ... ...

သည်တွင် အတိတ်တို့ နိမိတ်တို့ကို ယုံကြည်ကြသူတို့အတွက် သတင်း ရှိသေးသည်။ ဘုရင်မင်းယဉ်နရသိခ်နှင့် ညီတော် နရပတိစည်သူတို့ ညီနော ပဋိပက္ခ မဖြစ်မီ ဘုရင့်မြင်းဇောင်းတွင် ထူးခြားသော ဖြစ်ရပ်တစ်ခု ကြုံခဲ့သည်။ **တစ်ကောင်က ခေါင်းနှစ်လုံးပါသော မြင်းငယ်ကလေး တစ်ကောင် ဖွားမြင်ခဲ့** ပထမတော့ ခေါင်းနှစ်လုံးနှင့် မြင်းကလေး မွေးသည်ကို နန်းတွင်းမှာ နန်းပြ အထူးအဆန်းသဘော ပြောကြသည်။ ဆိုကြသည်။ တိုးတိုးလည်းပြော၊ ကျယ်ကျ လည်းဆို၊ ဟိုဟိုသည်သည် ဘာရည်ရွယ်ချက်မှ မရှိ။ ထူးပေ ဆန်းပေသည်ဟု မှုသာ။ အချို့ကလည်း ဘုရင်မင်းမြတ်၏ မြင်းဇောင်းထဲသို့ ဝင်ပြီး ထူးဆန်း ခေါင်းနှစ်လုံးမြင်းကလေးကို ကြည့်ချင်ကြသည်။ လေ့လာချင်ကြသည်။ သို့ နန်းတော်ဝင်းထဲသို့ သာမန်လူတွေ အဝင်အထွက် မရှိစေရဘူး မဟုတ်လား။ သည် နန်းတွင်းရှိ မင်းမှုထမ်းတွေဆီက ကြားရသော သတင်းနှင့်ပင် မေးကြ မြန်းကြ ကြ နားလည်ကြရသည်။ သို့သော်-

ရက်ကလေး ကြာလာတော့ ခေါင်းနှစ်လုံးနှင့် မြင်းကလေး၊ မွေးသော သတင်း ကျယ်ကျယ်ပွားပွား မပြောရဲကြတော့ပြီ။ နန်းတွင်းက ပရောဟိတ် ဗေဒင်ပညာရှင် ဆီက တိုးတိုးတိတ်တိတ် ဟောစာတမ်း ထွက်လာသည်။ ခေါင်းနှစ်လုံးနှင့် မြင်းက မွေးလာခြင်းမှာ တိုင်းပြည်တွင် အရှင်နှစ်ပါးမြင်သည့်ကိန်း ဆိုပဲ။ နန်းလုပွဲတွေ ဖြစ်ပေါ် နိမိတ်ဆိုပဲ။ ပြည်သူတို့သည် အင်အားရှင် နှစ်ပါး ဘုန်းကံပြိုင်ပွဲကို ကြုံ ရ အတိတ်တဘောင်လည်း ဖြစ်ပါသတဲ့။ သည်ဟောစာတမ်းက နန်းတွင်းမှာ နန်းပြင် တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး၊ ပြောလာကြသည်။ နန်းလုပွဲ ဖြစ်မည် ဆို ဘယ်သူအနိုင်ရမည်လဲ။ မေးနေရသေးသလား။ လူငယ် လူသွက် လူထက် ညီတေ အိမ်ရှေ့မင်းက လွဲလို့ နန်းထဲမှာ အစွမ်းပြမည့်သူက ဘယ်သူများ ရှိဦးမှာလဲ။

ပြီးတော့ ဘုရင်မင်းယဉ်နရသိခ် နှုတ်ရှာစံမည့်နံနက်က နန်းတော်တံခါးမှာ ငှက် တစ်ကောင်လာ၍ နားသည်။ ဘာငှက်လဲ။ မှန်းဆမိကြပါသလား။ လင်းတငှက်တဲ့

၁။ **သမိုင်းမတွင်ပေမယ့်၊ သမိုင်းဝင်နေတဲ့စကားများ၊** ချစ်ဦးညို။ စာ၊ ၂၆။

နန်းတော် တံခါးဦးမှာလင်းတငှက်နားသည်ကို မြင်သော မင်းမှုထမ်းတွေ အလုပ်ရှုပ်သွားကြသည်။ နန်းဦးမှာလင်းတငှက် မနားစေနှင့်။ ကျက်သရေ ကင်းတဲ့ ငှက်ကို ချောက်ကြ၊ လှန့်ကြ၊ မောင်းကြ၊ နှင်ကြ၊ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ ထိုဖြစ်ရပ်ကို မြင်သော နန်းတွင်းက ပညာရှိတွေ စိတ်မချမ်းသာကြတော့ပြီ။ နန်းဦးမှာငှက်လင်းတနားလာသော နိမိတ်ကား တိုင်းပြည်၏ အထွတ်အထိပ် ဘုရင်မင်းမြတ်အား အန္တရာယ်ပြုမည်သဘောဆိုသကိုး။

အတိတ်တို့၊ နိမိတ်တို့သည်ကား အကောင်းဆိုလျှင် မှန်ချင်မှမှန်ပေမည်။ ယခုလိုမကောင်းသည့် အဓိပ္ပာယ် ဆိုလျှင် တည့်ထိုးကြီး မှန်တတ်ပါသလော။ ကြည့်လေ။ ယနေ့ပင် ဘုရင်မင်းတရားကြီး မင်းယဉ်နရသိင်္ခမျာ အရှင်လတ်လတ် မတ်တပ်ကလဲသေပွဲ ဝင်ရရှာပြီ မဟုတ်လား။

မင်းယဉ်နရသိင်္ခဘုရင် နတ်ရွာစံပြီးနောက် ညီတော် အိမ်ရှေ့မင်း နရပတိစည်သူ ရွှေနန်းတက်လေသည်။ ထားပါ။ ပုဂံရွှေနန်းတွင် ဤသို့ပင် စင်ပေါ်ကလူကို ဓိဝိန်ချွေပြီး သုသာန်သို့ပို့၊ အဲသည်လို ဆွဲချနိုင်သော သူက နန်းပလ္လင်ပေါ်တက်သည့် သာဓကမှာ ဘာများ ဆန်းကြယ်ပါသလဲ။ အဲဆန်းကြယ်တာကတော့ ဝေဠုဝတီ မိဖုရားနှင့်ပတ်သက်၍ နောက်ထပ် အသက်ပေးဆပ်ရသူတစ်ဦး ပေါ်ပေါက်လာခြင်းတည်း။

နရပတိစည်သူမင်းကြီး နန်းတက်တော်မူသောအခါ မုဆိုးမ မိဖုရား (နတ်ရွာစံမင်းယဉ်နရသိင်္ခ၏ မိဖုရား) ဝေဠုဝတီကို မိဖုရားမြှောက်သည်။ ဘိသိက်ခံ မိဖုရားအဖြစ်တင်မြှောက်ပေးခြင်း ဖြစ်သည်။ သည်တွင် နတ်ရွာစံ မင်းယဉ်နရသိင်္ခဘုရင်၏ မိဖုရားသုံးပါးနှင့် ပတ်သက်၍ ပြောစရာ ဆိုစရာ ရှိလာလေသည်။

မှတ်မိကြဦးမည် ထင်ပါရဲ့။ နရပတိစည်သူမင်းက ကျွန်ယုံအောင်စွာငယ်ကို သူ့ရဲ့ရှစ်ကျိပ်နှင့်အတူ ပုဂံရွှေနန်းသို့ စေလွှတ်စဉ်က ပြောကြားခဲ့သော စကား 'အရေးတော်အောင်လျှင် အစ်ကို၏ မိဖုရား သုံးပါးထဲက နှင်ကြိုက်ရာ ယူ' ဟု နရပတိစည်သူက ပြောခဲ့သည်လေ။ ယခုတော့ ထိုစကားက အကောင်အထည် မပေါ်လာပြီ။ ဘာဖြစ်လို့လည်း သိချင်ကြသလား။

သည်လိုပါ နရပတိစည်သူ၏ မရီးတော်သူ မိဖုရား သုံးပါးမှ အောင်စွာငယ်ကြိုက်ရာကို ယူစေဟု မိန့်မှာချက် ရှိကြောင်းကို ကြားသောအခါ မိဖုရားသုံးပါးသည် နန်းတော်သို့ ဝင်၍ ဘုရင် နရပတိထံ ငိုကျွေး၍ လျှောက်တင်ကြသည်။ မိဖုရားသုံးပါးသည် မင်းကြီး၏ ခြေအစုံကို ဖက်၍ တောင်းပန်ကြသည်မှာ ဤသို့ပါတဲ့။

**'အရှင်မင်းကြီး။ ငါတို့ မိန်းမဟူသည်ကား လင်များသည်ကို အလိုမရှိကြပါ။ ငါတို့မှာ ဘာအပြစ်မှ မရှိ။ ငါတို့မှာ မင်းကြီး၏ မရီးတော်ရုံမျှသာ**

**မဟုတ်၊ အရိုးလည်း တော်စပ်ပါတယ်။ ငါတို့ကို သနားတော် မမူရင် ...စေ၊ ကျွန်အောင်စွာငယ်နှင့် လက်ဆက်ပေးစားခြင်း မပြုပါရစေနှင့်၊ မင်းကြ...နန်းတွင် ကျိုးစောင့်ကြက်နှင်ဘဝ ရှိပါရစေ'**

သည်တွင် မိန်းမသုံးယောက်က မျက်ရည်ခံထိုးလေသော် နရပတိစည်သူမင်း... စိတ်မကောင်း ဖြစ်သွားသည် ထင်ပါရဲ့။ မင်းကြီးသည် သူ့ရဲကောင်း အောင်စွာငယ်... ခေါ်၍ ဤသို့ မိန့်လေ၏။

'ငအောင်စွာငယ်၊ နင့်ကို ငါ့မရိုးတော် တစ်ပါးပါး ယူဟု ငါ ဆိုမိ... မှန်တယ်။ ငါ့မရိုးတော် တစ်ပါးပါးကို နင့်အားပေးပချေသော် ငါ့ဘေးတေ... ဘိုးတော်တို့ကို ပြစ်မှားသကဲ့သို့ ရှိတော့မယ်၊ နင့်ကို အခြား အမျိုးမြတ်... သူကောင်းသမီး တစ်ပါးပါးနဲ့ ငါ သူကောင်းပြုပေးမယ်'

ထိုစကားကို ကြားသော် ငအောင်စွာငယ်လည်း ဒေါသပြင်းထန်စွာ ထွက်လေ... မင်းကြီးသည် ထွေးပြီးသော တံထွေးကို မျိုလေပြီဟု ငအောင်စွာငယ်က ယုံမှတ်၏... ထို့ကြောင့် သူသည် ဘာစကားမျှ မဆိုတော့ဘဲ...

**'ထွီ'** ဟု တံတွေး ထွေးချလိုက်၏။

နရပတိစည်သူမင်းကြီးလည်း 'ငါ့သို့သော မင်းကို ဒင်း ဤသို့ လုပ်ဝံ့ပေတယ်' ဟု အမျက်ပြင်းစွာ ထွက်ပြီး အောင်စွာငယ်ကို ကွပ်မျက်လေ၏။ ပြောရဦးမည်... ထိုသို့ ဆရာနှင့် တပည့်၊ သခင်နှင့် ကျွန်၊ ဘုရင်နှင့် မင်းမှုထမ်း သူရဲကောင်းတို့အကြာ... ဖြစ်ပွားခဲ့သော အရေးအခင်းကို စာရေးဆရာ တက္ကသိုလ် စိန်တင်က စာပေဂျာနယ်... (၁၉၉၆၊ ဖေဖော်ဝါရီ) တွင် ဤသို့ ရှုမြင်ခဲ့သည်။

## (ဃ)

'အောင်စွာငယ်နှင့် နရပတိစည်သူ'
တက္ကသိုလ်စိန်တင်

**စာရေးဆရာ တက္ကသိုလ်စိန်တင်သည် ပုဂံမြေကို အလွန်ချစ်၏။ အလွန်မြတ်နိုး၏။ အလွန်တန်ဖိုးထား၏။ ထို့ကြောင့် ဖြစ်မည်။ သူသည် ပုဂံမြေသို့ မကြာခဏ ရောက်၏။ ပုဂံဘုရားများကို အကြိမ်ကြိမ် ဖူးမြော်၏။ ဘုရားကြို၊ ဘုရားကြား၊ အုတ်ပုံပြို၊ အုတ်ပုံကြားများသို့ ဝင်၍ လေ့လာ၏။ စူးစမ်း၏။ ရှာဖွေ၏။ သို့သော်**

တက္ကသိုလ်စိန်တင်သည် ဗိသုကာ ပညာရှင် မဟုတ်ချေ။ ပန်းချီ အနုပညာကိုလည်း ကျွမ်းကျင်သူ မဟုတ်ချေ။ ပန်းဆယ်မျိုး ပညာများကို တီးမိခေါက်မိသူပင် မဟုတ်ရှာချေ။ ဒီတော့ မေးစရာ ရှိလေပြီ။ တက္ကသိုလ်စိန်တင် ဆိုသော စာရေးဆရာသည် နားမလည် ပါးမလည်နှင့် ဘာတွေများ ဖြီးဖျန်းလို၍ ပုဂံမြေသို့ အခေါက်ပေါင်းများစွာ သွားခဲ့သနည်း။

ဖြေပါမည်။ ဒီအဖြေအတွက် စကားလက်တံဖြင့် အနည်းငယ် ရှည်မှ ဖြစ်ပါလိမ့်မည်။ သည်းခံဖတ်ရှုကြပါတော့။

(၂)

စာရေးဆရာ တက္ကသိုလ်စိန်တင်သည် ပုဂံအကြောင်းကို စာအုပ် နှစ်အုပ် သုံးအုပ် ရေးသားပြီးခဲ့လေပြီ။ ပထမ စာအုပ်မှာ 'အိုဘယ့်အနော်ရထာ'၊ ဒုတိယ 'ပုဂံမှာ ကျန်စစ်သား'၊ တတိယ 'ပုဂံဗိုလ်ချို'။

'အိုဘယ့်အနော်ရထာ' စာအုပ်ရေးစဉ်က တက္ကသိုလ်စိန်တင်သည် ပုဂံ ရွှေစည်းခုံ စေတီတော်မြတ်ကြီး၏ ပရဝုဏ်တွင် အကြိမ်ကြိမ်ရောက်၊ အကြိမ်ကြိမ်လေ့လာ၊ အကြိမ်ကြိမ် ခံစားပြီးမှ ရေးခဲ့သည်။ 'ပုဂံမှာ ကျန်စစ်သား' စာအုပ်ရေးစဉ်ကလည်း ဖူးမဝ၊ ကန်တော့၍ မဝသော 'ပုဂံအာနန္ဒာစေတီတော်' မြတ်ကြီးကို ကြည်ညို ဦးခိုက်ရင်း ကျန်စစ်သားမင်းကြီး၏ ပြည်သူတို့အပေါ် ထားရှိသော ကရုဏာ၊ မေတ္တာ၊ သဒ္ဓါ၊ စေတနာတို့ကို ရေးဖွဲ့ မော်ကွန်းတင်ခဲ့သည်။

ယခု မကြာမီက ထုတ်ဝေခဲ့သော ပုဂံဗိုလ်ချိုစာအုပ်တွင် မြန်မာ့ဦးစွန်းမြေသို့ ယွန်းခဲ့စဉ်က လက်နက်ကိုင်စွဲ၍ နယ်ချဲ့ ဗြိတိသျှတပ်များကို တော်လှန်ခဲ့သော ပုဂံသား ဗိုလ်ချို၏ အကြောင်း အထ္ထုပ္ပတ္တိကို ဓာတ်လမ်းစုံ ရေးဖွဲ့ခဲ့ပြီး ဖြစ်သည်။

ဆိုချင်သည်မှာ တက္ကသိုလ်စိန်တင်သည် ပုဂံမြေသို့ အကြိမ်ကြိမ် ရောက်ခဲ့ရာတွင် ပုဂံဘုရားစေတီများမှ အနုပညာ အပြောက်အမွှန်းတို့ကို လေ့လာပိုင်းဆစ်နိုင်သော ပညာအင်အားနည်းပါးသူ ဖြစ်၍ ထိုပညာရပ်များအကြောင်း ရေးသားနိုင်စွမ်း မရှိ။ ထိုဘုရားစေတီများ နောက်ကွယ်တွင် ဖြစ်ပေါ်ခဲ့သော 'သမိုင်း ဖြစ်ရပ် ထုပ္ပတ္တိခြင်းရာ'တို့ကို ရေးသားဖော်ထုတ်ဖွဲ့နွဲ့နိုင်ရန် ကြိုးပမ်းခဲ့သည် ဆိုသည့် အကြောင်း။

ဤတွင် စကား အလျဉ်းသင့်၍ ပုဂံမြို့ စူဠာမဏိစေတီတော်မြတ် အဖူးအမြော်ရောက်ခိုက် ခံစားခဲ့ရသော ဓာတ်လမ်း တစ်ပုဒ်ကို သ ဖော်ပြချင်မိပါသေးတော့သည်။

(၃)

ပုဂံမြို့ စူဠာမဏိ စေတီတော်အကြောင်း ရေးမည် ဆိုလျှင် တက္က စိန်တင်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝက အကြောင်းများကို သ ပြီး မျက်ရည်ဝေ့မိလေသည်။

အကြောင်း မည်သို့ ရှိလေသနည်း။

သည်လိုပါ။

၁၉၄၅ ခုနှစ်က ညောင်ဦးမြို့ကို ဗြိတိသျှတပ်များ သိမ်းယူစဉ်၊ တက္က စိန်တင်က ဆယ်နှစ်သား။

ထိုစဉ်က ဖခင်ဖြစ်သူ ကျောင်းဆရာ ဆရာညွန့်ကို '၁၉၄၂ ခုနှ ညောင်ဦးမြို့တွင် Home Guard မြို့စောင့်တပ်ဖွဲ့၌ ပါဝင်ဆောင်ရွက်မှ ဗြိတိသျှစစ်တပ်က လာရောက် ဖမ်းဆီးသွား၏။'[၁] အဖေကို ဖမ်းဆီးသွာ (၁၅) ရက်ခန့် ကြာသော် အမေ ဒေါ်ခင်စုသည် ကျောက်ပေါက်ရေ ခံစားရသည်။ ညောင်ဦး တစ်မြို့လုံးသို့ ကူးစက်ပြန့်နှံ့လာသော ကျောက်ရေ စွဲကပ်သူ ဝေဒနာရှင်များကို ပုဂံမြို့ရှိ အရေးပေါ် ကူးစက်ရောဂါ ဆေ အဖြစ် သတ်မှတ်ထားသော စူဠာမဏိစေတီသို့ ပို့ပေးခဲ့လေသည်။ ထို က မောင်စိန်တင်သည် အစ်မကြီး ဒေါ်ဝင်းဝင်းကြည်နှင့်အတူ စူဠာမ ဘုရားဂူလိုဏ်အတွင်းရှိ ကျောက်ရောဂါ ဝေဒနာရှင် မိခင်ထံသို့ နေ့ ထမင်းပို့သွားရ၏။ ထိုစဉ်ကမူ အမေ့ကျန်းမာရေးအတွက် ပူပင်သောက ရော နေသဖြင့် လည်းကောင်း၊ ကလေးဘဝ ကလေးအတွေးအခေါ်သာ ရှိနေသ လည်းကောင်း စူဠာမဏိ စေတီတော်ကြီးနှင့် ဘုရားဒါယိကာ နရပတိစည် မင်း၏အကြောင်းကို မတွေးတောမိ၊ မဆင်ခြင်မိ၊ မစေ့ငုမိ။

ယခုသော်ကား

---

၁။ အဖေသည် မြင်းခြံအကျဉ်းထောင်၊ ညောင်ဦးအကျဉ်းထောင်များတွင် (၅) လခန့် အဖ ခံနေရပြီး ပြန်လွတ်ခဲ့၏။

(၄)

တက္ကသိုလ်စိန်တင်သည် ၁၉၉၄– ၉၅ ခုနှစ်များအတွင်းက ပုဂံမြို့သို့ အကြိမ်ကြိမ် ရောက်၏။ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် ဖွင့်ပွဲသွားရ၏။ ပုဂံတွင် တည်းခိုပြီးမှ ပခုက္ကူမြို့သို့ ရောအောင် မော်တော်ဘုတ်စီးရသည်။ 'ပုဂံ ဓိုလ်ချို' စာအုပ် ရေးသားရန်လည်း ငါသရောက်မြို့နယ်ခွဲသို့ မကြာခဏ သွားရ၏။ ပုဂံညောင်ဦးမြို့ရှိ ရွှေလီတည်းခိုရိပ်သာတွင် တည်းခိုရ၏။ တက္ကသိုလ် စိန်တင် ပုဂံရောက်တိုင်း ပုဂံမြို့ရှိ တန်ခိုးကြီး ဘုရားစေတီများသို့ အဖူးအမြော်ရောက်၏။ ပုဂံမြို့ရှိ စူဠာမဏိ စေတီတော်သို့လည်း မကြာခဏ အဖူးအမြော် ရောက်ခဲ့သည်။

စူဠာမဏိ စေတီတော်သည် ပုဂံမြို့ အရှေ့တောင်ယွန်း တစ်မိုင်ခွဲခန့်တွင် တည်ရှိ၏။ ပုဂံခေတ် စူဠာမဏိ စေတီတော်ကြီးကို တည်ပြုခဲ့သော ဒါယိကာ နရပတိစည်သူမင်းကြီးသည် သမိုင်းတွင် ထင်ရှားသော သာသနာပြု မင်းတစ်ပါး ဖြစ်၏။ 'ထီးလို မင်းလိုမင်း' ဟု အမည်တွင်ခဲ့သော သားတော် ဇေယျသိခ်မင်းမှ စ၍ နိုင်ငံတော်တွင် လွှတ်တော်ဟု ခေါ်သော ဆွေးနွေး ညှိနှိုင်းတိုင်ပင် ရန် အမှုန်အမြတ် လုပ်ငန်းကြီး ပေါ်ပေါက်စေရေး အားထုတ် ခဲ့သော မင်းဟု နရပတိစည်သူကို ဂုဏ်ပြု မော်ကွန်းတင်ကြ၏။

မှန်နန်းရာဇဝင်က နရပတိစည်သူမင်းကြီးကား 'သစ္စာလည်း စောင့်၏။ မင်းကျင့်တရား ဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူ၏' ဟု ထောပနာ ပြု၏။[၁]

သို့သော် နရပတိစည်သူမင်းကြီးနှင့် သူ၏ ကျွန်တော်ရင်း ငအောင်စွာငယ် တို့၏ ဖြစ်ရပ်စာတ်လမ်းကိုလည်း 'မှန်နန်း' က ချွင်းချန်ခြင်း မပြုဘဲ ဖော် ပြခဲ့သည်။ မှန်ပါပေသည်။ သမိုင်းပြုစုရာ၌ အရှိကို အရှိ၊ အမှန်ကို အမှန်၊ အမှားကို အမှားအတိုင်း တိကျဝန်းဝိုင်းပြုစုမှသာ နောင်းလူတို့အဖို့ တန်ဖိုး ကြီးသော အမွေအနှစ်ကို ပေးခဲ့နိုင်မည် မဟုတ်ပါလော။

အောင်စွာငယ်နှင့် နရပတိစည်သူတို့၏ ဇာတ်လမ်းမှာ ဤသို့ ဖြစ်လေ သည်။

တစ်ကြိမ်သောအခါက ပုဂံပြည့်ရှင် မင်းယဉ်နရသိခ်သည် ညီတော် အိမ်ရှေ့စံမင်း နရပတိစည်သူ၏ မိဖုရား ဝေဠုဝတီကို တပ်မက်စွဲလန်း ဖြစ်မိ

---

[၁] မှန်နန်းရာဇဝင်တော်ကြီး၊ ပထမတွဲ၊ ၁၉၉၂၊ ဇန္နဝါရီ၊ (သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း) ၃၁၆။

၏။ ထို့ကြောင့် ညီတော် နရပတိစည်သူကို ဥပါယ်တမည်ဖြင့် ငဆော အရပ်သို့ စေလွှတ်၏။ ထို့နောက် ညီတော်၏ မိဖုရား ဝေဠုဝတီကို သိ တော်မူ၏။

နရပတိစည်သူမင်းသည် ထိုအကြောင်းကို သိသော် ဒေါသအ ပြင်းစွာ ထွက်ပြီး ကျွန်တော်ရင်း အောင်စွာငယ်ကို ခေါ်၍ နောင် မင်း ယဉ်နရသိခ်ကို လုပ်ကြံလေဟု မိန့်မှာ၏။ အောင်မြင်ပါက ငါ့မရီး သုံးပါးတို့တွင် နင်ကြိုက်နှစ်သက်သူနှင့် လက်ထပ်စေပြီး သူကောင်းပြုမ ကတိစကား မိန့်ကြားလေ၏။

အောင်စွာငယ်လည်း နောက်ပါ သူရဲကောင်း ရှစ်ဆယ်နှင့်အတူ ပု နန်းသို့ ဝင်၏။ ပုဂံရွှေနန်းမှ မင်းယဉ်နရသိခ်မင်းအား အောင်မြင်စွာ ဖယ် နိုင်ခဲ့၏။ ထိုသတင်းကို ကြားသော် နရပတိစည်သူမင်း၏ မရီးတော် သုံ တို့က နရပတိစသူမင်းကြီး၏ ခြေထောက်ကို ဖက်၍ တောင်းပန်ကြ

အရှင်မင်းကြီး ငါတို့ မိန်းမဟူသည်ကား လင်များသည်ကို အလိုမ ငါတို့မှာ အပြစ်မရှိ။ ငါတို့လည်း မရီးတော် မည်ကာ မတ္တမျှ မဟုတ် ဘုရင့်မြောက်သားတော် မိဖုရားများ ဖြစ်ကြသည်။ သနားတော် မမူပါ လည်း အိမ်တော်ဝယ် ကျိုးစောင့်ကြက်နှင့်မျှ ဖြစ်ပါစေတော့ဟု အောင်စွာငယ မယား မဖြစ်ရအောင် ကြည်ကြည်သာသာ ခယမ်းယမ်း လျှောက်ထားလေ ထိုအခါ မင်းကြီးလည်း အောင်စွာငယ်ကို ခေါ်တော်မူပြီးသော်

'ငအောင်စွာငယ် နင့်ကို ငါဆိုမိလေသည်။ မှန်၏။ ငါ့မရီး တစ်ပါးပါးကို ပေးပချေသော် ငါ့ အားတော် ဘိုးတော်တို့ကို ပြစ်မှားသက ရှိအံ့သည်။ နင့်ကို အမျိုးမြတ်သော သူကောင်းသမီး တစ်ပါးပါးနှင့် ငါ ကောင်းပြုမည်' ဟူ၍ မိန့်တော်မူ၏။ အောင်စွာငယ်လည်း 'ထို' ဟူ မင်းကြီးကို ဆိုပချေ၏။ နရပတိစည် သူမင်းကြီးလည်း ငါသို့သော မင်း ဆိုဝံ့သည်ဟူ၍ ငအောင်စွာငယ်ကို ကွပ်မျက်လေ၏။

(၅)

စာရေးဆရာ တက္ကသိုလ်စိန်တင်သည် ပုဂံမြို့သို့ မကြာခဏ ရောက်၏ ရောက်တိုင်းလည်း စူဠာမဏိစေတီတော်ကြီးသို့ အမြဲမပြတ် သွားရောက်ဖူးမြော ၏။ ထိုသို့ ဖူးမြော်တိုင်း သာသနာ့ ဒါယိကာ မင်းမြတ် နရပတိစည်သူ

**သတိရ၏။ နရပတိစည်သူ မင်းကြီးကို သတိရတိုင်း သူ့ကျွန်ရင်း အောင်စွာ ငယ်ကိုလည်း သတိတရ ရှိမိ၏။**

**ထိုအခါ ဤသို့ စဉ်းစားမိလေသည်။ နှုတ်ကျွံ လက်ကျွံ ကတိပြုမိရှာသော နရပတိစည်သူမင်းပင် မှားယွင်းခဲ့သည်လား။ ကျေးဇူးရှင် ဘုရင်မင်းမြတ်ကို 'ထွီ'ဟု ဆိုမိသူ အောင်စွာငယ်ပင် မှားယွင်းသည်လား။**

**စဉ်းစား၊ ချင့်ချိန်၊ ဝေဖန်၊ ပိုင်းဆစ်ကြည့်ကြပါဘိ။**

***** *** *****

နရပတိစည်သူမင်း၏ မိဖုရား ဝေဠုဝတီနှင့် ပတ်သက်၍ တတိယသားကောင်အဖြစ် သွေးကြွေးပေးဆပ်ခဲ့ရသော ငအောင်စွာငယ်၏ နောက်တွင် သူ့လိုပင် အလားတူ သွေးကြွေးပေးဆပ်ခဲ့ရသူ တစ်ဦး ရှိခဲ့ပြန်၏။ ဘယ်သူများပါလိမ့်။ တခြားသူ ဟုတ်ပါရိုးလားလေ။ နန်းကျဘုရင်၊ သွားလေသူ မင်းယဉ်နရသိင်္ခ၏ နို့စို့ဘက်လည်းဖြစ်၊ လူယုံတော်အမတ်ကြီးလည်းဖြစ်သူ စာဆိုတော် အမတ်ကြီး **အနန္တသူရိယ**ပင် ဖြစ်တော့သည်။

အမတ်ကြီး အနန္တသူရိယ သေဒဏ်စီရင်ခြင်း ခံခဲ့ရပုံကိုကား ဤစာအုပ်အဖွင့်တွင် ရေးသားဖော်ပြခဲ့လေပြီ။

အနန္တသူရိယအမတ်ကြီးအား မယုံမကြည်ရှိသောကြောင့် နရပတိစည်သူမင်းက သတ်စေဟု အမိန့်ပေးခဲ့ပုံကို မြန်မာစာညွန့်ပေါင်းကျမ်း ပထမတွဲ စာမျက်နှာ ၁၆တွင် ဤသို့ပင် တိုတိုတုတ်တုတ် ဖော်ပြခဲ့သည်။

**ပုဂံပြည် နရပတိစည်သူလက်ထက် မြန်မာ သက္ကရာဇ် ၅၃၆ ခုနှစ်တွင် မင်းယဉ်နရသိခ်၏ အထိန်းတော်သာ အနန္တသူရိယကို ကွပ်မျက်စေ အမိန့်တော်ရှိရာ သုသာန်သို့ အရောက်တွင် မသတ်ပါနှင့်ဦး၊ စာ ရေးသား ဆက်သွင်းပါရစေဆို၍ အောက်ပါ ကဗျာ လင်္ကာ (၄) ပုဒ်ကို ရေးသား စီကုံးသည်။**

မှန်နန်းရာဇဝင်တော်ကြီးကမူ **အနန္တသူရိယနှင့် စာလေးပိုဒ်** ခေါင်းစဉ် ဖော်ပြ၍ မော်ကွန်းတင်လေသည်။

**နောင်တော်မင်းယဉ်နရသိခ် အထိန်းတော်သား အနန္တသူရိယကိုလည်း ဖမ်း၍ သတ်လေဟု သူသတ်တို့အား အပ်လေ၏။ အနန္တသူရိယလည်း ရဲရင့်တည်ကြည်သော နှလုံးရှိသည် ဖြစ်၍ သတ်အုံ့မူးမူးတွင် စာအလင်္ကာ လေးပိုဒ်ဆို၍ မင်းကြီးအား ဆက်ပါဟု အပ်ခဲ့၏။ သူသတ်တို့လည်း သတ်ပြီးမှ မင်းကြီးအား စာကို ဆက်လေ၏။**

**ဤ စာလေးပုဒ်ကို ဖတ်စေ၍ ကြားတော်မူလျှင် လွှတ်စေဟု မိန့်တော်မူ၏။ သူသတ်တို့လည်း လွန်ခဲ့ပြီဟု နားတော်လျှောက်၏။ နင်တို့ မသတ်ခင်**

**က ဤ စာကို ဆက်ကောင်းလျက် သတ်ပြီးမှ ဆက်သည်ဟူ၍ သူသတ်
မျက်ပြန်လေ၏။ မင်းကြီးလည်း စာကို ကြားတော်မူသည်ကပင် တ
မေ့မေ့ တရှိုက်မက်မက် နောင်တကြီးစွာ ဖြစ်တော်မူ၏။ ထိုမှ စပြီး
တော်ကို ချုပ်ရပ် ဆီးတားတော်မူ၍ နောက်နောင် ငါ အမျက်တော
သတ်လေဟု အမိန့်တော် ရှိသော်လည်း တစ်လ လေးသီတင်း ထား
ကြော်ဘိ၊ သေတန်မှ သေစေ၊ မသေတန်သသူကို လွတ်စေဟူ၍ မင်းဆွေ
ဖြစ်သော မဟာသမန်းကို အမိန့်တော် ရှိ၏။**[၁]

ကောင်းပါလေစွ။ ကောင်းလေစွ။ သာဓု သာဓု သာဓုဟု သာဓု ကျယ်
ခေါ်ရပေတော့အံ့။ နရပတိစည်သူမင်း၏ အမိန့်တော်ဖြင့် သတ်ခဲ့သည်မှာ များ
အနန္တသူရိယအမတ်ကြီး၏ စာကဗျာ လေးပုဒ် ပေါ်လာတော့မှပင် လူသတ်ခြင်းလု
ရပ်တန်းက ရပ်ခဲ့ပေပေါ့လား။ သည်လို ဆိုတော့ စာပေသမားတွေ ပြောနေရေးနေ
တွေ မှန်သည် ဆိုရလေမလား။ ဘာတဲ့၊ 'ဓားသွားထက် ကလောင်သွားထက်၏။' မှ
သည်။ ဓားသွားကား ဓားသွားသာဖြစ်၏။ အတွေးအခေါ်မရှိ။ ဆင်ခြင် ဉာဏ်နည်းပါ
ရှေ့နောက် ကျိုးကြောင်း ချိန်ဆမှု လုံးဝမရှိ။ ခိုင်းစေသူ၏ အမိန့်အတိုင်း မဆိုင်း
မျက်စိမှိတ်လျက် လုပ်ချမည် ဖြစ်သည် မဟုတ်လား။ ကလောင် သွားကား ဓားသွ
ဆန့်ကျင်ဘက်ဖြစ်၏။ ကလောင်သွားကို စေသူသည် အတွေးအခေါ် ရှိ၏။ ဆင်ခြင်ဉ
နှင့်ပြည့်စုံ၏။ ရှေ့နောက် ကျိုးကြောင်း ချိန်ဆမှုများပါဘိ။ ထို့ကြောင့်ပစ်မှတ်ကို 
တည့် ထိမှန်အောင် စကားလုံး၊ စာသား ရွေးချယ်၍ ပစ်၏။ ပစ်မှတ်ကို ထိမှန်သော
အပျက်နည်း၍ အပြုများ၏။ အကျိုးမဲ့နည်း၍ အကျိုးရှိသည်က များသည် မဟုတ်ပါလ
ထို့ကြောင့် ဆိုကြရအောင်လား ဓားသွားထက် ကလောင်သွားက မုချထက်
သေချာစွာ ထက်၏။ မလွဲမသွေ ထက်ပါသတည်း။ သို့သော် ထိုကလောင်သွားသ
အမှန်ဘက်က ရပ်မှလည်း ထက်မြက်မည် ဖြစ်သည်ကို သတိချပ်သင့်သည်။

၁။ **မှန်နန်းရာဇဝင်တော်ကြီး၊** စာမျက်နှာ ၃၁၆။

## (၄) ချစ်တတ်သော နရပတိစည်သူ

### (က)

နရပတိစည်သူမင်းကြီးသည် နန်းပလ္လင်ပေါ်သို့ ရောက်သည်နှင့် တိုင်းပြု ပြည်ပြု လုပ်ငန်းများကို အထူး ဦးစားပေး လုပ်ဆောင်ခဲ့သည်။ ဘာသာရေး၊ သာသနာရေး လုပ်ငန်းများ၊ တိုင်းပြည်နိုင်ငံ ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းမှသည်၊ ပြည်သူတို့ ဘဝ စားဝတ် နေရေး လုံခြုံရေး ပြည့်စုံရေးအထိ တတ်စွမ်းသည့် အတိုင်းအတာအလိုက် ဆောင်ရွက် ပေးခဲ့ရလေသည်။

ဩော် မေ့လို့၊ နန်းပလ္လင်ပေါ် ရောက်လာသည်နှင့် ပထမဆုံးလုပ်ဆောင်ခဲ့သော အဓိကလုပ်ငန်း တစ်ရပ်ရှိပါသေးကော။ ဘာလုပ်ငန်းပါလိမ့်။ မေးဖို့ လိုသေးလားလေ။ မိဖုရားတင်မြှောက်ရေး ကိစ္စပဲ မဟုတ်လား။ ရှင်ဘုရင် တစ်ပါး နန်းပလ္လင်ပေါ် ရောက် သည်နှင့် အရေးကြီးဆုံးလုပ်ဆောင်ရမည့် ကိစ္စကဖြင့် မိဖုရားကြီး၊ မိဖုရားငယ် အမှန်တကယ် တင်မြှောက်ရေးပင် မဟုတ်ပါလား။ ယင်းကို မှန်နန်းရာဇဝင်တော်ကြီး က ဤသို့ အမှုကွန်းတင်လေသည်။

**ဝါးတွင် ရသော မိဖုရားကိုလည်း ဝေဠုဝတီ ဟူ၍ သမုတ်တော်မူ၏။**

နှောင်တော် မိဖုရားသုံးပါးကိုလည်း သိမ်းဆည်းတော်မူ၏။ နှောင်
လက်ထက် တောင်ပြင်သည့်တွင် သမီးတော် စောပြည့်ချမ်းသာကိုမြင်
အလယ်ပြင်သည့်တွင် မြင်သော သမီးတော် တစ်ပါး၊ မြောက်ပြင်သ
မြင်သော သမီးတော် တစ်ပါး သည့်နှစ်ပါးမှုကား ခမည်းတော် မင်းယဉ်
လက်ထက်တော်ကပင် ကြမ္မာကုန်ကြလေသည်။

နရပတိစည်သူမင်း သားတော်၊ သမီးတော်ကား၊ ဝေဠုဝတီမိဖုရ
ဓေယျသူကို မြင်သည်။ မိဖုရား အမြရကန်ကား လင်သေ၍ မိဖုရား
သတည်း။ သမီးတော် တစ်ပါး မြင်သည်။ မိဖုရားတောင်ပြင်သည
မင်းကြီး သားတော်ကြီး ထီးလှိုင်ရှင် ကျန်စစ်သား သုရဲဘာက်၊ ညောင်ဦးဖီ
ဖိုသူကြီး၊ ဖိုသူကြီးသား စိစွေးတည်း။ စိစွေး သမီးငါးယောက်တွင် သမီး
ကား ဘတ္တရာ မယားတည်း။ သမီးအလတ်ကား ပွင့်လုဦး မယားတ
သမီးတစ်ယောက်ကား စတုရင်္ဂဗိုလ် မယားတည်း။ တစ်ယောက်ကား
ထီးလှိုင် မယားတည်း။ သမီးအထွေးကား မိဖုရားတောင်ပြင်သည်တ
တောင်ပြင်သည်ကား သားသုံးယောက်မြင်မှ ထင်ရှားစွာ ဖြစ်သတည်

မိဖုရား 'ပန်းရင်းကား' အမျိုးမြတ်စွာ၏။ ထီးလှိုင်ရှင်မင်းကြီး ယော
တော်သား စည်သဘင်မြေးတည်း။ မယ်တော်ကား အလောင်းစည်သူ
တော် ရွှေချူအစ်မ တောင်ပြင်သည်တည်း။

မိဖုရား ပန်းရင်းတွင် မြတ်စွာရှင် ဟူသော မင်းသား တစ်ပါးကို
သည်။ မိဖုရားငယ်ကား သုဘရာစ် နှမတည်း။ သုဘရာဇ်ကား ကုလာ
မင်းကြီးမယ်တော် မောင့်မြေးရင်းတည်း။ သုဘရာစ်နှမကို ဦးဆောက်ပန်
သမုတ်တော်မူ၏။ မိဖုရား ဦးဆောက်ပန်းတွင် သားတော် ရာ
ပုံရှိသက်သူတို့ကို မြင်လျှင် မယ်တော် ကြမ္မာကုန်၏။ ဘွဲ့ကျားနမ 'စော
ကို ယူ၍ မိဖုရား မြောက်ရာတွင် သမီးတော်တစ်ပါး မြင်သည်။ အကြီး
ရွှေအိမ်စည်၊ အလတ်ကို စည်းခုံသည်၊ တစ်ပါးကို ကျောင်းတော်သ
အငယ်ကို ရွှေချူဟု သမုတ်တော်မူ၏။ ဥယျာဉ်သည် သမီး တစ်ယော
အဆင်းအင်္ဂါ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော သူကို မင်းကြီး ယူတော်
လုပ်ကျွေးရ၏။[၁]

၁။ မှန်နန်းရာဇဝင်တော်ကြီး၊ စာမျက်နှာ ၃၁၈။

(၁)

ဤကား ရှေးလူတို့၏ သမိုင်းစာ အရေးအသားဖြင့် မော်ကွန်းတင်ထားသည်ကို အရင်းအတိုင်း ဖော်ပြရခြင်းပင်တည်း။ စာရှုသူတို့ မျက်စိရှုပ် နားရှုပ် ဖြစ်လေဦးတော့မည်။ ထို့ကြောင့် အမယ်ဘုတ်ကဲ့ သူချည်ခင်လို တွယ်ငင်ရှုပ်ထွေးနေသော ရှင်ဘုရင်မယားစာရင်းကို ရှင်းအောင် ရေးရလျှင် ဤသို့ ဖြစ်လေမည်။

ပထမဆုံး ဖော်ပြရမည့် မိဖုရားကြီးကား ပြဿနာပေါ်ခဲ့သော ဝါးတောသူ ဝေဠုဝတီမိဖုရား။ နောက်တွင် နောင်တော်မင်းယဉ်နရသိင်္ခ၏ မိဖုရားသုံးပါးကိုလည်း နရပတိစည်သူမင်းကပင် မိဖုရားမြှောက်လိုက်ပြန်သည်တဲ့။ စုစုပေါင်း မိဖုရား ၄ ပါး ရှိပြီ ဆိုပါစို့။

ဤတွင် ဆိုရေးရှိက ဆိုရပေဦးအံ့။ မဆိုခဲ့လျှင် 'ပုဂံရှာပုံတော်' ရေးသူ၊ ချန်ထားခဲ့သည်ဟု ပြောချင်သူတို့ ပြောနိုင်ကြမည်။ နတ်ရွာစံ ရှင်ဘုရင်၊ မင်းယဉ်နရသိင်္ခထံမှ ကျန်ခဲ့သော မိဖုရားသုံးပါးကလည်း 'ပြဿနာမှ တကယ့် ပြဿနာပါပဲလား ဟရို့' ဟု ဆိုရတော့မည်။

ကြည့်လေ၊ သူတို့ သုံးဦးနှင့် ပတ်သက်၍ နရပတိစည်သူဘုရင်နှင့် ကျွန်ယုံတော် ငအောင်စွာငယ်တို့အကြား ပဋိပက္ခ ပွားပြီး အောင်စွာငယ် အသက်ပေးခဲ့ရပါပကော။ ထိုအကြောင်းကို ရှေ့အခန်းတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

မင်းယဉ်နရသိင်္ခဘုရင်ကို လုပ်ကြံရန် တာဝန်ပေးစဉ်က 'အောင်မြင်လျှင် နောင်တော်၏ မိဖုရား သုံးပါးထဲက ကြိုက်ရာကို မင်းယူ' ဟု ပြောခဲ့ပါလျက် တကယ်ပေးရမည့် အချိန်တွင် ဘုရင် နရပတိစည်သူက မိဖုရားသုံးပါး၏ တောင်းပန်ချက်ဖြင့် စကားပြောင်းခဲ့သည်။ ကတိ ချွတ်ယွင်းခဲ့သည်။ အရှင်သခင်၏ နှုတ်စကား ချွတ်ယွင်းခဲ့သည်ကို မခံမရပ်နိုင်သည့် အောင်စွာငယ်၏ နှုတ်မှ 'ထွီ' ဟု ထွက်ခဲ့၍ ထိုကျွန်ယုံ အသက်ပေးခဲ့ရကြောင်း ရေးခဲ့ပြီးပြီ မဟုတ်လား။ ထားတော့။

ပြောချင်သည်မှာ (သို့မဟုတ်) မေးချင်သည်မှာ၊ မိဖုရား သုံးပါးက နရပတိစည်သူဘုရင်ကို ခြေထောက်ဖက် တောင်းပန်ခဲ့သောကြောင့် ကျွန်ယုံ အောင်စွာငယ်အပေါ်တွင် ဘုရင်စကား ပြောင်းခဲ့သည် ဆိုခြင်းမှာ ဟုတ်မှ ဟုတ်ပါရဲ့လား။ နရပတိစည်သူဘုရင် ကိုယ်တိုင်က သွားလေသူ နောင်တော်မင်းယဉ်နရသိင်္ခ၏ မိဖုရား သုံးပါးအပေါ်တွင် စိတ်တိမ်းညွတ် တပ်မက်ခဲ့သောကြောင့် ကျွန်ယုံ အပေါ်၌ ကတိစကားကို မရှက်မကြောက် ဖျက်ခဲ့လေသလား။

အားနာစွာ ဆိုပါရစေ။ နရပတိစည်သူဘုရင်လည်း သွေးနဲ့ကိုယ်၊ သား
ပေပဲ။ သူ့ကို ခြေထောက်ဖက်၍ လာတောင်းပန်နေကြသော မုဆိုးမ မိဖုရား နှနှ
ကလေးတွေကို မြင်တော့ 'ပစ်ရမှာလည်းအဆီနဲ့ဝင်းဝင်း၊ စားရမှာလည်း သဲနဲ့
ဖြစ်နေသည်ထင်ပါ့။ နောက်ဆုံးတွင် မတတ်သာတော့၍ 'ကျွန်ယုံအောင်စွာငယ်
ကတိစကားပျက်ချင် ပျက်ပါစေတော့။ သည်ကောင် ငါ့အမိန့်ကို နာခံမည်
သဲနှင့်ရှပ်ရှပ်၊ ရှပ်ချင်လည်း ရှပ်ပလေစေ။ ထို မိဖုရားသုံးပါးကိုဖြင့် မပစ်ပယ်နိုင်
တပ်မက်မိချေပြီ' ဟု တွေးမိသလား။ ကျွန်ယုံအောင်စွာငယ်အပေါ် ကတိစကား ပျက်
ကို ကျွန်ယုံက မထီလေးစား ပြုကာ 'ထွီ' ဟု ဆိုသောအခါ ထိုကျွန်ယုံကို
အဆုံး စီရင်၊ သမိုင်းတွင် အမည်းကွက်ကြီး စွန်းထင်းစေခဲ့လေသလား။ စဉ်းစားစ
မဟုတ်ပါလား။ သည်ကိစ္စနှင့် ပတ်သက်၍ နရပတိစည်သူသည် မိဖုရားသုံးပါးကို
တကယ် သနားရုံသာ သနားပြီး ကျွန်ယုံအပေါ် ကတိသစ္စာပျက်ခဲ့သလား။ သို့ မ
ခေတ်စကားဖြင့် ပြောရသော် 'နင်သနားတာ ငါသိပါတယ်' ဆိုရလောက်အောင် မိ
သုံးပါးကို တဏှာပေမဖြင့် တပ်မက်စွဲလန်းပြီး ကျွန်ယုံ မခံမရပ်နိုင်ဖြစ်အေ
စကားပြောင်းခဲ့လေသလား။ သည်မေးခွန်း၏တိကျသော အဖြေကိုကား ရှာမရ
အဖြေမှန်ကို လိုချင်ပါက ပုဂံနိုင်ငံတော် သချိုင်းမြေက ဘုရင် နရပတိစည်သူ၏
အလောင်းကို တူးဖော် အသက်သွင်းပြီး မေးနိုင်မှသာ ဖြစ်နိုင်တော့အံ့။ ထားတော

(ဂ)

စဉ်းစားစရာရှိသည်။ ချင့်မြှော်စရာလည်း ရှိပါသေးသည်။ ဒါက နရပတိစည်
မင်း၏ ကျွန်ယုံငအောင်စွာငယ်က ရှင်ဘုရင်ရင့်မကြီးကိုပင် 'ထွီ' ဟု တံတွေးထွေးချလို
ပြီး ရွံရှာစက်ဆုပ်ဟန် အမူအယာကို ပြခဲ့သောကိစ္စ။ ကျွန်ယုံအောင်စွာငယ်၏ စိတ်ထဲ
မည်သို့ မြင်ခဲ့ပါလိမ့်။ အထက်ဖော်ပြခဲ့သလို 'မုဆိုးမ သုံးယောက်ထဲက စွဲမက်ဖွယ်မိန်
တစ်ယောက်ကို အပိုင်ရတော့မည်ဟု စိတ်ဒုံးဒုံးချ၊ အပျော်ကြီးပျော်၊ အမော်ကြီးမေ
**ဇမ္ဗူပေါ်မှာ ရှာမှရှား၊ ငါမှ တကယ့်ယောကျာ်းဟု လက်ခမောင်းခတ်နေသော အောင်**
**ငယ်'။** ဘုရင်ဆိုသည်မှာ မိန်းမချောချောလှလှ၊ အဖုအထစ်၊ ထုဆစ်ထားသလို၊ ပျိုမျ
နုနယ် လှသွေးကြွယ်သူကလေးတွေကိုမှ ဆန်ခါတင် မိဖုရားမြှောက်တတ်ပေသကို
အဲသည့် ဆန်ခါတင် မိဖုရားသုံးပါးထဲက ကိုယ်ကြိုက်ရာရွေးပြီး အေးအေးဆေးဆေး စား
တော့မည်ဟု စိတ်ကူးတွေ အယဉ်ကြီးယဉ်နေသော အောင်စွာငယ်၊ စားရတော့မည်
ဟု ပါးစပ်နား ရောက်ခါမှ လက်ဖြင့် ပုတ်ချခံရသလို ဖြစ်တော့ မခံမရပ်နိုင်

အောင် စိတ်ခက်ထန်ပြီး 'ထွီ' မိလေသလား။ ဒါလည်း အဲသည့်သူရဲကောင်း အောင်စွာ ယ်ကိုယ်တိုင်မှ သိပေမည်။

ထားတော့။ ဒါကလည်း စဉ်းစားချင့်မြော်ဖွယ်တွေကို တင်ပြရခြင်းသာ ဖြစ်သည်။ င်စစ်ဆိုလျှင် ပုထုဇဉ် လူသားတွေပဲကိုး။ နရပတိစည်သူမင်းခမျာလည်း **'မင်းမှာ သစ္စာ လူမှာကတိ'** ဆိုသော တရားသဘောကို မသိမဟုတ် သိပါလေအံ့။ သို့သော် 'ကာမရောဂါ၊ ကိုယ်တွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမရှိတည်း' ဟု ပညာရှိတို့ ဆိုကြ မိန့်ကြသလို မင်းတရားမှာ ကတိသစ္စာ ပျက်ယွင်းမိရှာပြီ။ ပဒိုင်းသီးကိုင်မိသလို၊ နရပတိစည်သူမှာ ဆုပ်လည်းစူး၊ စားလည်းရူး ဖြစ်ခဲ့လျှင် အို ဒါ ပုထုဇဉ်လူသားပဲလေ။ ရှင်ဘုရင်လည်း အသွေးအသားနှင့်ကိုး၊ နှလုံးသားနှင့်ကိုး၊ အသည်းနှင့်ကိုးဟု သဘောပိုက် ရှုံသာ။ ဒါလည်းထားတော့။

နရပတိစည်သူမင်း၏ မိဖုရားစာရင်းစာအုပ်ကို ထပ်ပြီး ဖွင့်ထုတ်ကြည့်ကြဦးစို့။

ဝေဠုဝတီမိဖုရားနှင့် မင်းယဉ်နရသိင်္ခ၏ မုဆိုးမ မိဖုရား သုံးပါးကို ပေါင်းလျှင် စာရင်းဝင် မိဖုရား (၄) ပါးတိတိ ရှိလေပြီ။ တော်ပြီလား။ မတော်နိုင်သေး။ နောင် တော်မင်းယဉ်နရိသိင်္ခနှင့် တောင်ပြင်သည် မိဖုရားတွင် သမီးတော် စောပြည့်ချမ်းသာ ကို ဖွားမြင်ခဲ့သည်။ နရပတိစည်သူမင်း၏ မိဖုရား ဖြစ်လာခဲ့သည်။ တော်ပါသေးရဲ့။ အလယ်ပြင်သည် မိဖုရားနှင့် မြောက်ပြင်သည် မိဖုရားတို့က မွေးဖွားသော သမီးတော် နှစ်ပါးမှာ ခမည်းတော် မင်းယဉ်နရသိင်္ခ လက်ထက်တော်ကပင် ကံကုန်ပြီး ဖြစ်နေကြ သည်။ ထို့ကြောင့် စောပြည့်ချမ်းသာ တစ်ပါးသာ မိဖုရားဖြစ်လာရတော့၏။ စုစုပေါင်း မိဖုရား (၅)ပါးကြီး တိတိ ရှိလေပြီ။ တော်ပြီလား။ မတော်နိုင်သေး။

နောက်ထပ် မိဖုရား တစ်ပါး ထပ်တိုးလာပြန်သည်။ သူက တောင်ပြင်သည် မိဖုရားတဲ့။ အဲသည့် တောင်ပြင်သည် မိဖုရား ဘယ်က လာသနည်း။ ပြောပါမည်။ သည် မိဖုရားကလည်း ညံ့သည် မဟုတ်၊ ခေသည် မဟုတ်။ သမိုင်းနှင့် လာသူဖြစ်၏။ ကြည့်ပါ။

နရပတိစည်သူမင်းကြီး၏ ဘေးတော်စပ်သူ ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီး၏ သူရဲကောင်းဘက်တော်သား ညောင်ဦးဖီး၌ ဗိုသူကြီးဟူသော သားရှိသည်။ ဗိုသူကြီး၌ စိဗ္ဗွေး အမည်ရှိ သားတစ်ဦး ရှိသည်။ စိဗ္ဗွေးတွင် သမီးငါးယောက်တိတိ ရှိသည်။ သမီးအကြီးက ဘဏ္ဍရာနှင့် စုံဖက်၏။ သမီးအလတ်မှာ ပွင့်လှဦးနှင့် လက်ထပ်သည်။ နောက်သမီးတစ်ယောက်မှာ စတုရင်္ဂဗိုလ်၏ ဇနီး ဖြစ်၏။ နောက်သမီး တစ်ယောက် ကို မင်းထီးလှိုင်က ယူသည်။ သမီးအထွေးဆုံးကို နရပတိစည်သူမင်းကြီးက နှစ်ခြိုက် ၏။ တောင်ပြင်သည်ဟု ဘွဲ့မည်သ၍ မိဖုရားမြှောက်သည်။ တောင်ပြင်သည် မိဖုရား

မှာ အသက်အရွယ် အတန်ငယ် ရင့်မှ မိဖုရား အဆင့်ရောက်သူ ဖြစ်ဟန်
မှန်နန်းရာဇဝင်တော်ကြီးက တောင်ပြင်သည် မိဖုရားကို ဤသို့ မှတ်ချက်ပြုလေ
'တောင်ပြင်သည်ကား သားသုံးယောက်မြင်မှ ထင်ရှားစွာ ဖြစ်သတည်း' တဲ့။
မိန်းမပါပဲ။ အိုတယ်သာ ဆိုရ အပျိုက ရှုံးဆိုသော မိန်းမမျိုး ထင်ပါရဲ့။ တစ်
တစ်သွေးလှဟု ဆိုကြသည် မဟုတ်လား။ ယခု သားသုံးယောက် မွေးထား
'သုံးသွေးလှ' ဖြစ်မည် ထင်ပါ၏။

ကောင်းပြီ။ ယခုအခါ မင်းကြီး၌ မိဖုရား (၆) ပါးတိတိ ရှိလေပြီ။ နော
တိုးလာသော မိဖုရားတစ်ပါးမှာ 'အမြရကန်' ဖြစ်သည်။ သည်မိန်းကလေးမှာ လင်
၍ မုဆိုးမ ဘဝတွင် မင်းကြီးက ကောက်ယူပြီး နန်းပလ္လင်ပေါ် တင်လိုက်ခြင်
သည်။ ပေါင်း မိဖုရား (၇) ပါးတိတိ။

နရပတိစည်သူမင်းကြီး၏ အဋ္ဌမမြောက် မိဖုရား 'ပန်းရင်း' မှာ 'အမျိုးမြတ်
ဟု မှန်နန်းရာဇဝင်က ဂုဏ်ပြုဖော်ပြ၏။ ဘယ်လို အမျိုးမြတ်ပါလိမ့်။ မင်း
ဘေးတော် ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီး၏ ယောက်ဖတော်သူ စည်သာ
မြေးမချောချောကလေးရှိသည်။ သူ့နာမည်ကလေးက လှမှလှ၊ သင်းမှသင်း။ 'ပ
တဲ့။ ပန်းရင်း၏ မယ်တော်မှာ အလောင်းစည်သူ၏ သမီးတော် ဖြစ်၏။

ဆိုရဦးမည်။ နရပတိစည်သူမင်းနှင့် မိဖုရား ပန်းရင်းတို့တွင် သားတော်
ဖွားမြင်ထွန်းကားခဲ့သည်။ သားတော်ကို 'မြတ်စွာရှင်' ဟု အမည်ပေးထားသည်။ မိ
(၈) ပါး တင်မြှောက်ပြီးလေပြီ။

နောက်ထပ် စာရင်းဝင်လာသော မိဖုရားတစ်ပါးကား 'ဦးဆောက်ပန်း'
ဘွဲ့မည်သလေ၏။ ကျန်စစ်သားမင်းကြီး၏ မိဖုရားကြီး 'ဦးဆောက်ပန်း' အမ
နှစ်ခြိုက်၍ နာမည်တူယူသည် ထင်ရဲ့။ 'ဦးဆောက်ပန်း' လည်း အမျိုးအနွယ် သေး
မဟုတ်။

**နရသူမင်းကြီး၏ မယ်တော်တွင် မောင်တော်စပ်သူတစ်ဦး ရှိ၏။ သူ၏**
အရင်းမှာ သုဘရာဇ် မည်၏။ သုဘရာဇ်နှင့် 'ဦးဆောက်ပန်း' တို့မှာ မောင်နှမအ
တော်စပ်ကြလေသည်။ မိဖုရား 'ဦးဆောက်ပန်း'မှာ ကံနည်းရှာသည်ဟု ဆိုရတော့
ထိုမိဖုရားမှာ နရပတိစည်သူမင်းကြီးနှင့် စုလျား ရစ်ပတ် လက်ထပ်ပြီးနောက် 'ရာ
နှင့် 'ပျံချီသက်သူ' မည်သော သားတော်နှစ်ပါး မီးရှူးသန့်စင်ခဲ့ပြီး နာဖျားမက
ဖြစ်ကာ ကံတော်ကုန်ရှာသည်။ ယခုအခါ နရပတိစည်သူမင်းကြီးတွင် မိဖုရား တင်မြှော
ပြီးသည်မှာ (၉) ပါးတိတိ။

နောက်ထပ် မိဖုရား တစ်ပါး၏ အမည်မှာ 'စောစနေ' တဲ့။ စောစနေက

အောင် စိတ်ခက်ထန်ပြီး 'ထွီ' မိလေသလား။ ဒါလည်း အဲသည့်သူရဲကောင်း အောင်စွာ ငယ်ကိုယ်တိုင်မှ သိပေမည်။

ထားတော့။ ဒါကလည်း စဉ်းစားချင့်ချိန်ဖွယ်တွေကို တင်ပြရခြင်းသာ ဖြစ်သည်။ ရှင်စစ်ဆိုလျှင် ပုထုဇဉ် လူသားတွေပဲကိုး။ နရပတိစည်သူမင်းခများလည်း **'မင်းမှာ သစ္စာ လူမှာကတိ'** ဆိုသော တရားသဘောကို မသိမဟုတ် သိပါလေအံ့။ သို့သော် 'ကာမရောဂါ၊ ကိုယ်တွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမရှိတည်း' ဟု ပညာရှိတို့ ဆိုကြမိန့်ကြသလို မင်းတရားမှာ ကတိသစ္စာ ပျက်ယွင်းမိရှာပြီ။ ပဒိုင်းသီးကိုင်မိသလို၊ နရပတိစည်သူမှာ ဆုပ်လည်းစူး၊ စားလည်းရူး ဖြစ်ခဲ့လျှင် အို ဒါ ပုထုဇဉ်လူသားပဲလေ။ ရှင်ဘုရင်လည်း အသွေးအသားနှင့်ကိုး၊ နှလုံးသားနှင့်ကိုး၊ အသည်းနှင့်ကိုးဟု သဘောပိုက်ရုံသာ။ ဒါလည်းထားတော့။

နရပတိစည်သူမင်း၏ မိဖုရားစာရင်းစာအုပ်ကို ထပ်ပြီး ဖွင့်ထုတ်ကြည့်ကြဦးစို့။

ဝေဠုဝတီမိဖုရားနှင့် မင်းယဉ်နရသိခ်၏ မုဆိုးမ မိဖုရား သုံးပါးကို ပေါင်းလျှင် စာရင်းဝင် မိဖုရား (၄) ပါးတိတိ ရှိလေပြီ။ တော်ပြီလား။ မတော်နိုင်သေး။ နောင်တော်မင်းယဉ်နရိသိခ်နှင့် တောင်ပြင်သည် မိဖုရားတွင် သမီးတော် စောပြည့်ချမ်းသာကို ဖွားမြင်ခဲ့သည်။ နရပတိစည်သူမင်း၏ မိဖုရား ဖြစ်လာခဲ့သည်။ တော်ပါသေးရဲ့။ အလယ်ပြင်သည် မိဖုရားနှင့် မြောက်ပြင်သည် မိဖုရားတို့က မွေးဖွားသော သမီးတော်နှစ်ပါးမှာ ခမည်းတော် မင်းယဉ်နရသိခ် လက်ထက်တော်ကပင် ကံကုန်ပြီး ဖြစ်နေကြသည်။ ထို့ကြောင့် စောပြည့်ချမ်းသာ တစ်ပါးသာ မိဖုရားဖြစ်လာရတော့၏။ စုစုပေါင်း မိဖုရား (၅)ပါးကြီး တိတိ ရှိလေပြီ။ တော်ပြီလား။ မတော်နိုင်သေး။

နောက်ထပ် မိဖုရား တစ်ပါး ထပ်တိုးလာပြန်သည်။ သူက တောင်ပြင်သည် မိဖုရားတဲ့။ အဲသည့် တောင်ပြင်သည် မိဖုရား ဘယ်က လာသနည်း။ ပြောပါမည်။ သည် မိဖုရားကလည်း ညံ့သည် မဟုတ်၊ ခေသည် မဟုတ်။ သမိုင်းနှင့် လာသူဖြစ်၏။ ကြည့်ပါ။

နရပတိစည်သူမင်းကြီး၏ ဘေးတော်စပ်သူ ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီး၏ သူရဲကောင်းဘက်တော်သား ညောင်ဦးဖီး၌ ဖိုသူကြီးဟူသော သားရှိသည်။ ဖိုသူကြီး၌ စိစွေး အမည်ရှိ သားတစ်ဦး ရှိသည်။ စိစွေးတွင် သမီးငါးယောက်တိတိ ရှိသည်။ သမီးအကြီးက ဘတ္တရာနှင့် စုံဖက်၏။ သမီးအလတ်မှာ ပွင့်လှဦးနှင့် လက်ထပ်သည်။ နောက်သမီးတစ်ယောက်မှာ စတုရင်္ဂဗိုလ်၏ ဇနီး ဖြစ်၏။ နောက်သမီး တစ်ယောက်ကို မင်းထီးလှိုင်က ယူသည်။ သမီးအထွေးဆုံးကို နရပတိစည်သူမင်းကြီးက နှစ်ခြိုက်၏။ တောင်ပြင်သည်ဟု ဘွဲ့မည်သ၍ မိဖုရားမြှောက်သည်။ တောင်ပြင်သည် မိဖုရား

မှာ အသက်အရွယ် အတန်ငယ် ရင့်မှ မိဖုရား အဆင့်ရောက်သူ ဖြစ်ဟန်
မှန်နန်းရာဇဝင်တော်ကြီးက တောင်ပြင်သည် မိဖုရားကို ဤသို့ မှတ်ချက်ပြုလေ
'တောင်ပြင်သည်ကား သားသုံးယောက်မြင်မှ ထင်ရှားစွာ ဖြစ်သတည်း' တဲ့။ သ
မိန်းမပါပဲ။ အိုတယ်သာ ဆိုရ အပျိုက ရှုံးဆိုသော မိန်းမမျိုး ထင်ပါရဲ့။ တစ်သ
တစ်သွေးလှပ ဟု ဆိုကြသည် မဟုတ်လား။ ယခု သားသုံးယောက် မွေးထားလေ
'သုံးသွေးလှ' ဖြစ်မည် ထင်ပါ၏။

ကောင်းပြီ။ ယခုအခါ မင်းကြီး၌ မိဖုရား (၆) ပါးတိတိ ရှိလေပြီ။ နော
တိုးလာသော မိဖုရားတစ်ပါးမှာ 'အမြဲရကန်' ဖြစ်သည်။ သည်မိန်းကလေးမှာ လင်
၍ မုဆိုးမ ဘဝတွင် မင်းကြီးက ကောက်ယူပြီး နန်းပလ္လင်ပေါ် တင်လိုက်ခြင်
သည်။ ပေါင်း မိဖုရား (၇) ပါးတိတိ။

နရပတိစည်သူမင်းကြီး၏ အဋ္ဌမမြောက် မိဖုရား 'ပန်းရင်း' မှာ 'အမျိုးမြတ်
ဟု မှန်နန်းရာဇဝင်က ဂုဏ်ပြုဖော်ပြ၏။ ဘယ်လို အမျိုးမြတ်ပါလိမ့်။ မင်း
ဘေးတော် ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီး၏ ယောက်ဖတော်သူ စည်သာ
မြေးမချောချောကလေးရှိသည်။ သူ့နာမည်ကလေးက လှမှလှ၊ သင်းမှသင်း။ 'ပန်
တဲ့။ ပန်းရင်း၏ မယ်တော်မှာ အလောင်းစည်သူ၏ သမီးတော် ဖြစ်၏။

ဆိုရဦးမည်။ နရပတိစည်သူမင်းနှင့် မိဖုရား ပန်းရင်းတို့တွင် သားတော်တ
ဖွားမြင်ထွန်းကားခဲ့သည်။ သားတော်ကို 'မြတ်စွာရှင်' ဟု အမည်ပေးထားသည်။ မိ
(၈) ပါး တင်မြှောက်ပြီးလေပြီ။

နောက်ထပ် စာရင်းဝင်လာသော မိဖုရားတစ်ပါးကား 'ဦးဆောက်ပန်း'
ဘွဲ့မည်သလေ၏။ ကျန်စစ်သားမင်းကြီး၏ မိဖုရားကြီး 'ဦးဆောက်ပန်း' အမည
နှစ်ခြိုက်၍ နာမည်တူယူသည် ထင်ရဲ့။ 'ဦးဆောက်ပန်း' လည်း အမျိုးအနွယ် သေးင
မဟုတ်။

**နရသူမင်းကြီး၏ မယ်တော်တွင် မောင်တော်စပ်သူတစ်ဦး ရှိ၏။ သူ၏**
အရင်းမှာ သုဘရာဇ် မည်၏။ သုဘရာဇ်နှင့် 'ဦးဆောက်ပန်း' တို့မှာ မောင်နှမအ
တော်စပ်ကြလေသည်။ မိဖုရား 'ဦးဆောက်ပန်း'မှာ ကံနည်းရှာသည်ဟု ဆိုရတော့မ
ထိုမိဖုရားမှာ နရပတိစည်သူမင်းကြီးနှင့် စုလျား ရစ်ပတ် လက်ထပ်ပြီးနောက် 'ရာဇ
နှင့် 'ပျံချီသက်သူ' မည်သော သားတော်နှစ်ပါး မီးရှူးသန့်စင်ခဲ့ပြီး နာဖျားမက
ဖြစ်ကာ ကံတော်ကုန်ရှာသည်။ ယခုအခါ နရပတိစည်သူမင်းကြီးတွင် မိဖုရား တင်မြှော
ပြီးသည်မှာ (၉) ပါးတိတိ။

နောက်ထပ် မိဖုရား တစ်ပါး၏ အမည်မှာ 'စောစနေ' တဲ့။ စောစနေက

မွေးလိုက်သည်မှာ သမီးတော်ချည်း (၄) ပါးတိတိ မြင်လေသည်။ အကြီးဆုံးက ရွှေအိမ်သည်၊ အလတ်က စည်းခုံသည်၊ နောက်တစ်ယောက်က ကျောင်းတော်သည်၊ အငယ်ဆုံးသမီးတော်ကို 'ရွှေချူ' ဟု အမည်ပေးခဲ့သည်။ စောစနေပါ ဆိုလျှင် စုစုပေါင်း မိဖုရား (၁၀) ပါး ဆိုပါစို့။

ဥယျာဉ်တော် ပြုစုမွမ်းမံခြင်းအလုပ်ကို နရပတိစည်သူမင်းကြီး အလွန်မှ နှစ်သက်ဟန် ရှိသည်။ လှပသော ပန်းကလေးတွေ တစ်ပွင့်ပြီး တစ်ပွင့် ဖူးပွင့်လာနေသည်ကို မြင်၍ မင်းတရား ကြည်နူး ဝမ်းသာရှိ၏။ ထို့ကြောင့်ပင် မင်းကြီးသည် ဥယျာဉ်တော်သို့ မကြာခဏပင် ရောက်သည်။ တစ်နေ့တွင် ဥယျာဉ်တော်၌ ထူးဆန်း၍ လှပမြတ်နိုးဖွယ်ကောင်းပေသော 'ပန်းတစ်ပွင့်'ကို မင်းကြီး တွေ့မြင်လေ၏။ ထိုပန်းတစ်ပွင့်ကား ဥယျာဉ်မှူး၏ သမီးအလှတည်း။

မှန်နန်းရာဇဝင်က ဥယျာဉ်မှူး၏ သမီးနာမည်ကို အတိအကျ မော်ကွန်းမတင်။ ဤသို့သာ ဖော်ပြ၏။

**'ဥယျာဉ်သည် သမီးတော်တစ်ယောက် အဆင်းအင်္ဂါ လက္ခဏာ ကြီးငယ်နှင့် ပြည့်စုံသောသူကို မင်းကြီး ယူတော်မူ၍ လုပ်ကျွေးရ၏။ ထိုသူငယ်မတွင် သားတော် ဇေယျသိခ်ကို မြင်တော်မူသည်'**

ဤသို့ စာရင်းဝင်လာသော မိဖုရား (၁၁) ပါးကို ကြည့်ပြီး နရပတိစည်သူမင်းကြီးကို အပြစ်တော်တင်ချင်ကြသလား။ မှားလိမ့်မည်ပါ့။ နရပတိစည်သူမင်းကြီးမှာ ခေတ်စကားနှင့် ဆိုရသော် 'သူလည်းလေ လောကီသားပေမို့'။ ရှင်ဘုရင် ဖြစ်နေလို့ မချစ်ရတော့ဘူးဟု ကန့်သတ်၍ မဖြစ်။ တားဆီး၍ မဖြစ်၊ ဖော်ပြခဲ့သော မိဖုရားကြီး၊ မိဖုရားငယ် အသွယ်သွယ်သော အလှကလေးတွေ၊ အညွန့်ကလေးတွေ၊ အဖူးကလေးတွေ၊ အသစ်ကလေးတွေနှင့် ပျော်၍၊ ပြုံး၍၊ နှလုံးသားအစစ်နှင့် ချစ်ခဲ့မိတာ အပြစ်ရှိပါသလား။ ရှိပါသလား။

## (၅)သုဘရာဇ်နှင့် နရပတိစည်သူ

### (က)

နရပတိစည်သူမင်းကြီးသည် ဘာသာရေး၊ သာသနာရေးကို ဦးစားပေး၍ ဆောင်ရွက်သူအဖြစ် သမိုင်းတွင် မော်ကွန်းတင်ရမည်မှာ မလွဲမသွေ ဖြစ်ပါချေ၏။ သို့ပင်ဖြစ်ညားသော်လည်း သူလည်းလေ လောကီသားပေမို့ဟု ဆိုရမည်လား မသိ။ လူသာမန်တို့ပြုမူဆောင်ရွက်တတ်ကြသော အမှုကိစ္စများနှင့် တန်းတူ၊ မင်းတရားကြီး ပြုမူခဲ့သောကိစ္စတွေကား များစွာမှ များစွာ။

ထိုများစွာတို့ထဲမှ ကိစ္စတစ်ခုကို ဖော်ပြရလျှင် နရပတိစည်သူမင်းသည်လည်း မိဖုရား တင်မြှောက်ရေးနှင့် သက်ဆိုင်လာလျှင် 'ပညာစွမ်း ချွန်းကဲ့သို့' မအုပ်နိုင်ရှာခြင်းပေတည်း။

နရပတိစည်သူမင်း၏ နောင်တော် မင်းယဉ်နရသိခ်ဘုရင်သည် ခယ်မတော်ဝေဠုဝတီမိဖုရားကို အခမ္မ မိဖုရားတင်မြှောက်ခဲ့၍ အောင်စွာငယ်၏ ဓားဖြင့် ဘဝတစ်ပါးသို့ ကြွချီခဲ့ရသည်မှာ ပူပူနွေးနွေးပင် ရှိပါသေး။

နရပတိစည်သူ မင်းဖြစ်လာတော့ကော၊ သူလည်း သူတစ်ပါး မ[illegible] အငြိအစွန်း ကင်းပါရဲ့လား မေးစမ်းချင်၏။

မေးမနေနှင့်။ ထိုမင်းတရားသည်လည်း သူတစ်ပါး သားမယားနှင့် လွ[illegible] ခဲ့သည် မဟုတ်။ **ကာမေသုမိစ္ဆာစာရက်**တည်းဟူသော 'သူ့ကာမေ' ကို မက[illegible] ကျူးလွန် ငြိစွန်းခဲ့ဖူးသူပင်တည်း။

သို့ဆိုလျှင် မေးစရာ မေးခွန်းက ပေါ်လာပြီ၊ ဘယ်သူပါလိမ့်။ ဘယ်သူမ[illegible] လိမ့်။ ရှင်ဘုရင် ရင့်မကြီးဖြစ်လျက် သူတစ်ပါး၏ ကာမပိုင်မယားတစ်ဦးနှင့် [illegible] ပြားခဲ့ရသတဲ့လားဗျို့။ ဟုတ်မှလည်း ရေးကြပါ။

ဟုတ်ပါပေ၏။ မှန်ပါပေ၏။ မှားလျှင် စာရေးသူက မမှား။ သမိုင်းကျမ်း[illegible] စောင်ကပင် မှားချင်မှားပေတော့အံ့။

ဖြစ်ပုံက သည်လိုပါ။

(ခ)

> မှန်နန်းရာဇဝင်တော်ကြီး စာမျက်နှာ (၃၁၇) တွင် ဤသို့ ဖော်ပြထား[illegible]
>
> **မိဖုရားငယ်ကား သုဘရာဇ်၏ နှမတည်း။ သုဘရာဇ်ကား ကုလားကျ[illegible] မယ်တော် မောင့်မြေးရင်းတည်း။ သုဘရာဇ်နှမကို ဦးဆောက်ပန်းဟု [illegible] တော်မူ၏။ မိဖုရား ဦးဆောက်ပန်းနှင့် သားတော် ရာဇသူ၊ ပျံချီက[illegible] ကို မြင်လျှင် မယ်တော် ကြမ္မာကုန်၏။**

ထိုစာအရ သုဘရာဇ်၏ နှမအရင်းကို နရပတိစည်သူမင်းတရားက ဦးဆ[illegible] ပန်းဘွဲ့မည်သ၍ မိဖုရားမြှောက်ခဲ့သည်ဟု သိရ၏။ ထိုမိဖုရားသည် သားတော် [illegible] မွေးဖွားပြီးနောက် ကံနည်းရှာသည် ထင်ပါရဲ့၊ ငယ်ငယ်ရွယ်ရွယ်နှင့် နတ်ရွာစံ [illegible] သည်။

မိဖုရား ဦးဆောက်ပန်း ကံကုန်ရှာသောအခါ နရပတိစည်သူမင်းကြီးမှာ [illegible] တည်ရာမရ ဖြစ်ရှာလေသည်။ ယဉ်ယဉ်ကျေးကျေး၊ နုနွဲ့နွဲ့၊ မိဖုရားချောက[illegible] ပေါင်းဖက်လိုက်ရသည်မှ ဘာများ ကြာလို့လဲ။ သားတော်ကလေး နှစ်ပါး ထ[illegible] ရက်စက်လှတဲ့ ထိုမိဖုရား၊ မောင်ဘုရားကို ပစ်ခွာသွားခဲ့ပါပကောလား။

နရပတိစည်သူမင်းတရားခမျာ တခြား မိဖုရားကြီး၊ မိဖုရားငယ်တွေ သ[illegible] ထင်ရှား ရှိပါလျက်နှင့်၊ ကံတော်ကုန်ရှာသော 'ဦးဆောက်ပန်း' ကလေးကိုမှ တမ်း[illegible] တတ စွဲမက်နေရှာသည်။ စက်တော်ခေါ်လျှင်လည်း သည်စိတ်၊ ပွဲတော်တည်လျှင်လ[illegible]

သည်အာရုံ၊ ဘယ်သွားသွား၊ ဘယ်လာလာ၊ မေတ္တာ မကုန်နိုင်သော မိဖုရား၏ သဏ္ဍာန် ။ မင်းတရားနောက်မှာ တစ်ကောက်ကောက် ပါနေသည် ထင်ရ၏။ မင်းတရား၏ သတင်းမှာ နန်းတွင်း နန်းပြင်သို့ လွင့်စဉ်သွား၏။ လူ့သတင်းကို လူချင်းဆောင် ပန်း သတင်းကို လေညှင်းဆောင်ဟု ဆိုကြသည် မဟုတ်လား။

ဘုရင်မင်းတရား၏ အလွမ်းဝေဒနာ ဖြေမသာသော သတင်းကို ကြားရသော ပုဂံနန်းတွင်းသူ ဖို့ဖြူတို့မှာ နေမထိ ထိုင်မသာ၊ ထိုင်မထိ နေမသာ ဖြစ်ကြရှာမည် ထင်ရဲ့။ မင်းတရား၏ လွမ်းဖျားလွမ်းနာ ထိုရောဂါ၊ ကုရာနတ္ထိ ဆေးမရှိဖြစ်နေချိန်တွင် ကယ်တင်စောင်မမည့်သူ တစ်ဦး ပေါ်လာသည်။ အခြားသူကား မဟုတ်။ ကံတော်ကုန် ရှာသူ မိဖုရား ဦးဆောက်ပန်း၏ အစ်ကိုတော်သူ သုဘာရာဇ်တည်း။

နရပတိစည်သူမင်းကြီး၏ အလွမ်းဝေဒနာ သည်းခိုက်တွင် မှူးမတ်တစ်ချို့က ကံကုန်သူ မိဖုရား ဦးဆောက်ပန်း၏ အစ်ကိုတော်သူ သုဘာရာဇ်ကို သတိရကြသည်။ မင်းတရား၏ လွမ်းဖျား လွမ်းနာကို ယောက်ဖတော် အရင်းကြီး ဖြစ်သော သုဘာရာဇ်က တရားဓမ္မ ပြသဆုံးမတန်ကောင်းရဲ့လေ။

မင်းတရားကြီး ကိုယ်တိုင်ကလည်း ယောက်ဖတော် သုဘာရာဇ်ကို တွေ့ချင်နေ လေသည်။ စိမ်းရန်ကော။ သူ့နှမ ဦးဆောက်ပန်းကို ဂူသွင်း သင်္ဂြိုဟ်ပြီးသည့် အချိန်က စ၍ ယနေ့အထိ ဒင်းမျက်နှာကိုပင် မမြင်ရ။ မတွေ့ရ။ တကယ်ဆို ကိုယ်တော်ရှင်မြတ် ယခုလို ဆောက်တည်ရာမရ ဖြစ်နေချိန်မှာ ဒင်းမျက်နှာကို တွေ့ရသော်၊ သူ့နှမ ဦး ဆောက်ပန်းကို လွမ်းသော ဝေဒနာ ဖြေသာနိုင်ကောင်းပါရဲ့။ ဤသို့သော အတွေးဖြင့် မင်းတရား ကလည်း ထိုရွှေယောက်ဖကို တွေ့ချင် မြင်ချင် စကားပြောချင်နေရှာသည်။ ဤသို့ဖြင့်

တစ်နေ့တွင် ဘုရင်မင်းမြတ် ဥယျာဉ်တော်၌ အပန်းဖြေနေစဉ် ဘုရင့် ရွှေယောက်ဖ သုဘာရာဇ်သည် သူ့ဇနီးမယား တစ်ပါးနှင့်အတူ ဘုရင်မင်းမြတ်ထံ အခစား ဝင်လေသည်။

| | | |
|---|---|---|
| **သုဘာရာဇ်။** | ။ | 'မှန်လှပါ ဘုန်းတော်ကြောင့် အခစားဝင်ပါသည် ဘုရား' |
| **နရပတိစည်သူမင်း။** | ။ | 'အို နောင်တော်ကြီးပါလား၊ နောင်တော်တို့များ နေနိုင်ရန်ကောဗျာ၊ နှမတော် တိမ်းပါးသွားပြီးကတည်းက နောင်တော့်မျက်နှာကို မမြင်ရ၊ မတွေ့ရတော့ပါလားဗျ၊ ဟုတ်တံစ' |
| **သုဘာရာဇ်။** | ။ | 'မှန်လှပါ ဘုရား၊ အဟောင်းတွေ အသစ်ဖြစ်ပြီး မင်းတရားကြီး သောကထွေပြား သတိရစရာများ |

ဖြစ်မှာ စိုးရိမ်ပြီး ခပ်ခွာခွာ နေခဲ့မိပါတယ်

**နရပတိစည်သူမင်း။** ။ 'ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ၊ နောင်တော်ရဲ့ တော် ဦးဆောက်ပန်းရှိတုန်းကလို နန်းတွေ ပြင် အဝင်အထွက် အခစားမပျက် ရှိစေချင်

**သုဘရာဇ်။** ။ 'မှန်ပါတယ်၊ အရှင်မင်းကြီး။ တူတော်မောင် နှစ်ပါးနဲ့တော့ မကြာခဏ ဆိုသလို တွေ့ ဆည်းမိပါရဲ့၊ အရှင်မင်းတရားကြီးထံကိုသ စား မရောက်ခဲ့ခြင်းပါ'

နရပတိစည်သူမင်းကြီးသည် ယောက်ဖတော် သုဘရာဇ်နှင့် အမေ စကားပြောနေစဉ် သုဘရာဇ်၏နောက်ပါးတွင် ပါလာသော သူ့ဇနီးမယ မျက်စိ ကစားလိုက်သည်။ သုဘရာဇ်၏ ဇနီးမှာ ငယ်ငယ်ချောချော ရှင်ဘုရင်၏ ရှေ့တော်မှောက်သို့ ရောက်နေသဖြင့် မော်ဖူးခွင့် မရှိသော ခေါင်းကို အောက်သို့ ငုံ့ထားကာ ဝပ်တွားလျက် ခစားနေရှာသည်။

**နရပတိစည်သူမင်းကြီး။** ။ 'ဒါနဲ့ နောင်တော် အခစားဝင်လာတာ သူများပါသေးသလဲ'

**သုဘရာဇ်။** ။ 'မှန်လှပါ အိမ်သူ ဇနီးမယားလည်း တကွ ခစားလျက် ရှိနေကြောင်းပါ

**နရပတိစည်သူမင်းကြီး။** ။ 'အို ဟုတ်လား ခေါ်ပါဦးလေ၊ ဘာ အဝေးကြီးက ခစားနေရှာတာလဲ၊ ပါစေ၊ ကိုယ့်ဆွေမျိုးသားချင်းတွေ စိမ်းစိမ်းကားကား မနေပါစေနဲ့၊ မော်ဖူးစေဗျား၊ မော်ဖူးစေဗျား'

နရပတိစည်သူမင်းကြီးက ရှေ့တိုး ခစားရန် အမိန့်ပြန်လေတော့ သုဘရာ **ဇနီးမယား 'ရှင်ရွှေထား'** ကို ဝပ်တွားရင်း ရှေ့သို့ တိုးခစားရန် ပြောရ၏။ ပြီး **မော် ဖူးစေ**၊ အခွင့်သနားသောကြောင့် လက်အုပ်ကလေးကို ရင်ညွှန့်မှာ တ **ဘုရင်မင်း** မြတ်ကို 'ရှင်ရွှေထား' က မော်ဖူးလိုက်ရလေသည်။

နရပတိစည်သူမင်းကြီးသည် လက်အုပ်ကလေး ရင်ညွှန့်မှာ တင်ကာ မေ နေရှာသော 'ရှင်ရွှေထား' ၏ မျက်နှာကို ရှုမြင်လိုက်ရသောအခါ လျှပ်စစ်ဓာတ် အတို့ခံရသူ အသွင်၊ နှလုံးသားတွင် 'ကျင်ကနဲ' ခံစားလိုက်ရသည်။ အရပ်သားစကား ဆိုသော် မင်းတရားနှင့် ရှင်ရွှေထားတို့ အကြည့်ချင်းဆုံ၍ ရင်ခုန်မိသွားရှာသည်။ ရှင်

ထားကိုယ်တိုင်လည်း လင်ကြီး သုဘရာဇ် ငုတ်တုတ်ကြီး ရှိနေပါလျက်ကပင် မင်းတရား၏ မျက်လုံးအစုံကို ရင်ဆိုင်ရသောအခါ ဘာလိုလိုနှင့် နှလုံးတုန် အသည်းခိုက်၊ ဖြစ်မိသွားသည် ထင်ပါရဲ့။ မျက်နှာကို ချက်ချင်း ငုံ့ပစ်လိုက်ရှာ၏။ သို့သော်–

နောက်ကျသွားလေပြီ။ အချိန်အခါက အတော်လေးပင် နောက်ကျသွားလေပြီ။ သုဘရာဇ်မယား၊ ရှင်ရွှေထား၏ ရုပ်သွင်က မင်းတရား၏ နှလုံးသားကြေးမုံပြင်၌ မပျက်ပြယ်နိုင်သော ဆေးဖြင့် ပန်းချီရေးသားပြီး ဖြစ်သွားလေပြီ။ ဆေးရောင်စုံဓာတ်ပုံ ရိုက်ပြီးသွားလေပြီ။

နရပတိစည်သူမင်းသည် ခေါင်းပြန်ငုံ့သွားသော ထိုမိန်းမကို ကြည့်နေမိရင်း အတွေးရေယာဉ်တွင် နစ်မျောနေမိရှာသည်။ အို လှပနုနယ်ပေသော မိန်းမချောကလေးပေပဲ။ သည်လောက်ချောမောလှပတဲ့ မိန်းမပျိုကလေးကို ရွှေယောက်ဖ သုဘရာဇ်သည် ပုဂံနေပြည်တော်တွင် ဘယ်သို့များ ရှာဖွေ တွေ့ရှိခဲ့ပါလိမ့်။ မျက်လုံးမျက်ဖန်၊ နဖူး ပါးပြင်၊ အပြစ်တင်စရာ မရှိ။ စင်ကြယ်ဖြူဖွေး တင့်တယ်လှပေသော သည်သတို့သမီးကို သုဘရာဇ်ထက် အလျင်ဦးစွာ ငါ ဘာဖြစ်လို့ ရှာမတွေ့ခဲ့ပါလိမ့်။ ခုတော့ သွားပါပြီကော။ ထိုမိန်းမချောသည် သုဘရာဇ်ရဲ့ မယား ဖြစ်နေပါပြီကော။ သူတစ်ပါး ကာမပိုင်မယား ဆိုတော့ မပြစ်မှားထိုက်ပေဘူး။ ဩော် ခေလိုက်တဲ့ ကံ၊ ရိုင်းလိုက်တဲ့ ကြမ္မာ၊ ညံ့လိုက်တဲ့ ကုသိုလ်။ သူ့ကို ငါ မရနိုင်တော့ပါလား။ ငါသူ့ကို စွဲမိနေပါပြီကော။ ဘာလုပ်ရပါလိမ့်။ ငါ ဘာဆက်လုပ်ရမှာပါလိမ့်။ ငါ ငါ ငါ ဘာ လုပ်ရမလဲ၊ လုပ်ရမလဲ။

နရပတိစည်သူမင်းကြီးသည် သုဘရာဇ်မယား ‘ရှင်ရွှေထား’ ကို မကြာခဏ လှမ်းကြည့်မိသည်။ ရာဇဣန္ဒြေ ဆိုတာတွေ ဘာတွေကို အသာမေ့လို့ထား၊ သည်သူငယ်မချောကလေး တော်တော်ကြာ အိမ်ပြန်သွားလျှင် မမြင်လိုက်ရတော့မည်ကို စိုးရိမ်သောကပွားမိသည် ထင်ပါရဲ့။ ကြာတော့ မင်းတရားသည် ‘ရှင်ရွှေထား’ ထံမှ မျက်လုံးမခွာတော့ပြီ။ နှမပေးရွှေယောက်ဖ ရိပ်မိ၊ မရိပ်မိ စဉ်းစားမကြည့်နိုင်ရှာတော့ပြီ။ ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက်တဲ့။ ဤလောကကြီးတွင် ‘မရှက်သုံးပါး’ ဆိုထားကြသည် မဟုတ်ပါလား။ သည်သုံးပါးမှာ အများသိပြီးသည့်အတိုင်း ပစ္စည်းတစ်ခုကို ကြိုက်လျှင်လည်း မရှက်ဘူးတဲ့။ အိပ်ချင်လွန်း၍ ငိုက်လျှင်လည်း မရှက်ဘူးတဲ့။ ထမင်းအစားအစာ ငတ်ပြတ်ဆာလောင်မွတ်သိပ်လျှင်လည်း မရှက်ဘူးတဲ့။ အဲ့သည့် မရှက်သုံးပါးမှာ ပထမဆုံး ‘မရှက်’က၊ ‘ကြိုက်မရှက်’ ဆိုကြသည် မဟုတ်လား။ ယခုလည်း ရွှေယောက်ဖ သုဘရာဇ်မယား ‘ရှင်ရွှေထား’ ကို အကြည့်ချင်းဆုံကတည်းက နှလုံးတုန်၊ ရင်ခုန်၊ တစ်ကိုယ်လုံးနတ်ပူးသလို ဆည်မရ၊ တားမရ ကြုံနေရှာသော ထိုရှင်ဘုရင်သည် ပတ်ဝန်းကျင်ကိုပင် ဂရုမထားမိ။ ဘုရင်ခမျာ ရာဇဣန္ဒြေဆိုတာမျိုးကို ရိုက်ချိုးလို့နေမိရှာလေပြီ။

ထိုနေ့က ဘုရင့်ယောက်ဖတော် သုဘရာဇ်လည်း အခြေအနေနှင့် အချိန်
ကောင်းစွာ သဘောပေါက် နားလည်သည်ထင်ပါရဲ့။ ခဏအကြာတွင် ရှင်ဘုရင်ကို
အရိုအသေပေးပြီး ဇနီးမယားကို အသာလက်ကုပ်ခေါ်ကာ ဘုရင့်အပါးမှ ထွက်ခွာသ

မောင်မင်းကြီးသား သုဘရာဇ်နှင့် သူ့မယား 'ရှင်ရွှေထား' တို့ကဖြင့်
အပါးမှ ဖုတ်ဖက်ခါ ကြွသွားကြပါပြီ။ သူတို့နောက်မှာ ကျန်ခဲ့သော၊ ရွှေတွင်း
ပယင်း ဒုတ္တာ ရတနာခုနစ်ပါးတို့၏ အရှင်၊ ဆဒ္ဒန်ဆင်မင်းသခင် ဘုရင်မင်းတ
မှာဖြင့် ရေငတ်ချင်သလိုလို၊ ထမင်းစားချင်သလိုလို၊ ဘာလိုလို ညာလိုလို
တစ်ရပ်ကို ရင်ပတ်မှာ ပိုက်ထွေးလို့ အငေးသား ကျန်ခဲ့ရှာပြီကော။

ထိုနေ့ညဦး စက်ရာဆောင်တွင် ဘုရင်မင်းမြတ်သည် ဘယ်လူးညာလှိမ့် တ
လိမ့်ဖြင့်၊ တစ်စိမ့်စိမ့်တွေးတော၊ ရင်မောသည့် ဝေဒနာကို ခံစားနေရှာလေ
သည်ကနေ့ညတော့ သုဘရာဇ်၏ မယားကို ထွေထွေပြားပြား ပြစ်မှားစွဲလန်းနေ
နှင့် နရပတိစည်သူမင်းမှာ ဘယ်မိဖုရား အဆောင်ကိုမှ ကြွမြန်းရန် စိတ်ဆ
ဘယ်သူနှင့်မှလည်း မကြည်နူး၊ မပျော်ရွှင်လို။ စိတ်အစဉ်တွင် ခင်မင်တွယ်တာ
ကတော့ သုဘရာဇ်၏ မယား 'ရှင်ရွှေထား' ပင် မဟုတ်ပါလား။

နရပတိစည်သူမင်းသည် သူ့ နောင်တော် နတ်ရွာစံ မင်းတရား မင်းယဉ်န
ကဲ့သို့ပင် 'ရာဂ' မီး၏ လောင်မြိုက်ခြင်း ခံစားနေရှာသည်။ သို့သော် နောင်
မင်းယဉ်ရနသိခ်မှာ အစာကိုသာ မြင်၏၊ ငါးမျှားချိတ်ကို မမြင်မိရှာ။ ထို့ကြော
သူချင်ခင် ဖွဲလန်းမိရှာသော ခယ်မတော် ဝေဠုဝတီကို အတင်းအဓမ္မ ဝင်ဆွဲပြီး ရဲ
မိဖုရားတင်လိုက်ခဲ့သည် မဟုတ်လား။ ထို့ကြောင့်ပင် အောင်စွာငယ်၏ ဓားချက်
အသက်ပေးခဲ့ရသည့် သာဓကမှာ ထင်ထင်ရှားရှား ပူပူနွေးနွေး။

မိမိကိစ္စတွင် သူ့မယားကို ထိုသို့ အတင်းအဓမ္မ ယူဘို့ နရပတိစည်သူမင်း
အကြံအစည် မရှိ။ ဤ လောကတွင် 'အပေးအယူ' သဘောတရားဖြင့်သာ နှစ်
ကျေကျေနပ်နပ် ရှိနိုင်ပေသည်။ ထို့ကြောင့် နောက်တစ်နေ့ နေအရုဏ်မတက်
ဘုရင်စေလွှတ်သော လူယုံတော် အမတ်ကြီးတစ်ပါးသည် ဘုရင့်ယောက်ဖတော် သုဘ
အိမ်တော်သို့ ရောက်လာလေတော့သည်။

**သုဘရာဇ်။** ။ 'ဘယ်အရေး ဘယ်အခင်းကြောင့်များ၊ အ
မတော် နေအရုဏ်တက်ကြီးမှာ ကြွလ
သလဲ၊ ဝန်မင်းခင်ဗျာ။ စိတ်ထဲမှာ ထိတ်
ပျာပျာ ရှိလှပါဘိတယ်'

**လူယုံတော်အမတ်ကြီး။** ။ 'စိတ်ပူပင်နှောင့်လို့ ကြောင့်ကျတော် မမူပါနှင့်၊ ဘုရင့်နှောင်တော်။ ယခုလာခဲ့သည်မှာ မင်္ဂလာရှိသော ကိစ္စ တစ်ခုကြောင့်ပဲ'

**သုဘာရာဇ်။** ။ 'အို ကြားရတာ စိတ်ထဲမှာ ကြည်သာချမ်းမြေ့ ရွှင်မွေ့ဝမ်းမြောက်ရပါဘိတယ်။ ဘယ်အရေး ဘယ်အခင်း ဆိုတာကိုသာ ထင်ရှားစွာ မိန့်တော်မူပါ ဝန်မင်း'

**လူယုံတော်အမတ်ကြီး။** ။ 'ဘုရင်မင်းမြတ်က သူ့နှောင်တော် သုဘာရာဇ်တို့ ဇနီးမောင်နှံကို ချီးမြှင့်မြောက်စားရန်ရှိလို့ ရွှေနန်းတော်ကြီးသို့ ခရီးမကြာ၊ ကြွလှမ်းလာပါစေတဲ့။ အခေါ်အပင့် လွှတ်လိုက်သဗျ'

သုဘာရာဇ်သည် လူယုံတော် အမတ်ကြီး စကားကို ကြားရသောအခါ မျက်နှာပျက်သွားရှာသည်။ ဣန္ဒြေပင် မဆည်မိနိုင်။ ဘယ်သို့ပင် အမတ်ကြီးက ထိန်းထိန်းသိမ်းသိမ်း ပြောဆိုသော်လည်း လူလည် သုဘာရာဇ်သည် အဖြစ်သနစ်မှန်ကို ကောင်းစွာ သဘောပေါက်သွားလေသည်။ ထို့ကြောင့် 'ခေတ္တခဏဖြင့် အချိန်ပေးပါဦး' ဟု ပြောဆိုပြီး အတွင်းခန်းသို့ ဝင်သွား၏။

**သုဘာရာဇ်။** ။ 'မိန်းမရေ သည်ဘဝမှာဖြင့် မင်းနဲ့ ငါတို့ မေတ္တာဇာတ်လမ်းက၊ သည်မျှနှင့် ရပ်တန်းက ရပ်ရတော့မယ်ပကွယ်'

**ရှင်ရွှေထား။** ။ 'ဘာတွေ လာပြောနေတာလဲ မောင်တော်ရယ်'

**သုဘာရာဇ်။** ။ 'မနေ့တုန်းက ဘုရင်မင်းတရားကြီးထံ အကန်တော့ဝင်ခဲ့တဲ့ အကျိုးဆက်ပဲ ဖြစ်မှာပေါ့ကွယ်။ တကယ်တော့ အဲဒီအချိန်ကတည်းက မင်းတရားကြီးဟာ နှမတော်ကို စွဲလန်းကြောင်း ရာဇဣန္ဒြေ မဆည်နိုင်အောင် ပြသခဲ့တယ် မဟုတ်လား ခုတော့'

**ရှင်ရွှေထား။** ။ 'ခုတော့ ဘာဖြစ်သလဲ

**သုဘာရာဇ်။** ။ 'ခုတော့ ရွှေနန်းတော်ကြီးက စေလွှတ်တဲ့ အမတ်ကြီး၊ အိမ်ရှေ့မှာ ရောက်နေသဗျ၊ နှမတော်ကို ခေါ်ပြီး ရွှေနန်းတော်ကြီးဆီ အခစားဝင်ဖို့ ခေါ်နေပြီဗျ'

ရှင်ရွှေထားမှာ ယခုခေတ် ရုပ်ရှင်ဇာတ်ကား တစ်ကား၏ အမည်ကို ယူ၍ ဆိုရသော် 'ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား မိသိန်းကြည်' ဟု ပြောရပေအံ့။ ရွှေ

နန်းတော်ကြီးက အပူတပြင်း လာခေါ်ပုံကို သိရတော့ ယမန်နေ့က မိမိအား စူ ကြည့်လိုက်သော ဘုရင်မင်းမြတ်၏ ရာဂခိုးတွေ ဝေနေသော မျက်လုံးကို သ သည်။ 'ယခုလို ဆိုတော့ ငါ့ကို မိဖုရား မြှောက်ချင်လို့ ထင်ပါရဲ့။ ဟင် မိဖုရ တာ မိန်းမတိုင်း ဖြစ်ချင်တဲ့ ရာထူးမို့ ဘာမက်မောသလဲ မမေးနှင့်။ သို့သော် တစ်ဘ ငယ်ချစ်ရှင်၊ လင်ကြီး ငတ်တုပ်ကို ဘယ်လိုလုပ် ပစ်ခဲ့ရမလဲ' တွေးမိတော့ အသည် မှာ ကြိမ်မီးအုံးသို့ နံ့နံ့ခွေခွေ မပြေသာပြီ။

သို့သော် 'ဟန်ကိုယ့်ဖို့' ဟု ဆိုကြသည် မဟုတ်ပါလား။ မိဖုရား ဖြစ် ကိစ္စကို ဝမ်းမသာနိုင်သည့်ဟန်ဖြင့် ရှင်ရွှေထားက သူ့ခင်ပွန်းလင် သုဘရာဇ်ကို မေ ပြီး ပြောရှာသည်။

**ရှင်ရွှေထား။** ။ 'သည်လိုပုံဖြင့် ဘယ့်နှယ်လုပ်ကြရမှာလဲ ကြ ချစ်ခင်ရတဲ့ မောင်တော့်ကို နှမတော်လေး ဘယ်လို ခွဲခွာရမှာလဲရှင်။ ဒီလို လုပ်ရင် ရမှာလားဟင်၊ ရှင်နဲ့ က ဒီနိုင်ငံ ဒီဌာနကနေ အဝေးကို ထွက်ပြေးစို့လား'

**သုဘရာဇ်။** ။ 'အို မဖြစ်နိုင်တာတွေ မပြောပါနဲ့၊ ခင်နှမရယ်၊ ကြမ်းပြ လေကြား၊ နှမစကားကို အပြင်က ဝန်မင်း ကြားသွားမှ တို့နှစ်ယောက်စလုံး သူသတ်ကုန်းမှာ နေလုံးမကွယ်ခင် ကြွေရချည့်ရဲ့။ ကဲ ကဲ ရောက်လာတဲ့ ကြမ္မာကို ပြေးလို့ တွေ့ကြစို့ရဲ့၊ အဝတ်အစားကလေးလဲပြီး အိမ်ပြင်ထွက်ခဲ့

သုဘရာဇ်သည် သူ့မယားချော ရှင်ရွှေထားကို ကြင်ကြင်နာနာ အသာအ ပွေ့နမ်းပြီး အိမ်ပြင်ထွက်သွား၏။

ထိုနေ့က ဘုရင့်ရွှေယောက်ဖ သုဘရာဇ်နှင့် သူ့မယား 'ရှင်ရွှေထား'တို့ ရွှေနန်းတော်ကြီးသို့ အခစား ဝင်သောအခါ ဘုရင်မင်းမြတ်မှာ ရွှင်ရွှင်ပြုံးပြုံး ပီတိ ဖုံးလျက်။

သုဘရာဇ်ကို နရပတိစည်သူမင်းတရားက ထွေထွေပြားပြား စကားမဆို၊ တည့် ကြီးသာ ပြောချလိုက်တော့သည်။

**နရပတိစည်သူ။** ။ 'နောင်တော်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် 'ရှင် ထား'ကို ငါကိုယ်တော်ရှင်မြတ် တိမ်းမပ်စွဲလ တော်မူမိတယ်။ သည်တော့ နောင်တော့်မယား ရှင် ထားကို မိဖုရားအဖြစ် တင်မြှောက်ရန် ဆုံးဖြတ်ထ တယ်။ သည့်အတွက် နောင်တော်သုဘရာဇ် စိ

ဆင်းရဲ၊ ကိုယ်ဆင်းရဲ မဖြစ်ပါနှင့်။ နောင်တော့အတွက် နန်းတွင်းက ဘုရင့်အကြံပေး အမတ်ကြီး ရာထူးမှာ ယနေ့ကစပြီး အဆောင်အယောင် အပြည့်နဲ့ ခန့်အပ်ပေးလိုက်ရန် စီမံပြီး ဖြစ်တယ်'

ဘုရင်မင်းမြတ်၏ စကားမှာ သုဘရာဇ် နားထဲတွင် သံပူရည်၊ သံပူခဲ မီးရဲရဲကြီးနှင့် ထိုးချလိုက်သလို ခံစားရရှာ၍ မူးမေ့သွားမည်သို့ ရှိတော့သည်။ ဘုရင့်စကားမိုးကြိုးသွားတဲ့လေ။ မိုးကြိုးသွားကမှ ရှောင်၍ တိမ်း၍ လွတ်ချင် လွတ်နိုင်ပေဦးမည်။ ဘုရင့်အမိန့်တော်ကား နားထဲသို့ တည့်တည့်ကြီး တိုးဝင်ခဲ့လေပြီ။ ချစ်ဇနီးမယား 'ရှင်ရွှေထား' ကို အလကား ပေးလိုက်ရခြင်းတော့ မဟုတ်။ မိမိအတွက် နန်းတွင်းမှာ ခံ့ညားစွာသော အမတ်ကြီး ရာထူးကို ချီးမြှင့်မည် ဆိုပဲ။ ပုံစံကတော့ မိန်းမနှင့် ရာထူးကို အလဲအလှယ် လုပ်ပေးမည်တဲ့။

သုဘရာဇ်ခမျာ ထိုနေ့က ဘာစကားမျှ ထူးခြားစွာ မပြောနိုင်၊ မဆိုနိုင်ရှာ။ ခေါ်လာသော ချစ်မယားကို ဘုရင့်အပါးမှာ စွန့်ခွာထားခဲ့ပြီး အိမ်သို့သာ တန်းတန်းကြီး ပြန်သွားရရှာလေ၏။ သို့သော်

နောက်ပိုင်းတွင် ဘုရင့်ရွှေယောက်ဖ သုဘရာဇ် တစ်ယောက် မိန်းမ တစ်ယောက် ဆုံးပါးသွားသဖြင့် ငိုမလို၊ ရယ်မလို ထမင်းမစားနိုင်၊ ရေမသောက်နိုင် တမှိုင်မှိုင် တတွေတွေ ဖြစ်နေသည်ဟု ကြားသိကြရသည်။ နရပတိစည်သူမင်းကြီးမှာတော့ သုဘရာဇ်မယား ရှင်ရွှေထားနှင့် အတူတကွ ရွှေလည်တွဲ၍ **'တူပြိုင်၊ ဂူလိုဏ်ဏ် စကား သစ္စာတိုင်'** နှင့် **'ချစ်လိုရယ်မကုန်၊ ဝသုန်ဤမြေ၊ သိကြားစေ သက်သေညွှန်း'** လို့ နေရှာပါသတဲ့။

သို့သော် သို့သော်။ ဤသို့သော်ကား သမန်ကာ ရှန်ကာ သို့သော် မဟုတ်။ တကယ့် ရောမ ပြဿနာကို ညွှန်းဆိုမည့် 'သို့သော်' တည်း။ အကြောင်းမှာကား သုဘရာဇ်မယားကို ဘုရင်မင်းမြတ်က မိဖုရားတင်မြှောက်ပြီး မကြာမီပင် သုဘရာဇ်၏ သတင်းတွေက တိုင်းတော်ပြည်တော် ကြား၍မှ မလျော်ပါလား ဟရို့၊ သုဘရာဇ်ခမျာ မယားကို လွမ်းတပြီး နေ့ရှိသရွေ့ အရက်တွေ သောက်၊ မူးရူးပြီး မအိပ်နိုင်၊ မစားနိုင် တမှိုင်မှိုင် တတွေတွေ ဖြစ်နေသည် ဆိုပဲ၊ စကားတွေက နားမဆံ့အောင် ကြားလာရသည်။ တစ်ယောက်ကစ တစ်ရာ ဆိုသလို ထိုထိုသော သတင်းတွေမှာ ရွှေနန်းတော်တွင်းသို့ပင် တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ရောက်လာလေသည်။

'သုဘရာဇ် မယားကတော့ ဘုရင်ကတော် ဖြစ်ပြီး မော်လို့ ကြွားလို့ ပျော်လို့ ပါးလို့၊ စားစားသောက်သောက် ခါးထောက်ပြီး ဘဝဟောင်းကို အမေ့ကြီးမေ့နေပါလား။ ဟို သူ့လင်ကြီးခမျာတော့ အရက်တွေမူး၊ မယားကို လွမ်းလို့ အရူးကြီး တစ်ပိုင်းဖြစ်

နေရှာသတဲ့။' 'စကား' ဟု ဆိုသည် မဟုတ်လား။ သတင်းစကားတွေကဖြင့် 'စ'က
က 'ကား' ပြီး နန်းတော်ထဲ ဝင်လာလေသည်။ ဖြစ်ပုံက သုဘာရာဇ်၏ မယားက
မင်းတရားက အမြတ်တနိုး မြှောက်စားခဲ့ကတည်းက လက်ရှိမိဖုရား အများမှာ
သည်စုစု အတင်းပြောကြသည်မှာ တီးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ၊ 'မိဖုရား
သစ်'ကလေးအကြောင်းသာပဲ ပြောနေကြသည်။ မိဖုရားတို့မှာ မိန်းမတွေဆိုတော
မိန်းမပီပီသသ အားနွဲ့သူတို့ထုံးစံ၊ အတင်းအဖျင်းကလေးတွေ စုပြောတာ ဝါသန
လိမ့်မည်။ ဤသို့ဖြင့် ပထမတော့ သုဘာရာဇ်မယား မိဖုရားလက်သစ်ကလေး၏
ပြော။ နောက်တော့ သုဘာရာဇ်တစ်ယောက် တငိုငို တရှိုရှိုနှင့် ဘဝပျက်နေပုံ သတ
ပြော။ သုဘာရာဇ်ခမျာ သူ့ကိုပေးထားသော အမတ်ကြီးရာထူးကိုပင် မက်မောခြင်း
တမှိုင်မှိုင် တတွေတွေ ဖြစ်နေသည်ဆိုပဲ။ ထိုသတင်းတွေက မင်းတရားကြီး နရပတိ
၏ နားသို့ပင် တည့်တည့်ကြီး ရောက်လာလေသည်။ ဤတွင် နရပတိစည်သူမ
သည် သုဘာရာဇ်ကိုလည်း သနား၏၊ သုဘာရာဇ်၏ မယားကိုလည်း မခွဲနိုင် မ
စွဲလန်းနေပြီဖြစ်တော့ ဘာဆက်လုပ်သင့်သလဲ ဟု မိဖုရားများကို တိုင်ပင်တော်မူလေ

**နရပတိစည်သူ**။ ။ 'ဘယ်နှယ့်လဲ၊ နှမတော်တို့ရေ အကြံ
များ ပေးကြပါဦးဗျာ၊ ကိုယ်တော်ရှင်မြ
ဖြင့် မယားကလေး 'ရှင်ရွှေထား' ကို
လိုမှ မခွဲနိုင်၊ မခွာနိုင် စွဲမက်နေမိ
သူ့လင်ကြီး သုဘာရာဇ်လည်း တငိုငို
အရူးကြီး တစ်ပိုင်း ဖြစ်နေရှာသတဲ့၊
စရာပေပဲ။ ကိုယ်တော် ဘာဆက်လု
သလဲဗျာတို့'

မိဖုရားတွေမှာ ယခုလို ဘုရင်မင်းမြတ်က အကြံတောင်းလာပြီ ဖြစ်တော
တို့ စဉ်းစားရသမျှကို လျှောက်တင်ကြသည်။ 'ဘယ့်နှယ်လဲ၊ သူ့ခမျာလည်း
တစ်ဦး ဆုံးပါးထားတော့ ဆောက်တည်ရာ မရ ဖြစ်ပေမှာပဲ။ သူ ဆုံးပါး
မယားကို အစားပြန်ပေးလိုက်လျှင် ထိုအပူမီး ငြိမ်းတန်သရွေ့ ငြိမ်းတန်ကောင်းပါ

ဤသို့ မိဖုရားအများက မင်းကြီးကို အကြံပေးကြသည်။

**ဝေဠုဝတီမိဖုရား**။ ။ 'အရှင်မင်းကြီး သူ့မယားကို ယူလိုက
အခါ သူ့စိတ်မှာ ဘယ်လို ချမ်းသာနိုင
သူစိတ်ချမ်းသာအောင်တော့ တစ်ခုခု
ပေးမှ သင့်မယ်'

**ရွှေအိမ်သည် မိဖုရား။** ။ 'အရှင်မင်းကြီးရဲ့ ကိုယ်လုပ်တော်တွေထဲက တစ်ယောက်ယောက်ကို အစားပေးလိုက်လျှင် ကောင်းမယ် ထင်ပါတယ်'

**အခြားမိဖုရားများ။** ။ 'အစ်မတော် ဝေဠုဝတီနှင့် ရွှေအိမ်သည်တို့ အကြံပေးတဲ့ အတိုင်း ပြုလုပ်သင့်ကြောင်းပါ အရှင်မင်းကြီး'

ဤသို့ မိဖုရားအများက ဆန္ဒမဲ ပေးနေကြသောအခါ နရပတိစည်သူမင်းကြီးသည် ရွှေယောက်ဖ သုဘာရာဇ်ကို နန်းတော်သို့ လျှို့ဝှက်ခေါ်ယူပြီး နှစ်ကိုယ်ကြား ဆွေးနွေးရ၏။

**နရပတိစည်သူမင်းကြီး။** ။ 'နောင်တော် သုဘာရာဇ်၊ ကိုယ်စိတ်နှစ်ပါး မချမ်းမသာ ဖြစ်နေတယ်လို့ ကိုယ်တော်ရှင်မြတ် သတင်းတွေ ကြားနေရတယ်။ သည်တော့ နောင်တော့်အတွက် ကောင်းမွန်သင့်မြတ်မယ့် အစီအစဉ် တစ်ခုရှိတယ်။ နောင်တော် ကိုယ်စိတ် နှစ်ဖြာ ချမ်းသာသွားမယ့် အစီအစဉ်ပါပဲ'

**သုဘာရာဇ်။** ။ 'ဘုန်းတော်ကြောင့် ကြားခွင့်ပေးပါ ဘုရား၊ သိပါရစေဘုရား'

**နရပတိစည်သူမင်းကြီး။** ။ 'သည်လိုဗျာ၊ နောင်တော့်မယား ရှင်ရွှေထားကို ကိုယ်တော်က ယူလိုက်တော့ ပြန်ပေးလို့ မဖြစ်ပေဘူး။ ရှင်ရွှေထားကိုလည်း မိဖုရားတစ်ပါးရဲ့ အဆောင်အယောင်များ ချီးမြှင့်ထားလို့ ကောင်းစားနေပြီ ဆိုတာ နောင်တော် သိမှာ ကြားမှာပါပဲ။ ဒါ့ကြောင့် နောင်တော့်အတွက် သင့်လျော်မယ့် အစီအစဉ်ကို ကိုယ်တော်ရှင်မြတ် စဉ်းစားမိတယ်။ တခြားတော့ မဟုတ်ပေဘူး။ ကိုယ်တော်ရှင်မြတ်ရဲ့ ကိုယ်လုပ်တော် မိန်းကလေးတွေထဲက နောင်တော် ကြိုက်တဲ့ တစ်ယောက်ကိုရွေး၊ နောင်တော်နဲ့ လက်ထပ်ပေးလိုက်မယ်၊ မကောင်းပေဘူးလား'

**သုဘရာဇ်။** ။ (ဝမ်းသာအားရ ဖြစ်သွားပြီး) 'ကောင်းလှပြီ မင်းကြီး၊ စောစောက ပြောရောပေါ့ဘုရား တော်ပါပေတယ် အရှင်မင်းကြီး၊ ဝမ်းမြောက် ရှိပါပေတယ် အရှင်မင်းကြီး'

ဤသို့ဖြင့် သုဘရာဇ် တစ်ယောက် အလုပ်ထွေပြားသွားရပါပြီ။ နရပတိ မင်းကြီးမှာ မိဖုရားတွေအပြင်၊ မိဖုရား အဆင့်အတန်း မရသော ကိုယ်လုပ်တော် မပျိုတွေက အများသားကလား။ အဲသည် မိန်းမပျိုကလေးတွေကို သုဘရာဇ်တစ် သားကောင်အား မုဆိုးချောင်းသလို လိုက်ချောင်းရသည်။ ဘယ်မိန်းကလေးဖြင့် သား။ ဒါပေမယ့် ဝလွန်းတယ်။ ဘယ်ကောင်မကလေးကဖြင့် ရုပ်ကလေး သင့်ပါ ဒါပေမယ့် အရုပ်ကပုပျပ်ပျပ်နှင့်၊ ဟိုကိုယ်လုပ်တော်ကလေးကဖြင့် ကိုယ်လုံးကိုယ် ရော ဆင်းပြင်မှုယာရော ပြောစရာ မရှိပေဘူး။ ဒါပေမယ့် နှုတ်အာကြမ်းတယ်။ အနိုင်ကျင့်ရင် ဒုက္ခ၊ စသည်ဖြင့် အရိုးများသော ချေးခါးသော ကြိုက်သလို ရွေးချ နောက်၊ မိမိ စိတ်သဘောဆန္ဒနှင့် ကိုက်ညီသည့် မိန်းမပျိုချောတစ်ဦးကို လက်ညှိ လိုက်သည်။ ဘုရင်မင်းမြတ်၏ ကိုယ်လုပ်တော် ဆိုတော့ ဘုရင်ကို အလုပ်အကျွေ ဖြစ်၍ အပျိုတော့ဖြင့် မရနိုင်ပေဘူး၊ ဒါပေမယ့် ဘာဖြစ်သလဲလေ၊ ကိုယ့်မယား ရွေထား' ကို ဘုရင့်ထံ ဆက်သလိုက်ရသည်မှာ ကိုယ်ပစ္စည်းကလည်း အပျို မဟုတ်ပေပဲ။ သုဘရာဇ်ခမျာ ဤသို့ တွေးမိချင်လည်း တွေးမိရှာပါလိမ့်မည်။ ဤသ သုဘရာဇ် လက်ညှိုးညွှန်သော ထိုကိုယ်လုပ်တော် မိန်းကလေးကို မကြာမီ သုဘ အိမ်သို့ ပို့ပေးလိုက်ကြ၏။ သုဘရာဇ်မှာ **အပျော်ကြီး** ပျော်၊ အမော်ကြီးမော်၊ အရွှ ရွှင်၊ အကင်ကြီးခင်၊ ငါလိုလူ **ဇမ္ဗူမှာ ရှိသေးရဲ့လား** ဟု တွေးပြီး ဖိုးကျိုင်းတုပ်။

သို့သော် ကိုယ်လုပ်တော် **မိန်းကလေးချော**ချောကို သဘောအတွေ့ကြီး အကြိုက်ကြီးကြိုက်၊ **အနှစ်သက်ကြီး** နှစ်သက်နေသော သုဘရာဇ်သည် တစ်နေ့ အခါ အာသာငမ်းငမ်းတက်၍ နရပတိစည်သူမင်းတရားထံ အခစား ဝင်လာပြန်လေ

**နရပတိစည်သူမင်း။** ။ 'ဟဲ့ ဟိုနှားမှာ အခစားဝင်တာ နောင်တော် သုဘ ထင်တယ် ဟုတ်စ'

**သုဘရာဇ်။** ။ 'မှန်လှပါ ဘုန်းတော်ကြောင့် အခစားဝင်ပါတ ဘုရား'

**နရပတိစည်သူမင်း။** ။ 'အေး ဟိုတစ်လောက နောင်တော်အတွက် စိတ်ကြိ ကိုယ်လုပ်တော်ကလေး တစ်ယောက် ပေးလိုက် ပြီ မဟုတ်လား၊ ဘာများ လျှောက်တင်ချင်လို့

အဆင်မပြေပြန်ဘူးလားကွယ့်'

**သုဘာရာဇ်**။ ။ 'မှန်လှပါ ဘုန်းတော်ကြောင့် အဆင်ပြေလှပါတယ် ဘုရား၊ အဆင်မပြေ မရှိပါ ဘုရား'

**နရပတိစည်သူမင်း**။ ။ 'အေးကွယ်၊ အဆင်ပြေတယ် ဆိုလဲ ဝမ်းသာရမှာ ပနော၊ နို့ အခု တစ်ခါ လာတာက ဘာကိစ္စတုန်း ဆိုပါအုံး'

**သုဘာရာဇ်**။ ။ 'မှန်လှပါ လျှောက်တင်ရမည် ဆိုပါလျှင် အဲ အဲ'

**နရပတိစည်သူမင်း**။ ။ 'တင်လေဗျာ၊ နောင်တော်ရဲ့၊ ဘာဖြစ်လို့ နှောင့်နှေးနေရတာလဲ'

**သုဘာရာဇ်**။ ။ 'မှန်လှပါ အရှင်မင်းကြီး၊ သနားတော်မူတဲ့ ကိုယ်လုပ်တော် မိန်းကလေးဟာ အလွန်ပဲချော၊ အလွန်ပဲ လိမ္မာပြီး မယားဝတ်ငါးပါး ကျေပွန်လှပါတယ် ဘုရား။ ဒါကြောင့် အဲဒီလို ချောမောလှပတဲ့ ကိုယ်လုပ်တော် တစ်ပါး ထပ်မံပြီး စွန့်ကျဲ ပေးသနားပါအုံးလို့ ရှိသေစွာ တောင်းပန်ရစေဘုရား'

သုဘာရာဇ်မှာ ပထမ မလျှောက်တင်ဝံ့ရဲရဲ ဖြစ်နေပြီးမှ လျှောက်တင်ပြန်တော့လည်း ကရားရေသွန် အလွန်ပဲ ရဲတင်းလှပါဘိတော့သည်။ နရပတိစည်သူမင်းကြီးမှာ သုဘာရာဇ် စကားကို ကြားသောအခါ ရုတ်တရက် ချက်ချင်း ဘာပြန်ပြောရမှန်း မသိ၊ အာစေးထည့်ထားသလို ဖြစ်သွားလေသည်။ ခဏကြာမှ ခေါင်းတညိတ်ညိတ်နှင့် ပြုံးကာ....

**နရပတိစည်သူမင်း**။ ။ 'အင်း ငါ့နောင်တော်လဲ ရလေလိုလေ အို တဏှာ ဆိုတာလို ဖြစ်နေပါပေါ့လားဗျ၊ ကဲလေ ရှိပစေ၊ ရှိပစေ၊ နောက်ထပ် ကိုယ်လုပ်တော် တစ်ယောက် ထပ်ပေးလိုက်ပါ့မယ်၊ ဒီတစ်ခါ ရပ်တန်းက ရပ်နော်၊ နောက်ထပ် မတောင်းလာနဲ့တော့ဗျ'

**သုဘာရာဇ်**။ ။ (ဝမ်းသာစွာဖြင့် သုံးကြိမ်မက လေးကြိမ်မက၊ ငါးကြိမ်မက ဦးချရင်းမှ) 'မှန်လှပါ နောက်ထပ် မတောင်းတော့ပါဘူး ဘုရား၊ မတောင်းတော့ပါဘူး ဘုရား၊ စိတ်ချပါ ဘုရား'

သုဘာရာဇ်လည်း ဘုရင့်အပါးမှ ခွာခဲ့ပြီး ကိုယ်လုပ်တော် ချောချောလှလှ တစ်ယောက် နောက်ထပ် ရှာဖွေတောင်းဆိုရပြန်သည်ဟူ၏။

(မှန်နန်းရာဇဝင်တော်ကြီးသည် မြန်မာ့သမိုင်းမှ ဖြစ်ပေါ်တိုးတက်ခဲ့သော
ရေး၊ လူမှုရေး၊ စီးပွားရေး ဖြစ်ရပ်များကို စုံစေအောင် မှတ်တမ်းတင်နိုင်စွမ်း ရှိ
၏။ ယခုလည်း ကြည့်ပါ။ နရပတိစည်သူမင်းနှင့် ယောက်ဖတော်သူ သုဘရာဇ်
'ဟိဓာတ်လမ်း' ကလေးကို တင့်တင့်တယ်တယ် နားဝယ်ကြားသင့်သော စာသ
ဤသို့ မော်ကွန်းတင်ပေးလေသည်။

> နရပတိစည်သူမင်းကြီးလည်း ယောက်ဖတော် သုဘရာဇ်၏ မယ
> မြင်တော်မူလျှင် တိမ်းမပ်တော်မူသောစိတ် ရှိသည် ဖြစ်၍ နန်းတင်၍
> တော်တွင် စေပါးတော်မူ၏။ သုဘရာဇ်လည်း လခွဲတိုင်တိုင် အရှ
> ဖြစ်ဘိ၏။ ထိုအကြောင်းကို မင်းကြီး ကြားတော်မူသော် ဤ အ
> အတိသို့ ပြုရအံ့မည်ဟု မိဖုရားတို့ကို တိုင်ပင်တော်မူ၏။ မိဖုရားတို့
> အလောင်းမင်းကြီး သူ့မယားကို ယူတော်မူသည်ကို သူချမ်းသာနိုင်မည်
> ဟု မယားကိုယ်စား အလောင်းမင်းကြီး၏ ကိုယ်လုပ်တော် တစ်ယေ
> ယောက်တွင် သုဘရာဇ်၏ ကြိုက်သော သူကို ပေးတော်မူလော့ဟူ၍ လျှေ
> ကြကုန်၏။ မင်းကြီးလည်း မောင်းမငယ် တစ်ယောက်ကို ပေးတော်မူ
> သုဘရာဇ်လည်း တစ်ယောက်ပေးပါဦးဟု နားတော်လျှောက်ပြန်
> မင်းကြီးလည်း မောင်းမငယ် တစ်ယောက်ကို ပေးတော်မူပြန်၏။ ထ
> နှစ်ယောက်ရသည် ဖြစ်မှ ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။[၁]

---

၁။ မှန်နန်းရာဇဝင်တော်ကြီး၊ စာ-၃၂၇။

## (၆) ခူနာမှ စခဲ့သော ပုဂံ၏ နိုင်ငံရေး

(က)

အထက်ပါ အခန်းတစ်ခန်းတွင် ဥယျာဉ်သည် သမီးတစ်ယောက်နှင့် နရပတိစည်သူမင်းတို့ နဖူးစာ ဆုံခဲ့ရပုံကို ဖော်ပြခဲ့သည်။ မှန်နန်းရာဇဝင်တော်ကြီးက ထိုဥယျာဉ်သည်၏ သမီးအမည်ကို အတိအကျ မဖော်ပြခဲ့။ သို့သော် ထိုဥယျာဉ်သည် သမီးကား အတွေးအခေါ် ရှိသူ ဖြစ်ကြောင်း ပေါ်လွင်ခဲ့၏။ ကြည့်ပါ။

တစ်ကြိမ်တွင် နရပတိစည်သူမင်းကြီးသည် ညာလက်မတွင် အနာတစ်လုံးပေါက်ခဲ့သည်။ စကားပုံက ဆိုသည် မဟုတ်လား။ 'ရှင်ဘုရင် ခေါင်းခဲ-သဲ' တဲ့။ ယခုလည်း ရှင်ဘုရင်၏ လက်မတွင် အနာတစ်လုံးပေါက်သည် ဆိုပါလား။ ဘာအနာပါလိမ့်။ သမားတော်များ အလုပ်ရှုပ်ကြပြီ။

ထိုအနာကို နန်းတွင်းသမားတော်များ ဂရုစိုက် ကုသပေးကြသည်။ အနာက ခူနာ ဆိုပဲ။ ခူနာတို့ သဘောကား ဖြစ်ပွားပြီဟု ဆိုလျှင် အနာပြည်ပေါက်သော အခါမှပင် လုံးဝ သက်သာရတော့သည်။ အနာပြည် မပေါက်မချင်းကား အနာ၏ ကိုက်ခဲမှု ဝေဒနာကို ကြိတ်၍သာ ခံပေတော့။

ယခုလည်း ကြည့်ပါတော့။ နရပတိစည်သူမင်းကြီးခမျာ ဝေဒနာကို ပြင်း ခံစားနေရသဖြင့် ရပ်တည်ရာ မရနိုင်။ သမားတော်များကလည်း ဝေဒနာမှ သက် သက်သာစေကြောင်း စားဆေး၊ လိမ်းဆေးအမျိုးမျိုးဖြင့် ကုသပေးကြသည်။ သို့ ရူနာတို့၏ သဘောကား အနာရင့်မှည့်ခြင်း မရှိသေးပါက မည်သည့် ဆေး ဝါးကောင်းများဖြင့် ကုသပါစေ သက်သာပျောက်ကင်းခြင်း မရှိ။ ဝေဒနာရင်မှာ တည်ရာ မရ၊ မည်သို့ပဲ ဒဏ်ခံရစေ၊ ခံရစေ အနာမှည့်ဝင်း၍ ပြည်ပေါက် အချိန်အခါ ရောက်မှသာ ဝေဒနာမှ သက်သာရာ ရစမြဲတည်း။

ဤ အတိုင်းပင် နရပတိစည်သူမင်းကြီးမှာ လက်မတွင် မခေါ်ပင့်ချေ၊ လာလေသော ရူနာ၏ ကိုက်ခဲခြင်း ဝေဒနာကို လှိမ့်၍ ခံနေရသည်။ သက် ပျောက်ကင်းရန်ကား 'လမ်းဘယ်မမြင်'။

ထိုအခြေအနေတွင် နရပတိစည်သူမင်းကြီးသည် ဝေဒနာမှ သက်သာရာ သက် ကြောင်းအတွက် မိဖုရားများ၏ နန်းဆောင်အသီးသီးသို့ လှည့်လည် သွား စံမြန်းခဲ့သည်။ မိဖုရားခေါင်ကြီးနှင့် မိဖုရားအများလည်း ကြင်ယာတော် ဘုရင်မင်း ၏ ရူနာ ဝေဒနာ သက်သာပျောက်ကင်းစေရန် နည်းအမျိုးမျိုးဖြင့် ပြုစုကုသပေး သည်။ လက်အနာက ဝေဒနာသည်းနေသောကြောင့် နရပတိစည်သူမင်းကြ အိပ်၍လည်း မပျော်၊ စားတော်ခေါ်၍လည်း မဝင်။ မိဖုရားများက လင်တော်မောင် တရား ဘာကလေးများ စားချင်သောက်ချင် ရှိပါလိမ့်ဟု စဉ်းစားပြီး ကောင်းနိုးရ ကလေးများ ချက်ပြုတ်၍ ဆက်သကြရာ၏။ သို့သော် မင်းတရားမှာ ဘာဟ ဘာထမင်းကိုမျှ စားချင် သောက်ချင်ခြင်း မရှိ။ ဝေဒနာ ခံစားနေရသဖြင့် တအင်း တအဲထဲ ငြီးငြူရင်း မအိပ်နိုင်၊ မစားနိုင်ရှာ။ အစာမဝင်၊ အိပ်မပျော်၍ ကိုယ်က ပိန်ချုံးပြီး လူလုံးမလှရှာ။

နရပတိစည်သူမင်းကြီး ရူနာ ကိုက်ခဲမှုဒဏ်ကို ပြင်းထန်စွာ ခံစားနေရ မင်းကြီး၏ ဝေဒနာကို ကယ်တင်မည့် မေခလာ နတ်သမီး တစ်ပါး ပေါ်ပေါက် သည်။ မေခလာ နတ်သမီး ဆိုတာက စင်စစ် တင်စား ပြောရခြင်းပင် ဖြစ်တော့သ ဘုရားအလောင်း ဇနက္က မင်းသားသည် သင်္ဘောပျက်၍ ပင်လယ်ထဲတွင် ဒုက္ခကြီ ရောက်နေချိန်၌ ဖွဲကြီးသော မင်းသားကို မဏိမေခလာ နတ်သမီးက ကယ်တ သဖြင့် အသက်ချမ်းသာရာရခဲ့သော သာဓက ရှိခဲ့ဖူးသည် မဟုတ်လား။

ယခုလည်း နရပတိစည်သူမင်းကြီးခမျာ ကယ်ပါ ယူပါ တစာစာ အော်ဟ ရူနာ ကိုက်ခဲသော ဒဏ်ခံနေရသည်မှာ ရက်ပေါင်းများစွာ ကြာခဲ့ပြီ။ မိဖုရားများ အဆောင်များသို့ တစ်ဆောင်ပြီး တစ်ဆောင် ပြောင်းလဲစံမြန်းခဲ့သည်။

ပထမတွင် ကြင်ယာတော် ဝေဠုဝတီမိဖုရား၏ ခမ်းနားကြီးကျယ်သော နန်းဆောင်သို့ ကြွမြန်းခဲ့သည်။ မိဖုရားခေါင်ကြီး ဝေဠုဝတီမှာ မောင်တော်မင်းတရား ခံစားနေရရှာသော ဝေဒနာကို မရှုရက်ရှာ၊ မမြင်ရက်ရှာ။ ဖြစ်များ ဖြစ်နိုင်ပါလျှင် မောင်တော့်ကိုယ်စား နှမတော် ကိုယ်တိုင်ပင် ဝေဒနာကို မျှဝေခံစားပေးလိုက်ချင်ပါရဲ့။ သို့သော် ထိုသို့လည်း မဖြစ်နိုင်သေး။ မောင်တော်မင်းတရား ခံစားနေရသော ဝေဒနာကို ထိုင်ကြည့်နေရုံ ခြေဆုပ်လက်နယ် ပြုပေးရုံက လွဲ၍ ဘာမျှ မတတ်နိုင်ရှာ။ မောင်တော် ဘုရင်မင်းမြတ်မှာ ဝေဒနာ သည်းနေသောကြောင့် အစားအစာ ဆို၍ ဘာမျှမစား၊ ဘာမျှ မဝါး၊ အစာမဝင်၊ ရေမဝင်သော အဖြစ်ဆိုးနှင့် တည့်တိုးကြီး ကြုံနေရပြီ။

နရပတိစည်သူမင်းခများမှာ မိဖုရား ဝေဠုဝတီ၏ အပြုအစု အယုအယကလေးများကိုပင် သာယာခြင်း မရှိနိုင်ပြီ။ ဖြစ်နိုင်လျှင် အနားမှာ လူဆို၍ တစ်ဦး တစ်ယောက်မျှ မရှိစေချင်။ တအင်းအင်း၊ တအဲအဲ လွတ်လပ်စွာ ညည်းညူအော်ဟစ်နေရသည်ကမှ ကောင်းသေးဟု ထင်မိတော့သည်။ ဆေးသမားတွေ၊ သမားတော်ကြီးတွေမှာတော့ အမေကယ်ပါ၊ အဘကယ်ပါ တစာစာ ညည်းညူနေရှာသော ဘုရင်မင်းမြတ်ရှေ့တော်သို့ ဝင်ရောက်ခစားဖို့ပင် မဝံ့ရှာကြ။ မနီးမဝေးမှ အရိပ်အကဲကို ကြည့်၍ ခစားနေကြရသည်။ မိဖုရားခေါင်ကြီး ဝေဠုဝတီက အသံပြု၍ ဝင်စေထွက်စေ ခေါ်ငင်ပြောဆိုမှပင် ဘုရင်မင်းမြတ်၏ သလွန်တော်အနီးသို့ ကပ်ဝံ့ကြရှာသည်။

နရပတိစည်သူမင်းကြီးမှာ ဤသို့ ဝေဒနာ ခံစားရင်းနှင့် မိဖုရားတို့၏ အဆောင်များသို့ တစ်ဆောင်ပြီး တစ်ဆောင် လှည့်လည်၍ စံမြန်းခဲ့သည်။ သို့သော် ဝေဒနာက ဖြင့် မသက်သာလှ။ အစာမဝင်လို့ သည်ဘဝ သည်မျှနှင့် နိဂုံးကမ္ပတ် အဆုံးသတ်တော့မည် လား။ အားငယ်ဖို့ ကောင်းလှဘိ။ မင်းတရားကြီး၏ ခန္ဓာကိုယ်ကား ပိန်ချုံး၍ လှလုံးပင် မလှရှာပြီ၊ ထိုအချိန်တွင်–

(ခ)

ထိုအချိန်တွင် နရပတိစည်သူမင်းကြီးသည် မိဖုရားတကာတို့၌ အနှောင်းဆုံး မိဖုရား၊ သို့မဟုတ် အထွေးဆုံး မိဖုရားကလေးထံသို့ ရောက်ခဲ့လေသည်။ အရင့်အရင် မိဖုရားတို့၏ နန်းဆောင်အသီးသီးသို့ မင်းတရားကြီး လှည့်လည် စံမြန်းခဲ့ပြီးပြီ။ မင်းတရားကြီးမှာ ဘယ်မိဖုရား စံအိမ်တော်မှာမှ ရောဂါဝေဒနာ မသက်သာခဲ့။ ယခုမိဖုရား အထွေးဆုံးကလေးထံသို့ ရောက်မှပဲ မင်းတရားကြီး နေသာထိုင်သာ ရှိသလိုလို ထင်မှတ်ရသည်။ ကဲ သည်တော့ မေးရပေဦးမည်။ ထိုမိဖုရားငယ်ကလေးက ဘယ်သူပါလိမ့်။

ထိုမိဖုရားငယ်က ဘုရင်မင်းမြတ်၏ ဝေဒနာတော်ကို သက်သာရာ သက်သာကြေ
ဖြစ်အောင် ဘယ်လိုများ ကုသပေးခဲ့ပါလိမ့်။

ဖြေပါအံ့။ ထိုမိဖုရားငယ်မှာ အဆင့်အတန်း သိပ်မြင့်မြင့်မားမားထဲက လ
မဟုတ်တန်ရာ။ ရှေ့အခန်းတွင် ဖော်ပြခဲ့ပြီး မဟုတ်လား။ မှန်နန်းရာဇဝင်တော်ကြီ
အဆိုအမိန့်အတိုင်း ပြန်ရေးသော် **'ဥယျာဉ်သည် သမီးတစ်ယောက် အဆင်းအ
လက္ခဏာကြီးငယ်နှင့် ပြည့်စုံသာသူကို မင်းကြီး ယူတော်မူ၍ လုပ်ကျွေးရ၏။
သူငယ်မတွင် သားတော် ဈေးသိခ်ကို မြင်တော်မူသည်'** တဲ့။ ဆိုရလျှင် နရပ
စည်သူမင်းကြီး၏ (၁၁) ပါးမြောက် မိဖုရား ဖြစ်သည်။ မှန်နန်းရာဇဝင်က သည်မိဖု
ငယ်၏ အမည်နာမကို ဃဂဏ္ဍာ မရေးပြပေ။ သို့သော် ယခုအခါ ဆောင်းပါး
တစ်ဦးကမူ ချယ်ရီမဂ္ဂဇင်းတွင် ထိုမိဖုရား၏ အမည်ကို သေချာကျနစွာ ဤသို့ ဖော်
လေသည်။

## သမိုင်းထဲက ပုဂ္ဂိုလ်ကျော်များ
## ရေးသူ ကောင်းမော်

### ပုဂံခေတ် မိဖုရားများ

**ပုဂံခေတ်က ထင်ရှားကျော်ကြားခဲ့တဲ့ မိဖုရားများအကြောင်းကို မပြောခ
တိုင်းပြည် အုပ်ချုပ် မင်းလုပ်သူတွေရဲ့ အပါးမှာ ကျင်လည်ခဲ့ကြရတဲ့ မိန်း
သားများ အကြောင်းကို ဦးစွာ ပြောချင်ပါတယ်။ ပဒေသရာဇ်ခေတ်မှာ တိုင်
ပြည်ရဲ့ အချုပ်အခြာ အာဏာကို မင်းလုပ်သူက ပိုင်ဆိုင်ပါတယ်။**

**ရေမြေ့ရှင်မင်းကြီးလို့ ဆိုလိုက်ရင် တစ်ပြည်အတွင်းမှာ ရှိရှိသမျှ သက်ရှိ
သက်မဲ့အရာ အားလုံးကို ပိုင်ဆိုင်သူ ဖြစ်ကြောင်း သိသာပါတယ်။**

**ပုဂံခေတ် ရေမြေ့ရှင်မင်းကြီးရဲ့ အပါးမှာ အမျိုးသားနဲ့ တန်းတူ အမျိုး
သမီးများလည်း အမှုတော်ကို ထမ်းရွက်ခဲ့ကြပါတယ်။ ရေမြေ့ရှင်မင်းကြီးရဲ့
သားတော် သမီးတော်တွေကို ထိန်းကျောင်းပြုစုရတဲ့ နို့ထိန်း၊ အထိန်းတော်
အချိုတော် အယပ်တော် မိန်းမသားများ၊ ကွမ်းတော်ဆက်ရတဲ့ ကွမ်းတင်သည်
မိန်းမသားများ၊ မောင်းမလို့ ခေါ်တဲ့ ကိုယ်လုပ်တော် အမျိုးသမီးများ၊ အပိ
သင်လို့ ခေါ်တဲ့ အပျိုတော်များ၊ အပျိုတော်များကို ထိန်းသိမ်းရတဲ့ အပျိုတော်
ထိန်း ဆိုတဲ့ အမျိုးသမီးအများအပြားကို သူ့အဆင့်နဲ့သူ ထမ်းရွက်စေပါတယ်။**

**ပုဂံခေတ်မှာ တန်ခိုးအရှိန်အဝါကြီးခဲ့တဲ့ မိဖုရားလေးဦး ရှိပါတယ်။ နရပတိစည်သူ (အေဒီ ၁၁၁၇–၁၂၁၁) ရဲ့ မိဖုရား တစ်ပါး ဖြစ်တဲ့ *စဝ်မြကန်သည် မိဖုရား*၊ အေဒီ ၁၂၁၁ ခုနှစ်မှာ နန်းတက်ခဲ့တဲ့ ထီးလို မင်းလိုမင်း၊ (နန်းတောင်းများ မင်းကိုမွေးသူ)၊ နရသိင်္ခဥစ္စနာမင်း၊ (နန်းတောင်းများမင်းရဲ့ သား)၊ (အေဒီ၊ ၁၂၃၁– ၁၂၃၅) ရဲ့ မိဖုရားတစ်ပါး ဖြစ်တဲ့ *မင်းဗိုင်းဖွားစော*၊ တရုတ်ပြေးမင်းလို့ ခေါ်တဲ့ နရသီဟပတေ့မင်းရဲ့ မိဖုရားတစ်ပါး ဖြစ်တဲ့ *ရာဇသူဖွားစော*၊ ကျော်စွာ (နန်းကျကျော်စွာမင်း) ရဲ့ မိဖုရားတစ်ပါး ဖြစ်တဲ့ *သစ်မထီးဖွားစော*တို့ပဲ ဖြစ်ပါတယ်။**

**ချယ်ရီ မဂ္ဂဇင်း၊ ၁၉၉၉**

ချယ်ရီမဂ္ဂဇင်း၌ ဖော်ပြသော စာရေးဆရာ 'ကောင်းမော်' ရှာဖွေ သုတေသနပြုချက်ဖြင့် နရပတိစည်သူမင်းကြီး၏ အထွေးဆုံး မိဖုရားအမည်ကို သိကြရပြီ။ သည်မိဖုရား၏ အမည်က 'စဝ်မြကန်သည်' ဆိုပဲ။ ဆောင်ပါးရှင် 'ကောင်းမော်'က စဝ်မြကန်သည် မိဖုရားကို ပုဂံခေတ်က တန်ခိုးအကြီးဆုံး မိဖုရားလေးပါးတွင် ထည့်သွင်းဖော်ပြထားသည်။ ဘယ်လို တန်ခိုးကြီးတာလဲ။ ဘယ်လောက် တန်ခိုးကြီးတာလဲ။ သေချာစွာ သိရအောင် စေ့ငှ စစ်ဆေးကြည့်ကြစို့။

ရှေ့တွင် နရပတိစည်သူမင်းကြီး လက်က ခူနာ ဝေဒနာ သည်းထန်စွာ ခံစားမရကြောင်း ဖော်ပြခဲ့ပြီ။

နရပတိစည်သူမင်းကြီးသည် လက်က ခူနာ ဝေဒနာကို ပြင်းပြစွာ ခံစားညည်းညူရင်း (၁၁) ပါးမြောက် မိဖုရားကလေး စဝ်မြကန်သည်၏ စံအိမ်တော်သို့ ရောက်ခဲ့သည်။ မိဖုရားကလေးသည် ကြင်ယာတော် မင်းတရားကို အထူးကျိုးနွံ ရိုသေစွာဖြင့် ပြုစုရှာသည်။ တကယ်ဆို မိမိမှာ ဥယျာဉ်သည် မိဘနှစ်ပါးမှ ဆင်းသက်လာသော မိန်းမပျို မဟုတ်ပါလား။ အကြောင်းသင့်သောကြောင့် မင်းတရားကြီးကောက်တော်မူ၍ အဆောင်ရ၊ နန်းရ၊ မိဖုရားတစ်ပါးအဖြစ် တင့်တယ်ခဲ့ရခြင်း ဖြစ်သည်လေ။ သည်တော့ မူလကနဦးကပင် ယဉ်ကျေးသိမ်မွေ့သော မိဖနှစ်ပါးမှ ဆင်းသက်လာသော ထိုမိဖုရားသည် ကျေးဇူးရှင် လင်မောင်ဘုရားကို ဝပ်တွားရိုသေစွာ လုပ်ကျွေးပြုစုသည်မှာ မထူးဆန်းတော့ချေ။

မိဖုရားကလေးမှာ ဘုရင်မင်းမြတ်၏ ရင်သွေးတော်ကလေး သားတော် ဇေယျသိခ်ကိုလည်း ပိုက်ထွေး ပြုစု ယုယနေရသည်။ တစ်ဘက်မှလည်း အိမ်တော်သို့ ကြွမြန်းလာသော ရေမြေ့ရှင် မင်းတရားကို မလစ်လပ်အောင် ပြုစုနေရသေးသည်။ သို့သော် မိန်းကလေးက ခေတ်စကားနှင့် ဆိုရသော် 'ဗိုင်းကောင်းကျောက်ဖိ' မိန်းကလေး။

မိမိ၏ ဘဝအခြေအနေကို မိမိသိပါသည်။ ဘုရင့် ဉယျာဉ်သည် ကာယလု
တစ်ဦး၏ သမီးဘဝမှ ကံအကြောင်းသင့်၍ နန်းမြင့်သို့ လှမ်းလင့်နိုင်ခဲ့သည်ကို
ကောင်းစွာ သဘောပေါက်နေသည်။

ထို့ကြောင့် သားတော်ကလေး 'ဓေယျသိခ်' ကိုလည်း ပြုစုပိုက်ထွေ
ကြင်ယာတော် ဝေဒနာသည်ကြီး နရပတိစည်သူမင်းတရားကိုလည်း လစ်ဟင်း
စေရအောင် ဂရုစိုက်ရသည်။ ဒါကတော့ မြန်မာစကားပုံများ ရှိပေသား မဟုတ်လာ
ဘာတဲ့ 'သားကိုသခင် လင်ကိုဘုရား' တဲ့။

ဟုတ်ပေလိမ့်မည်။ မိဖုရားကလေးမှာ သားတော်မောင် ဓေယျသိခ်မင်းသားက
ကို သခင်တစ်ယောက်နှယ် ပြုစုယုယပေးပါလိမ့်မည်။ သို့သော် လင်တော်မောင် န
စည်သူမင်းတရားကိုကား သားထက် အဆပေါင်းများစွာမှ များစွာ ဆိုကြပါစို့။ 'ဘ
တစ်ဆူ၊ ဂူတစ်လုံး' နှယ် အမှန်တကယ် ပြုစု ယုယပေရတော့မည် ဧကန်။

ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များတွင် 'သဗ္ဗေသတ္တာ၊ ကမ္မသကာ'
ပါဠိစာတစ်ကြောင်းပါရှိသည်။ ထိုပါဠိစကား၏ အဓိပ္ပာယ်က ဘာတဲ့လဲ။ ခ
နက်နဲသော ပါဠိစာသား၏ အဓိပ္ပာယ် ဝေဝုစ်ကို စာတစ်ကြောင်းတည်းဖြင့် အ
ထုတ်ရလျှင် ဤသို့ ဆိုရမည်။ **'အလုံးစုံသော သတ္တဝါတို့အား ကံစီမံရာ အတိုင်း
လျှင် ဖြစ်ရအံ့'**။ ကံ၊ ကံ၊ ကံ၊ ထိုကံ၊ ဤကံ၊ ဘယ်က လာသနည်း။ ဒါကလ
အရှင်းကလေးပါပဲ။ ရှေ့လွန်ခဲ့သော အတိတ်ဘဝ တစ်ခုတွင် ကောင်းတာတွေ လု
သော သူသည် ယခုဘဝတွင် ကောင်းသော ကံနှင့် ကံ၏ အကျိုးပေးကို ခံစား
နိုင်ပေတော့အံ့။

ရှေ့ဘဝတွင် မကောင်းတာတွေ လုပ်ခဲ့သူအဖို့ကား ယခုဘဝတွင် မကောင်းသေ
ကံ၏ မကောင်းကျိုးများကို ခံရပေမည် မလွဲတည်း။ ယခုလည်း ကြည့်ပါတော
နရပတိစည်သူမင်းနှင့် ဉယျာဉ်သည် သမီး၊ မိဖုရားကလေးမှ မွေးဖွားလာသော ဓေ
သိခ်အမည်ရသော ထိုမင်းသားငယ်ကလေးမှာ ရှေးဘဝက ထူးခြားသော ကုသိုလ်
အမွန်အချွန်များပါလာသူ ဖြစ်ပေ၏။ ကြည့်ပါတော့။ သူ၏ မယ်တော် မိဖုရားကလေ
၏ အိမ်တော်သို့ ခမည်းတော် လူမမာကြီး ရောက်ရှိလာခြင်းမှာ မင်းသားကလေ
အတွက် ရတနာပုံ ဆိုက်ခြင်းပင် ဖြစ်လေတော့၏။ ရတနာပုံ ဆိုက်ခဲ့ပုံကပင် ဝတ္ထုဇာ
လမ်း တစ်ပုဒ်နှယ် ဖြစ်တော့၏။ သို့သော် ဝတ္ထုကား မဟုတ်။ တကယ့် အတ္တုပ္ပတ္တိ
ဖြစ်ရပ်ပေတည်း။

မိဖုရားကလေး အိမ်နန်းသို့ နရပတိစည်သူမင်းကြီး ရောက်ရှိ စံမြန်းခဲ့သည်မှ
တစ်ရက်၊ နှစ်ရက်ကြာလေပြီ။ မင်းတရား၏ လက်မမှ ခူနာကြီးမှာ အကြီးအကျယ်

ချောင်ကိုင်း၍ နေသည်။ နေ့မအိပ်ရ၊ ညဥ့်တွင် စက်တော်မခေါ်ရ၊ ကယ်ပါ ယူပါ တစာစာ ငြီးငြူရင်း ဒုက္ခခံစားနေရရှာသည်။ အစာမဝင်၊ ရေမဝင် အိပ်ရေးကပျက်နှင့် မင်းတရားကြီးမှာ ပိန်ချုံး၍ လူလုံးပင် မလှရှာပြီ။ ဒုတိယမြောက် ညဥ့်တွင် မိဖုရား ကလေးက လင်တော်မင်းတရား၏ ကိုယ်ကို ပွေ့ထားရင်းမှ အနာဖြစ်နေသော လက်မကို ပါးစပ်ဖြင့် ငုံ၍ အာငွေ့ပေးထားသည်။

ဟန်ကျလိုက်ပါဘိလေ။ ရက်ပေါင်းများစွာ လပေါင်းများစွာ မအိပ်နိုင်အောင် ဝေဒနာ ခံစားနေရသော မင်းတရား၏ လက်မမှ ကိုက်ခဲနေသော ဝေဒနာမှာ မိဖုရား ကလေး၏ အာငွေ့ဖြင့် ပူနွေးသွားပြီး သက်သာရာ ရသွားသည်။ မင်းတရားခမျာ ဝေဒနာ အနည်းငယ် သက်သာသောကြောင့် မိဖုရားကလေး၏ ရင်ခွင်၌ မှေးကနဲ အိပ်ပျော်သွားလေသည်။

ထိုစဉ်ခဏတွင် မင်းတရား၏ လက်မမှ ရင့်မှည့်နေသော ရှုနာသည် အာငွေ့ပူပူ ပေးခံရသောကြောင့် ပြည်ပေါက်သွားလေပြီ။ အို အံ့ဖွယ်သူရဲ ထူးကဲလှပေစွတကား။ မင်းတရားကြီး၏ ရှုနာက ပြည်ပုပ်၊ သွေးပုပ်တွေ ပေါက်ပြီး ယိုစီးကျလာပြီ။ မင်းတရား ၏ လက်မမှ ရှုနာကို အာငွေ့ပေးထားသော မိဖုရားကလေးက ဘာလုပ်မည်နည်း။ လက်မမှ ရှုနာက ပြည်ပုပ် သွေးပုပ်တွေကို အပြင်သို့ ထွေးအန်ထုတ်တော့မည်လား။ ထိုသို့ ထွေးအန်ထုတ်ခဲ့သော် မင်းတရားကြီး စက်တော်ခေါ်ရာမှ လန့်နိုးပြီး ဝေဒနာ၏ ဒဏ်ကို မချိမဆန့် ခံစားရရှာပေတော့အံ့။

မိဖုရားကလေးသည် အကြိမ်ကြိမ်အဖန်ဖန် စဉ်းစားနေ၏။ အကြိမ်ကြိမ် အဖန်ဖန် တွေးတောနေ၏။ ဘာလုပ်လို့ ဘာကိုင်ရမှန်းလည်း မသိ ဖြစ်နေသည်။

'နှောင် ဒိုင်း'

အို အရုဏ်နီပင် လာတော့မည်ပ။ နန်းတော် ဗဟိုစည်မှ အရုဏ်ဦးကို ကြိုဆို သော စည်တော်သံသည် တိတ်ဆိတ် ငြိမ်သက်နေသော အကာလ ညဥ့်အချိန်ကို တွင်းဖောက်၍ ထွက်လာလေသည်။ ယခုအချိန်၌ မိမိ ပါးစပ်ထဲတွင် ယိုစီးထွက်ကျလာ သော သွေပုပ် ပြည်ပုပ်များကို ထွေးအန်ထုတ်လိုက်လျှင် ရက်ပေါင်းများစွာ စက်တော် မခေါ်နိုင်ဘဲ ရှိခဲ့သော မောင်တော်မင်းတရား စက်ရာမှ နိုးတော့မည်ကွယ်။ မောင်တော် ဘုရားသာ စက်ရာမှ နိုးခဲ့လျှင် ပြန်လည်၍ အိပ်စက်ခြင်း မပြုနိုင်တော့ဘူး ဆိုပါစို့။ သို့လက်တော်က ရှုနာဝေဒနာ၏ ကိုက်ခဲခြင်းဒဏ်ကို အချိန်များစွာ မချိမဆန့် ဆက် လက် ခံစားရတော့မည်ပ။ အို ချစ်မြတ်နိုးရပါတဲ့ မောင်တော် ဘုရားရယ်၊ မောင်တော် ဝေဒနာ ခံစားရမှာကို နှမတော်ကလေး မမြင်ရက်ပါ၊ မရှုရက်ပါရှင်။ ခုမှပဲ နှမတော် ကလေးမှာ'မထွေးနိုင်၊ မအန်နိုင်' ဆိုတဲ့ စကားကို ကိုယ်တွေ့ ကြုံနေရပါပြီကော၊

နေပါစေတော့လေ။ မောင်တော် စက်ရာမှ မနိုးစေရအောင် သည်နည်းလမ်း တစ်
သာ ရှိတော့တာကလား။ အဲသည့် နည်းလမ်းက ညှီစော်၊ ပုပ်စော်နံလှတဲ့ သွေ
ပုပ်တွေကို နှမတော်ကလေး ဝမ်းထဲ မျိုချလိုက်ရုံမှ လွဲပြီး တခြား မရှိတော့ပါ

မိဖုရားကလေးသည် အာရုံထဲတွင် ဖုပ်ပေါ်ပေါက်လာသော အတွေးကို မော
ဘုရား အပေါ်၌ ချစ်ကြင်မြတ်နိုးသည့် စိတ်ဓာတ်ဖြင့် ချက်ချင်း ဆုံးဖြတ်လိုက်
ထို့နောက် အာခံတွင်း၌ အစုအဝေးကြီး ဖြစ်လာနေသော သွေးပြည်ပုပ်များကို တ
တည်း ဝမ်းထဲသို့ မျိုချလိုက်လေတော့သည်။

မိဖုရားကလေးသည် မောင်တော်မင်းတရား၏ မျက်နှာတော်ကို ကညင်
တိုင်မှ အလင်းရောင်ဖြင့် သေချာစွာ ရှုကြည့်နေသည်။ ချစ်သော မောင်တော
အဖြစ်အပျက်ကို ဘာမှမသိ။ ဘာမှ ခံစားမှု ဝေဒနာမရှိ။ အိပ်မောကျနေသ
အချိန် များစွာ ကြာပါပကော။ သြော် မြတ်နိုး အားကိုးရသော ချစ်လင်ရဲ့ မျက်
ကညင်ဆီ မီးရောင် ဝါလုံ့လုံ့မှာ ရှုလို့မဝ ကြည့်လို့ မဝတော့ပါလား ချစ်မောင်ဘုရား

မိဖုရားကလေးသည် မောင်တော် နရပတိစည်သူမင်းတရားကို ပခုံးဖြင့်
လက်ဖြင့် ပွေ့ပိုက်ထားသည်မှာ အချိန်ကြာပြီ၊ အကြောမြွှင်များ သွေးမလျှောက်
ဘဲ လက်မောင်းမှ ပြင်းထန်စွာ နာကျင်ကိုက်ခဲ၍ နေသည်။ ယခုအချိန် မောင်
အိပ်မောကျနေခိုက် အားနေသော လက်ဖြင့် ပြောင်းလဲပွေ့ဖက်ရသော် သင့်တော်မည်
စဉ်းစားရှာသေး၏။ အို မတော်လို့ လက်ကို ပြောင်းရွှေ့ ပွေ့ပိုက်နေစဉ် မောင်တော်
တရား စက်ရာမှ ရုတ်တရက် နိုးလာသော် မခက်ပါလား။ ရှိပစေတော့လေ၊ မောင်
စက်ရာမှ နိုးလာမည့် အရေးကိစ္စကိုဖြင့် ရှောင်မှ ရှားမှ။ မလုပ်ရက်ပါဘူး မောင်
ဘုရားရယ်။ နှမတော်ကလေး လက်မောင်းတွေ နာပစေ၊ ကျင်ပစေ။ ဘာပဲဖြ
မောင်တော်ဘုရား ဝေဒနာ သက်သာပြီး အိပ်ပျော်နေတာကို ကြည့်နေရရင် နှမ
ကလေး ကျေနပ်ပါပြီ။

ထိုခဏတွင် မိဖုရားကလေး အတွေးသည် သားတော်ကလေး ဇေယျသိ
စိတ်ရောက်သွားသည်။ သားတော်ကလေးကို လှည့်မကြည့်အား၊ အထိန်းတော် အချိ
များထံ အပြီး လွှဲအပ်ထားရသည်။ ခုနေအခါ သားတော်ကလေး စက်ရာ ဆော
အိပ်ပျော်နေပြီလား မသိ။ ညဦးက သားတော်ကလေး၏ စက်ရာဆောင်မှ တ
ငိုမြည်သံကို ကြားလိုက်ရသေးသည်။ အခြေအနေကို မသိသော ထိုကလေးငယ်
မိခင်ထံသို့ လာချင်နေဟန် တူပါရဲ့။ 'မယ်ဖုရားဆီပို့ပေး' ဟု ငို၍ ပြောနေသံ
လိုက်သလိုလို။ ရှိပစေတော့။ သားတော်ကလေး ငို၍ မောသည့်အခါ အိပ်သွားလိမ့်မ
သည်မှာက သူ့ထက် အရေးကြီးသော သက်ဦးဆံပိုင် ရေမြေ့ရှင် မောင်တော် မင်းတ

၍ အရေးကိစ္စကို ဦးစားပေးရလေချိမ့်မည်။ 'သားတော်ကို ညည်းတို့ပဲ တာဝန်ယူ ချော့သိပ်ကြတော့ကွယ်' ဟု အထိန်းတော်တွေလက် ဝကွက်၍ အပ်လိုက်ရတော့သည်။

မကြာမီ လင်းရောင်နီ စိုစိုက အရှေ့ဘက် ကောင်းကင်ပြင်မှ ဖြို့၍ ဝင်လာပြီ။ အို အရဏ်တောင် တက်ပြီကိုး။

မိဖုရားကလေးက အရှေ့ဘက် ကောင်းကင်ပြင်ဆီမှ ဝင်းလက်လာသော လင်း ရောင်ခြည်ကို ပြတင်းကြေးမုံ မှန်မှ တစ်ဆင့် လှမ်းမျှော်ကြည့်နေသည်။ အိပ်ငိုက်ချင် သလိုလိုတော့ ရှိပေသား။ သို့သော် မငိုက်ရဲရှာ။ မတော်လို့ မိမိအိပ်ပျော်နေခိုက် မင်းတရား စက်ရာမှ နိုးလာသည်နှင့် ကြုံကြိုက်ခဲ့သော် အခက်ကြီး ခက်တော့မည် လေ။

'အင်း အင်း' နရပတိစည်သူမင်း၏ ညည်းညူသံ သဲ့သဲ့ ကြားရပြီးနောက် မင်းတရားသည် မျက်လုံးအစုံကို ဖြည်းညှင်းစွာ ဖွင့်လာသည်။ ယခုမှပင် သိနားလည် ရတော့၏။ တစ်ညဉ့်လုံးပင် နှမတော် မိဖုရားကလေးရဲ့ ရင်ခွင်ထဲမှာ အိပ်ပျော်ခဲ့တာ ပါကလား။ အို လက်အနာကလည်း ကိုက်ခဲနာကျင်ခြင်း မရှိတော့ပါလား၊ ထူးဆန်းပါဘိ။

နရပတိစည်သူမင်းကြီးသည် နှမတော် မိဖုရားကလေး၏ ပါးစပ်ထဲမှာ ငုံထား သော မိမိလက်မကို အသာအယာ ဆွဲထုတ်ယူလိုက်သည်။ ထူးပါဘိ၊ ဆန်းပါဘိလေ။ ညဉ့်ဦးတုန်းက အနာ၏ အရှိန်၊ ပြည်ပုပ် သွေးပုပ်တို့၏ အရှိန်ဖြင့် မန်းလိုက် နေသော လက်က ခုနာမှာ ကြည့်၍ မြင်၍ မကောင်းအောင် ရောင်ကိုင်းဖောင်းပွလို့ နေခဲ့သည်။ ယခုတော့ လက်က အနာမှာ ရောင်ခြင်း ပွခြင်း မရှိ၊ ပြကတေ့ အနေအထား ဖြစ်နေပါပြီ။

**မင်းတရား။** ။ (ခုနာဖြစ်နေသော လက်မကို ကြည့်လိုက်ပြီး) 'ဟင် လက်က အနာ သက်သာသွားပြီ'

**မိဖုရား။** ။ (ပြုံး၍ ကြည့်ရင်း) 'တကယ် သက်သာသွားပြီလား မောင်တော် ဘုရား'

**မင်းတရား။** ။ (အံ့ဩနေဟန်ဖြင့်) 'ဟုတ်တယ်၊ ဝေဒနာ မခံစားရတော့ဘူး၊ ဒီမှာ ကြည့်စမ်း နှမတော်ရယ်၊ အို အနာက ပြည်ပုပ်တွေ သွေးပုပ်တွေ ပေါက်ထွက်သွားပြီကိုး။ အို အို ဒါဆိုရင် ပြည်ပုပ်တွေ သွေးပုပ်တွေ ဘယ်ရောက်သွားပါလိမ့်'

**မိဖုရား။** ။ 'အနာက ပြည်တွေ ပေါက်သွားတာ၊ မောင်တော်ဘုရား စက်ရာက နိုးမှာ စိုးရိမ်လို့။'

**မင်းတရား။** ။ 'အင်း အင်း မောင်တော် စက်ရာက နိုးမှာ စိုးလို့ဆိုတော့ ပြည်ပုပ်တွေ ဘယ်ရောက်သွားလဲကွယ်'

**မိဖုရား။** ။ 'မှန်လှပါ ဘုန်းတော်ကြောင့် နှမတော် ဝမ်းထဲ မျိုချလို
တယ် ဘုရား'

**မင်းတရား။** ။ (စိတ်ထိခိုက်ဟန်ဖြင့်) 'အို ဖြစ်မှ ဖြစ်ရလေ နှမတော်
မကြာကောင်း မနာကောင်းပါလား။ မောင်တော့်ကို...
တော့်ကို နှမတော် ဒီလောက်တောင် ချစ်မြတ်နိုးသလား

**မိဖုရား။** ။ 'ဘယ်လိုများ မိန့်ကြားတော်မူပါလိမ့် မောင်တော်ဘုရာ
မောင်တော်ဘုရားကို နှမတော် အသက်ထက် ပိုပြီး
ကြင်နာလှပါတယ်ဘုရား။ မောင်ဘုရား အနာကိုက
ဝေဒနာကို ဖြစ်နိုင်လို့ရှိရင် နှမတော် လူချင်းလဲပြီး ခံစား
တယ် ဘုရား'

**မင်းတရား။** ။ (နှမတော် မိဖုရားလေး၏ ခေါင်းမှ နဖူးဆံစများကို
အယာ လက်ဖြင့် ပွတ်သပ်ပေးရင်း) 'ဒီလောက်တောင်
ကွယ်'

**မိဖုရား။** ။ ဘာမှ ပြန်လည် မလျှောက်တော့ဘဲ အားကိုး ချစ်ကြင်
အကြည့်ဖြင့် ပြုံး၍ ကြည့်နေသည်။

**မင်းတရား။** ။ 'နှမတော်ကလေးရယ် နှမတော်ရဲ့ ချစ်မေတ္တာကို ယ
မောင်တော် သိခွင့်ကြုံရပြီ၊ မောင်တော့် ဝေဒနာ သက်
နှမတော်ကလေးရဲ့ စွန့်လွှတ်ခံစားမှု အဖြစ်ကိုလည်း
တော် အံ့ဩဘနန်း ဖြစ်ရပြီ။ ကဲ နှမတော်ကလေး
ဆုကို တောင်းပေတော့၊ မောင်တော် ချီးမြှင့်ရမယ်ပ'

**မိဖုရား။** ။ (စဉ်းစားချိန်ဆလျက်) 'တကယ်လား မောင်ဘုရား၊ နှမ
ကလေး လိုရာဆုကို တကယ်ပဲ တောင်းခွင့်ပြုမှာလား'

**မင်းတရား။** ။ 'နှမတော်ရယ် မင်းတို့စကား မိုးကြိုးသွားတဲ့ကွယ့်၊ ဆိုပေ
နှမတော်။ နှမတော်ကလေး လိုရာဆုကို တောင်းဆိုပေ

မိဖုရားကလေးသည် မိမိ တောင်းဆိုမည့် ဆုကို လျှောက်တင်သင့် မ
ချိန်ဆနေသည်။ အကယ်၍ လျှောက်တင်လိုက်ပါမှ မပေးနိုင်ဘူး ဆိုခဲ့သော် ဆိုခဲ့

**မင်းတရား။** ။ 'ဘာတွေများ စဉ်းစားနေတာလဲ၊ နှမတော်ကလေးရဲ့၊ နှမ
ရဲ့ ကျေးဇူးကို မောင်ဘုရား ဆပ်မယ်၊ နှမတော်နှု
ထွက်တဲ့ဆုကို မောင်ဘုရားပေးမယ်။ ကဲ ဟောဒီနှုတ်က
က ချွေဟတော်မူပါအုံးဗျ'

**မိဖုရား။** ။ 'မောင်တော်မင်းမြတ် နှမတော်ကလေးကို မောင်တော် ချစ်ခင်ကြင်နာ သနားလို့ စွန့်ကဲ့ပေးကမ်းခဲ့တဲ့ ရွှေငွေ ဆင်မြင်း ကျွန်အမှုထမ်း အဆောင်ဆောင်နန်းတို့မှာ တောင်းဆိုစရာ မရှိ၊ အားလုံး ပြည့်ဝနေပါပြီ။ ခွင့်သနားလျှင်ဖြင့် ပန်ကြားလျှောက်ထားစရာ ဆုတစ်ဆုတည်းသာ ရှိပါတယ် ဘုရား'

**မင်းတရား။** ။ 'ကဲ တောင်းစေဗျား၊ ဆိုစေဗျား၊ နှမတော် စိတ်ဆန္ဒ ရှိသောဆုကို လျှောက်တင်စေဗျား'

**မိဖုရား။** ။ 'မှန်လှပါ ဘုရား၊ မောင်တော်ဘုရား နှမတော့်အပေါ် စေတနာ သဒ္ဒါသန်ခဲ့ပါလျှင် သားတော်ကလေး ဇေယျသိခ်အား မောင်တော် မင်းတရားရဲ့ နန်းကို စောင့်ခွင့်ပြုပါဘုရား'၊

**မင်းတရား။** ။ 'ဘာတဲ့ဗျာ၊ သားတော်ကလေး ဇေယျသိခ်ကို မောင်တော့် နန်းစောင့်ခွင့် ပြုဖို့ ဟုတ်လား နှမတော်'

**မိဖုရား။** ။ (ရှိသေစွာ လက်အုပ်ချီလျက်) 'မှန်ပါတယ် မောင်ဘုရား၊ သားတော်ကလေးကို'

**မင်းတရား။** ။ (လက်အုပ်ချီမိုး ရှိခိုးနေသော မိဖုရားကလေး၏ လက်အစုံကို ယုယကြင်နာစွာ ဆုပ်ကိုင်လျက် အချိန်အနည်းငယ်ကြာ စဉ်းစားနေရင်းမှ) 'ပြည့်စေဗျား၊ နှမတော်ကလေး တောင်းအပ်သောဆု ပြည့်စေဗျား၊သားတော်ကလေး ဇေယျသိခ်ကို မောင်တော်ရဲ့ရွှေနန်း စောင့်စေဗျား၊ ကဲ နှမတော် ကျေနပ်ပြီလား'

**မိဖုရား။** ။ (မင်းတရား၏ ခြေတော်အစုံကို ဝမ်းမြောက်ဝမ်းသာ ပွေ့ဖက်၍ ပါးနှင့် ကပ်လိုက်ရင်း) 'အို မောင်ဘုရားရယ်'

**မင်းတရား။** ။ 'ကျေနပ်ဝမ်းသာ ရှိပါပြီလား နှမတော်ရယ်'

**မိဖုရား။** ။ 'အသက်နှင့်အမျှ ချစ်ခင်ကြင်နာရပါတဲ့ မောင်ဘုရားရယ်၊ မောင်ဘုရားရယ်'

ဤကား ပုဂံရွှေပြည်တော်၏ နိုင်ငံရေးပင်တည်း။ ပုဂံနိုင်ငံတော်တွင် ဘုရင်နရပတိစည်သူ၏နောက် ဘယ်သူက နန်းရပ်ထီးဖြူကို ယူငင်အုပ်စိုးတော့မည်လဲ၊ အဖြေကား သည်နေရာတွင် ပေါ်လွင် ထင်ရှားခဲ့လေပြီ။

နရပတိစည်သူမင်းကြီးက ဥယျာဉ်သည်သမီး မိဖုရားကလေးမှ ဖွားမြင်သော သားတော် ဇေယျသိခ်အား နန်းစောင့်မင်းသားအဖြစ် ပေးအပ်ချီးမြှင့်ခဲ့သည်ကို မှန်နန်းရာဇဝင်တော်ကြီးက ဤသို့ မော်ကွန်းတင်လေသည်။

ဥယျာဉ်သည် သမီးတစ်ယောက် အဆင်းအင်္ဂါ လက္ခဏာကြီးငယ
ပြည့်စုံသော သူကို မင်းကြီးက ယူတော်မူ၍ လုပ်ကျွေးရ၏။ ထိုသူငယ်မ
သားတော် ဓေယျသိခ်ကို မြင်တော်မူသည်။ ထိုမင်းသားကား လူတက
နှစ်လိုဖွယ်သော စကားကိုလည်း ဆိုတတ်၏။ အမူအကျင့်လည်း
သိမ်မွေ့စွာ၏။ မင်းသားတကာတို့ တတ်စရာ အတတ်နှင့်လည်း ပြည့်စုံ
အခါတစ်ပါး မင်းကြီး လက်တော်ဝယ် ခူနာရှိ၍ ဆေးဝါး ထည့်သော်လ
အနာ မညှိုး၊ ပြင်းပြစွာ ကိုက်ခဲ၍ ရှိတော်မူ၏။

ထိုအခါ ဓေယျသိခ်မယ်တော် ခံတွင်းဖြင့် ငုံ၍ နေမှ အကိုက်အခဲ
သည်။ ငုံဖန်များလေသော် ခံတွင်းတွင် ပြည်ပေါက်လေ၏။ ဓေယျသိခ်
တော်လည်း ထိုပြည်ကို ထွေးသော် မင်းကြီး စက်တော်ခေါ်ရာမှ နိုးလတ္တံ့သ
ဟူ၍ ပြည်ကို မျိုလေ၏။ ထိုအကြောင်းကို မင်းကြီးသိတော်မူလျှင်
နှင့်အတူတူ၍ ငါ့ကို ကြင်နာသူ မရှိဟု အမှတ်ထားတော်မူ၍ နင့်ကို
ဆုပေးတော်မူ၏။ ကြိုက်သော ဆုကို ယူလေဟူ၍ မိန့်တော်မူ၏။ ဓေယျ
မယ်တော်လည်း 'အရှင်မင်းကြီး ရွှေငွေ ဆင်မြင်း ကျေးသင်းကျွန်စွာက
အရှင် သနားတော်မူသော ကျွန်ဖြစ်သောကြောင့် သူနှင့်အတူ လူနှင့်အမျှ
လေပြီ။ ကျွန်တော်အဖြစ် သနားတော်မူပါသော်ကား အမြိတ်အစွန်တော်
သော ကျွန်တော် ဓေယျသိခ်ကို အိမ်တော်စောင့်ပါစေ'ဟု နားတော်လျှောက်

မင်းကြီးလည်း 'ကောင်း၏ စောင့်စေတော့ နင်တောင်းသောဆု
မဖောက်မပြန် ငါ ပေးတော်မူ၏' ဟူ၍ မိန့်တော်မူ၏။'[၁]

မှန်နန်းရာဇဝင်တော်ကြီး၏ အဆိုအမိန့် ဖြစ်လေသည်။

မှန်နန်းရာဇဝင်တော်ကြီး အပါအဝင် သမိုင်းအစောင်စောင်နှင့် ညှိနှိုင်း၍ စာ
ဆရာ 'ကောင်းမော်'ကလည်း ၁၉၉၉ခုနှစ်ထုတ် ချယ်ရီမဂ္ဂဇင်း အမှတ်(၅၁)တွင် ထိုမိဖုရ
နှင့် ထိုရှင်ဘုရင်တို့၏ သန်းကောင်ကျော်စ ညတစ်ည၏ဇာတ်လမ်းကို ဤသို့ ရေးလေသည်

## ပုဂံခေတ်က မိန်းမသားများ
## ကောင်းမော်

သမိုင်းထဲက ပုဂ္ဂိုလ်ကျော်များ အကြောင်းကို ရေးသားလာခဲ့တာ ကာလ
အတန် ကြာခဲ့ပါပြီ။ ဒီလတော့ ပေးခဲ့ပြီး ဖြစ်တဲ့ ခေါင်းစဉ်အောက်က
အနည်းငယ် ဆန့်ထွက်ခွင့် ပြုစေချင်ပါတယ်။

၁။ မှန်နန်းရာဇဝင်တော်ကြီး၊ စာ- ၃၁၉။

မြန်မာအမျိုးသမီးများရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို လေ့လာမိသမျှ တင်ပြချင်ပါသေးတယ်။ လေ့လာတယ် ဆိုရာမှာ သမိုင်းမတင်မီ ခေတ် (အနော်ရထာအရင်က မြန်မာနိုင်ငံလို့လည်း ဆိုနိုင်ပါတယ်) ကိုတော့ မှန်းဆပြီး ရာဖွေလေ့လာလို့ရပါတယ်။ ဒီဆောင်းပါးမှာတော့ ပုဂံခေတ်က လှုပ်ရှားရှင်သန်ခဲ့ကြတဲ့ မိန်းမသားများ အကြောင်းကိုပဲ တင်ပြသွားပါ့မယ်။

ပုဂံခေတ် အမျိုးသမီးများ အကြောင်းကို လေ့လာရာမှာ ကျောက်စာဖော်ပြချက်များကို အခြေခံထားပါတယ်။ ကျောက်စာများနဲ့ ညှိနှိုင်းရေးသား စီစဉ်ခဲ့တဲ့ တွင်းသင်း ရာဇဝင်သစ်၊ မှန်နန်းရာဇဝင်တော်ကြီးများနှင့်လည်း ကိုးကားညှိနှိုင်းပါတယ်။ ရာဇဝင်များနဲ့ ကျောက်စာ ကွဲလွဲမှု ရှိနေတဲ့အခါ ကျောက်စာဖော်ပြချက်ကိုသာ ယူပါတယ်။ ကျောက်စာကို ဘာကြောင့် အဓိက ထားရသလဲ ဆိုရင် ကျောက်စာဟာ ရာဇဝင်ကျမ်းများထက် တန်ဖိုးမြင့်နေလို့ပါပဲ။ ဒီသဘောကို သစ်ဆိမ့် ဆရာတော်ဘုရားကြီးက မဟာရာဇဝင် နိဒါန်းအစမှာ အောက်ပါအတိုင်း ရေးခဲ့ပါတယ်။

'ရာဇဝင်ထက် ကျောက်စာ မူလ ဘူတ ဖြစ်ချေသည်။ ရာဇဝင်ကားစသည်တို့ လဟုက ကျောက်စာလဟုက နှစ်ပါးတို့တွင် ဂရုကဥ္စာ တည်သင့်ချေသည်။ ယင်းတို့ တည်ခြင်းသည်ကား ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းဂန်သဘောပင် ဖြစ်သည်။ ထို့ကြောင့် ရာဇဝင်စကားနှင့် ကျောက်စာစသည်တို့ မညီမညွတ် ဖြစ်ကုန်မူကား ရာဇဝင်စကားကို မယုံကြည်အပ်။ ကျောက်စာစသည်တို့ကိုသာ ယုံကြည်အပ်၏။'

ပြောချင်တာက ကျမ်းကိုးယူရာမှာ ကျောက်စာက ပထမ၊ ရာဇဝင်ကျမ်းများက ဒုတိယ ဖြစ်တယ် ဆိုတာပါပဲ။

## သမိုင်းဦးအစ ပုဂံ

ရှေးမြန်မာများဟာ ကျောက်ဆည်နယ်လို့ ခေါ်တဲ့ မြစ်သာဆယ့်တစ်ခရိုင် (ဆယ့်တစ်ရွာ) မှာ ရှေးဦးစွာ ဝင်ရောက်နေထိုင်ခဲ့ကြတယ်လို့ ယုံကြည်ရပါတယ်။ ကျောက်စာများမှာ 'မစ်သာ၊ (၁၁) ခရိုင်လို့ ရေးထိုးဖော်ပြလေ့ရှိတဲ့ ရွာ (၁၁) ရွာကတော့ (၁) ပင်လယ်၊ (၂) ပွည်မနား၊ (၃) မွစ်သာ၊ (၄) ရငှန်၊ (၅) မြင်ခုန်တိုင်၊ (၆) ပနန်၊ (၇) တမုတ်၊ (၈) သင်တောင်၊

(၉) မွရာ၊ (၁၀) တမ္မက်သာ၊ (၁၁) ခမ်မူ (ခံမူ)တို့ ဖြစ်တဲ့အကြေ သုတေသနစာရင်းများအရ သိရှိရပါတယ်။ အဲဒီ ခရိုင်များက တ တိုးချဲ့နေထိုင်ရာ အရပ်များကိုတော့ 'တိုက်' လို့ ခေါ်ကြောင်း၊ မှတ် ရပါတယ်။ ဥပမာအားဖြင့် 'လတုယ်တိုက်၊ မုဆိုခြွမ်တိုက်၊ မဆိုပိုင် ပင်စည်တိုက်' စသည်ဖြင့် တွေ့ရပါတယ်။

အဲဒီလို အကွဲကွဲအပြားပြား ဖြစ်နေတဲ့ ဒေသတွေကို စုစည်းပြီး ' ပုကမ်' လို့ ကျောက်စာများမှာ ရေးထိုးဖော်ပြလေ့ရှိတဲ့ 'ပုဂံ' (အရိမဒ္ဒ ကို တည်ထောင်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ အရိမဒ္ဒနပူရ ဆိုတာကတော့ 'ရ နှိမ်မြို့'လို့ အဓိပ္ပာယ် ရပါတယ်။

ပုဂံကို ပထမ မြန်မာနိုင်ငံတော်ကြီးအဖြစ် ရောက်အောင် စုစည်း အုပ် ခဲ့သူကတော့ အနိရုဒ္ဓ လို့ ခေါ်တဲ့ အနော်ရထာမင်းစော ဖြစ်ပါတ အနော်ရထာမင်းစော မပေါ်ပေါက်ခင်မှာ မိမိတို့ ဒေသအလိုက် အုပ်စု အကြီးအကဲများ ရှိပါတယ်။ ဒေသဆိုင်ရာ ပဒေသရာဇ်များလို့ ဆိုနိုင်ပါတ ပဒေသရာဇ်မင်းများစွာကို စုစည်းသိမ်းသွင်းနိုင်တော့မှ ရေမြေ့ရှင်မင်း အဖြစ် ခံယူနိုင်ခြင်း ဖြစ်ပါတယ်။

ပုဂံခေတ်မှာ တန်ခိုး အာဏာ အကြီးဆုံးကတော့ ရေမြေ့ရှင်မင်းကြ ဖြစ်ပါတယ်။ မင်းကြီး စံရာ နန်းတော်ဟာ ပုဂံပဒေသရာဇ် အုပ်ချုပ်ရေ ဗဟိုအချက်အချာ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

စာရေးဆရာကောင်းမော်က ထိုဆောင်းပါးမှာ ပုဂံနိုင်ငံတော်ကို စုစည်းတ ထောင်ခဲ့သော အနုရုဒ္ဓာ၊ အနော်ရထာမင်းကြီးအကြောင်း အမြွက်မျှ ဖော်ပြခဲ့ပြီး သူ ချင်နေသော ပုဂံခေတ် မိဖုရားများကို ဤသို့ မီးမောင်းထိုးပြလေသည်။

## ပုဂံခေတ်က မိဖုရားများ

ပုဂံခေတ်က ရေမြေ့ရှင်မင်းကြီးရဲ့ အပေါ်မှာ ခစား အမှုထမ်းရွက်ကြရ အမျိုးသားများနဲ့ တန်းတူ အမျိုးသမီး အများအပြား ရှိပါတယ်။ အမျိုးသ များစွာတို့ထဲမှာ တန်ခိုး အရှိန်အဝါ အကြီးမားဆုံးကတော့ မိဖုရားမျာ ဖြစ်ပါတယ်။ မိဖုရားများစွာတို့အနက်မှာ 'ပယ်မိယာ'လို့ ကျောက်စာများ ရေးထိုးဖော်ပြလေ့ ရှိသူများကတော့ ဘုရင် ဖြစ်သူရဲ့ အရေးအရာပေးခြင်း ထိပ်ဆုံးက ခံယူရရှိသူများပါပဲ။ ပုဂံခေတ်မှာ ထင်ရှားကျော်ကြားခဲ့တဲ့ မိဖုရ

ကြီး လေးပါး ရှိပါတယ်။ အဲဒီ လေးပါးကတော့ နရပတိစည်သူမင်း လို့ ရာဇဝင်ကျမ်းများမှာ ဖော်ပြလေ့ ရှိတဲ့ စည်သူ(၂) မင်းရဲ့ မိဖုရား၊ စဝ်မြကန်သည် (စဝ်မြကန်သည်က သမီးတော် တစ်ပါးနဲ့ သားတော် နားတောင်းများမင်း ဖြစ်လာသူကို မွေးပါတယ်။) နရသိင်္ခဥစ္စနာမင်းရဲ့ မိဖုရား ဖြစ်တဲ့ ဖွားစော (မင်းဝိုင်းအရပ်မှာ ကုသိုလ်ကောင်းမှု ပြုခဲ့တာကြောင့် မင်းဝိုင်းဖွားစောလို့ ခွဲခြားဆိုပါတယ်။) ရာဇဝင်မှာ တရုတ်ပြေးမင်းလို့ တွင်တဲ့ နရသီဟပတေ့မင်းရဲ့ မိဖုရား ဖွားစော (သားတော် ရာဇသူကို အကြောင်းပြုပြီး ကျောက်စာ ရေးထိုးခဲ့တာကြောင့် ရာဇသူဖွားစောလို့ အမည်တွင်ပါတယ်။) နောက်ဆုံး တစ်ပါးကတော့ ကျောက်စာမှာ ရှုနန်သျှင်လို့ ရေးထိုးတဲ့ နန်းကျကျော်စွာမင်းရဲ့ မိဖုရား ဖွားစော (ကျောက်စာမှာ သစ်မထီးလို့ ဖော်ပြတဲ့ အရပ်မှာ ကုသိုလ်ကောင်းမှု ပြုခဲ့တာကို ထောက်ရှုပြီး သစ်မထီး ဖွားစောလို့ ခွဲခြားခေါ်ပါတယ်။) တို့ပဲ ဖြစ်ပါတယ်။

အသက်အရွယ် ကြီးရင့်လို့ အိုမင်းနေလင့်ကစား မျိုးရိုးဂုဏ် ဇာတိမာန်မာန မချဘဲ ရဲရဲဝံ့ဝံ့ စကားဆိုတတ်တဲ့ သစ်မထီး ဖွားစောလို မိန်းမသားမျိုး ပုဂံခေတ်ကတည်းက ပေါ်ထွန်းနေခဲ့ပြီ ဖြစ်ပါတယ်။ *'စဝ်မြကန်သည်'* မိဖုရားဟာလည်း မြန်မာ့သမိုင်းကို သူ့နည်း သူ့ဟန်နဲ့ ထူးခြားဆန်းသစ်စေသူ ဖြစ်ပါတယ်။

စာရေးဆရာကောင်းမော်က နရပတိစည်သူမင်းကြီး၏ ထူးခြားသော မိဖုရား 'စဝ်မြကန်သည်'ကို ပထမဆုံး လက်ညှိုးညွှန်ပြခဲ့ပြီးနောက် နရပတိစည်သူမင်းကြီး၏ မိဖုရားများထဲမှာ ထိုမိဖုရား အဘယ့်ကြောင့် ထင်ရှားကြီးကျယ်ခဲ့ပုံကို ဤသို့ ဖွင့်ဆိုပြန်လေသည်။

နရပတိစည်သူမင်းကြီးမှာ မိဖုရား (၆) ပါးရှိပါတယ်။' စဝ်မြကန်သည်ဟာ မိဖုရားတစ်ပါးသာ ဖြစ်ပါတယ်။ တောင်နန်းစံ မိဖုရားကြီးဟာ ဘုရင်ရဲ့ အရေးပေး မြှောက်စားခြင်းကို ခံရသူ ဖြစ်ပါတယ်။ အခြားသော မိဖုရားများကတော့ မြောက်နန်းစံ မိဖုရားကြီး ဦးဆောက်ပန်း မိဖုရား၊ စဝ်အလွမ်နဲ့ ဝေဠုဝတီ မိဖုရားတို့ ဖြစ်ပါတယ်။ *စဝ်မြကန်သည်* မိဖုရားဟာ အခွင့်အရေးပေးခြင်းခံရတဲ့ မိဖုရားကြီး မဟုတ်ပေမယ့် သူ့ရဲ့ သားတော် နားတောင်းများမင်း၊ နန်းရခဲ့ခြင်းဟာ တစ်မျိုးတစ်ဖုံ စဉ်းစားစရာ ကောင်းနေပြန်ပါတယ်။

သမိုင်းကျမ်းများမှာ လာတဲ့ ပုံပြင်ဆန်ဆန် ဖြစ်ရပ်ကလေးကို ပြောပြချင်ပါသေးတယ်။ အခါ တစ်ပါးမှာ နရပတိစည်သူမင်းရဲ့ လက်တော်မှာ စူနာ

ပေါက်ပြီး ပြင်းပြတဲ့ ဝေဒနာကို ခံစားနေရပါတယ်။ ခူနာကို
ပါးစပ်ထဲထည့်ငုံပြီး သက်သာစေသူကတော့ မိဖုရားငယ် စဝ်မြက
ဖြစ်တယ်။ တစ်နေ့မှာတော့ ခူနာကို ငုံထားခိုက် အနာက ပြည်ပေါ
တယ်။ လူ့ပ်လှုပ်ရှားရှား လုပ်လိုက်ရင် မင်းကြီး စက်တော်ခေါ်ရာက
စိုးရိမ်တာကြောင့် ပြည်ပုပ်ကို မျိုချပါတယ်။

မင်းကြီး နိုးလာပြီး စဝ်မြကန်သည် မိဖုရားရဲ့ ကျေးဇူးသိတ
အတူ ကြင်နာမှုကို သိတာကြောင့် အလိုရှိသော ဆုကို တောင်းစေပါ

မိဖုရား တောင်းဆိုတဲ့ ဆုကတော့ မိမိသားတော်ကို ထီးန
ပါပဲ။ မင်းကြီးအဖို့ အလွယ်တကူ ယူစေလို့ ပေးလိုက်ဖို့ မဖြစ်ပါဘူ
ဖက်မှာ မိဖုရားများက ဖွားမြင်တဲ့ သားတော်များ ရှိနေတာကြောင့် ဆိ
နေတော်မူပါတယ်။

မိဖုရားကလည်း အခါအခွင့်ရတိုင်း သားတော်ကို နန်းပေးဖို့ တော
က တစ်နေ့တော့ မင်းကြီးလည်း အကြံအစည် တစ်ခု ရပြီး သားေ
အားလုံးကို ခေါ်ပါတယ်။ အလယ်မှာ ထီးဖြူစိုက်ပြီး မင်းဖြစ်ထိုက်သူ
ထီးဖြူတော် ယိုင်လဲစေသတည်းလို့ အဓိဋ္ဌာန် ပြုပါတယ်။ ထီးဖြူဟာ စ
သည် မိဖုရားရဲ့ သားတော် နားတောင်းများမင်းသားအပေါ်ကို ယိုင်
ကြောင့် ထီးလိုမင်းလိုလို့ အမည်တွင်ပါတယ်။ ဒီအဖြစ်အပျက်ဟာ ပုံပြ
တယ်လို့ ပြောချင် ပြောနိုင်ပေမယ့် နားတောင်းများ နန်းတက်ခဲ့တာ
ပုံပြင် မဟုတ်ပါ။

သမိုင်းကျမ်းများမှာ 'ထီးလိုမင်းလို' 'နန်းတောင်းများမင်း'လို့
ကျောက်စာများမှာ 'နားတောင်းများ' နာတောင်း သို့င်လို့ ရေးထိုးဖော်
ရှိတဲ့ စဝ်မြကန်သည် မိဖုရားရဲ့ သားတော်ဟာ သက္ကရာဇ် ၅၇၃
တော်သလင်းလဆန်း (၁၀) ရက် ကြာသပတေးနေ့မှာ ပုဂံရွှေနန်းကို
တော်မူခဲ့ပါတယ်။

နားတောင်းများ နန်းရခဲ့တာကို ကြည့်ခြင်းအားဖြင့် စဝ်မြကန်
မိဖုရားဟာ သာမန် မိဖုရား တစ်ဦးပေမယ့် သူ့ရဲ့ ဉာဏ်ရည် ဉာဏ
ထက်မြက်မှု၊ ထိုးထွင်းသိမြင်တတ်မှုကြောင့် ဘုရင်ရဲ့ အရေးပေးမြော
မှုကို ခံခဲ့ရပြီး နန်းတော်အတွင်းမှာ ဩဇာတိက္ကမကြီးခဲ့သူ ဖြစ်မ
ယုံကြည်ရပါတယ်။ စဝ်မြကန်သည်ဟာ ရိုးကျိုးစရာ ကောင်းတဲ့ မိန်း
တစ်ဦး ဖြစ်ပါတယ်။ ပဒေသရာဇ်ခေတ်မှာ မွေးဖွားရှင်သန်ခဲ့ကြတဲ့ မိန်း

**များအဖို့ အမြင့်မားဆုံး၊ မြှော်မှန်းချက်ဟာ မိဖုရား အရာသာ ဖြစ်ပါမယ်လို့ ယူဆမိတဲ့အကြောင်း ယခင်လ ဆောင်းပါးများမှာလည်း ပြောခဲ့ပါတယ်။ မိဖုရား ဖြစ်ခဲ့ရင်လည်း တောင်နန်းစံ မိဖုရားကြီး အရာသာ ရချင် လိုချင်ကြမှာပါပဲ။ ဘယ်လို မိဖုရားပဲ ဖြစ်ဖြစ် မင်းစည်းစိမ် ချမ်းသာ၊ နန်းတော်ရဲ့ အရသာကို အနည်းနဲ့ အများ ခံစား စံစားကြရပါတယ်။ မိဖုရားငယ်ပင် ဖြစ်နေပါစေ၊ မင်းနဲ့ မွေးတဲ့သားတော်ကို ထီးမွေ နန်းမွေ ရစေချင်တာကတော့ တူညီတဲ့ ဆန္ဒ ဖြစ်ပါတယ်။ 'စဝ်မြကန်သည်' ကတော့ ဆန္ဒမှာတင် ရပ်မနေဘဲ အလုပ်အဖြစ် ပြောင်းလဲနိုင်ခဲ့သူ ဖြစ်တာကြောင့် သမိုင်းထဲက ပုဂ္ဂိုလ်ကျော် တစ်ဦးအဖြစ် စာတင်ရဦးမှာပါပဲ။' (ချယ်ရီမဂ္ဂဇင်း၊ အမှတ်– ၅၁)**

ဆိုရဦးမည်။ မြန်မာ့သမိုင်းတွင် ဘုရင်အဆက်ဆက် နန်းတက်နန်းဆင်း အရေးအခင်းတို့၌ သွေးချင်းချင်းနီခဲ့သော သတင်းစကားတွေ ရှိခဲ့ဖူးသည်။ ပမာဆိုပါစို့။ အနော်ရထာဘုရင်သည် နောင်တော်စုက္ကတေးနှင့် လုံချင်း အနိုင်ယူ၍ ပုဂံရွှေနန်းကို ရခဲ့သည်မဟုတ်ပါလော။ အနော်ရထာမင်း နတ်ရွာစံသောအခါ စောလူးမင်း နန်းတက်စဉ် ပဲခူးစားငရမန်၊ ပုန်ကန်တော်လှန်ခဲ့သောကြောင့် သွေးလူးသော တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ပါသေးသည်။

ဒါတင်ပဲလား။ ရှိပါသော်ကောလေ။ ကျန်စစ်သားမင်း၏ မြေးတော် အလောင်းစည်သူမင်းကြီးကို သားတော် နရသူမင်းက ရွှေဂူကြီး ဘုရားသို့ ပင့်ဖိတ်၍ ခေါင်းအုံးဖြင့် ဖိသတ်ခဲ့သည်၊ အလောင်းစည်သူမင်းကြီး နတ်ရွာစံသောအခါ နရသူ မင်းဖြစ်လေပြီ။ နရသူကား အဖသတ်သား ဖြစ်သောကြောင့် အကုသိုလ်ကံ ဖိစီးခံရရှာ၏။ ပဋိက္ခရား မိဖုရားကို ဒေါသအလျောက် သံလျက်ဖြင့် ခုတ်သတ်ခဲ့၍ ပဋိက္ခရား မိဖုရား၏ ခမည်းတော် စေလွှတ်သော ကုလား ရှစ်ဦးက နရသူမင်းထံ ဥပါယ်တမည်ဖြင့် ချဉ်းကပ်ပြီး သတ်ဖြတ်ခဲ့သည် မဟုတ်ပါလား။

ပုဂံနိုင်ငံတော်၏ သွေးမော်ကွန်းကား ဤမျှဖြင့် မရပ်သေး။ နရသူမင်း၏ သားတော် မင်းယဉ်နရသိခ်နန်းတက်၏။ ထိုမင်း ရာဂမွှန်သောကြောင့် ညီတော်၏ မိဖုရား ဝေဠုဝတီကို ဖြစ်မှား ကျူးလွန်ရာမှ ညီတော် နရပတိစည်သူ၏ ကျွန်ယုံတော် အောင်စွာငယ် လုပ်ကြံသတ်ဖြတ်၍ နတ်ရွာစံရရှာပြန်၏။

စိတ်ညစ်စရာ ကောင်းလှသော ဤသို့ သွေးညှီနံ့ဟောင်နေသည့် မြန်မာ့သမိုင်းဖြစ်ရပ်များကို ဘာကြောင့် တစ်ခုတ်တစ်ရ ဖော်ပြနေရပါသလဲ။ သိချင်ကြပါသလား။ ပြောပါမည်။

ဤသို့ ဤနှယ် အသွယ်သွယ်သော သွေးဓာတ်လမ်းတို့သည် ပုဂံနန်းပလ္လင်သို့သွားရာ ခရီးလမ်းကို တောထွင်ခုတ်ရှင်းရာမှ စတင်ခဲ့သည် မဟုတ်ပါလား။ သည်တော့ ယခုလည်း ပုဂံရွှေနန်း၏ အနာဂတ်ရေးကို လမ်းကြောင်းတည့်ပေးမည့် 'ဘုရင့် ခုနာက

စသော နိုင်ငံရေးလမ်းကြောင်းသစ်'ကား ပေါ်ခဲ့လေပြီ။

နရပတိစည်သူမင်းကြီးတွင် ယခု နန်းစောင့်ပေးခဲ့သော ဧယျသိခ်မင်းသား အပြင် သားတော်ကြီး ဧယျသူရနှင့် ရာဇသူရ၊ ဂင်္ဂသူရ၊ ပျံချိဟူသော သာ လေးပါး ရှိလေသေး၏။ သည်တော့ မေးရဦးမည်။ ထိုသားတော် လေးပါးနှင့် နန် မင်းသား ညီတော်ကလေး ဧယျသိခ်တို့၏ ဆက်ဆံရေးကား ဘယ်သို့ ရှိပါ

သည်ညီအစ်ကို ငါးပါးအကြား ယခင့် ယခင် နန်းလုပွဲများကဲ့သို့ ဇာတ်လမ်းများ ဖြစ်ပေါ်ခဲ့သေးသလား။ မေးနိုင်ကြပြီ။

ဟုဝ်ကဲ့။ ပြောပြပါအံ့။ ထိုမင်းသား ငါးပါးတို့အကြား ပေါ်ပေါက် နန်းမွေဆက်ခံရေး ဇာတ်လမ်းတို့က တကယ့်ကို စိတ်ဝင်စားဖွယ်ကောင်းလှသ ဤသို့။

## (၇) ပုဂံရွှေနန်းနှင့် ထီးချက်စောင့်နတ်သမီး

### (က)

နရပတိစည်သူမင်းသည် နိုင်ငံရေး အမြင်ကျယ်သော ခေါင်းဆောင် ဖြစ်လေသည်။ သည်ဘုရင် ဘယ်သို့ အမြင်ကျယ်ပါလိမ့်။ သူသည် နောင်တော် မင်းယဉ်နရသိခ်ဘုရင်ကို သတ်၍ အာဏာယူခဲ့ရသည့် အဖြစ်ကို အမြဲမပြတ် စိတ်ထိခိုက်လျက် ရှိခဲ့သည်။ ထိုအဖြစ်ကို မပပျောက်သော်မှ ရှိစေ သက်သာခွင့်ရှိသလောက် သက်သာစေရအောင် ကုသိုလ်ကောင်းမှု အထွေထွေကို ပြု၏။ ပြည်သူတို့အမြင်တွင် သူသတ်ဘုရင် ဟူသော အစွဲအလန်း သက်သာပျောက်ကင်းပါစေတော့ဟူသော ဆန္ဒ၊ သူ့မှာ ရှိသည်။ ထို့ကြောင့် အလှူဒါနကြီးစွာပြုသည်။ နိုင်ငံတစ်ဝှမ်းတွင် ဆည်မြောင်း ကန်ချောင်းများ တူးဖော်သည်။ ထို့နောက် ဘုရားကိုးဆူထုလုပ်၍ မိမိပိုင်စိုးရာ မြို့များတွင် ပူဇော်ခဲ့သည်။ မှန်နန်းရာဇဝင်တော်ကြီးက ဤသို့ မော်ကွန်းတင်ခဲ့၏။

**နရပတိစည်သူမင်းကြီးကား သစ္စာလည်း စောင့်၏။ မင်း၏ တရား ဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူ၏။ နောင်တော်ကို သတ်မိ၍ ဘေးတော်**

**နော်ရထာမင်းစောကဲ့သို့ တောင်ဘက်၊ မြောက်ဘက်၊ အရှေ့ဘက်၊ အ**
**ဘက် နိုင်ငံတော် မြန်မာပြည် အနံ့အစပ် မိဖုရားမောင်းမမိဿံ ပြ**
**စစ်အင်္ဂါ လေးပါးနှင့်တကွ တင့်တယ်စမွယ်စွာ တိုင်းခွင်လှည့်**
**ကန်ချောင်း ဆည်မြောင်း ပြုစုတော်မူသည်ကား များ၏။ နေပြ**
**ပုဂံရာမသို့ ရောက်တော်မူလျှင် လှေတော် သက်နက်ဦး စကား**
**ဘုရားကိုးဆူ ထုလုပ်တော်မူ၏။ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏**
**အလို့ငှာ သာသနာတော် ငါးထောင် တည်ရစ်စေဟူ၍ ကလေးမြို့**
**မင်းခင်းမြို့ တစ်ဆူ၊ မြေဒူးမြို့ တစ်ဆူ၊ စည်ပုတ္တရာမြို့ တစ်ဆူ၊ ကြ**
**တစ်ဆူ၊ စေဉ့်ကူးမြို့ တစ်ဆူ၊ မုဆိုးဘိုမြို့ တစ်ဆူ၊ စမွန်းမြို့**
**စစ်ကိုင်းမြို့ တစ်ဆူ ဤကိုးဆူကို ဌတည်၍ သီတင်းသုံးနေတော်မူ**

နရပတိစည်သူမင်းကြီး၏ ကုသိုလ်ကောင်းမှုတော်တို့ကား များစွာမှ
များစွာ။ ရှင်ဘုရင် ဆိုတော့လည်း လှူချင်တန်းချင်သော စိတ်ဆန္ဒ ရှိဖို့သာ လို
လှူဒါန်းမည့် ကိစ္စအဝဝအတွက် ကူညီပံ့ပိုးမည့် ပစ္စည်းပစ္စယ အစုံအလင်ရှိသည်။
မှုထမ်း၊ သူဌေး၊ သူကြွယ်၊ ကုန်သည် ပြည်သူတို့ကလည်း အဆင်သင့်ရှိသည်။
ဘဏ္ဍာတိုက်ကို သော့ရိုက်လို့ ဖွင့်စမ်း၊ လှူဒါန်းချင်သမျှ ဟောသလို ဟော
ယူပြီး လှူကြပေရော့။ ဒီလို မဟုတ်ပါလား။ ဆိုတော့ ဘုရင်မင်းမြတ်၏ အလှူဒါန
ဆင်ယင်ဖို့ရာ ဘာဆို ဘာမှ လိုလေသေးမရှိစေရ။ ကန်တူးမည်လား၊ တူ
ဆည်ဆောက်မည်လား၊ ဆောက်ကြ။ ချောင်းသွယ်မည်လား၊ သွယ်ကြ။ ဘုရားတည်
လား၊ တည်ကြ။ ပြောချင်သည်မှာ ဘုရင်ကလည်း ကောင်းမှုကုသိုလ် ပြုလို
ဆန္ဒ ရှိ၏။ ပစ္စည်းရှိ၏။ မှူးမတ်၊ မှုထမ်းတို့ကလည်း မင်းနှင့်ပြည်သူ ကြည်
မဂ်နိဗ္ဗာန် သောင်ကမ်း လှမ်းကြဖို့ တပြင်ပြင်။

ဤတွင် မေးရဦးမည်။ နရပတိစည်သူမင်းကား အစ်ကိုအရင်း မင်းယဉ်န
ဘုရင်ကိုလည်း အဆုံးစီရင်ခဲ့သည်။ အစ်ကို၏ နို့စို့ဘက်၊ အနန္တသူရိယ အမတ်ကြ
လည်း အရှင်မထားဘဲ သေရွာသို့ သွားစေခဲ့သည်။ အလားတူပဲ မြင်းခံပြည့်ကို
ကျွန်ယုံအောင်စွာငယ်ကိုကော လူ့ပြည်လူ့ရွာက တမလွန်ဘဝသို့ အရှင်လတ်
စေပို့ခဲ့သည်။ ထိုပြစ်မှုများကား ပါဠိဘာသာ 'ပါဏာတိပါတ' အမည်ရသော သူ့အသ
ကို သတ်ခြင်း အမှုမဟုတ်ပါလား။ ဤသို့ သတ္တဝါတို့ ပြုကျင့်လိုက်နာအပ်
သီလကျင့်စဉ် အဖြစ် ဗုဒ္ဓဂေါတမဟောကြား ပညတ်တော်မူခဲ့သော သီလ ငါးပါး
အကြီးလေးဆုံး အပြစ်ကို နရပတိစည်သူမင်းတရား ပြုကျင့်မိမှားခဲ့သည် မဟုတ်ပါလ

၁။ **မှန်နန်းရာဇဝင်တော်ကြီး**၊ စာ- ၃၁၉။

ထိုထိုသော ပြစ်မှုတို့အတွက် ပစ္စုပ္ပန်ကာလတွင် အလှူဒါန၊ ကုသိုလ်ကောင်းမှု ပြုရုံမျှဖြင့် နောင်ဘဝ နောင်သံသရာတွင် တစ်စုံတစ်ရာ ထိုက်သင့်သော ပြစ်ဒဏ်ကို မခံရတော့ဘူးလား။ ကဲ မေးပြီ။

နရပတိစည်သူမင်း ပြုခဲ့သော ကုသိုလ်ကောင်းမှု အစုစုနှင့် ပြုခဲ့မိသော အကုသိုလ်မကောင်းမှု အစုစုတို့သည်ကား ပစ္စုပ္ပန်ကော နောင်သံသရာတွင်ပါ 'ပြဒါးတစ်လမ်း သံတစ်လမ်း' သာတည်း။ မဆိုင်၊ မဆိုင်။ ဘာမျှ မဆိုင်။

နရပတိစည်သူမင်းကား ဘာကိုမျှ သတိပေါ့လျော့သည် မရှိ။ ကြည့်လေ။ သူ့နောင်တော် မင်းယဉ်နရသိခ်ဘုရင်ကို အလွယ်တကူဖြင့် လုပ်ကြံဖယ်ရှင်းနိုင်ခဲ့သော သာဓကကို သူအမြဲ ဆင်ခြင်မိသည်။

နောင်တော် ဘုရင် မင်းယဉ်နရသိခ်ကို နရပတိစည်သူ၏ ကျွန်ယုံအောင်စွာငယ်က လုပ်ကြံခဲ့သည်ကိုပင် ကြည့်ပါတော့။ လူသာမန် တစ်ယောက်မျှသာ မဟုတ်၊ တိုင်းပြည် အုပ်ချုပ် မင်းလုပ်နေသော ရှင်ဘုရင်ရှင့်မကြီးကို ရေအိမ်အဝင်တွင် အလွယ်တကူပင် ငအောင်စွာက လုပ်ကြံသတ်ဖြတ်ခဲ့သည် မဟုတ်လား။ ကြားရသည်မှာပင် ဟာသဆန်ပါသေးတော့။ မင်းတရားခမျာ အပေါ့အလေးကိုပင် စွန့်ထုတ်ခြင်းငှာ မပြုနိုင်ရှာဘဲ သေရွာသို့ အပို့ခံခဲ့ရသော သာဓက ရှိနေပါပကော။

ထို့ကြောင့်ပင် နရပတိစည်သူမင်းကြီးသည် နောင်တော်အား လုပ်ကြံရာ၌ အလွယ်တကူ လုပ်ကြံခံရသလို မဖြစ်စေရအောင် အတွင်းအပြင် အစောင့် ကိုယ်ရံတော်များစံနစ်တကျ ထားရှိလေသည်။ အရပ်စကားနှင့် ပြောရလျှင် သူများအသက်ကိုတော့ ဖက်ရွက်လောက်မျှ တန်ဘိုးမထား၊ မိမိအလှည့်ကျတော့ အကြောက်ကြီး ကြောက်တတ်ပေသားပဲဟု ဆိုချင် ဆိုကြမည်။

ယင်း အစီအမံကို မင်းတရားကြီး ကိုယ်တိုင် တင်းကြပ်စွာ စီမံလေသည်။ အတွင်းကိုယ်ရံတော် တပ်ဖွဲ့များ စံနစ်တကျ ဖွဲ့စည်းသည်။ ထိုတပ်ဖွဲ့တွင် ဘုရင့်အယုံကြည်ရဆုံး တပ်ဗိုလ်တပ်မှူးတို့ကို ကွပ်ကဲစေသည်။ စည်းကမ်းကို တင်းကြပ်ထား သတ်မှတ်သော 'စည်း' ကို ဘယ်သူမျှ ကျော်ခွင့် မရှိ။ နင်းခွင့် မရှိ။

အတွင်းကိုယ်ရံတော်တပ်နည်းတူ အပြင်ကိုယ်ရံတော်တပ်ကိုလည်း ကျယ်ပြန့်စွာဖွဲ့စည်းထားသည်။ 'မင်းနားတစ်ထောင်' ဟု ဆိုကြသည် မဟုတ်လား။ ရှင်ဘုရင့်နားသို့ ပေါက်ကြားစေမည် မကြံကြနှင့်၊ လည်ဂုတ်ပေါ် ဓားတဝဲဝဲရှိချိမ့်မည်လေ။ နရပတိစည်သူမင်း၏ အတွင်းကိုယ်ရံတော်၊ အပြင်ကိုယ်ရံတော်တို့ မည်သို့များ တင်းကြပ်စွာ ကာကွယ်ဝန်းရံထားသည်လဲ၊ သိလိုကြပါသလား။ မှန်နန်းရာဇဝင်တော်ကြီး၏ အဆိုအမိန့်ကိုသာ ဖတ်ကြည့်ကြပါတော့။

**'နောင်တော်ကို လုပ်ကြံတော်မူသောအခါ အလွယ်တကူ လုပ်ဖြ သည်ကို အကြောင်းပြု၍ အစောင့်ကိုယ်ရံတော်ကား များစွာ ထားတော် အတွင်းကိုယ်ရံတော် အပြင်ကိုယ်ရံတော်ဟူ၍ အသီးသီး သင်းဖွဲ့တော်မူပြီး နန်းတော်ပတ်လည် အထပ်ထပ် စောင့်နေရ၏။ နန်းတော်တွင်းသို့ ကြ မဝင်သာဟူ၏။'**[၁]

နန်းတွင်းသို့ ဝင်၍ မင်းတရားကြီးအား လုပ်ကြံသတ်ဖြတ်မည်လား။ ထ လုပ်ကြံရန် အားထုတ်ဖို့ မဝင်နိုင်ဘူး ဆိုပါလား။ ထားတော့။

နရပတိစည်သူမင်းသည် ဘောလောင်းတော်၊ ဘိုးလောင်းတော်၊ ကျန်စစ်သား ကြီးနှင့် အလောင်းစည်သူမင်းကြီးတို့၏ နောက်တွင် စွမ်းရည်အထက်မြတ်ဆုံး န အုပ်ချုပ်သူ မင်းတစ်ပါးဟု ဆိုရတော့မည် ဖြစ်၏။ ကြည့်ပါ။

မင်းကြီးသည် နန်းတော်၏ ရတနာတိုက်၊ ဘဏ္ဍာတိုက်တို့ကို စနစ်တ ကွပ်ကဲထားရှိသည်။ နန်းတော်၏ ပတ်ပတ်လည်တွင် ထိုဘဏ္ဍာတိုက်များကို စနစ်တ ထားရှိစေသည်။ ပြည်သူတို့ထံမှ ကောက်ယူရရှိခဲ့သော အခွန်ဘဏ္ဍာများကို အလေအ မရှိစေကြနှင့်။ စာရင်းဇယား ခိုင်ခံ့စွာ ပြုစုထားကြစေဟု အမိန့်တော်မှတ်၏။ နိုင်ငံ အတွင်း ကောက်ခံရရှိသော အခွန်ဘဏ္ဍာတို့ကား များစွာမှ များစွာ။ ရွှေခွန်၊ ငွေ ပတ္တမြားခွန်၊ ပယင်းခွန်၊ ကြေးဖြူခွန်၊ ကြေးနီခွန်၊ သံခွန်၊ ဘဲခွန်၊ ကတိုးခွန်၊ ဆင် မြင်းခွန် စသည်ဖြင့် အကောက်ခွန်တွေကား ဘုရင်ဘဏ္ဍာတိုက်သို့ ဝင်လာမစဲ၊ တသဲ ဝင်ကြပါစေလေ။ ပြည်သူတို့ထံမှ အခွန်ဘဏ္ဍာတွေ များများကြီး ဝင်လေလေ ဘု မင်းမြတ်၏ တိုင်းပြည် ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းဆောင်တာတွေ များများလုပ် လေ မဟုတ်လား။ ပြီးတော့ ပြီးတော့ အဲ ဘုရင်မင်းတရား၏ များစွာသော မိဖုရားတို့ စားရိတ်၊ သားတော် သမီးတော်တို့၏ စားရိတ်အတွက်လည်း ပြည်သူ့ဘဏ္ဍာတွေ ပံ့ပိုးနိုင်ပေမည် မဟုတ်လား။

နရပတိစည်သူမင်းကြီး၏ လက်ထက်တော်တွင် ထူးခြားသော ဆောင်ရွက် တစ်ခုကို ပြောရဦးမည်။ ဘုရင့် ကိုယ်ရံတော်မှ စ၍ မှူးမတ်များအပါအဝင် အမှုထမ် များအားလုံးကို လစာရိက္ခာ ငွေများ ပေးတော်မူသည်။ မင်းမှုထမ်းတစ်ဦးကို စပါ မည်မျှ ဟူ၍ သတ်မှတ်ပြီး လစဉ်ထုတ်ပေးသည်။ တစ်နှစ်လည်သောအခါ လင်မယာ သားသမီးများအတွက် အဝတ်အစား အစုံအလင် ထုတ်ပေးစေသည်။ ထူးချွန်သေ မင်းမှုထမ်းတို့အား သီးခြား ဆုလာဘ်များ ပေးသည်မှာ မကြာခဏ။

---

၁။ **မှန်နန်းရာဇဝင်တော်ကြီး၊** စာ- ၃၁၉

(၁)

နရပတိစည်သူမင်းကြီးသည် ပါးနပ်သော ဘုရင် ဖြစ်၏။ ဆိုကြပါစို့။ အရည်အချင်း ပြည့်မီသော အုပ်ချုပ်သူ ဖြစ်၏။ တိုင်းပြည် အုပ်ချုပ် မင်းလုပ်ရာတွင် ဘယ်အညာကို ဘယ်လိုကိုင်၍ ပိုင်နိုင်စွာ ဆောင်ရွက်ရမည်ကိုလည်း သိ၏။ ကြည့်လေ။ သူ့စကားကျွံ ကတိလွန်ခဲ့သော နန်းမွေဆက်ဆံရေး ကိစ္စနှင့် ပတ်သက်ပြီး ဘုရင်ကြီး ဆောင်ရွက်ခဲ့ပုံကား တိကျသေချာလှပေစွ။

နရပတိစည်သူမင်းကြီးထံ၌ သားတော် ငါးပါး ရှိသည်။ ကြီးစဉ်ငယ်လိုက် ဆိုရသော် *ဇေယျသူရ၊ ရာဇသူရ၊ ဂင်္ဂသူရ၊ ပျံချီ* နှင့် အငယ်ဆုံး သားတော်ကလေး *ဇေယျသိခ်* တို့ ဖြစ်ကြသည်။

ရှေ့ဘုံနိဒါန်း ထုံးထမ်းစဉ်လာအရ ဆိုလျှင် သားတော်ကြီး ဇေယျသူရအား နန်းစောင့်ထားရချေမည် ဖြစ်သည်။ နရပတိစည်သူမင်းကြီး နတ်ရွာစံ ကံတော်ကုန်သော အခါတွင် သားတော်ကြီး 'ဇေယျသူရ' သည်သာ ဘုရင့်အရိုက်အရာကို ခံ၍ နန်းတက်ရမည် ဖြစ်သည်။ ယခုကား ထိုသို့ မဖြစ်နိုင်ပြီ။ လက်မတော်တွင် ပေါက်ခဲ့သော ခုနှာမှ ပေါက်ထွက်လာသော ပြည်ပုပ်ပြည်ဆိုးတွေကို ဝမ်းထဲမျိုချခဲ့သည့် မိဖုရားကလေး ၏ သားတော်အား နန်းတော်စောင့်ပါစေမည်ဟု နှုတ်ကျွံ၊ လက်လွန် ကတိစကားဆိုမိခဲ့ပြီ။ **'မင်းမှာ သစ္စာ၊ လူမှာ ကတိ'** ဟု ဆိုရိုးစကား ရှိသည် မဟုတ်ပါလား။ ရှင်ဘုရင်တို့မည်သည် စကားနှစ်မျိုး မပြောအပ်။ **'ထွက်ပြီးသော ဆင်စွယ် ဝင်တယ်လို့မရှိ။'** ထွေးပြီးသား တံတွေးကိုလည်း ပြန်မျိုချ၍ မရ။ သို့ဆိုလျှင် သားတော်အငယ် ဇေယျသိခ်အား နန်းမွေပေးထားသော ကိစ္စကို အတည်တကျ ဖြစ်အောင် ဆောင်ရွက်ရချေဦးမည်။ ဘယ့်နှယ် လုပ်ရပါ့။

နရပတိစည်သူမင်းကြီးက သားတော်ကြီး လေးပါးကို ခရိုင်ကြီးများ ပေးအပ်၍ အုပ်စိုးခွင့် အာဏာခွဲဝေပေးထားသည် မဟုတ်လား။ အကယ်၍များ ဇေယျသိခ်ကို နန်းမွေပေးထားကြောင်း သတင်းကို သားတော်ကြီးများ ကြားသိသွားခဲ့၍ မကျေမနပ်ဖြစ်ကာ ပုန်ကန်တော်လှန်ခဲ့လျှင် တိုင်းပြည်မှာ အခက်ကြီး တွေ့ရချည်သေးရဲ့။ သို့သော်–

နရပတိစည်သူမင်းကြီးကား ရာဇမာယာခေါ် မင်းတို့ တတ်အပ်သော ပရိယာယ်ကို တစ်ဘက်ကမ်းခတ် တတ်သူဖြစ်သတည်း။ ထို့ကြောင့် တစ်နေ့ ဘုရင့်ညီလာခံတွင် ဘုရင်မင်းမြတ်က ဤသို့ ကြေညာလိုက်လေသည်။

**'မင်းကြီးများ၊ ငါကိုယ်တော်ရှင်မြတ်မှာ အသက်အရွယ်အားဖြင့် ကျန်းမာ**

**သန်စွမ်းနေတာ မောင်မင်းတို့ အမြင်၊ အသိပေပဲ။ သို့သော်ငြား ဗုဒ္ဓမြ ဘုရား ဟောကြားခဲ့တဲ့ တရားတော်အရ ဆန့်သောလက်ကို မကွေးမီ၊ သော လက်ကို မဆန့်မီ အနိစ္စ သဘောတရားကို မလွဲမသွေ ရင်ဆို တော့မည် ဖြစ်ပေတယ်။ ဒီနေရာမှာ ငါကိုယ်တော်ရှင်မြတ် မျက်စိ မှိတ်သွားခဲ့သော် နန်းပလ္လင်၏ တန်ခိုးအာဏာကို ဘယ်သူက ဆက် မှာလဲ ဆိုတဲ့ မေးခွန်းက ရှိလာတယ်။ ဒီမေးခွန်းရဲ့ အဖြေကို ရယူ ကိုယ်တော်ရှင်မြတ်က နန်းပလ္လင်ရဲ့ ထီးချက်စောင့် နတ်သမီး အဆုံးအဖြ ယူမယ်'**

နရပတိစည်သူမင်းကြီး၏ အစီအစဉ်ကား ဤသို့ ဖြစ်လေသည်။ နန်းရ တွင် ဘုရင်နှင့်တကွ မိဖုရား၊ မှူးမတ် ဗိုလ်ပါတို့နှင့် ရဟန်းရှင်လူတို့အလယ်၌ နန်းတေ ထီးချက်စောင့် နတ်သမီးကို ပန်ကြားမည်။ နန်းပလ္လင်၏ အရိုက်အရာကို သား ငါးပါးအနက် မည်သူ့အား အရှင်နတ်သမီးက ပေးအပ်လိုပါသလဲ။ ထီးချက် နတ်သမီးဆန္ဒရှိသော သားတော် တစ်ပါးပါးထံ ထီးဖြူညွတ်ပါစေဟု ပန်ကြား

မှူးမတ်၊ ဝန်ကြီးတို့မှာ ပထမတွင် ထိုအစီအစဉ်ကို ကြားသော် အံ့သြသွား သည်။ ဘုရင်မင်းမြတ်၏ အစီအစဉ်မှာ 'ရွှေဘုံနိဒါန်း' နန်းမွေဆက်ခံရေး ဥ စဉ်လာ မကြားဘူးပါကလား။ မနာဖူးပါကလား။ မဖတ်ရှုဖူးပါကလား။ တကယ်ဆို သားတော်ကြီး ငါးပါးအနက် ဘုရင့်ရွှေနန်းကို သားတော်အကြီးဆုံးကပဲ ဆက်ခံ ထုံးစံ ရှိသည် မဟုတ်ပါလား။ ဘုရင်မင်းမြတ်သည် ဘယ်သို့သော အကြံအစဉ် ဤသို့ မိန့်တော်မူပါလိမ့်။

ဝန်ကြီး၊ မှူးမတ်တို့မှာ ဘုရင့်အမိန့်တော်ကို ပယ်လှန်ဝံ့သူများ မဟုတ်။ ဘု စကား မိုးကြိုးသွားတဲ့။ ဘုရင်တို့ဘုန်း မိုးသို့ ချုန်းသတဲ့။ ဘာပဲဖြစ်ဖြစ် ဘုရင်မင်းမြ ၏ အလိုဆန္ဒအတိုင်း မလွဲမသွေ ဆောင်ရွက်ပေးရမည် မဟုတ်ပါလား။

ဘုရင်မင်းမြတ်၏ မိန့်ကြားချက်ကို ကြားသိရသော် သားတော်ငါးပါးတို့လည တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ ခမည်းတော် မင်းတရား နှုတ်မှ မြွက်ဟသော စကားဂှာ ထူးပေဆန်းပေသား။ သည်စကားက ဘယ်သို့များ အဓိပ္ပာ ဆိုချင်ပါလိမ့်။ တကယ်ဆိုလျှင် ခမည်းတော်ဘုရင်မင်းမြတ် နတ်ရွာစံတော်မူသောအ နန်းပလ္လင်၏ အရိုက်အရာကို ခံယူရမည့် သူမှာ ဘုရင့်သားတော်အကြီးဆုံး 'ဇေယျာသူ သာ ဖြစ်ရမည် မဟုတ်ပါလား။ ဘယ့်နှယ်များ ထီးချက်စောင့် နတ်သမီး၏ အဆ အဖြတ် ဆိုတာကြီးက နန်းမွေဆက်ခံရေးတွင် ပေါ်လာပါသလဲ။ သို့သော်–

သားတော်များအနေဖြင့် ဘုရင့်စကားကို ကြားဝင်ခွင့်မရှိ။ ဆန့်ကျင်ရန် နှုတ်

ခွန်း မပဟဝံ့ကြ။ သားတော်များက ခမည်းတော်ကို 'ငယ်ကြောက်' ဖြစ်ကြသည်။ ခမည်းတော် မင်းတရားသည် ရဲရင့်သူ ဖြစ်သည်။ ပြတ်သားသူ ဖြစ်သည်။ တိကျသူဖြစ်သည်။ ပြောပြီးသား စကားကို ပြင်လေ့မရှိ။ ဆုံးဖြတ်ပြီးသော အရာကို အောင်မြင်ပြီးမြောက်သည့် အထိ လုပ်ဆောင်သွားမည် သူဖြစ်ကြောင်း သားတော်ကြီးသည် လည်းကောင်း၊ သားတော်လတ်၊ သားတော်ငယ်များသည် လည်းကောင်း ကြားသိပြီး ဖြစ်နေကြသည်။ ထို့ကြောင့် **'ဘုရင့်စကား၊ မိုးကြိုးသွား'** ကို ပယ်ရှားငြင်းဆိုရန် လုံးဝ မဝံ့ကြ။

သို့ဖြင့် နောက်တစ်နေ့ မိုးသောက်ချိန်တွင် ပုဂံနေပြည်တော်အနှံ့ ဝန်ကြီးမှူးမတ်များက မောင်းကြေးနင်းခတ်၍ ကြေညာကြတော့သည်။

**တိုင်းသူပြည်သား လူအများတို့လေး၊ ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာ၊ ရတနာခုနစ်ပါးတို့၏ အရှင်၊ တစ်ရာ့တစ်ပါးသော မင်းအပေါင်းတို့၏ သခင်၊ ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော နရပတိစည်သူဘုရင်မင်းတရားကြီး၏ အမိန့်တော်ကို ကြေညာလိုက်သည်။**

**နက်ဖြန်နံနက် နေအရုဏ်တက်ချိန်တွင် ပုဂံရွှေနန်းတော်၏ နန်းရင်ပြင်၌ ဘုရင်မင်းမြတ်၏ နန်းပလ္လင်ကို ဆက်ခံစိုးစံမည့် သားတော်တစ်ပါးအား နန်းတော်ထီးချက်စောင့် နတ်သမီးက ရွေးချယ်ပွဲသဘင်ကို ထင်ရှားခံ့ထယ်စွာ ကျင်းပတော်မူလိမ့်မည်။ ထိုသို့ နန်းမွေခံမင်းသား၊ ရွေးချယ်တင်မြှောက်ပွဲသို့ တိုင်းသူပြည်သား လူအများတို့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တစ်အိမ်တစ်ယောက် လာရောက် ကြည့်ရှုကြရန် နှိုးဆော်လိုက်သည်။**

**ဘုရင်မင်းတရားကြီး၏ အမိန့်တော်။**

(၈)

နောက်တစ်နေ့ နံနက် နေအရုဏ်တက်ချိန်၊

ပုဂံရွှေနန်းတော်ကြီး၏ နန်းရင်ပြင်သို့ ဦးတည်၍ ပုဂံနေပြည်တော်ရှိ မြို့သူမြို့သား ရဟန်းရှင်လူတို့သည် တဖွဲဖွဲ ချီတက်ရောက်ရှိလာကြသည်။ ဘုရင်မင်းမြတ်၏ အမိန့်တော်အရ တစ်အိမ်တစ်ယောက် တက်ရောက်ကြရမည် မဟုတ်လား။ ဘုန်းတန်ခိုး အလွန်ကြီးမြတ်ပေသော ဘုရင့်အမိန့်ပေကိုး။ သွေဖီဆန့်ကျင်ဝံ့သူ မရှိကြ။ ဘာအကြောင်းကြောင့် ဖြစ်ပစေ ပျက်ကွက်ဝံ့သူ မရှိကြ။ မတော်လို့ သည်အခမ်းအနားကို မတက်ရောက်မိ၍ ပျက်ကွက်ခဲ့သော် ပြင်းထန်သော ပြစ်ဒဏ်ကို အယူခံမရှိ ရင်ဆိုင်ရမည် မဟုတ်ပါလားလေ။ သို့သော်

ရဟန်းရှင်လူ ပြည်သူအများတို့သည် နန်းရင်ပြင်သို့ ချီတက် လာရောက် တိုးတိုး သက်သာ ပြောဆိုဆွေးနွေးကြသည်။

**'ဘယ့်နှယ်လဲ ထူးဆန်းတဲ့ ဖြစ်ရပ်ပါလားဗျို့။ ဘုရင်မင်း အစီအစဉ် က ဘယ်လိုတဲ့လဲ။ ထီးချက်စောင့်နတ်သမီးက နန်းမွေဆ သူကို ရွေးမည် ဆိုပါလား။ တစ်ကြိမ်တစ်ခါမျှ မကြားဘူးတဲ့ အစီအစဉ် ဟရို့.'**

**'ဒီတစ်ခါတော့ ရှေနန်းတော်ကြီးက သတင်းထူး သတင်း ကြားနေရပါလား။ တကယ်ဆိုရင် ဘုရင်မင်းတရားကြီးရဲ့ ထီးမွေ န ဘုရင့်သားတော်ကြီးကပဲ သိမ်းမြန်းစိုးအုပ် မင်းလုပ်ရမြဲ မဟုတ် ခုတော့ ဘာသဘောပါလိမ့်'**

ဤသို့ ဆိုသူက ဆိုကြသည်။

**'အို ဒါက မင်းတို့ ကိစ္စ မဟုတ်ပါဘူးကွာ၊ တို့ပြည်သူတွေအဖို့ န မှာ ဘယ်သူ ဘုရင်လုပ်လုပ် အရေး မဟုတ်ပါဘူး။ တို့ ပြည်သူတွေ ဘုရင့်အစိုးရက အခွန်အတုတ်တွေ နင်းပြီး မစည်းကြပ်ဖို့၊ မင်းမှုထ ဘုရင့်နန်းတော်စောင့် တပ်သားတွေက တို့ နေပြည်တော်သားတွေ အနိုင်အထက် မလိုတမာ မပြုကျင့်ကြဘို့၊ တို့တတွေ ကောက်ပဲ သီး ထွန်းပြီး စီးပွားကုန်သွယ် ရောင်းဝယ်လယ်လုပ် အရှုပ်ပယောဂ မ ဒါတွေသာ အရေးကြီးတာပါကွာ၊ တို့များနဲ့၊ ရှင်ဘုရင် ဘယ်သူလု ဆိုတဲ့ကိစ္စ အဝေးကြီးပါ၊ လေညာက နေသာသပမောင်ရေ့' ထို့နှယ်** သူက ရင်ဖွင့်ကြသည်။

အတွေးအခေါ်ရှိသော ပညာတတ် ပုဂ္ဂိုလ်တို့ကမူ ရှေ့နောက် ဆင်ခြ ဆ၍ ဤသို့ ဆိုကြလေသည်။

'မင်းတို့ ပေါ့ပေါ့ဆဆ မတွေးကြနဲ့။ မပြောကြနဲ့။ မဆိုကြနဲ့ ပြည်ထဲအရေး ပေါက်နဲ့ကျေးတဲ့ကွ။ ကြက်ဥအရောင် တိမ်တောင် **မင်းရေးကျယ်လို့လဲ ဆိုကြသကွ။ အခုဟာက ဘုရင့်ရှေနန်းရဲ့ နိုင်ငံ ထုံးစံဝေလေ့နဲ့ အညီဆိုရင် ဘုရင့်ရှေနန်းကို သားတော်ကြီး 'ဖေ စောင့်ဖို့ပဲကွ။ အခု သားတော်ကြီးကို ရှေနန်းမအပ်ချင်လို့ ဘုရင်မင်း လှည့်ဖျားတဲ့ အကြံအစည် ဖြစ်နိုင်တယ်မောင်ရေ့၊ ပေါ့ပေါ့ မတွေး**

ထိုအခါ စကားလက်တံရှည်သူတို့က ဤသို့ မေးခွန်းထုတ်ကြသည်။

**'ဟင် ဒါဖြင့်ရင် တကယ်လို့ သားတော်ကြီး နန်းမွေဆက်ခံစေလို့ ထီးချက်စောင့်နတ်သမီးက မဆုံးဖြတ်ဘဲ တခြား သားတော်တစ်ပါးပါးကို နန်းမွေပေးလိုက်ရင် သားတော်ကြီး ဧယျသူရက ငြိမ်နေပါ့မလား။ ဒီမင်းသားက သူပိုင်စားရတဲ့ တိုင်းခရိုင်ပြန်၊ တပ်ထောင်ရာ ဗိုလ်ထုနဲ့ လူစုပြီး ပုန်ကန်ခဲ့ရင် ဘယ့်နှယ်လုပ်ကြမလဲ ဟရို့.'**

**'အဲဒါ ပုဂံရွှေနန်းရဲ့ နိုင်ငံရေးပေါ့ဟဲ့။ သားတော်ကြီး နန်းမွေမရလို့ ပုန်ကန်မယ် ဆိုရင်တော့ ပုဂံပြည်ကြီး မီးဟုန်းဟုန်းတောက်လိမ့်မှာပေါ့။ ဒါပေမယ့် မပူပန်နေပါနဲ့လေ၊ တိုင်းပြည် အုပ်ချုပ်သူ ရှင်ဘုရင်ဆိုတာ ပဒေသရာဇ်အာဏာရှင် မဟုတ်လား။ သူစားရမယ့် အကွက်ကိုဖြင့် အမြဲတမ်း တစ်ကွက်တော့ ချန်ထားမြဲပါပဲ။ ဘယ်တော့မှ လက်လွှတ်ထားလိမ့်မယ် မဟုတ်ဘူး။ အဲ သတိချွတ်ယွင်းလို့ သူစားရမယ့် အကွက် လက်လွှတ်သွားရင်လည်း ရတဲ့နည်း အမျိုးမျိုးနဲ့ ကိုယ့်အတွက် လုပ်ယူသွားမှာပါကွ'**

ရှေ့မှီ နောက်မှီ ပညာရှင်တို့က အဲသည်လို သုံးသပ်ပြကြလေသည်။

ဤသို့ဖြင့် ပုဂံရွှေနန်းရင်ပြင်သို့ အုတ်အုတ်သဲသဲ လာကြသူများတွင် အမြင်အမျိုးမျိုး၊ ဝေဖန်ချက် အသွယ်သွယ်နှင့် ပြောကြ ဆိုကြ ရှိနေကြသည်။ နေလုံးကြီး အရှေ့ဘက် တောင်စွယ်က ထွက်ပြူမလာမီမှာပင် နန်းရင်ပြင်၌ နေပြည်တော်သား ပြည်သူအများ တစ်စုတစ်ဝေးတည်း ရောက်ရှိလာနေကြပြီ ဖြစ်သည်။

နန်းရင်ပြင်၏ ရှေ့ပိုင်းနေရာတွင် ဘုရင်မင်းတရားကြီး စံမြန်းမည့် ရွှေပလ္လင်။ ရွှေပလ္လင်ရှေ့ မနီးမဝေးရှိ ငွေဖလားအလယ်၌ စိုက်ထူထားသော ထီးဖြူတော်တစ်လက် ရှိနေသည်။ ထီးဖြူ၏ရှေ့တွင် ဘုရင့်သားတော် ငါးပါး၊ ဧယျသူရ၊ ရာဇသူရ၊ ဂင်္ဂသူရ၊ ပျံချီနှင့် သားတော်အထွေးဆုံး ဧယျသိခ်တို့သည် အစီအရီ တင့်တယ်ခံ့ညားစွာ နေရာယူလျက် ရှိကြသည်။

မင်းသား ငါးပါး၏ နောက်တွင် ဘုရင်မင်းမြတ်၏ မိဖုရားကြီး၊ မိဖုရားငယ်များ၊ မိဖုရားများ၏နောက်တွင် ဘုရင့်ဝန်ကြီးမှူးမတ်များက အသီးအသီး နေရာယူထားကြပြီ။

မကြာမီ ဘုရင်မင်းမြတ် ထွက်တော်မူ စည်တော်သံသည် ဝေယံသို့ လွင့်ပျံလာလေ၏။ နန်းပလ္လင်တံခါးသည် အသာအယာ ပွင့်သွားပြီး နန်းပလ္လင်ပေါ်၌ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသော နရပတိစည်သူ မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့ ထွက်ပေါ်လာပြီး နေရာယူလိုက်သည်။

ဘုရင်မင်းတရားကြီးနှင့် မိဖုရားကြီးတို့ ထွက်ပေါ်လာပြီး မကြာမီပင် ဘုရင်မင်းမြတ်က အမိန့်တော်ရှိလိုက်သည်မှာ–

'မင်းကြီးများ၊ မှူးမတ်ဝန်ကြီးများတို့၊ ငါကိုယ်တော်ရှင်မြတ် အ တဲ့ အကြောင်းအရာကို မိန့်မှာရန် ရှိပေတယ်။ ဒါကတော့ အခြားအ အရာ မဟုတ်ပေဘူး။ ကိုယ်တော်ရှင်မြတ်ရဲ့ နန်းမွေကို ဆက်ခံစိုးစံ ရွေးချယ်ရေး ကိစ္စပါပဲ။ ပညာရှိ မှူးမတ်အများ သိထားပြီးတဲ့ အတိုင် ပုဂံထီးနန်း အဆက်ဆက်မှာ ဘုရင်မင်းမြတ် သက်ရှိ ထင်ရှားရှိစဉ် ဆက်ခံရေးကို စံနစ်တကျ သတ်မှတ်ထားရှိတာ အလွန်နည်းပါးခဲ့ပေ ဘေးလောင်းတော် ကျန်စစ်သားမင်းတရားကြီးရဲ့ လက်ထက်တော်မှ တော် အလောင်းစည်သူမင်းသားကလေးကို နန်းစောင့်ထားခြင်းမှ အပ ဘုရင်များ လက်ထက်မှာ ဒီလို နန်းမွေပေးတာ မရှိခဲ့ပေဘူး။ မှန် မင်းကြီးများ။

**မှူးမတ်ဝန်ကြီးများ။** ။ 'မှန်ကန်ကြောင်းပါ ဘုရား'

**နရပတိစည်သူမင်းကြီး။** ။ 'အို အဲသည်လို နန်းမွေ ဆက်ခံရေး အ တကျ မသတ်မှတ်ပေးထားလို့ ရှင် တစ်ပါး နတ်ရွာစံတဲ့အခါ နန်းပ ပိုင်စိုးချင်သူတွေ ပေါ်ပေါက်လာပြီး သ ဖြတ်ပွဲတွေနဲ့ သွေးချောင်းစီးခဲ့တယ် မ လားဗျ'

**မှူးမတ်ဝန်ကြီးများ။** ။ 'မှန်ကန်လှကြောင်းပါ ဘုရား'

**နရပတိစည်သူမင်းကြီး။** ။ 'ယခု ငါကိုယ်တော်ရှင်မြတ်မှာ သား (၅) ပါး တိတိ ရှိပေတယ်။ ဒီ သား (၅) ပါးစလုံးဟာ ဗုဒ္ဓဘာသာဝင် ကောင်းသားများ ပီသစွာ ခမည်း အပေါ်မှာ သားသမီးဝတ် (၅) ပါး၊ မ တရားတော်များနဲ့အညီ ကျင့်ကြံ ပြုမူ စားချစ်ခင်ကြတဲ့ လူကောင်း လူမွန် ဖြစ်ပေတယ်။ ငါကိုယ်တော်ရှင်မြတ် မျ မိုတ်သွားတဲ့အခါ သားတော်များဟာ လားအပ်တဲ့ နန်းလုပွဲများ ပြုလုပ်ကြ မယ်လို့ ငါမထင်ပေဘူး။ သို့သော်လ ငါကိုယ်တော်ရှင်မြတ်ကတော့ မိဘနေရာ

ကြည့်ပြီး သားတော်များရဲ့ နောင်ရေးကို မျှော်တွေးပြီး သင့်တော်လျော်ကန်တဲ့ အစီအမံများကို ကြိုတင် စီမံထားချင်တယ်ဗျ မင်းကြီးများ'

**မှူးမတ်ဝန်ကြီးများ။** ။ 'သင့်တော်လျော်ကန်လှကြောင်းပါဘုရား'

**နရပတိစည်သူမင်းကြီး။** ။ 'ဒါကြောင့် ငါကိုယ်တော်ရှင်မြတ်ရဲ့ ထီးမွေနန်းမွေ ဆက်ခံမယ့် သားတော်ကို နန်းတော်ရဲ့ ထီးချက်စောင့် နတ်သမီးက ရွေးချယ်ပေးရန် စီမံထားရှိတယ်ဗျ၊ ကဲ အချိန်နာရီများ ကျရောက်တဲ့အခါ ထီးချက်စောင့်နတ်သမီးကို ပင့်ကြစေဗျား'

ထိုအချိန်တွင် ကြိုတင် တာဝန်ပေးထားသော ဝန်ကြီးတစ်ပါးက နေရာမှ ထ၍ ထီးဖြူစိုက်ထူထားသော နေရာ၌ ရပ်ပြီး ရွတ်ဆိုပင့်ဖိတ်နေသည်။

'အို တရားစမွှ ပိုင်စိုးသလျက် နန်းကနက်ပလ္လင်ကို စောင့်ရှောက်နေသော ထီးချက်စောင့်နတ်သမီး၊ ပုဂံရွှေနန်းတော်၏ နန်းရင်ပြင်သို့ ကြွချီတော်မူပါတော့'

ထိုခဏတွင် နရပတိစည်သူမင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့သည် နန်းပလ္လင်ရွှေလှေကားမှ တစ်လှမ်းချင်း လျှောက်လှမ်း၍ ဆင်းလာကြသည်။ ထီးဖြူစိုက်ထူထားသော ငွေဖလား အနီးတွင် ဘုရင်နှင့် မိဖုရားကြီးတို့ နေရာယူနေကြပြီ။

ထီးဖြူတော်၏ အနီးတွင်ကား ဘုရင့်သားတော် ၅ ပါးသည် ခမည်းတော်ဘုရင်မင်းမြတ်ထံသို့ လခြမ်း ပုံသဏ္ဌာန် ဦးညွတ်ဝပ်တွားလျက် ရှိခိုးဦးခိုက်နေကြသည်။

ထိုအချိန်တွင် ငွေဖလား၌ စိုက်ထူထားသော ထီးဖြူတော်ကို နရပတိစည်သူမင်းကြီးက နှုတ်ယူလိုက်၏။ ထို့နောက် သားတော်ငါးပါး၏ အလယ်တွင် ထီးဖြူကိုစိုက်လျက် နရပတိစည်သူမင်းကြီးက မှူးမတ်ဝန်ကြီးများ ကြားအောင် နှုတ်မှ သစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုလိုက်လေ၏။ **'ငါမရှိသည့် နောက်တွင် ပုဂံရွှေနန်း၌ ဘုရင်အဖြစ် အုပ်စိုးမည့်သူထံ ထီးတော် ညွတ်စေသတည်း'**

ထို့နောက် မင်းကြီးသည် ထီးတော်ကို လက်ဖြင့် ဆုပ်ကိုင်ထားရာမှ ဖြည်းညှင်းစွာ လွှတ်လိုက်၏။

ထီးဖြူတော်ကား အံ့ဖွယ်သုရဲ ထူးကဲစွာ တုန်ခါ လှုပ်ရမ်းပြီးနောက် မင်းသားတစ်ပါးထံသို့ ဦးတည်၍ ညွတ်လေသည်။ ဘယ်မင်းသားထံပါလိမ့်။

ထီးဖြူတော်သည် သားတော် အထွေးဆုံး **'ဇေယျသိခ်'** မင်းသားကလေးထံသို့

ညွတ်လဲသွားလေသည်။ မင်းပရိသတ်လည်း ထိုအခါမှ လှုပ်လှုပ်ရှားရှား ဖြစ်လာကြ
'ဘယ်မင်းသားလဲ၊ ဘယ်မင်းသားကလေးက ထီးမွေနန်းမွေကို ရရှိသွားသလဲ'

ဘုရင်မင်းမြတ်သည် ထီးဖြူညွတ်သွားသော မင်းသားငယ်အပါးသို့ ဖြည်းညှ
လျှောက်လှမ်းသွားသည်။ ထို့နောက် မင်းသားငယ်၏ လက်ကို ဆွဲကိုင်ယူလျက်
ထရပ်စေလိုက်သည်။

မင်းသားငယ်သည် ဝမ်းသာမှုကို ထိန်းချုပ်ထားသည့်ဟန် တည်ငြိမ်သော
ထားဖြင့် နေရာ၌ ထရပ်ပြီး မင်းပရိသတ်ဘက်သို့ မျက်နှာမူ၏။

> 'ဟယ် ဓေယျသိခ်မင်းသားကလေးပါလား၊ ထီးချက်စောင့် နတ်သ
> ရွေးချယ် ပေးလိုက်တာက ဘုရင်မင်းမြတ်ရဲ့ အထွေးဆုံး သားတော်ကလေ
> ဆန်းကြယ်လှပါပေ။ အံ့ဖွယ်သူရဲ ထူးကဲလှပါပေ့။ မင်းသားကြီး၊ မင်းသာ
> တွေကို ကျော်လွှားပြီး သည်မင်းသားငယ်ကလေးက အိမ်ရှေ့စံမင်
> ဖြစ်သွားပါပေါ့လား'

ထိုသို့ ထီးချက်စောင့်နတ်သမီး၏ ထူးကဲသော အဆုံးအဖြတ်နှင့် ပတ်သ
မှန်နန်းရာဇဝင်တော်ကြီးက ဤသို့ မော်ကွန်းတင်လေသည်။[၁]

> **ခမည်းတော် နရပတိစည်သူမင်းကြီးလည်း သားတော် ငါးပါး အလယ်**
> **ထီးဖြူကို စိုက်ပြီးသော် မင်းပြုထိုက်သော သူကို ထီးဖြူညွတ်သည် ဖြ**
> **သော ဟူ၍ မိဌာန်တော်မူ၏။ ထီးဖြူလည်း သားတော်အငယ် ဓေယျ**
> **သို့ ညွတ်လေ၏။ ထိုသို့ ညွတ်လေသောကြောင့် ဓေယျသိခ်ကို ထီးလို**
> **လို ဟူ၍ တွင်၏။**

ဤတွင် နရပတိစည်သူမင်းကြီး၏ နိုင်ငံရေး ဦးတည်ချက်ကို နန်းပလ္လ
ပတ်သက်၍ ပြက်ပြက်ထင်ထင် သိမြင်နိုင်ကြလေသည်။ မင်းကြီးသည် နန်းပလ္လ
ပတ်သက်၍ ပုဂ္ဂလဓိဌာန် အစွဲအလန်းကို ဦးစားပေးလိုကြောင်း ထင်ရှားစွာ တွေ့ခဲ့ကြ
မဟုတ်ပါလား။ အမှန်ဆိုလျှင် နရပတိစည်သူမင်းကြီးသည် နန်းမွေကို ဥယျာဉ်သည်သ
မိဖုရား၏ သားတော်ကို ပေးမည်ဟု ကတိပြုခဲ့ပြီး မဟုတ်ပါလား။

သတိရပါသေးတော့။ မင်းကြီး၏ လက်မှ ခူနာ ပြည်ပေါက်ခဲ့စဉ် မင်း
နီးမည် စိုးရိမ်သဖြင့် အနာပြည်များကို ဝမ်းထဲသို့ မျိုချခဲ့သော မိဖုရားငယ်က
ဆုတောင်းစဉ်က မင်းကြီး ဘာပြောခဲ့သလဲ။

'သားတော်ကလေး ဓေယျသိခ်ကို မောင်တော်ရဲ့နန်း စောင့်စေဗျား'

ထိုသို့ ထီးမွေ နန်းမွေကို အထွေးဆုံး သားတော်ကလေးအား ပေးပြီးက

---

၁။ **မှန်နန်းရာဇဝင်တော်ကြီး**၊ စာမျက်နှာ– ၃၂၉။

နန်းတော်၏ ထီးချက်စောင့် နတ်သမီး အဆုံးအဖြတ်ကို ယူရန် မင်းတရားက ဘာကြောင့် စီစဉ်ခဲ့ပါသလဲ။

သည်နေရာတွင် ခေတ်အတွေး ခေတ်အမြင်ဖြင့် မေးချင်သူများအတွက် မေးခွန်းတွေက အစီအရီ ပေါ်လာလေတော့သည်။

**ပထမမေးခွန်း။** ထီးချက်စောင့် နတ်သမီး ဆိုတာ ဘယ်သူလဲ။ သူက နန်းပလ္လင်၏ အခေါင်အဖျားနေရာ၌ ဘယ်တုန်းက နေရာ ရထားခဲ့ပါသလဲ။ ထီးချက်စောင့်နတ်သမီး ဆိုတာ နန်းပလ္လင်၏ အရိပ်အာဝါသအောက်က လူများအပေါ် ဘာအကြောင်းကြောင့် သည်မျှ လွှမ်းမိုးနိုင်ခဲ့ပါသလဲ။

သည်းခံကြလေ။ လွန်ခဲ့သော နှစ်ပေါင်း ကိုးရာ တစ်ထောင်က လူတို့ရဲ့ ကိုးကွယ်ယုံကြည်မှုများအပေါ် နှောင်းလူတို့အနေဖြင့် အကဲဖြတ်ရန်ကား ခက်ခဲလှပါဘိ။ ဒါက မှားသည်၊ ဟိုက မှန်သည်။ (သို့မဟုတ်) ဟိုက မှန်သည်၊ ဒါက မှားသည် စသည်စသည်ဖြင့် မိမိတို့ ဉာဏ်မမှီသည့် အချင်းအရာများကို တရားသူကြီး တစ်ဦးသဖွယ် စီရင် ဆုံးဖြတ်နိုင်ရန်ကား မိုး၍ပင် ခက်ခဲလှပေတော့သည်။ ထားတော့။

**ဒုတိယ မေးခွန်း။** နရပတိစည်သူမင်းတရားသည် အထွေးဆုံး သားတော်ကလေး ဇေယျသိခ်ကို နန်းမွေပေးပြီးပါလျက် အဘယ့်ကြောင့်များ ထီးချက်စောင့်နတ်သမီး၏ အဆုံးအဖြတ်ကို ယူခဲ့သလဲ။ ထီးဖြူတော်က ဇေယျသိခ်မင်းသားကလေးဆီသို့ ထီးဖြူ မညွှတ်ပါဘဲ အခြား မင်းသား တစ်ပါးပါး အပေါ်သို့ ညွှတ်ခဲ့သော် မင်းကြီး၏ ဆန္ဒနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း မဖြစ်ပေဘူးလား။

ဖြစ်ချင် ဖြစ်ပါစေတော့လေ။ ဤ အရာကား ပုဂံနိုင်ငံတော်၏ နိုင်ငံရေး မဟုတ်ပါလား။ နိုင်ငံရေး ဆောင်ရွက်ချက်များသည် စေတနာသန့်စင်ရန် လိုအပ်သည်။ ဦးတည်ချက် မှန်ကန်ရန်လည်း အရေးကြီးသည်။ အများသူငါ ဝေဖန်မှုကို ရဲရင့် တည်ကြည်စွာ ခံယူနိုင်ရန်လည်း အဓိက ဖြစ်သည်။ ယခု ဇေယျသိခ်မင်းသားကလေးကို ထီးမွေနန်းမွေ ပေးသည့် ကိစ္စကိုပဲ ကြည့်ပါတော့။ သားကလေးကို နန်းမွေပေးပါဟု မိဖုရားကလေး တောင်းဆိုသော ဆုကို နရပတိစည်သူမင်းကြီးသည် စက်ရာခန်းဆောင်မှာ လွယ်လွယ်ပဲ ပေးခဲ့၏။ 'ပြည့်စေဗျား၊ ပြည့်စေဗျား'

ထိုသတင်းသည် ပုဂံနိုင်ငံတော် တစ်ဝှမ်းတွင် တစ်ယောက်ကစ တစ်ရာ၊ တစ်ရာက တစ်ထောင်၊ တစ်ထောင်က တစ်သောင်း ပြန့်နှံ့သွားပါလိမ့်မည်။ သတင်းရန့်က ဘယ်သို့ ပြန့်ခဲ့ပါသလဲ။ ဒါတော့ မပြောကြနှင့်လေ။ ဆိုရိုးစကား ရှိပေသား။ 'ဗူးတစ်ရာ အပေါက်ကို ပိတ်လို့ ရမည်၊ လူတစ်ယောက် ပါးစပ်ကို ပိတ်လို့ ရမည် မဟုတ်တဲ့'။ ပြီးတော့လည်း ပြောကြသေးသည် မဟုတ်လား။ 'ပန်းသတင်း လေညှင်း

ဆောင်၊ လူသတင်း လူချင်းဆောင်' ပါသတဲ့။ တစ်ယောက်ကစ တစ်ရာတဲ့။ သ
သတင်း ဘယ်က ထွက်လာသလဲ သိလား။။ ဘယ်ကထွက်မှာပဲလေ၊ နရပတိစ
မင်းတရားနှင့် မိဖုရားကလေးတို့ နှစ်ဦးထဲ ညဥ့်သန်းကောင်ယံ စက်ခန်းဆောင်ဧ
စောင်းမှာ ပြောခဲ့သည့် စကား မဟုတ်လား။ ဘုရင်မင်းမြတ်ကတော့ ဖြစ်လာ
အန္တရာယ်ကို ကြိုတင်သိထားသဖြင့် ဘယ်သူ့ကိုမှ ပြောမည် မဟုတ်။ သည်
သည်သတင်းမှာ ဧယျာသိခ်မယ်တော် မိဖုရားကလေးမှ လွဲပြီး ဘယ်သူများ ဖြ
ဦးမှာလဲ။ ထားတော့။

ထိုအခါမှ စ၍ ပြည်သူတို့ အကြားမှာ စကားတွေက အမျိုးမျိုး ပြောလာကြ
ဆိုလာကြပြီ။ 'ဘယ့်နှယ်လဲ၊ ကြားပြီးကြပြီလား၊ နရပတိစည်သူမင်းကြီးကတော့ အ
ဆုံး သားတော်ကလေးကို နန်းမွေပေးလိုက်ပြီ ဆိုပဲ'

သည်သတင်းစကားကို တချို့က မယုံကြည်၊ မဖြစ်နိုင်သော ကောလဟာ
စကားပဲဟု ဆိုပြီး လက်မခံကြ။ သည်အထွေးဆုံး သားတော်ကလေးက အတွေးအ
လက်တစ်ဆစ်နှင့် ရှင်ဘုရင်လုပ်လို့ ဖြစ်မှာတဲ့လား။ အသက်က ဘာရှိသေးလို့
ပြီးတော့ သူ့ရှေ့မှာ မင်းသားကြီးတွေ၊ မင်းသားလတ်တွေ လေးပါးတောင် ရှိ
မဟုတ်ပါလား။ သည်မင်းသားတွေကို ကျော်ပြီး ဧယျာသိခ်မင်းသားလေးကို နန်
ပေးခဲ့လျှင် ဟိုမင်းသားတွေက ခံနေမှာတဲ့လား။ မင်းသားကြီး မင်းသားလတ်တွေ
မကျေနပ်လို့ သူတို့ အပိုင်စားတဲ့ နယ်တွေကစပြီး ပုန်ကန်ခဲ့သော် တိုင်းပြည်ကြီး
ဟုန်းဟုန်း တောက်တော့မည်ပ။

သည်လိုတွေး၊ သည်လို ယူဆပြီး ထိုသတင်းကို မယုံကြည်သူတွေ ရှိကြ
တချို့ကတော့ ကျယ်ကျယ်ပြန့်ပြန့် တွေးကြလေသည်။ ကောလဟာလ သတင်းစက
တွေ ဆိုပြီး မယုံကြည်ဘဲ နေ၍ မဖြစ်။ တစ်ခါ တစ်ရံ၌ ပုဂံနေပြည်တော်
ကောလဟာလပဲ မဖြစ်နိုင်ပါဘူး ပြောနေလျက်နှင့် အမှန်တကယ် ဖြစ်ပျက်ပြီး လက်
လိုက်ရသော သာဓကတွေလည်း အများကြီး မဟုတ်လား။ သည်မင်းသားငယ်ကလေး
နန်းမွေပေးလိုက်သော သတင်းမှာ ကောလဟာလကနေပြီး တကယ် ဖြစ်လာရင်ကော
ဤသို့ ချင့်ချင့်ချိန်ချိန် တွေးတွေးဆဆ လုပ်သူတို့လည်း ရှိကြသည်။

သည်သို့ သတင်းစကား ပြောကြားကြသည်များကို နရပတိစည်သူမင်းတရ
မကြား မဟုတ်၊ ကြားသည်။ မသိမဟုတ်၊ သိသည်။ မင်းနားတစ်ထောင်ပါတဲ့။ တိုင်းဓ
ပြည်တော်အနှံ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြန့်အောင် ဘုရင့်အထော
တော်တွေ ခန့်ထားစေလွှတ်ထားသည် မဟုတ်လား။ ဘယ်သူသည် ရှင်ဘုရင်ကို မ
မဲ့မြင် ပြောသလဲ။ ဘယ်ကောင်က ဘုရင့်မိဖုရားဆွေမျိုးတွေကို မထီလေးစား ပြောသလ

ဘယ်သတ္တဝါက ဘုရင့် အစိုးရ အာဏာတော်စက်ကို အဖျက်အမှောင့် လုပ်ရန် ကြံစည်နေသလဲ။ ဒါတွေကို သိလျှင်၊ မြင်လျှင်၊ ကြားလျှင်၊ အဲသည့် သတ္တဝါ သက်ညှာရန် အကြောင်း ကြီးငယ် မရှိ။ တမလွန်ခရီးသို့ ခပ်မြန်မြန်ကလေး အပို့ခံ ရမည် ကေန်။ ဘုရင့်အထောက်တော်က လက်မရွံ့အာဏာပါးကွက်ကျား ငနဲသားတွေထံ လက်တို့လိုက်ရုံသာ။

သည်ရွှေသည်မျှနှင့် အထောက်တော်တို့က ခြေမြန် လက်မြန်၊ အဲ သတင်းပို့လည်း မြန်ကြသောအခါ၌ တိုင်းနိုင်ငံအတွင်းမှာ ထီးမွေ နန်းမွေ ဆက်ခံရေးနှင့် ပတ်သက်၍ ဘုရင်မင်းမြတ် 'နှုတ်ကျွံ' ခဲ့သော ကိစ္စမှာ၊ နံရံဆီသို့ ပစ်ပေါက်လိုက်သော ဘောလုံး တစ်လုံး ပစ်သူထံ ပြန်ရောက်သလိုပါပဲ။ ဘုရင်မင်းတရားထံ ပျံ့ဝဲပြီး ရောက်လာမည် ကေန်။

သည်တော့လည်း ပုထုဇဉ် လူသား မင်းတရားကြီး စိုးရိမ်သောက ပွားရရှာပြီ။ အို လျှို့ဝှက်သော စကား ဘယ်နားက ပေါက်ကြားသွားခဲ့ပါလိမ့်။ တစ်ခုသော ညဉ့်သန်းကောင်ချိန်မှာ အရပ်စကားနှင့် ဆိုရသော် လင်ကိုယ်မယား နှစ်ကိုယ်ကြား ပြောခဲ့သော စကားက ပြည်သူတွေ 'နား' မှာ မောင်းတဒူဒူခတ်ကြေညာသည်ထက်ပင် ပြန့်နှံ့ပေါက်ကြားခဲ့ပါပေါ့လား။

သည်တွင် မင်းတရား၏ ပူပန်သောကတွေမှာ တောင်စဉ်အမြင့်တန်းပြီး စဉ်းစားစရာတွေ ဖြစ်လာသည်။ မိမိကိုယ်၌က မိဖုရားခပ်များများ။ သည်မိန်းမတွေကလည်း အိမ်ယာထောင်ပြီးတော့ ငြိမ်ငြိမ်မနေကြ။ တစ်နှစ်တစ်ယောက်၊ နှစ်နှစ် တစ်ယောက် မှန်မှန်ကြီး သားပေါက်ကြသေးသည်။ သည်သို့ မွေးဖွားသန့်စင်လာသော ရတနာကလေးတွေထဲမှာ သားတော် (၅) ပါးထဲ ပါလာ၍ တော်ပါသေးရဲ့၊ သို့သော် သည်သားတော်တွေက ယခုအချိန်အခါတွင် လူလားမြောက်ကြလေပြီ။ ထို့ကြောင့်ပင် သည်သားတော်များကို နယ်စား၊ ပယ်စားတွေ ပေးပြီး တိုင်းခရိုင် အသီးသီးကို ပေးသနားခဲ့သည် မဟုတ်လားလေ။ သို့သော်

သူတို့ ညီကလေး အထွေးဆုံးအား ယခုလို 'နန်းမွေ' ပေးလိုက်သော သတင်းကိုသာ သားတော်ကြီး (၄) ပါးကြားသော် ဘယ်သို့ ရှိပါမလဲ။ မတော်လို့များ၊ ထိုသားတော်များက သူတို့အင်အားတွေ စုပေါင်းပြီး ခမည်းတော်ကြီးကို နန်းပလ္လင်ပေါ်မှ ဆွဲချခဲ့သည် ရှိသော်–

နရပတိစည်သူမင်းတရား ဤသို့သောကများပြီး စိုးရိမ်ပူပန် မရှိဘူးဟု မည်သူမျှ မပြောနိုင်။ သိပြီးကြသား မဟုတ်ပါလား။ နရပတိစည်သူ မင်းတရားကိုယ်တိုင် သည်နန်းပလ္လင်ပေါ်သို့ ဘယ်နည်း ဘယ်လမ်းဖြင့် မြန်းကြွတော်မူခဲ့ပါသလဲ။

နောင်တော် မင်းယဉ်နရသိခ်ဘုရင်ကို သူ့ခမျာ ရေအိမ်တောင် ကောင်းကောင်း မဝ
သေပွဲဝင်ရအောင် ဘယ်သူလုပ်ခဲ့သလဲ။ ကျွန်ယုံတော် ငအောင်စွာကို စေလွှ
လုပ်ကြံစေခဲ့ပြီး မိမိက နန်းပလ္လင်ကို လျင်မြန်စွာ လုယူခဲ့သည် မဟုတ်လား။ သည်
ထိုသို့ ဖြစ်ရပ်မျိုး ယခု မိမိ၏ အလှည့်သို့ ရောက်လာမည်ကို မင်းတရားက စိုးရိ
သည် ဆိုလျှင်၊ လွန်သည် ဆိုကြမှာလား။

ခွင့်လွှတ်ကြဘိ။ လူသားသည် လူသားကဲ့သို့ပင် ကျင့်ကြံအားထုတ်ပါလိမ့်
နောင်တော် ဘုရင်မင်းတရားအပေါ် အနိုင့်အထက် လုပ်ကြံကွပ်မျက်ခဲ့သော နရပ
သူမင်းတရားသည် မိမိထံ အလားတူ ဝင်ရောက်လာမည့် အန္တရာယ် 'လုံတံ
ကြိုတင် စဉ်းစားပြီးသား။ ကြိုတင် တွေးတောပြီးသား။ ပြီးတော့ ကြိုတင် ကာကွ
လည်း အရံအတားလုပ်ရန် အသင့် ရှိပြီးသား။

သည်တွင် ပြောချင်သော ကဏ္ဍာသို့ ရောက်ပါပြီ။ ဤသို့သော ပူပန်သောက
ကို အခြေခံပြီးသည့်နောက် နရပတိစည်သူမင်းတရားသည် ထီးချက်စောင့် နတ်
၏ အခန်းကို ဖွင့်လှစ်လိုက်ခြင်း ဖြစ်ပေတော့သည်။ ပုဂံထီးနန်း၏အရိုက်အ
ခံယူရန်အတွက် မိမိ (ဘုရင်မင်းမြတ်) က မရွေးချယ်။ ထိုကိစ္စကို ပြည်သူလူထု
မတ် ဗိုလ်ပုံအလယ်တွင် ထီးချက်စောင့် နတ်သမီးအရှင်မက ရွေးချယ်လိမ့်မည်။ နတ်
ရွေးချယ်သည့် သူသာလျှင် ပုဂံရွှေနန်းကို သိမ်းမြန်းပေတော့။ ဤနည်း ဤလမ်
ရွေးချယ်ထားသော သားတော်အား အခြားတစ်ပါးသော သားတော်များက နေရာထာ
လေးစားကြ။

ဤတွင် စာဖတ်သူများက စကားလက်တံ ရှည်လိုလျှင် ရှည်နိုင်ကြပြန်သ
ဇေယျသိခ်မင်းသားကလေးကို ရှင်ဘုရင်ကလည်း မူလကပင် နန်းမွေပေးထားသ
ယခု ဘုရင့် ဆန္ဒ သဘောထားအတိုင်းပင် ထီးချက်စောင့် နတ်သမီးကလည်း ရွေး
လိုက်ပြီ။ သည်တော့ ထိုသို့ နတ်သမီးက ရွေးချယ်သည် ဆိုမှုမှာ ရိုးရိုးသား
ဖြူဖြူစင်စင် ဖြစ်ပါရဲ့လား။ ခေတ်စကားဖြင့် ဆိုရလျှင် 'အကြံအဖန်' တွေများ ရှိ
မှာလား။ ထီးကို လက်ကိုင်၍ လွှတ်လိုက်သော နရပတိစည်သူမင်းကြီးကိုယ်တို
ဆန္ဒဂတိလိုက်စားကာ ထီးဖြူကို သားတော်ကလေး ဇေယျသိခ်ထံ တွန်းတွန်းထိုး
လွှတ်လိုက်တာကော မဖြစ်နိုင်ဘူးလား။ သံသယပွားဖွယ် ပြောစရာ၊ မေးစရာတွေ
ရှိပါသေး။

ထားပါ။ အမှန်ကို အမှားမဖြစ်ပါရစေနှင့်။ အမှားကိုလည်း အမှန်ဟု 'သ
မတင်ပါရစေနှင့်။ ဖြစ်ခဲ့ ကြုံခဲ့သည်တို့မှာ ဟိုးလွန်ခဲ့သော နှစ်ပေါင်း ခုနစ်ရာ၊ ရှစ်
ကိုးရာက ကိစ္စတွေ။ နိုင်ငံရေး ခရီးလမ်းတို့မည်သည် ရှင်းလင်းစွာ သန့်စင်စွာ ဆောင်

မှုများ ရှိသလို၊ မသန့်စင်စွာ (တစ်နည်း) ညစ်ပတ်ပေကျံစွာ ဆောင်ရွက်တတ်သည် များလည်း မရှိဟု မပြောနိုင်ကြ။ မဆိုနိုင်ကြ။ သည်တော့ ရှေးလူတို့ ထားရစ်ခဲ့ သော မော်ကွန်းသမိုင်းကိုသာ ခြုံငုံဆင်ခြင် တွေးခေါ်ယူဖို့ပဲ ရှိတော့သည် မဟုတ်ပါလား။ ဤသို့ဖြင့် ပုဂံရွှေနန်း၏ နိုင်ငံရေးတွင် နန်းတော်ထီးချက်စောင့် နတ်သမီး၏ ရွေးချယ် မှု ဆိုသော တရားဝင် အဆုံးအဖြတ် ဖြစ်စေခဲ့ပြီ။

ကဲ သည်တော့ မေးပါရစေဦး။ နရပတိစည်သူမင်းကြီးက နိုင်ငံရေး ကျားကွက် ရွှေ့သည်ပဲ ဖြစ်ဖြစ်၊ တကယ်ပဲ ထီးချက်စောင့် နတ်သမီးက ရွေးချယ်သည်ပဲ ဖြစ်ဖြစ်၊ သားတော်ကလေး 'ဇေယျသိခ်' က၊ ထီးမွေနန်းမွေ ဆက်ခံရေး အစီအစဉ်သည် ပီပီ ပြင်ပြင် ဖြစ်ခဲ့ပါရဲ့လား။ အဓိပ္ပာယ်ရှိရှိ ထိရောက်ပါရဲ့လား။

ဖြေပါအုံ့။ ထိုမေးခွန်း၏ အဖြေကို သိလိုလျှင် ဟိုဘက်စာမျက်နှာ တစ်ရွက် နှစ်ရွက်ကို ဆက်လို့ ဖွင့်လှန်ကြည့်ကြရအောင်။

## (၈) နန်းရင်ပြင်မှာ ပေါ်ခဲ့သော လွှတ်ရုံး

(က)

'သားတော် ငါးပါး စုံကြပြီလားကွယ်'

နရပတိစည်သူမင်းကြီးသည် သလွန်တော်တွင် စံမြန်းနေရင်းမှ သားတော်များထံ လှမ်း၍ မေးမြန်းလိုက်သည်။ နေရာက ပုဂံရွှေနန်း၏ ဥယျာဉ်တော်အတွင်းရှိ ကြာမျိုးငါးပါးနှင့် သာယာလှပသော ရေကန် အနီးမှာ။

အချိန်က ညနေဆည်းဆာ နေလုံး မပျောက် တပျောက်။ ဆိုကြပါစို့။ အရပ်စကားနှင့် ပြောရသော် 'အရပ်ဆိုးလှချိန်'။ ဟိုဘက်ကမ်း တန့်ကြည်တောင်တန်းတွင် မေးတင်ထားသော နေမင်းကြီးသည် ဖျော့တော့သော်လည်း ဝင်းဝါထိန်လက်သော လင်းရောင်ခြည်ဖြင့် ပုဂံမြို့တော် တစ်ဝှမ်းကို လွှမ်းခြုံပေးထားသည်။ ဘုရင့် ဥယျာဉ်တော် အတွင်းရှိ ပန်းပေါင်းစုံတို့သည် ညနေဆည်းဆာချိန်ဝယ် ဝင်းဝါ ရွှန်းလက်သော ရောင်ခြည်ခြုံလွှမ်းလျက် အလှကြီး လှနေကြသည်။ အိပ်တန်းပြန် ကျေးငှက်တို့သည် မာဂဓေား သီကျူးကာ ဥယျာဉ်တော်အတွင်းရှိ သစ်ပင်ကြီး သစ်ပင်ငယ်များပေါ်မှ ဖြတ်၍ ပျံသန်းနေကြသည်။

## (၈) နန်းရင်ပြင်မှာ ပေါ်ခဲ့သော လွှတ်ရုံး

### (က)

'သားတော် ငါးပါး စုံကြပြီလားကွယ်'

နရပတိစည်သူမင်းကြီးသည် သလွန်တော်တွင် စံမြန်းနေရင်းမှ သားတော်များထံ လှမ်း၍ မေးမြန်းလိုက်သည်။ နေရာက ပုဂံရွှေနန်း၏ ဥယျာဉ်တော်အတွင်းရှိ ကြာမျိုးငါးပါးနှင့် သာယာလှပသော ရေကန် အနီးမှာ။

အချိန်က ညနေဆည်းဆာ နေလုံး မပျောက် တပျောက်။ ဆိုကြပါစို့။ အရပ်စကားနှင့် ပြောရသော 'အရုပ်ဆိုးလှချိန်'။ ဟိုဘက်ကမ်း တန့်ကြည်တောင်တန်းတွင် မေးတင်ထားသော နေမင်းကြီးသည် ဖျော့တော့သော်လည်း ဝင်းဝါထိန်လက်သော လင်းရောင်ခြည်ဖြင့် ပုဂံမြို့တော် တစ်ဝှမ်းကို လွှမ်းခြုံပေးထားသည်။ ဘုရင့် ဥယျာဉ်တော် အတွင်းရှိ ပန်းပေါင်းစုံတို့သည် ညနေဆည်းဆာချိန်ဝယ် ဝင်းဝါ ရွှန်းလက်သော ရောင်ခြည်ခြုံလွှမ်းလျက် အလှကြီး လှနေကြသည်။ အိပ်တန်းပြန် ကျေးငှက်တို့သည် မာဂဓေဘောသီကျူးကာ ဥယျာဉ်တော်အတွင်းရှိ သစ်ပင်ကြီး သစ်ပင်ငယ်များပေါ်မှ ဖြတ်၍ ပျံသန်းနေကြသည်။

ထိုအချိန်တွင် ညနေဆည်းဆာ၏ သာယာတင့်တယ်သော အရသာကို ကြည်နူးရင်း နရပတိစည်သူမင်းကြီးသည် သားတော် (၅) ပါးနှင့် မှူးမတ်ဝန်ကြ ကို တစ်စုံတစ်ရာ ပြောကြားရန် စဉ်းစားနေဟန် ရှိလေသည်။

ယခုတလောတွင် မင်းတရားခမြာ ကောင်းစွာ ကျန်းမာခြင်း မရှိ။ အ အတန်အသင့် ရင့်ခဲ့ပြီ။ အိုခဲ့ပြီ။ ချောင်းကလေး တဟွတ်ဟွတ်ဆိုး၊ ခေါင်းထဲ နောက်နောက်၊ ခြေထောက်တွေက လှမ်းကြွလို့ မကောင်း၊ ဇရာထောင်းသော အ ဖြစ်ပေမည်။ အဲသည်လို ကျန်းမာရေး ချွတ်ယွင်းသော အချိန်အခါ၌ နပတိစည် တရားသည် သားတော်များအား အမှာအကြား စကားဆိုချင်ဟန် ရှိပေသည်။ ဗုဒ္ဓ က ဟောကြားထားသည် မဟုတ်လား။ **'ဆန့်သောလက် မကွေးမီ၊ ကွေးသော မဆန့်မီ'** အနိစ္စတရားသည် မိမိထံမှောက် ရောက်လာပါလိမ့်မည်တဲ့။ ဗုဒ္ဓဘုရား ကြားတော်မူခဲ့သော တရားတော်နှင့်အညီ မဆိုစကောင်း ဆိုစကောင်း မိမိ၏ ခန္ဓာကို ဖောက်ပြန်ပြောင်းလဲခဲ့သော် သားတော် ငါးပါးသည် အညီအညွတ်မှ ရှိကြပါ့မ

ထို့ကြောင့် သားတော် (၅) ပါးကို အမှာအကြား စကားပြောဖို့ သည် ဉယျာဉ်တော်သို့ မှာကြားခေါ်ယူထားခြင်း ဖြစ်သည်။ ဉယျာဉ်တော်အတွင်းဝယ် မိ ကြီးငယ်များ မှူးမတ်ဝန်ကြီးများနှင့် အတူ သားတော် (၅) ပါးလည်း ဝပ်တွားတ ဦးခိုက်ကန်တော့ရင်း ရောက်ရှိနေကြပြီ။ မင်းတရားကြီးသည် မကျန်းမာခိုက် သောကြောင့် သလွန် ညောင်စောင်းတွင် လဲလျောင်းအနားယူလျက် ရှိနေသည်။

**မင်းတရား။** ။ 'သားတော်တို့ ခမည်းတော်အပါးကို တိုးကပ် ခစားကြ

ထိုအခါ သားတော်(၅)ပါးသည် မင်းတရား၏အနီးသို့ ကပ်၍ ဝဲယာဝန်း လျက် ခစားနေကြသည်။ နရပတိစည်သူမင်းကြီးသည် သားတော်(၅)ပါး၏ လက်မျ ဆွဲယူ၍ ရင်နှင့်အပ်ထားသည်။ ပြီးတော့ မင်းတရားက ဖြည်းဖြည်းညင်သာ ပြော နေသည်။

'အို ခမည်းတော်ရဲ့ ချစ်သားတို့၊ သားတော်တို့ အနေဖြင့် ငါစီမံထားသ အတိုင်း မပျက်မယွင်းကြစေနှင့်။ မောင်မင်းတို့ ညီတော်နောင်တော် ( ပါးတို့ အညီအညွတ် ရှိကြပါစေ'

နရပတိစည်သူမင်းကြီးသည် စကား ပြောရင်း မောလာသဖြင့် ခေတ္တနားပြ ဆက်ပြောသည်။

'သားတော်တို့ ဆောင်ရွက်ဖွယ် အမှုအမျိုးမျိုးကို ညီညီညွတ်ညွ ပေါင်းပေါင်းစည်းစည်း၊ ချစ်ချစ်ခင်ခင် ဆောင်ရွက်ကြ။ ညီနောင် (၅) တူတူညီညီ ကောင်းစားခြင်းသာ တင့်တင့်တယ်တယ် ရှိပေလိမ့်မယ်။'

မင်းတရားက ထိုသို့ မိန့်ကြားနေစဉ် သားတော် (၅) ပါးတို့သည် ခမည်းတော်၏ လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း နားထောင်နေကြသည်။ မင်းတရားက ဆက်၍ မိန့်ကြား၏။

'သားတော်တို့၊ တိုင်းပြည်အရေး ကိစ္စကို ဆောင်ရွက်တဲ့အခါ ပြည်ရွာငြိမ်းချမ်း သာယာရေးအတွက် ခမည်းတော် မှာကြားတဲ့အတိုင်း ကျင့်ကြံကြ။ ငါတို့လို တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ သူတွေအဖို့ ဘယ်သူ့ကိုမဆို ချစ်သည်၊ မုန်းသည် သဘောမထားသင့်ဘဲ ထုံးစံ ဥပဒေနဲ့အညီ ပြစ်ဒဏ်ပေးရလိမ့်မယ်၊ ဒီလို ကျင့်ကြံမှု ပြုမှလည်း အုပ်ချုပ်သူ မင်းအပေါ် ကြောက်ရွံ့ခံညားကြပေလိမ့်မယ်။ အဲဒီလို ကြောက်ရွံ့ခံညားမှသာ ခပ်သိမ်းသော အမှု အမျိုးမျိုးဟာ အောင်မြင် ပြီးမြောက်ပေလိမ့်မယ်။ ခမည်းတော် အမိန့်ရှိတာကို နားလည်သဘောပေါက်ကြရဲ့လား သားတော်တို့'

သားတော် (၅)ပါး လက်အုပ်ချီရှိခိုးလျက်မှ 'မှန်လှပါ၊ နားလည်သဘောပေါက်ကြကြောင်းပါ ဘုရား'

**နရပတိစည်သူမင်းကြီး။** ။ နောက်တစ်ကြောင်း မှာကြားလိုတာက ခပ်သိမ်းသော ပြည်သူတွေရဲ့ အသည်းနှလုံးကို ယူကြုံးကိုင်စွဲဖို့၊ အုပ်ချုပ်သူမင်းက တည့်မတ် ကောင်း မွန်စွာ ကျင့်ကြံမှသာ ကြည်ညိုသူ အခြွေအရံ အသင်းအပင်းများ ပေလိမ့်မယ်၊ ဒီလို ကိုယ့်ကို ကြည်ညိုလေးစားတဲ့ ခြွေရံ သင်းပင်းများမှလည်း သူတစ်ပါးက ကိုယ့်ကို ကြောက်ရွံ့ လေးစားကြပေလိမ့်မယ်၊ ငါ့စကားကို ကောင်းမွန်စွာ လိုက်နာကျင့်ကြံကြမည်ဆိုတာ သားတော် (၅) ပါး သစ္စာ ရေသောက်ပြီး ဝန်ခံကတိ ပြုကြ'

ထိုအချိန်တွင် မှူးမတ်ဝန်ကြီးများက အသင့်စီမံထားသော သစ္စာရေအိုးမှ သောက်တော်ရေကို ခပ်ပေးသည်။ သားတော်မင်းသား (၅) ပါးက ခမည်းတော် စီမံ မိန့်ကြား ပြောဆိုသမျှကို တစ်ခွန်း တစ်ပါဒမျှ မပျက်ယွင်းစေဘဲ လိုက်နာ ကျင့်ကြံမည် ဖြစ်ကြောင်း ကတိသစ္စာပြု ဆို၍ သစ္စာရေခွက်ကို တစ်ယောက်တစ်လှည့် သောက်ကြလေ၏။

**နရပတိစည်သူမင်းကြီး။** ။ 'ကဲ ခမည်းတော် စီမံမိန့်ကြားတဲ့ အတိုင်း လိုက်နာကျင့်ကြံပါမယ်လို့ သားတော် (၅) ပါးက ကတိပြု သစ္စာရေ သောက်ပြီးကြတာတော့ ဟုတ်ပါပြီ။ ခမည်းတော်ရဲ့ အမှာစကားကို ကြားနာကျင့်ဆောင်ခြင်း မပြုတဲ့

သားတော် တစ်ပါးပါး ရှိခဲ့ပြီ ဆိုပါစို့၊ ဘယ်လို
စွက် အရေးယူကြမှာလဲ။ ဒါကိုလည်း မှူးမတ် ဝန်ကြ
ကို ငါ အပြီးစီမံအမိန့်ပေးရပေလိမ့်မယ်။ ငါ့သား
(၅) ပါး တို့အနက်၊ ငါစီမံခဲ့သည်ကို ဖျက်ဆီးပ
မည့်သူ ရှိခဲ့သော် မပစ်မပယ်သူများက စုပေါင်း ညီ
လျက် ဆုံးမရစ်ကြ'

ဤကား နရပတိစည်သူမင်းကြီး၏ တိကျလေးနက်သော အစီအမံပင် ဖြ
သည်။ မင်းကြီး၏ ရာဇမာယာကား ကြွယ်ဝပါပေ၏။ ပြည့်စုံပါပေ၏။ ပထမ
သားတော်အများကို မည်သို့ နန်းမွေ ဆက်ခံရမည့် အကြောင်း ထီးချက်စောင့် နတ်
ရွေးချယ်သည့် ပုံစံဖြင့် အတည်ပြုသည်။ ထို့နောက် သားတော်များ လိုက်နာကျ
ကြရမည့် အုပ်ချုပ် စီရင်မှု သဘောတရားကို ချပေးသည်။ ခမည်းတော် စီမံမိန့်ကြား
ကို လိုက်နာပါမည်ဟုလည်း သားတော်များကို သစ္စာရေတိုက်လိုက်သေးသည်။ သစ္စ
ဖြင့် သောက်ပြီးကြပြီမို့ သားတော်များအပေါ် စိတ်ချပြီလား။ သည်လိုလည်း စိတ်
သေး။ သစ္စာရေသောက်ပြီး ဖောက်လွှဲဖောက်ပြန် လုပ်မည့်သူ ရှိခဲ့သော် ဘယ်လို
ကြရပါ့။ ကိစ္စမရှိ။ သည့်အတွက်ကိုလည်း မင်းတရားက စံနစ်တကျ စီမံထားလိုက်
သည်။ ငါ စီမံရာကို မလိုက်နာ ဖောက်လွှဲဖောက်ပြန်ပြုသူ တစ်စုံတစ်ယောက်
ပေါက်လာသလား။ ထိုသို့ ဖောက်လွှဲဖောက်ပြန်ပြုသူ တစ်စုံတစ်ယောက် ပေါ်ပေါက်ခဲ့
ငါ စီမံရာကို မပစ်ပယ်သူ အခြားသားတော်များနှင့် မှူးမတ်၊ ဝန်ကြီး၊ မိဖုရားများ
စုပေါင်း၍ ထိုသို့ ဖောက်လွှဲဖောက်ပြန်လုပ်သူကို ဆုံးမရစ်ကြတဲ့။

ကဲ ဘယ့်လောက်များ တိကျသေချာလိုက်ပါသော အစီအမံပါလဲ။ ဟို တစ်ခေ
ညဥ့်သန်းကောင်ယံမှာ မိဖုရားကလေး တစ်ပါးအား ကတိတစ်လုံး ပေးအပ်ခဲ့ရ
ဖြစ်ပေါ်လာသော အကျိုးဆက်များကို နရပတိစည်သူမင်းတရား၊ စနစ်ဇယားဖြ
ကိုင်တွယ် စည်းချပေးခဲ့ပုံက မတိကျပေဘူးလား။ မသေချာပေဘူးလား။ မပိုင်နိုင်
ဘူးလား။ လှုပ်ရဲသည့်သူ လှုပ်၊ ဖီဆန်ရဲသူက ဖီဆန်၊ ဆန့်ကျင်ရဲသူက ဆန့်ကျ
မည်သူပင် ဖြစ်စေ ဒုက္ခလှလှကြီး တွေ့ရစေမည်ဟု မင်းတရားက၊ မပြောသော်လည်
ပြောဘိသို့ မဆိုသော်လည်း ဆိုဘိသို့။

(၁)

ထိုသို့ နရပတိစည်သူမင်းတရားက တိကျစွာ စီမံခဲ့သည်ကို မှန်နန်းရာဇဝင်တော
ကြီး၏ အဆိုအမိန့်အတိုင်း တိကျစွာ ဖော်ပြရသော် ဤသို့ ဖြစ်လေ၏။

ဤသို့ သာသနာတော်မြတ် စီးပွား၊ ကိုယ်တော်မြတ်စီးပွား၊ သားတော် အစဉ် မြေးတော်အဆက် မြစ်တော် အညွန့်တို့၏ စီးပွားကို သက်တော် ခုနစ်ဆယ့်လေးနှစ်တိုင်တိုင် ဆောင်တော်မူ၍ နာတော်မူသောအခါ သားတော် ငါးပါးတို့၏ လက်ကို အလှည့်လှည့်၊ အလှယ်လှယ် ယူတော်မူပြီးသော် ရင်တော်ထက် ထား၍ ဤသို့ မိန့်တော်မူ၏။

'အို ခမည်းတော်၏ သားငါးပါးတို့၊ မောင်တို့သည် ငါ စီရင်တော်မူသည့်အတိုင်း မပျက်စေနှင့်။ ညီတော်နောင်တော် ငါးပါးတို့သည် အမှုမျိုးကို ညီညွတ်စွာ ချစ်ကြည်လျက် ဆောင်ရစ်ကြ။ ဤသို့ အတူအညီ ကောင်းစားခြင်းသာလျှင် အလွန် တင့်တယ်သည်။ ကျွန်များစွာ ရှိကြသော်လည်း ဆွေရင်းမျိုးချာ မရှိသော သူသည် ကောင်းစားသည် မမည်။ ပြည်ရေးရွာမှု၌လည်း ပြည်ရွာ ငြိမ်းချမ်းစေလိုသော် ညီနောင် ငါးပါးတို့သည် ဤသို့ ပြုကျင့်ရစ်။ နှုတ်သီးရှည် ခွပ်အုံ့သို့ ထင်သော် နှုတ်သီးကို ဖြတ်။ အတက်ရှည်၍ ရူးအုံ့သို့ ထင်သော် အတက်ကို ဖြတ်။ အတောင်ရှည်၍ ပျံအုံ့သို့ ထင်သော် အတောင်ကို ဖြတ်။ ငါတို့ မင်းမည်သည်ကား ချစ်သည် မုန်းသည် မရှိ။ ထုံးစံနှင့်အညီ ဒဏ်ကို ပေးရာသည်။ ထိုသို့ ကျင့်မှ သူတစ်ပါး ကြောက်ရွံ့ နှုံ့ညွှားသည်။ ထိုသို့ ကြောက်ရွံ့နှုံ့ညွှားလေသည် ဖြစ်မှ ခပ်သိမ်းသော အမှုမျိုးတို့သည် အပြီးသို့ ရောက်လေရာသည်။

ထိုမှ တစ်ပါးလည်း ခပ်သိမ်းသော ပြည်သူ လူတကာ အပေါင်းတို့၏ နှလုံးကို ယူကြုံးဘိသကဲ့သို့ တည့်မတ်ကောင်းမွန်စွာ ကျင့်သည် ဖြစ်မှ အခြွေအရံများလေရာသည်။ ထိုသို့ အခြွေအရံများသည် ဖြစ်မှ သူတစ်ပါး ကြောက်ရွံ့လေရာသည်။ ဤသို့ ငါ့စကားကို မပစ်မပယ် ကောင်းစွာ ကျင့်ရစ်ကြ ဟူ၍ သားတော် ငါးပါးကို သစ္စာတော်ပေးပြီးသော် သစ္စာတော်ခံ မိဖုရားလေးပါးတို့နှင့် မင်းဆွေစိုးမျိုး မှူးကြီး မတ်ရာတို့ကို ဤသို့ မှာတော်မူပြန်၏။

သားတော် ငါးပါးတို့သည် ငါစီရင်သည်ကို ဖျက်သော် အမိန့်တော်ကို မပစ်မပယ်သောသူက အုံညီ၍ ဆုံးမရစ်ဟု သစ္စာပေးတော်မူ၏။'[၁]

နရပတိစည်သူမင်းကြီးကား နောင်တော်ဘုရင်မင်းယဉ်နရသိခ်၊ သစ္စာယွင်းပျက်ခြင်းကြောင့်သာလျှင် နန်းပလ္လင်ပေါ်သို့ ရောက်ခဲ့ရသူ ဖြစ်သည်။ သို့သော် ထိုမင်းသည် နိုင်ငံရေး ပညာကြွယ်ဝသူ ဖြစ်ကြောင်း အထက်ဖော်ပြပါ သားတော်များ၊ ဝန်ကြီး၊ မှူးကြီး၊ မိဖုရားများအား သစ္စာပေးခဲ့ပုံကို ကြည့်၍ သိသာနိုင်သည်။ ပုဂံနိုင်ငံ

---

၁။ **မှန်နန်း ရာဇဝင်တော်ကြီး။** စာမျက်နှာ ၃၂၉။

ငြိမ်ဝပ်အေးချမ်းရေးအတွက် လည်းကောင်း၊ နန်းမွေ ဆက်ခံရေးအတွက် လည်းကေ
မင်းတရား၏ ရာဇပရိယာယ် ကြွယ်ဝစွာ ဆောင်ရွက်မှုများကို နှောင်းလူတို့ စံပြ
ယူဖွယ် မဟုတ်ပါလား။ ထားတော့။

သည်တွင် မေးမြန်းစရာ မေးခွန်း တစ်ရပ် ပေါ်လာလေသည်။ နရပတိစည်သူ
ကြီး၏ အစီအမံကို သားတော် ငါးပါးတို့ မည်သို့ လိုက်နာ ကျင့်ကြံခဲ့ပါသလဲ
ကြည့်ပါ။

(ဂ)

ပုဂံနေပြည်တော်၏ နေသာသော နေ့တစ်နေ့ ဆိုပါစို့ ထိုနေ့က နရပတိစည်
မင်းကြီး၏ ထီးနန်းအရိုက်အရာကို ဆက်ခံခွင့် ရထားသော သားတော်ကလေး ဇေ
သိခ်သည် နောက်လိုက် နောက်ပါ၊ မိဖုရား မှူးမတ်ဝန်ကြီးများနှင့်အတူ ပုဂံမြို့၊ အာန
စေတီတော်ကြီး၏ အနီးရှိ နောင်တော်အကြီးဆုံး၊ မင်းသားကြီး ဇေယျသူရ၏ နန်းဆော
တော်သို့ ရောက်လာသည်။

ဇေယျသိခ်မင်းသားကလေး မရောက်လာမီက နောင်တော်ကြီး "ဇေယျသူ
ဘုရားဆောင်သို့ ဝင်၍ နေ့စဉ် ပြုမြဲ ဘုရားဝတ်ပြုနေစဉ် ဖြစ်သည်။ နောင်တော်မင်းသ
ကြီး ဘုရားဝတ်ပြုနေသော ဘုရားဆောင် အဝင်ဝတွင် ဇေယျသိခ် မင်းသားကလေးန
အခြံအရံများသည် အပ်ကျသံပင် ကြားရမည်သို့ တုပ်ကွ ဝပ်တွားလျက် စောင့်ဆိုင
နေကြရသည်။

နောင်တော်ကြီး ဇေယျသူရ မင်းသားကြီးကလည်း ဘုရားဝတ်ပြုရာတွင် အချိန်မျာ
စွာ ယူတတ်သည်။ ဘုရားရှိခိုး၊ ဆွမ်း၊ ပန်း၊ ဆီမီး ကပ်လှူ၊ ပရိတ်တော် ရွတ်ဖတ်
မေတ္တာပို့ပြီးတော့ အဓိဋ္ဌာန် ပုတီးစိပ် စသည်ဖြင့် အချိန်အတော်ကလေး ကြာသွားသည်
မင်းသားကြီး ဘုရားဝတ်ပြုနေသည်ကို စောင့်ဆိုင်းနေကြသော ဇေယျသိခ်မင်းသားနှ
ပရိသတ်မှာ အတန်ကလေး ညောင်းညာနေကြရှာပြီ။ သို့သော် ထိုသို့ ညောင်းညာနေကြ
ပြီ ဆိုပြီး အသံလုံး၀ မထွက်။ ငြိမ်သက်စွာဖြင့် ဂါရဝပြုသည့် အနေအထားမှာ ရှိကြသည်

နာရီပိုင်းမျှ ကြာသွားသည်။ မင်းသားကြီး ဇေယျသူရသည် ဘုရားဝတ်ပြု၍
ပြီးစီးသွားပြီ။ သည်အချိန်မှာ မင်းသားကြီးသည် တစ်စုံတစ်ခုသော အကြောင်းအရာ
ကို သတိရသည်။

'ဩော် သည်ကနေ့ သီတင်းကျွတ်လပြည့်နေ့ပါလား။ ဒီနေ့
ခမည်းတော် နရပတိစည်သူမင်းကြီး တည်ထားကိုးကွယ်လျက် ရှိတဲ့

စူဠာမဏိ စေတီတော် လှုပ်ငန်းခွင်သို့ ခမည်းတော်မင်းမြတ် ကြွချီလာ
မယ့်နေ့ပေပဲ'

မင်းသားကြီးသည် ဘုရားဆောင်အတွင်းမှ အပြင်သို့ ထွက်ကြွလာသည်။ ဘုရားဆောင်အဝင်ဝ၌ အိမ်တော်ဝန်က လက်အုပ်ချီလျက် ဝပ်တွားပြီး လျှောက်ကြားနေ၏။

'မှန်လှပါ၊ ညီတွေးတော် ပူဇော်ကန်တော့ဘို့ ရောက်ရှိ စောင့်ဆိုင်းနေကြောင်းပါဘုရား'

မင်းသားကြီးသည် ရုတ်တရက် အံ့သြသွားသည်။ ဩော် လိမ္မာတတ်ပွန်လိုက်ပါတဲ့ ညီတော်ကလေး နရသိင်္ခပါပဲလား။ တကယ်ဆို သူ့ကို ခမည်းတော်မင်းမြတ်က နန်းမွေဆက်ခံဖို့ အရာပေးပြီး အိမ်ရှေ့မင်းရာထူးပင် အပ်နှံပြီး မဟုတ်လား။ သည်ညီထွေးကလေးက ရာထူးမာန်မကိုး နှိမ့်ချရိုကျိုးလှပါပေ့။ နောင်တော်ကြီး၊ နောင်တော်လတ်၊ နောင်တော်ငယ် အသွယ်သွယ်တို့ကို လပြည့် လကွယ် သီတင်းဥပုသ်နေ့တိုင်း သည်လူကလေးက မှန်မှန်ကြီး ဦးခိုက်ကန်တော့နေကျပေပဲ။

နောင်တော်ကြီး ဇေယျသူရမင်းသားသည် ညှိခန်းဆောင်သို့ ထွက်ကြွလာသည်။

**ဇေယျသူရ**။ ။'ဟော့ ညီထွေးလေး၊ ကျန်းခန့်သာလို့ မာရဲ့လားကွယ့်'

**ဇေယျသိင်္ခ**။ ။'ဘုန်းတော်ကြောင့် ကျန်းမာပကတိ ချမ်းသာစွာ ရှိကြောင်းပါ နောင်တော်ဘုရား'

**ဇေယျသူရ**။ ။'အေး ဝမ်းသာတယ် ညီထွေး၊ ဒါနဲ့ ဒီကနေ့ စူဠာမဏိစေတီတော် တည်ပြုတဲ့ လုပ်ငန်းခွင်ကို ခမည်းတော် ကြွချီတော်မူမယ်ဆို၊ ညီထွေး သိပြီးပြီလား'

**ဇေယျသိင်္ခ**။ ။'မှန်လှပါ ဘုရား၊ ညီထွေး သိပြီးကြောင်းပါ၊ နောင်တော်များကို ကန်တော့ ဦးခိုက်ပြီးတာနဲ့ ဘုရားတည်တဲ့ဆီ ကြိုတင်ရောက်ရှိနေမှာပါ'

**ဇေယျသူရ**။ ။'ဒီလိုဆိုလည်း နောင်တော့်ကို ညီထွေးကန်တော့ဖို့ရာ ဟိုကျမှ ကန်တော့ပေါ့ကွယ်၊ ညီထွေးမှာ တိုင်းပြည်အုပ်ချုပ်ရေး တာဝန်တွေလည်း မျှဝေယူထားရတော့၊ တို့များကို လပြည့် လကွယ် နေ့တိုင်း ကန်တော့ဖို့ ကိစ္စဟာ ဝန်ထုပ်ဝန်ပိုး တစ်ခု ဖြစ်နေမှာပေါ့'

**ဇေယျသိင်္ခ**။ ။'အမှန်အကန်အတိုင်း တင်လျှောက်ခွင့် ပြုပါ ဘုရား။ ညီထွေးကလေးမှာ ခမည်းတော် တာဝန်ပေးအပ်လို့သာ နန်းမွေခံ

မင်းသားရယ်လို့ အိမ်ရှေ့နန်းကို စံမြန်းယူထား ရခြင်း
တကယ်တော့ သည်မျှ ကြီးလေးတဲ့ တာဝန်နဲ့ ညီ
အသိဉာဏ်ပညာ အရည်အသွေးနဲ့ အတန်ငယ် ကွ
ကြောင်းပါ။ သည်ရာထူး သည်တန်ခိုး အာဏာမျိုးဟာ
တော်ကြီးတို့လို အသက်၊ ပညာ၊ အတွေ့အကြုံ ရင့်
ခိုင်မာ သူများနဲ့သာ သင့်မြင်လျော်ကန်ကြောင်းပါ။ ယခု
ကျေးဇူးရှင် ခမည်းတော်ရဲ့ အမိန့်ကို မလွန်ဆန်ဝံ့လို့
သည် ရာထူးကို ညီထွေး လက်ခံ ဆောင်ရွက်နေရခြင်
ဒါကြောင့် တိုင်းပြည်အုပ်ချုပ်တဲ့ လုပ်ငန်းမှာ ညီထွေး
မမီတဲ့ကိစ္စများကို ယခုလိုကန်တော့ဦးခိုက်ရင်း တို
တင်ပြနိုင်ပါတယ် ဘုရား'

နောင်တော်ကြီး ဓေယျသူရသည် ညီထွေးငယ် ဓေယျသိခ် တင်လျှောက်စ
ကို ကြားသော် ပြုံး၍ ပြုံး၍ ခေါင်းကို ညိတ်၏။ ခေါင်းညိတ်ရင်းလည်း ပြုံးနေသ
သြော် သည်ကောင်ကလေး တော်တော်လည်း ဉာဏ်ရှိပါပေ့။ တော်တော်လည်း
ယဉ်ကျေးရှိပါပေ့။ ကြည့်စမ်းပါဦး။ နောင်တော်တွေကို လိုက်လံကန်တော့ရင်း
သည်ကောင်ကလေးက အမြွက်ထုတ်ဦးမှာပါလား။ သူဉာဏ်မမီတဲ့ တိုင်းရေး ပြည်
တွေကို နောင်တော်တွေထံ တင်ပြဆွေးနွေးတိုင်ပင်ဦးမည်ဆိုပါ့။ တန်ခိုးအာ
အရှိန်အဝါတွေ တစ်ယောက်တည်း ကိုင်ပြီး ထင်ရာစိုင်းမယ့် ညီတော်ဖြင့် မဟုတ်ပေ
သည်လို သိရတာ ဝမ်းသာပီတိဖြစ်ရသည်။ သို့သော် တို့များ နောင်တော်တွေ
(၄)ပါးတိတိရှိသည် မဟုတ်လား။ ညီထွေးကလေး ယခုလိုသာ နောင်တော်များ အိမ်
ကို တစ်ဦးဆီ လိုက်လံ ကန်တော့နေရန်ကား အလုပ်ပျက်၊ အကိုင်ပျက် ပင်ပန်းဆင်
ရှာပေမည်။ သည်လို မဖြစ်အောင် တစ်နည်းတစ်ဖုံ စီစဉ်ရသော် မကောင်းပေဘူးလာ
သို့နှင့် ညီထွေးကလေး ဓေယျသိခ်အား နောင်တော်ကြီး ဓေယျသူရက ဦးဆောင်လမ်းည
မိန့်ကြားလေသည်။

**ဓေယျသူရ။** ။ 'ညီထွေး၊ ယခုလို ညီထွေးက နောင်တော်တွေ
လပြည့် လကွယ် သီတင်းဥပုသ်နေ့တိုင်း ရိုသေတုပ်
ကန်တော့နေကျ ပြုမြဲဝတ်ကိုတော့ နောင်တော်တို့ ကျေး
အားရရှိလှပေတယ်။ သို့ပင် ဖြစ်ညား ညီထွေး လျှော
တင်တဲ့ စကားအတိုင်း ပြောရရင် တိုင်းရေးပြည်မှု တို့
လည်း ညီထွေးက နောင်တော်များကို တိုင်ပင် လျှော

ကြားဆွေး နွေးလိုဟန် သိရသဗျ။ သည်တော့ နောင်တော် အတွေး အကြံပေါ်တယ်။ နောင်တော်ရဲ့ အကြံအစည်ကို ကျန်တဲ့ ညီတော်များနဲ့ တိုင်ပင်ပြီး မကြာမီ စီစဉ် အကောင်အထည် ဖော်ကြမယ် ညီထွေး။'

(၈)

ထိုနေ့မှ စ၍ နန်းမွေခံ မင်းသား ဧယျသိခ်က နောင်တော်များအား ကန်တော့သည့် အစီအစဉ်ကို တစ်မျိုး တစ်ဖုံ ပြောင်းလဲလိုက်လေသည်။ ညီထွေးကလေး ဧယျသိခ်သည် နောင်တော်များ၏ အိမ်တော်များသို့ အကြိမ်ကြိမ်အခါခါ လှည့်လည် ကန်တော့နေရန် မလိုတော့ပြီ။

ပုဂံရွှေနန်းတော်၏ ရှေ့တူရူရှိ ရင်ပြင်တော်တွင် ခန့်ညား ထယ်ဝါသော လွှတ်ရုံးတော် ဆောက်လုပ်စေသည်။ ထိုရုံးအတွက် လိုအပ်သော မင်းမှုထမ်းများလည်း ခန့်ထားပေးလိုက်သည်။ လပြည့် လကွယ် သီတင်းဥပုသ်နေ့တိုင်းတွင် ထိုရုံး၌ ညီနောင် (၅) ပါး ဆုံတွေ့ကြမည်။ ထိုရုံးတွင် နောင်တော် (၄) ပါးကို ညီထွေး အလိမ္မာကလေး ဧယျသိခ်က ကန်တော့ ဦးခိုက်လိမ့်မည်။ သည်အစီအစဉ်ကို နောင်တော်ကြီး ဧယျသုရက ခမည်းတော် နရပတိစည်သူမင်းထံ ညီတော် (၄) ပါးနှင့်အတူ အခစားဝင်ပြီး တင်ပြလျှောက်ကြား အတည်ပြုချက် ယူရလေသည်။

နရပတိစည်သူမင်းကြီးမှာ သားတော်ကြီး တင်ပြသော အစီအစဉ်ကို ကြားရသောအခါ ရင်ဝယ်တသိမ့်သိမ့် ပီတိစိမ့်လျက် ကျေနပ်အားရ ဖြစ်တော်မူရလေတော့သည်။ ဩော် လိမ္မာယဉ်ကျေးကြပါတဲ့ သားတော်များပေပဲ။ မိမိက နှုတ်ကျွံ လက်ကျွံ ဖြစ်ကာ သားတော် အထွေးလေး ဧယျသိခ်၏ မယ်တော်ကို ကတိစကား လွန်ခဲ့သည်။ ထိုမှ စ၍ ရင်ထဲမှာ တအုံနွေးနွေး အပူဆေး သောက်မိသလို ဖြစ်ခဲ့သည်။ နောက်တော့ သားထွေးကလေးကို နန်းမွေဆက်ခံဖို့ တရားဝင် ရွေးချယ်ပေးခဲ့သည်။ သို့သော် နရပတိစည်သူမင်းကြီးသည် နန်းမွေ ကိစ္စကို စိတ်နှလုံး ဒုံးဒုံးချပြီး အေးငြိမ်းသွားသည် မရှိသေး။ မွေးထားသည်က သားတော်တွေချည်းပဲ (၅) ယောက်တိတိ။ သားတော်တွေမှာ အဋ္ဌာရသ (၁၈) ရပ်သော ပညာတွေကလည်း ကျွမ်းကြပါဘိ။ ဓားကိုင်မလား၊ လှံထိုးမလား၊ အမျိုးမျိုးသော တိုက်ရေးခိုက်ရေး ပညာတွေကို တစ်ဘက်ကမ်းခတ် တတ်ထားကြသူတွေ မဟုတ်လား။ ထို့ပြင်တဝ သူတို့ ပိုင်စားကြရသော နယ်ပယ် အသီးသီးမှာ ကြီးမားသော တပည့်တပန်း၊ အုံမခန်းလောက်သော တပ်တွေ တည်ထောင် ဖွဲ့စည်းထား

ကြသည်။ လူအင်အား လက်နက်ကိုင် တပ်စုတွေကလည်း ထောင်သောင်းချီ၍
လေမည်။ သည်တော့-

ခမည်းတော် မင်းတရား စီမံထားသည်များကို မလိုလားသော သား
တစ်ပါးမျှပင် ရှိသည် ဆိုစေ၊ ထိုသားတော်က တစ်နေရာ တစ်ဒေသ ပုန်ကန်ထ
လျှင်...လျှင်။

ထိုအခါတွင် '"ခက်ဖွယ်ရယ်ကြုံပါပြီ၊ လက်နက်ကယ်စုံအညီနဲ့" ဆို
ခမည်းတော် မင်းတရား သောကပွားရတော့မည် မဟုတ်ပါလား။ နန်းပလ္လင်ကို ဓား
လှံကိုင် လုယူချင်သည့် ကိစ္စပေါ်လာမှဖြင့် လှံကို လှံချင်း၊ ဓားကို ဓားချင်း ဓာ
ရှင်းရုံမှ လွဲပြီး တခြား နည်းလမ်းမရှိ။ ထိုအခါ နိုင်ငံအတွင်း သွေးချင်းချင်း နိ
တိုက်ပွဲများမှာ အထိအနာတွေ ရှိကြတော့မည်။ အသေအပျောက်တွေ များကြလိမ့်မ
ညီအစ်ကို အရင်းလည်းသတ်၊ ဆွေမျိုးချင်းလည်းပြတ်၊ တစ်ယောက်လည်ပင်း
ယောက်နင်းလို့ ညာတာခြင်းကင်းသည့် ရန်စစ်ပွဲကြီး ကြုံလာရလျှင်၊ အောင်မယ်
ကိုယ်ကျိုးကြီး နည်းရချည့်။ သို့သော် ယခုတော့ဖြင့် သည်အန္တရာယ်ကို စိုးရိမ်သော
ရောက်ရန် မရှိတော့ပြီ။ ကြည့်လေ၊ မင်းတရားထံ သားတော်ကြီး ဇေယျသူရ
လျှောက်သည့် စကား ကြားရတာ နားဝင်ချိုပါဘိ။

'တင်ပါသည်၊ ကျေးဇူးရှင် ခမည်းတော်ဘုရား။ ဘုန်းတော်ကြေ
သားတော်(၅)ပါး အညီအညွတ် တိုင်ပင်ပြီး အစီအစဉ် တစ်ရပ် သတ်မှ
ဆောင်ရွက်ထားပါသည် ဘုရား။ နန်းမွေခံ ညီထွေးကလေး ဇေယျသိခ
လပြည့်လကွယ် ဥပုသ်သီတင်းနေ့တိုင်း နောင်တော်များထံ အခစား အက
တော့ ဝင်ပြီး ဆုံးမသွန်သင်ဖွယ်များကို ကျိုးနွံမှတ်သား နာကြားလေ့ ရှိပါသ
ဘုရား။ ညီထွေးအလိမ္မာကလေးခမျာ သည်သို့ နောင်တော်များ အိမ်
အကြိမ်ကြိမ်လှည့်ပတ် ကန်တော့သော ဝတ်ကို ကျေပွန်ခဲ့သည်တော့ မှန်
ရဲ့။ သူ့မှာ နိုင်ငံ့တာဝန်၊ ခမည်းတော်ပေးအပ်သည့် တာဝန် အရပ်ရပ်ကလည
မပြတ် ထမ်းဆောင်နေရသည် ဖြစ်လေတော့'

ဤ နေရာတွင် သားတော်ကြီး ဇေယျသူရက မိမိတို့ စီစဉ်ထားသော အကြော
ချင်းရာကို ဝမ်းမြောက်ဝမ်းသာ တင်ပါလေ၏။

'တင်ပါသည် ဘုရား။ ညီထွေးကလေးမှာ ထိုသို့သော မအားမလ
သည့် တာဝန်များအကြားမှ နောင်တော်များ အိမ်သို့ အကြိမ်ကြိမ် လှည့်လည
ကန်တော့ရသော လုပ်ငန်းများကို ကြို့သွားစေရန် နန်းရင်ပြင်၌ လွှတ်တော်
ကို ဆောက်လုပ်လျက် နောင်တော် ညီတော် (၅) ပါး အညီအညွတ် တွေ့ဆ

စည်းဝေးကြပါမည် ဘုရား။ ဥပုသ် သီတင်းနေ့တိုင်း တွေ့ဆုံကြမည့် ထိုလွှတ်ရုံ တော်၌ နောင်တော်များအား ညီထွေးကလေးက တစ်နေရာတည်းမှာ တစ်ကြိမ် တည်း ကန်တော့ခွင့် ရပါမည် ဘုရား။ ထို့ပြင် နန်းမွေခံ ညီထွေးကလေး တင်ပြလာသော တိုင်းရေးပြည်မှု အစုစုကိုလည်း ထိုနေ့တွင် နောင်တော်များ က နာကြားပြီး တစ်ချက်လွှတ် အဆုံးအဖြတ်ကို ထုတ်ပြန်ပေးမည် ဖြစ်ပါ သည် ဘုရား။'

သားတော်ကြီး ဓေယျ သူရက ဆက်လက် တင်လျှောက်သည်မှာ

'ဤသို့ဖြင့် ခမည်းတော်မင်းတရား ဘုန်းမီးနေလ တောက်ပစွာ ဦးဆောင် ဦးရွက် ပြုနေသော နိုင်ငံတော်၏ အရေးကိစ္စဟူသမျှသည် နောင်တော် ညီ တော်တို့ ဆွေးနွေး ညှိနှိုင်းမှုဖြင့် ရေတွေ့ကြာသို့ လန်းဖြာ သန့်စင် ကြည်လင် အေးမြစေရတော့မည် ဖြစ်ပါတယ် ဘုရား။ ထို့ပြင်'

'ညီနောင် (၅) ပါးတို့ စိတ်အစဉ်၌ ရေတွင်ရေးသား အကြားမထင်၊ ငြိုငြင်မှု ကင်းပြီး ပေါင်းစည်း ညီညွတ်မှု မဏ္ဍိုင်ကို ခိုင်ခိုင်ကြီး ဆောက်တည်ပြီး ဖြစ်ပါတော့မည် ခမည်းတော် ဘုရား'

သားတော်ကြီး ဓေယျသူရ၏ လျှောက်တင်ချက်များကို ကြားရသောအခါ ခမည်း တော် နရပတိစည်သူမင်းကြီးမှာ ကျေနပ်ဝမ်းသာ ရှိလှ၍ ဖော်ပြခြင်းငှာ မစွမ်းသာ၊ ပီတိပန်းများ လန်းဆန်းဝေဖြာခဲ့ပြီ။ နရပတိစည်သူမင်းကြီးသည် မိမိ၏ ပီတိကို အပိုမဆို အတိုဆုံး စကားဖြင့် ကျူးရင့်၏။

'သာဓု၊ သာဓု၊ သာဓုပါ သားတို့။'

မင်းတရားသည် သားတော် (၅) ပါးကို နှစ်လိုချစ်ခင် ကြင်နာသော ဖခင် တစ်ဦး၏ အကြည့်ဖြင့် ကြည့်၏။ လိမ္မာလိုက်ကြပါတဲ့ သားတော်များ၊ မိဘတို့ ဆုံးမ ပုံပြင် သွန်သင်သမျှကို မြေဝယ်မကျ ရယူ လိုက်နာတတ်ကြပါပေ့။ မင်းတရားသည် ဖရဏာ ပီတိ ဂွမ်းဆီထိသို့၊ သောကဟူသည် မြူမျှ မရှိသည့် ငြိမ်းချမ်းမှုကို ရင်ဝယ် ပိုက်ထွေးခွင့် ရခဲ့ပြီ။

တကယ်ဆိုတော့လည်းလေ ပြည်ထဲအရေး၊ ပေါက်နှင့်ကျေးသို့ ရှုတ်ထွေးမွေလီ သည်ဟု မည်မျှ ဆိုကြပါစေတော့။ အချင်းချင်း သံသယ မပွား၊ မာန်မာန မထား၊ လောဘ သက္ကာယများကို ပယ်စွန့်ညှိနှိုင်းသွားနိုင်ကြလျှင် ညီညွတ်ပေါင်းစည်းသော နိုင်ငံတော် တည်ဆောက်ရေး အခွင့်အလမ်းသည် လက်တစ်ကမ်းတွင် ရှိမည် မဟုတ်ပါ လား။ ဒါကို ဓေယျသူရနှင့် ညီနောင်များက သာဓက ပြခဲ့ပြီ။

ထိုအကြောင်းကို မှန်နန်းရာဇဝင်တော်ကြီးက ဤသို့ မော်ကွန်းတင်လေသည်။

'ဓေယျသိမ်နန်းတောင်းများလည်း နောင်တော်လေးပါးတို့ကို ရှိသေ...
စွာ သီတင်းနေ့တိုင်း နောင်တော်တို့အိမ်သို့ သွား၍ မပြတ်ဝတ်ပြု...
နောင်တော် လေးပါးတို့လည်း မပြတ်လာ၍ ဝတ်ပြုသည်ကို အားန...
ဤသို့ မိန့်ကြား၏။ နန်းတော်ရင်ပြင်တွင် လွှတ်ရုံး ဆောက်စေ၍ ထို...
ငါတို့ ညီနောင်လေးပါး တက်ပြီးမှ ညီတော်လာ၍ ဝတ်ပြုတော့ဟူ၍ မိန့်...
မူသော် နောင်တော်တို့ အမိန့်တော်အတိုင်း စီရင်၍ မပြတ်ဝတ်ပြုတော်...
ဤသို့ နောင်တော်လေးပါးကို ရှိသေခယမ်းစွာ ပြုတော်မူသောကြောင့် ...
တော်တို့သည် အလွန် နှစ်သက်တော်မူ၏။'[၁]

၁။ မှန်နန်းရာဇဝင်တော်ကြီး။ ဇာ– ၃၂၈။

## (၉) ရှင်ဥာဏဂီစေတီ ပံသုကူမဟာထေရ်နှင့် နရပတိစည်သူ

### (က)

**ပံ့သုကူ မဟာထေရ်။** ။ 'မင်းကြီး ကောင်းမှု ဖြစ်စိမ့်မည် ဟူ၍ ယခု ပြုသော အမှုသည် ကောင်းမှု မဖြစ်၊ မကောင်းမှုသာ ဖြစ်တယ်။ ဒါကြောင့် မင်းကြီး လှူတဲ့ ဆွမ်းကို ငါ မခံပြီ'

**နရပတိစည်သူမင်းကြီး။** ။ 'ဘုန်းတော်ကြီး၊ တပည့်တော်၏ ဆွမ်းကို ဘုဉ်းပေးတော် မမူသော် တပည့်တော်ပိုင်စိုးသော တိုင်းပြည်မှာ မနေမှ လွတ်ပါအံ့။ ပြည်သူတို့ လှူသော ဆွမ်းသည်လည်း တပည့်တော်၏ ဆွမ်းပင် မဟုတ်သလော'

ပုဂံပြည် တစ်ပြည်လုံးက ရဟန္တာမထေရ်ဟု သမုတ်၍ မင်းနှင့် ပြည်သူတို့ ကြည်ဖြူစွာ ကိုးကွယ်နေသော ပံ့သုကူမထေရ်မြတ်နှင့် နရပတိစည်သူမင်းကြီးတို့ အကြား သဘောထား ကွဲပြားမှု ကြီးမားစွာ ဖြစ်ခဲ့လေ၏။

ဖြစ်ရပုံကား ဤသို့တည်း။ နရပတိစည်သူမင်းကြီးသည် ပုဂံနိုင်ငံတော်၌ သာသနာ စည်ပင် ပြန့်ပွားရေးကို အားသွန်ခွန်စိုက် ပြုလုပ်ခဲ့ပါ၏။ သည်သို့ ရေး သာသနာရေးများကို ကြီးပမ်းအားထုတ်ပြုလုပ်နေစဉ်မှာပင် တစ်ကြိမ်တွင် အကျိုးဆောင် ရဟန်းတော်မထေရ်မြတ် တစ်ပါးနှင့် ထိပ်တိုက်ရင်ဆိုင် တိုးကာ ဖြ တစ်ရပ် ဖြစ်ခဲ့သည်။ ဘာပြဿနာပါလိမ့်။ ဘာကြောင့် ဖြစ်ခဲ့ပါလိမ့်၊ ဘယ်လို ပါလိမ့်။

ပြောပါမည်။ သည်ကိစ္စက နယ်နယ်ရရ ကိစ္စမဟုတ်။ ထမင်းစားရေ ကိစ္စမဟုတ်။ ပြဿနာကို အကိုင်အတွယ် မတတ်လျှင် သမိုင်းတွင် တရားခံ ဖြ နိုင်သော ကိစ္စမျိုး။ သို့ဆိုလျှင် သည်လောက် ကြီးမားကျယ်ပြန့်သည့် ပြဿ ဘာပါလိမ့်။

ဆိုရဦးမည်။ နရပတိစည်သူမင်းကြီးသည် မိဖုရား၊ သားတော်များ၊ အပေါင်း ခြံရံ၍ အနော်ရထာမင်းတရား တည်ထားကိုးကွယ်ခဲ့သော တူရွှင်း စေတီတော်မြတ်သို့ တစ်ကြိမ်တွင် တက်ရောက် ဖူးမြော်ခဲ့သည်။ ရွှေရောင် တဝ ရွှေအဆင်း တလက်လက်နှင့် ကြည်ညိုဖွယ် စေတီဦးတွင် ဦးခိုက်ပူဇော်ရသဖြင့် ရ ၌ အေးမြချမ်းသာ ပီတိတွေ ဝေဖြာလျက်။

တူရွှင်းတောင် စေတီတော်မြတ်ကို ဦးခိုက်ပူဇော်၍ ပြန်လည် ဆင်းကြွလာ အခါ ယခု စူဠာမဏိစေတီတော်တည်ထားသော ချောက်ကမ်းပါးဆီသို့ မင်းတ ၏ အကြည့်ရောက်သွားသည်။ ချောက်ကမ်းပါး၏ အထက်တွင် ပြိုးပြိုးပြက် ဖြိုးဖြိုးလက်လက်နှင့် ပတ္တမြား ကျောက်နီရောင် ဝင်းပလျက် ရှိသည်ကို မြင်ရသ

**နရပတိစည်သူမင်းတရား။** ။ 'ဟေ့ ဟိုမှာ ကြည့်ကြစမ်း၊ ကြည့်ကြ
ပတ္တမြား ကျောက်နီရောင် ဝင်းဝင်းလ
လက် တောက်ပနေပါကလားဟေ့၊ မြင်
ရဲ့လား၊ တွေ့ကြရဲ့လား'

မိဖုရား သားတော်နှင့် မှူးမတ်များသည် နရပတိစည်သူမင်းကြီး လက်ညှိုး ရာ အရပ်သို့ ကြည့်ကြသည်။ 'ဟုတ်ပါ့ဘုရား၊ မှန်ပါ့ဘုရား၊ ပတ္တမြားရောင် တော တောက်ပပ ဝင်းလက်နေတာ မြင်ပါတယ် ဘုရား၊ တွေ့ပါတယ် ဘုရား'

မိဖုရားနှင့် သားတော်များ၊ မှူးမတ်များက တညီတညွတ်တည်းပင် လျှော တင်ကြသည်။

နရပတိစည်သူမင်းကြီးသည် သည်မျှ အံ့သြဘနန်း ထူးဆန်းသော အ အခင်းကို မြင်ရသောအခါ ဒါက ဘာပါလိမ့်။ ဘယ်အရာက သည်သို့ ဝင်းဝင်းပြက်ပြ

ရှန်းလက်စေပါလိမ့်ဟု သိလိုစိတ် တက်ကြွလာလေသည်။

ဤသို့ဖြင့် နရပတိစည်သူမင်းကြီးသည် မြင်းစစ်သည် ခြေမြန်တော်များ စေလွှတ်ပြီး ထိုအချင်းအရာကို သွားရောက် စုံစမ်းကြည့်ရှုစေသည်။ မကြာမီပင် မြင်းစစ်သည်များ ပြန်ရောက်လာကြသည်။ သည်တူရွှင်းတောင် စေတီကုန်းမြင့်မှ ဝင်းဝင်းလက်လက် ရှန်းရှန်းပြက်ပြက် မြင်ရသော နေရာတွင် ရောမ ချောက်ကမ်းပါးကြီး ရှိနေသည်။ အနီးသို့ တိုးကပ်လေ့လာသောအခါ အရောင် ဝင်းလက် တောက်ပနေသော အရာဝတ္ထု ဘာမျှ မတွေ့ရပါဟု ဆိုလေသည်။

နရပတိစည်သူမင်းကြီးကား ပါရမီရှင် ပုဂ္ဂိုလ်ထူးဖြစ်သည် မဟုတ်လား။ တူရွှင်းတောင် ဘုရားစေတီမှ မြင်တွေ့ရသော ဝင်းလက်သည့် အရောင်ကို မိမိကိုယ်တိုင် အနီးကပ် သွားရောက် စူးစမ်းကြည့်ပြန်သေးသည်။ မြင်းစစ်သည်များ လျှောက်တင်သကဲ့သို့ပင် ထိုနေရာ ထိုဌာန ထိုဒေသတွင် ထင်ရှားသော အရာဟူ၍ ဘာမှမတွေ့။ သို့သော် မြင်တွေ့ရသည်က ကြီးမားကျယ်ပြန့်သော ချောက်ကမ်းပါးကြီး။

နရပတိစည်သူမင်းကြီးသည် တူရွှင်းတောင် စေတီမြတ်သို့ နောက်တစ်ကြိမ် အဖူးအမြော် ရောက်ခဲ့ပြန်သည်။ ထိုတစ်ကြိမ်တွင်လည်း မင်းတရားသည် ယခင် တစ်ကြိမ်ကဲ့သို့ပင် ထူးခြားသော ဖြိုးဖြိုးပြက်ပြက် ဝင်းလက်သော အရောင်ကို တွေ့ရပြန်သည်။ အိုး အံ့ဖွယ်သူရဲ ထူးကဲလှသော အကြောင်းချင်းရာပေပဲ။ ဤသို့ ထူးခြားသော အကြောင်းချင်းရာသည် မိမိ၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်မှုများအပေါ်၊ သာသနာတော်ကို စောင့်ရှောက်နေသော နတ်များ သိကြားများ၏ သတိပေး နှိုးဆော်ချက်ပင် ဖြစ်လေမည်။ မိမိအဖို့ ထိုချောက်ကမ်းပါးနေရာတွင် ထူးခြား မြင့်မြတ်သော စေတီတော်မြတ်ကြီး တစ်ဆူကို တည်ထားကိုးကွယ်ရန် နတ်သိကြားတို့က တစ်ကြိမ်မက နှစ်ကြိမ်တိုင်တိုင် သတိပေးနှိုးဆော်ခဲ့လေသလား။ ဤသို့ နှိုးဆော် သတိပေးချက်အတိုင်း စေတီတော်မြတ် တစ်ဆူတည်ထားကိုးကွယ်ရလျှင် မသင့်တော်ပြီလောဟု မင်းတရားကြီးက မှူးမတ်များအား တိုင်ပင် စကား ဆိုခဲ့သည်။

ထိုစဉ်က နရပတိစည်သူမင်းတရားကြီးက မှူးမတ်များအား တိုင်ပင်သည် ဆိုတာ အမှန်တော့ ဘုရင့် ဆန္ဒကို အသိပေး ထုတ်ဖော်ခြင်းသာ ဖြစ်သည်။ မှူးမတ် ဝန်ကြီးတို့မှာ ကန့်ကွက်စကား လျှောက်တင်ရန် (သို့မဟုတ်) ဘုရင်မင်းမြတ်၏ သဘောထား ဆန္ဒကို ဆန့်ကျင်လျှောက်တင်ရန်ကား စိတ်ပင် မကူးရဲကြ။ အားလုံးပင် မှန်ပါ့ဘုရား၊ သင့်တော်ပါသည်ဘုရား၊ အလျင်အမြန် ဆောင်ရွက်သင့်ကြောင်းပါဘုရား စသည်ဖြင့် မင်းလိုလိုက် မင်းကြိုက်ဆောင်၍ လျှောက်တင်ရမည် ဖြစ်တော့သည်။ ဘုရင်မင်းမြတ်၏ ဆန္ဒနှင့် ဆန့်ကျင်လျှောက်တင်မိပါက မတော်လို့များ ဘုရင် ဒေါသမာန်ပွားပြီး

သေဒဏ်ပေးခဲ့သော် ကယ်မည့်သူ ဝေး၊ ဝေးမှ ဝေး။

ဘုရင်တို့ဘုန်း မိုးသို့ချွန်းဟု ဆိုရိုးစကား ရှိပေသား မဟုတ်လား။ ဘုန်းတန်ခိုးနှင့်ဝါ ကြီးမြင့်နေသော ရှင်ဘုရင်နှင့် ထိပ်တိုက်တိုးမည့်၊ ယခုလို ကိစ္စမျိုးမှာ ရှောင်ရှားနိုင်မှ တော်ကာ ကျပေမည်။ ယခု ကိစ္စကို သေချာစွာ လေ့လာ၊ သေချာစွာ ဖော်သေချာစွာ ဆန်းစစ်ကြည့်ပါတော့။ ရောမ ချောက်ကမ်းပါးကြီး ရှိနေသော ထိုနေရာထိုဒေသတွင် ဘုရားစေတီ တစ်ဆူတည်ထားဖို့အရေးမှာ မည်မျှခက်ခဲပါမည်လဲ။ ပထမဦးစွာ စဉ်းစားချိန်ဆရမည့် အကြောင်းချင်းရာက ထိုချောက်ကမ်းပါးကို မည်သည့်အင်အားစုဖြင့် မည်သို့ မြေဖို့ကြမည်လဲ၊ မြေကကော ဘယ်က သယ်ဆောင်လာရမည်လဲ၊ ဘယ်သူတွေက သယ်ပို့ပေးကြရမှာလဲ ဆိုသည်ပင်။

ဒါကို မှူးကြီးမတ်ရာ သေနာပတိတွေက စဉ်းစားချိန်ဆကြည့်ကြသည်။ တကယ်သာ ထိုချောက်ကမ်းပါးကို မြေဖို့ရမည့်ကိစ္စ ပေါ်လာခဲ့လျှင်၊ ပုဂံနိုင်ငံတော်သား လူည်းလေ့အောင်း မြင်းဆောင်းမကျန် ကုန်သည် လယ်လုပ် ဓားမခုတ် ဦးကြီးတို့ခမျာ သောကပွားကြပေတော့အံ့။ မိမိတို့ လက်ငုတ်လက်ရင်း စားဝတ်နေရေး လုပ်ငန်း များကိုပစ်ပြီး ထိုနေရာထိုဒေသတွင် နေ့ညမဟူ မြေဖို့လုပ်ငန်းဖြင့် ပင်ပန်းကြရှာတော့မည်။

ဒါကို ရှင်ဘုရင်က မသိ။ ဒါကို ရှင်ဘုရင်က မတွေး။ ဒါကို ရှင်ဘုရင်က မမြင်။ မိမိ၏ ဆန္ဒရှိသမျှကိုသော တစ်ချက်လွှတ် ပြောဆိုနေပါပြီကော။ သည်အချိန် သည်အခါတွင် မှူးကြီး မတ်ရာ သေနာပတိဝန်မင်းများတို့အဖို့ 'ဘောင်းတော်ညိတ်၊ စိတ်တော်သိ' လျှောက်တင်ဖို့က လွဲပြီး တခြား တင်လျှောက်စရာ ဘာမျှ မရှိ။ ဘာမျှ မသိ။ ဤသို့ဖြင့်–

စူဠာမဏိ ဘုရားတည်ရာတွင် မြင်နေရသော ချောက်ကမ်းပါး မြေဖို့ရေး ကိစ္စတွင် အများသူငါ သောကထွေပွား၊ ဒုက္ခများမည့် အရေးကို မတွေးနိုင်ပြီ။ ကြားဖူးကြသည် မဟုတ်လား။ 'ဘယ်သူသေသေ ငတေမာရင် ပြီးရော' တဲ့။ ဤ လောကတွင် မိမိအသက်အန္တရာယ်ကို မငဲ့ဘဲ အခြားသူအတွက် စဉ်းစားကြမည်ကား ရှားပါဘိ၊ ရှားပါဘိ။ ထို့ကြောင့်ပင် ဘုရင်မင်းမြတ်က သည်နေရာ သည်ဌာနတွင် ဘုရားစေတီ တစ်ဆူ အလျင်အမြန် တည်ထားကိုးကွယ်မည်ဟု မိန့်တော်မူသောအခါ မှူးကြီးမတ်ရာ သေနာပတိတို့က တစ်ညီတစ်ညွတ်တည်း လျှောက်တင်ကြသည်။

'ဘုန်းတော်ကြောင့် လွန်စွာ လွန်စွာ လွန်စွာပင် သင့်မြတ်လျောက်ကန်ကြောင်းပါ ဘုရား'

ဤသို့ဖြင့် စူဠာမဏိဘွဲ့မည်ရှိသော ဘုရားစေတီ တည်ထားကိုးကွယ်မည့် ချောက်ကမ်းပါးကြီးကို နရပတိစည်သူမင်းတရား၏ အမိန့်တော်ဖြင့် ပြည်သူများက မြေဖို့

မြေညှိ လုပ်ကြရသည်။ ထိုသို့ ပြည်သူအများ ဆင်းရဲပင်ပန်းစွာဖြင့် အလုပ်ပျက်၊ အကိုင်ပျက်၊ အစားပျက်၊ အအိပ်ပျက်ပြီး မြေဖို့ မြေညှိလုပ်ငန်းများဖြင့် ပင်ပန်းခြင်း ဆင်းရဲကြီးစွာ အလုပ်လုပ်ကြသည်ကို ပုဂံနိုင်ငံတော်တွင် ရဟန္တာအရှင်မြတ် တစ်ပါး အသွင် **တန်ခိုးကြီးမားသော ပုံသုကူမထေရ်မြတ် ကြားသိတော်မူလျှင် များစွာ စိတ်** မချမ်းသာ ဖြစ်ခဲ့ရသည်။

ဤမှာပင် စကားလက်တံ ရှည်ချင်သူတို့က မေးကြမြန်းကြဦးမည်။ ပုံသုကူမထေရ် ဆိုသော ထူးဆန်းသည့် ဘွဲ့နာမည်ပိုင်ရှင်က ဘယ်သူလဲ။ ထိုအရှင်မြတ်ကို အဘယ့်ကြောင့် ပုံသုကူမထေရ်မြတ်လို့ ဘွဲ့မည်သ၍ ခေါ်ကြပါသလဲ၊ လဲ၊ လဲ။

ပြောရဦးမည်။ ထိုအရှင်မြတ်ကား ဗုဒ္ဓမြတ်စွာဘုရား ထားရှိအပ်သော ပညတ်ချက် ကျင့်စဉ် တရားကို ရွေးတစ်ပြားမျှ အပွန်းအပဲ့ မခံ။ ထိုက်တန်စွာ ကျင့်ကြံတော်မူသော သူတော်စဉ်ပါတည်း။

ထိုအရှင်သည် အခြား ဘုရားသားတော် ရဟန်းများကဲ့သို့ ဒါယိကာ၊ ဒါယိကာမတို့ လှူဒါန်းသော သင်္ကန်းကို အလှူမခံ၊ မဝတ်။ သုသာန်တစပြင်၌ အပုပ်ကောင် ရုပ်အလောင်းကို လွှမ်းသော ပုဆိုးကိုသာ သင်္ကန်းအဖြစ် မှတ်ယူ၍ လက်ခံဝတ်ဆင် တော်မူလေသည်။

ထိုသတင်းစကားကို ပုဂံနေပြည်တော်ရှိ 'ငစွယ်ငယ်'အမည်ရှိ လူငယ်တစ်ဦးက ကြားသိ၏။ ထိုအခါ ငစွယ်ငယ်သည် နွားကျောင်းဘက် မိမိ၏ သူငယ်ချင်း အပေါင်း အသင်းတို့အား ဤသို့ ပြော၏။

**ငစွယ်ငယ်။** ။ 'သူငယ်ချင်းတို့ရေ၊ ပုံသုကူမထေရ်မြတ်က လူသေကောင်ကို လွှမ်းတဲ့ အဝတ်ကိုမှ သင်္ကန်းအဖြစ် အလှူခံ ဝတ်ဆင်သတဲ့။ ဒီတော့ ငါတို့ ကုသိုလ်ရအောင် ဒီလို ကြံစည်ကြစို့ဟေ့။ ငါက သုသာန်မှာ လူသေကောင် အယောင်ဆောင်မယ်။ ငါ့ကိုယ်ပေါ်မှာ နင်တို့ အဝတ်ပုဆိုးတွေ လွှမ်းပေးကြ။ ပြီးတော့ ပုံသုကူမထေရ်မြတ်ကို ဤ ရုပ်အလောင်းက ပုဆိုး ကို ပုံသုကူ ကောက်ယူတော်မူပါလို့ လျှောက်ကြဟေ့'

ငစွယ်ငယ်၏ သူငယ်ချင်းတို့သည် ပုံသုကူမဟာထေရ်၏ ကျောင်းသို့ သွားပြီး ငစွယ်ငယ် မှာကြားသည့်အတိုင်း လျှောက်ထားကြ၏။

ထိုအခါ ပုံသုကူ မထေရ်မြတ်သည် သုသာန်တစပြင်သို့ ကြွလာပြီး ငစွယ်ငယ်၏ ကိုယ်တွင် လွှမ်းသော အဝတ်ပုဆိုးကို ပုံသုကူသင်္ကန်းအဖြစ် ကောက်ယူ အလှူခံ တော်မူလေသည်။

ပုံသုကူမထေရ်မြတ်လည်း ငွေယ်ငယ်၏ ကိုယ်တွင် လွှမ်းခြုံထားသော အ ပုဆိုးကို ပုံသုကူသင်္ကန်းအဖြစ် လက်ခံရယူပြီးနောက် ကျောင်းသခ်ိန်းသို့ ပြန် ကြွမြန်းသွားခဲ့သည်။

ပုံသုကူမထေရ်မြတ် ကြွသွားသောအခါတွင် ငွေယ်ငယ်သည် အမှန်ပင် လ စင်စစ်အဖြစ် အသက်မဲ့သော ဘဝသို့ ရောက်သွား၏။ ထိုအခါ ငွေယ်ငယ်၏ သူငယ် အပေါင်းအသင်းတို့သည် ငွေယ်ငယ်၏ မိဘများထံ ပြေးသွားပြီး ဖြစ်ပုံပျက်ပုံ ဇာတ် စုံကို ပြောပြကြသည်။

သည်တွင် ငွေယ်ငယ်၏ မိဘဆွေမျိုးသားချင်းတို့သည် ပုံသုကူမထေရ် ကျောင်းတော်သို့ ပြေးသွား၍ ဖြစ်ကြောင်း ကုန်စင်ကို လျှောက်ထားကြသည်။ ကူ မထေရ်မြတ်သည် သုသာန်တစပြင်သို့ တစ်ဖန် ကြွချီလာပြီး ပရိတ်တရား ရေ ဖြင့် ငွေယ်ငယ်၏ ရုပ်အလောင်းကို ပက်ဖျန်းပေးလေ၏။ အို အံ့ဖွယ်သူရဲ ထူးကဲ အတွေ့အကြုံပေတကား။ ထိုသို့ ပရိတ်တော်ရေဖြင့် ပက်ဖျန်းသည့် ခဏတွင် အသ နေသော ငွေယ်ငယ်သည် ရုတ်တရက် ချက်ချင်း အသက်ပြန်ဝင်လာပြီး ပုံသ မထေရ်မြတ်အား လက်အုပ်မိုး၍ ရှိခိုးလေတော့၏။ ငွေယ်ငယ်၏ မိဘဆွေမျိုးတ ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ သားငွေယ်ငယ်အား ပုံသုကူမထေရ်မြတ်ထံ လှူဒါန်းလ လေတော့၏။ ထိုအချိန် ထိုကာလမှ စ၍ ငွေယ်ငယ်အသေကောင်ကို အသက်ရှင်အေ ကုသပေးခဲ့သူ ပုံသုကူ မထေရ်မြတ်ကို တပည့် ဒါယိကာ ဒါယိကာမအပေါင် **'ငွေယ်ရှင် မထေရ်မြတ်'** ဟု အမည်သစ်ဖြင့် သတ်မှတ်၍ ခေါ်လေသည်။

ထိုသို့ ပုံသုကူမထေရ်မြတ်ဟု လည်းကောင်း၊ ငွေယ်ရှင်မထေရ်မြတ်ဟု လ ကောင်း ဂုဏ်သတင်း ကျော်စောခြင်း ရှိတော်မူသော သူတော်စင်သည် စူဠာမ ဘုရားတည်ထားကိုးကွယ်မည့် ကောင်းမှုတော်တွင် ပြည်သူတို့ ကြီးစွာ ပင်ပန်းဆင်းရဲ ဖြစ်ရပုံကို မြင်ရသော် များစွာ စိတ်မချမ်းသာ ဖြစ်ရတော့သည်။ မထေရ်မြတ်သ မိမိ စိတ်မချမ်းမသာ ဖြစ်ရပုံကို နရပတိစည်သူမင်းကြီးအား သွားရောက် မိန့်ဆိုခဲ့သည ဤတွင် ပုံသုကူမထေရ်မြတ်နှင့် ပုဂံပြည့်ရှင် ဘုရင်မင်းမြတ်တို့အကြားတွင် ကြီးမားသေ ထိပ်တိုက်တိုးမှုကြီး ဖြစ်ပေါ်ခဲ့လေပြီ။

(ခ)

တစ်နေ့သောအခါတွင် နရပတိစည်သူမင်းကြီးသည် မှူးကြီးမတ်ရာ သေနာပ မိဖုရား သားတော်အများ ခြံရံလျက် စူဠာမဏိ စေတီတော်မြတ် တည်ထားကိုးကွယ်မည

နေရာသို့ ရောက်လာကြသည်။ ဘုရင်မင်းမြတ်သည် ယာယီဆောက်လုပ်ထားသော တဲနန်းတွင် နေရာယူပြီး စုဋ္ဌာမဏိစေတီတော် တည်ထားမှု၏ အခြေအနေကို စစ်ဆေးမေးမြန်းလျက် ရှိသည်။ ဘုရင်မင်းမြတ် ကြွလာပြီ ဆိုသောအခါ မြေဖို့နေသူ၊ မြေသယ်နေသူ၊ ပြည်သူအများသည် နေပူကျဲတဲတွင် ပို၍ အလုပ်လုပ်ပြကြရသည်။ အညာဒေသ၏ နေပူပူတွင် ချွေးတလုံးလုံးနှင့် နေပူသည်ဟု မပြောဝံ့ကြ။ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ကြွချီ၍ စစ်ဆေးကြည့်ရှုနေစဉ် အလုပ်ကို ပို၍ အားကြိုးမာန်တက် လုပ်ပြနေကြရသည်။ မင်းမှုထမ်း သူရဲသူမက်တို့သည် လှံတထောင်ထောင်၊ ဓားတဖွေး ဖွေးဖြင့် စောင့်ကြပ်ရင်း အလုပ်လုပ်နေသူတို့ကို ကြီးကြပ်ညွှန်ကြားနေကြသည်။

ထိုခဏတွင် နေပူကျဲကျဲ၌ ချွေးတလုံးလုံးဖြင့် မြေသယ်နေကြသော လူအုပ်သည် ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ လူအများသည် ပေါက်တူးကိုချ၊ ဂေါ်ပြားကိုစွန့်၊ လုပ်နေသော အလုပ်ကို ရပ်ဆိုင်းလိုက်ပြီး နေရာတွင် ဒူးတုပ်ချလိုက်ကြသည်။ ပြီးတော့ တစ်စုံတစ်ဦးကို ကြည်ညိုစွာ ဦးခိုက်ကန်တော့နေကြသည်။ အို ဘယ့်နှယ်ဖြစ်ပါလိမ့်။ ဘုရင်မင်းမြတ်၏ အမိန့်တော်ဖြင့် အလွန်ရိုသေ ကျိုးနွံစွာ အလုပ်လုပ်နေကြသော ဤလုပ်ငန်းခွင်ကြီး တစ်ခုလုံးအား မီးကို ရေဖြင့် ပျက်ဖျန်းလိုက်သလို ငြိမ်သက်သွားအောင် ပြုလုပ်နိုင်သူကား မည်သူ ဖြစ်လေသနည်း။ မည်မျှ တန်ခိုးရှိန်ဝါ ကြီးမားသော ပုဂ္ဂိုလ် ဖြစ်ပါသနည်း။

နရပတိစည်သူမင်းကြီးသည် ထိုလူအုပ်ရှိရာသို့ မျှော်ကြည့်လိုက်သည်။ မှူးကြီးမတ်ရာ သေနာပတိတို့လည်း မင်းကြီး မျှော်ကြည့်ရာသို့ လိုက်ကြည့်ကြသည်။ အို အံ့ဖွယ်သူရဲ ထူးကဲစွတကား။ မြေသယ်၊ မြေဖို့နေကြသော လူအများသည် ကြွလှမ်းနေသော ဘုန်းတော်ကြီး တစ်ပါးကို ကြည်ညိုစွာဖြင့် ဦးခိုက်ကန်တော့နေခြင်း ဖြစ်လေသည်။ ဘုန်းတော်ကြီးကမူ မွန်းတည့်နေ၏ ပူပြင်းခြင်းကို ဂရုပြုတော်မမူ။ မျက်လွှာကိုချ၍ တစ်လှမ်းခြင်း လျှောက်လှမ်းနေ၏။ အဆောင်းအကာ ထီးမပါ၊ ဖိနပ်မစီးဘဲ တရားရှုမှတ်၍ လျှောက်လာသော ထိုပုဂ္ဂိုလ်အား ဘုရင်မင်းမြတ်နှင့် မှူးကြီးမတ်ကြီးတို့က အံ့ချီးစမ်းသော အကြည့်ဖြင့် ကြည့်နေကြသည်။ ပုဂံနေပြည်တော်ရှိ များစွာသော ရဟန်းတော်များအနက်မှ ထူးခြားသော ရဟန်းတစ်ပါးပေပဲ။ ဘယ်ကိုယ်တော်များပါလိမ့်။

အို တခြားသူမှ မဟုတ်ပါပဲလား။ လက်စသတ်တော့ ပုဂံနေပြည်တော် တစ်ဝှန်းတွင် ရဟန္တာ မထေရ်မြတ်တစ်ပါးဟု ပြည်သူအများ ယုံမှတ် ကြည်ညို ကိုးကွယ်နေကြသော ပုံသုကူငစွယ်ရှင် မထေရ်မြတ်ပါလား။

ပုံသုကူမထေရ်မြတ်သည် နရပတိစည်သူမင်းကြီး၏ ယာယီတဲနန်းဆီသို့ မျက်နှာမူလျက် ကြွလှမ်းလာနေသည်ကို မြင်ကြရ၏။ ဤတွင် မင်းမှူးမတ်တို့သည် မိမိတို့

နေရာယူထားသော အမြင့်နေရာများမှ ဆင်း၍ မြေပြင်တွင် ဝပ်တွားကာ ထိခြ
ပါးဖြင့် ပုံသုက္ကုမထေရ်မြတ်ကို ဦးခိုက်ပူဇော်ကန်တော့လျက် ရှိကြသည်။

ပုံသုက္ကုမထေရ်မြတ်သည် ယာယီတဲနန်း အနီးသို့ ရောက်ရှိလာသောအခါ တစ်ပါးက ခရီးဦးကြိုပြု၍ မြင့်မြတ်သော နေရာ၌ သီတင်းသုံးရန် ပြင်ဆင်ပေ သို့သော် ပုံသုက္ကုမထေရ်မြတ်က ထိုနေရာသို့ ကြွလှမ်း စံမြန်းနေရာယူခြင်း မ ပတိစည်သူမင်းကြီးသည် ပုံသုက္ကုမထေရ်မြတ်အား ဦးခိုက်ပူဇော်ကန်တော့ရင်းမှ က စတင်၍ မေးမြန်းလျှောက်ကြားလေသည်။

**မင်းကြီး။** ။ 'အရှင်သူမြတ်ဘုရား၊ အကြောင်းအဘယ်သို့ ဤနေရာ ဤ ဌာနသို့ ကိုယ်တော်တိုင် နေပူက ကြွလှမ်းခဲ့ကြောင်း အမိန့်ရှိပါ ဘုရား'

**ပုံသုက္ကုမထေရ်မြတ်။** ။ 'မင်းကြီး၊ ယခုဆောင်ရွက်နေသော ကသိုလ်ရေ လုပ်ငန်းနှင့် ပတ်သက်ပြီး ပြောကြားလို၍ င ပြီ'

**မင်းကြီး။** ။ 'မှန်လှပါ အရှင်သူမြတ်ဘုရား၊ အရှင်သူမြတ်စိ ဖြစ်ပေါ်သမျှကို တစ်စမကျန် မချွင်းချန်ဘဲ တော် ပြန်ကြားပါ ဘုရား'

**ပုံသုက္ကုမထေရ်မြတ်။** ။ 'မင်းကြီး၊ ကောင်းမှုဖြစ်စိမ့်မည်ဟူ၍ ယခုပြ အမှုသည် ကောင်းမှုကားမဖြစ်၊ မကောင်း ဖြစ်တယ်၊ ဒါကြောင့် မင်းကြီး လှူတဲ့ ဆွ ယနေ့မှ စ၍ ငါမခံပြီ'

**မင်းကြီး။** ။ 'ဘုန်းတော်ကြီးဘုရား၊ တပည့်တော်၏ ဆွ ဘုဉ်းပေးတော်မမူသော် တပည့်တော် ပိုင်စိုး တိုင်းပြည်မှာ မနေမှ လွတ်ပါအံ့။ ပြည်သူတ သော ဆွမ်းသည်လည်း တပည့်တော်၏ ဆွ မဟုတ်သလော'

**ပုံသုက္ကုမထေရ်မြတ်။** ။ 'မင်းကြီး၊ ထိုသို့ တပြီးကား မင်းကြီး၏ အတိုင်းပင် ဤနိုင်ငံမှ ခွာ၍ သိန်းယိုကျွန်းသ ကြွသွားမည်၊ အားလုံး ချမ်းသာစေ၊ ချမ်းသာ

ပုံသုက္ကုမထေရ်မြတ်နှင့် နရပတိစည်သူမင်းကြီးတို့ အကြား၊ ဆရာ ဆက်ဆံရေးမှာ ဤသို့ဖြင့် မတင်းမာသင့်ဘဲ တင်းမာလာခဲ့ပေပြီ။ ပုံသုက္ကု မထေရ်

လည်း သတ္တဝါအများ ပင်ပန်းဆင်းရဲကြသော အမှုကို သနားကြင်နာ၍ အလျှော့ပေးနိုင်။ ရှင်ဘုရင်ကလည်း မင်းမာနဖြင့် အလျှော့မပေးနိုင်ဟူသော စကားကို ခက်ထန်စွာ ဆိုလေပြီ။

ပွဲ့သုကူမထေရ်မြတ်သည် ထိုနေ့ရာမှ နေ၍ ကျောင်းသင်ခန်းသို့ ကြွလှမ်းတော်မူတော့ဘဲ သိန်းယိုကျွန်းသို့ ကြွရန် ပထမခရီးစခန်းအဖြစ် စွယ်ကြိုမည်သော တောကြီးမျက်မည်းဝယ် သီတင်းသုံးနေထိုင်လေ၏။

နရပတိစည်သူမင်းကြီးသည် ပွဲ့သုကူမထေရ်မြတ်အား ခက်ထန်သော စကားကို ပြောမိခဲ့၍ ထိုနေ့ညတွင် ကောင်းစွာ စက်တော်ခေါ်၍ မရ။ ညဥ့်သန်းကောင်ကျော်သည်အထိ ထိုကိစ္စကိုသာ တအုံနွေးနွေး ပူဆွေးသောက ရောက်နေရရှာ၏။ ညဥ့်သန်းကောင်ကျော်တွင် မှေးကနဲ အိပ်ပျော်သွားသည်တွင် အိပ်မက်မက်၏။

အိပ်မက်ထဲတွင် ပုဂံနေပြည်တော် သရပါတံခါးကို စောင့်သော ဘီလူး တစ်ယောက်သည် မင်းကြီး ခရီး ထွက်တော်မူသောအခါ မလွဲမဖယ်ဘဲ တံခါးထက်ဝယ် ကားရားကြီး ပိတ်ဆို့ရပ်နေသည်။ မင်းကြီးသည် သမားဟူးရားဖြူ ဟူးရားညိုတို့အား ခေါ်ယူ၍ ထိုဘီလူးအား ဖယ်ရှားစေရန် အမိန့်ပေး၏။ သို့သော် ဘီလူးကား မလွဲမဖယ်၊ နေမြဲတိုင်းပင် နေ၏။ ဟူးရားဖြူ၊ ဟူးရားညိုတို့က အရှင်မင်းကြီး၊ ပွဲ့သုကူ မထေရ်မြတ်အား မသင့်သော စကားကို ဆိုခဲ့၍ တံခါးစောင့် ဘီလူးက ပိတ်ဆို့ကာဆီးထားခြင်း ဖြစ်သည်ဟု နားတော်လျှောက်ကြောင်း အိပ်မက်မြင်မက်လေ၏။

နရပတိစည်သူမင်းကြီးသည် အိပ်မက်မှ နိုးထသောအခါ များစွာ တုံလှုပ်ကြောက်ရွံ့ခြင်း ဖြစ်မိ၏။ အိပ်မက်ကား ထူးခြားဆန်းကြယ်ပါဘိသည်။ မိမိ အပြောအဆို မသင့်တော်သဖြင့် နတ်သိကြားများက သတိပေးခြင်းဖြစ်မည်ဟု နားလည်သဘောပေါက်မိ၏။ ထို့ကြောင့် မှူးမတ်တို့အား ခေါ်ယူ၍ ပွဲ့သုကူမထေရ်မြတ်အား တောင်းပန်လျှောက်ကြား၍ ပင့်ကြစေဟု အကြိမ်ကြိမ် စေလွှတ်ခဲ့သည်။

ပွဲ့သုကူမဟာထေရ်က မင်းကြီး၏ စေတမန်အမတ်များကို လက်မခံဘဲ စွယ်ကြိုအရပ်မှတစ်ဆင့် သိန်းယိုကျွန်းသို့ ကူးတော့မည်ဟူ၍ ဆက်လက် ကြွချီတော်မူလေသည်။ ထိုအခါ နရပတိစည်သူမင်းကြီးသည် များစွာစိုးရိမ် ထိတ်လန့်သွားလေတော့သည်။ သည်တစ်ခါဖြင့် ခက်တော့မည်။ ပြည်သူအများက ရဟန္တာ အရှင်မြတ် တစ်ပါးဟု အယုံအမှတ်ထား၍ ကိုးကွယ်နေသူ ပွဲ့သုကူမဟာထေရ်သာ သိန်းယိုကျွန်းသို့ ရောက်သွားလျှင် မိမိမှာ ကြီးလေးသောအပြစ်ကို ခံယူရသည်သို့ ရှိတော့မည်။ ထို့ကြောင့် ပွဲ့သုကူမထေရ်မြတ်၏ ပြည်ပခရီးကို တားဆီးနိုင်သရွေ့ တားဆီးကြပါဟု မင်းမှူးမတ်တို့အား မိန့်ကြား၏။

မင်းကြီးသည် ယုံမှတ်အားထားရသော **တုရင်္ဂပစ္စည်းအမတ်**အား ပုံသကူမ
မြတ်ကို ဖြစ်သည့်နည်းဖြင့် မပါ ပါအောင် ပင့်ခေါ်ရန် စေလွှတ်ခဲ့လေသည်။ တုရင်္ဂပ
အမတ်ကား ဉာဏ်ပညာပရိယာယ် ကြွယ်ဝသူဖြစ်သည်။ အကြားအမြင်နှင့်
ပြည့်စုံသူဖြစ်သည်။ ဘာသာရေး၊ သာသနာရေးလုပ်ငန်းများ၌ တတ်ပွန်ကုံလုံ
မင်းမှုထမ်းကောင်း ဖြစ်ပေသည်။ ထို့ကြောင့် တုရင်္ဂပစ္စည်းအမတ်သည် 'ဂေါတမဗုဒ္ဓ
ရှင်' ရွှေဆင်းတုတစ်ဆူကို ရွှေလှေလောင်းတွင် တင်၍ ပင့်ဆောင်တော်မူခဲ့သ
တုရင်္ဂပစ္စည်းအမတ်သည် ရွှေဆင်းတုစမ္ပာယ်နေသော ရွှေလှေလောင်းကို ဧရာ
မြစ်ကမ်း လမ်းခုလတ်တွင် ရပ်နားထားလေ၏။ ထိုခဏတွင် ပုံသကူမထေရ်
သည် သိန်းဃိကျွန်းသို့ ကူးရန် မြစ်ဆိပ်သို့ ကြွလှမ်းလာသည်နိုက် ကြုံတော့သ

**တုရင်္ဂပစ္စည်းအမတ်**။ ။ 'မထေရ် အရှင်သူမြတ်ဘုရား၊ သဗ္ဗညုတ ရွှေဉ
တော်ရှင် ဂေါတမ ဗုဒ္ဓဘုရားသခင်မြတ်၏ ရုပ်
ရွှေဆင်းတုတော် တစ်ဆူ၊ ရွှေလှေလောင်းတွင် 
ဝပ်တော်မူလေပြီ။ အရှင်မြတ် ကြွရောက် ဖူးမြော်
မူပါလော့'

အမတ်က ဦးခိုက်ကန်တော့ရင်း လျှောက်ထား၏။

ထိုအခါတွင် ပုံသကူမထေရ်မြတ်လည်း သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ဂေါ
ဗုဒ္ဓဘုရားရှင်မှ ရွှေဆင်းတုကို ဖူးမြင်ရန် ရွှေလှေလောင်းပေါ်သို့ ကြွလေ၏။ ရွှေ
လောင်းပေါ်သို့ ပုံသကူမထေရ် ကြွရောက်၍ ဗုဒ္ဓရွှေရုပ်ပွားတော်ကို ရှိခိုး ဦးခို
ကန်တော့လိုက်သည်နှင့် တုရင်္ဂပစ္စည်း အမတ်သည် ရွှေလှေလောင်းကို ကျောက်ဖြ
အပြင်းလော့၍ ဆန်တက်လေတော့၏။

တုရင်္ဂပစ္စည်းအမတ်ကား အတတ်ပညာတို့ဖြင့် ကြွယ်ဝသော အမတ်ပည
ပေတည်း။ သူသည် လှေလောင်းတော်ပေါ်၌ ပံသကူမထေရ်မြတ်၏ ခြေတော်အစုံ
မိမိ၏ ဆံစနဖူးဖြင့် အကြိမ်ကြိမ် ဦးတိုက်၍ တောင်းပန်လျှောက်ကြားလေသည်။

**တုရင်္ဂပစ္စည်းအမတ်**။ ။ 'ကျေးဇူးတော်ရှင် မထေရ်မြတ်ဘုရား၊ မထေရ်မြ
အား မသင့်တော်သော စကားကို ဆိုမိမှားသဖြ
ဘုရင်မင်းတရားမှာ နောင်တကြီးစွာ ရလျက် ရှိပါပြ
ပုဂံနိုင်ငံတော်၌ အရှင်မထေရ်မြတ် မရှိခဲ့လျှင် ဗု
ဘုရားရှင် သာသနာတော် ကွယ်ပခြင်း ဘေးကြုံရ
တော့မည်။ သတ္တဝါအများကို သနားမူပါ ဘုရား'

ပညာရှိ တုရင်္ဂပစ္စည်းအမတ်သည် မထေရ်မြတ် စိတ်ခတ် ပျော့ပျောင်း ညွတ်

ည်အထိ အကြိမ်ကြိမ် တောင်းပန်လျှောက်ကြား အသနားခံလေသည်။ ထိုအခါမှပင် ပုံသုကူမထေရ်မြတ်လည်း သာသနာအကျိုး၊ သတ္တဝါများ၏ အကျိုးကို ထောက်ထား နှာ သနားညာတာသောအားဖြင့် ခွင့်လွှတ်လျက် လိုက်ပါလာခဲ့လေ၏။

(၈)

ပုံသုကူမထေရ်မြတ်ကို ပင့်ဆောင်လာသော ရွှေလှေလောင်းတော်သည် ဧရာဝတီ မြစ်ကို ဆန်လျက် မှန်မှန်ကြီး ခရီးဆက်တော့သည်။ လမ်းခရီး တစ်နေရာ၌ ဘုရင်မင်း မြတ်၏ အထောက်တော် မင်းမှုထမ်းတို့က ဆိပ်ကမ်းမှ ကြိုလင့်၏။ ပုံသုကူ မထေရ်မြတ် ရွှေလှေလောင်းတော်နှင့် ကြွချီတော်မူလာပြီ ဆိုသော သတင်းကို ပုဂံနေ ပြည်တော်ရှိ ဘုရင်မင်းမြတ်ထံ ခြေမြန်အထောက်တော်များက သတင်းပြန်ပို့ကြသည်။

**အထောက်တော်များ။** ။ 'တင်လျှောက်အပ်ပါသည် ဘုရား။ ကျေးဇူးတော်ရှင် ပုံသုကူမထေရ်မြတ်သည် အမတ်ကြီး တုရင်ပစ္စည်း၏ ရွှေလှေလောင်းတော်တွင် တစ်ပါတည်းလိုက်ပါ ကြွချီခဲ့ပါပြီ ဘုရား'

**နရပတိစည်သူမင်းကြီး။** ။ 'အို ဝမ်းသာရပါဘိ၊ ငါတို့ ကျေးဇူးတော်ရှင် သခင်ပုံသုကူ မထေရ်မြတ်ကို ဦးခိုက် ပူဇော်ခွင့် ရပါပြီကောလေ။ ကဲ မှူးမတ်ဝန်ကြီးတို့ ကျေးဇူးတော်ရှင် မထေရ်မြတ်ကို ဦးခိုက် ကြိုဆိုဖို့၊ ရေကြောင်း ကြည်းကြောင်း အစုံအလင်နဲ့ ခမ်းနားစွာ စီစဉ်ကြပေတော့'

ပုံသုကူမထေရ်မြတ်အား ပင့်ဆောင်လာသော ရွှေလှေလောင်းတော်သည် ပုဂံနေ ပြည်တော် သီရိပစ္စယာလှေဆိပ်သို့ မရောက်မီ လမ်းခုလတ်မှနေ၍ ကရဝိတ်ဖောင်တော် စ်စင်းက ဝဲယာမှ ခြံရံလျက် ပရိတ်တော်များ ရွတ်၍ ကြိုဆိုပင့်ဆောင်ကြသည်။ ဧရာဝတီမြစ် ဆိပ်ကမ်းဝဲယာမှလည်း ဘုရင့်အမှုတော်ထမ်း၊ မှူးမတ်ဝန်ကြီးများက သာသနာ့ဒါယကာတံခွန်များ ဖွေ့ယမ်းကာ ပုံသုကူမထေရ်မြတ်အား ရှိခိုးဦးခိုက် ကြိုဆိုကြသည်။

မကြာမီ ပုံသုကူမထေရ်မြတ်အား ပင့်ဆောင်လာသော ရွှေလှေလောင်းသည် ပုဂံလှေဆိပ်သို့ ဆိုက်လေပြီ။ နရပတိစည်သူမင်းကြီးနှင့် မိဖုရား မှူးမတ်အပေါင်းသည် ရွှေလှေလောင်းပေါ်သို့ ဆင်း၍ ဦးခိုက် ကန်တော့ကြိုဆိုကြသည်။

နရပတိစည်သူမင်းကြီးသည် အများဖိုလ်ပုံ၏ အလယ်တွင်၊ ပုံသုကူမထေရ်အား

ရှိသေတုပ်ကွ ဦးချကန်တော့၏။ ထို့နောက် ပုံသုကူမထေရ်မြတ်၏ ခြေအစုံကို မင်
၏ နဖူးနှင့် ထိနမ်းလျက် တောင်းပန်လျှောက်ကြားသော စကားကို တင်လေသ

**နရပတိစည်သူမင်းကြီး။** ။ 'သတ္တဝါအပေါင်းတို့၏ ကျေးဇူးတော
သခင်မြတ်ဘုရား၊ တပည့်တော် စိတ်
မာန်ပါ ပြောဆိုလျှောက်ကြားမိခဲ့
စကားရပ်များအတွက် ခွင့်လွှတ်သန
ရန် ရှိသေ ကျိုးနွံစွာ ရှိခိုတောင်းပန်ပါသ
အရှင်သူမြတ် ဘုရား။ နောင်အခါတွင်
သို့ မိုက်မိုက်မှားမှား လျှောက်ကြား
မပြုတော့ပါဟုလည်း ဝန်ခံကတိ ပြုပါသ
အရှင်သူမြတ်ဘုရား'

**ပုံသုကူမဟာထေရ်မြတ်။** ။ 'သည်းခံလော့၊ ဒါယိကာမင်းမြတ်၊ သည
ပါလေ။ ပုထုဇဉ် လူသားတို့ မည်သည်က
ထွေပြားသော စိတ်ဖြင့် ဤသို့ မှားယွ
တတ်သော သဘောရှိပေတယ်။ ဒါယိက
မင်းမြတ်ကို ငါ ခွင့်လွှတ်ပေတယ်။ 
သာ၊ သာသနာ အကျိုးများကို ဆရာ ဒ
ပေါင်းစည်းပြီး ရှေ့ခရီးတွင် အတူတ
ဆောင်ရွက်ကြစို့'

ပုံသုကူမဟာထေရ်၏ မိန့်ကြားချက်ကို ကြားသိရသောအခါ နရပတိစည်သူမ
ကြီး ခံစားနေရသော ပူပန်မှုသောကမီးများသည် အေးချမ်းသာယာမှုဖြင့် ငြိမ်းသွား
ပဲ့။ မင်းကြီးသည် ပုံသုကူမဟာထေရ်မြတ်၏ လက်ကို အသာအယာ ဆွဲကိုင်၍ ပ
ရှနန်းတော်သို့ ရထားယာဉ်သာဖြင့် ပင့်ဆောင်သွားလေ၏။ နန်းတော်သို့ ရောက်သေ
ခါ နန်းပလ္လင်ပေါ်တွင် တင့်တယ်စွာ သီတင်းသုံးစေသည်။ ထို့နောက် နရပတိစ
ူမင်းကြီး ကိုယ်တော်တိုင် ဆွမ်းပွဲကို ပြင်ဆင်၍ ပုံသုကူမထေရ်မြတ်အား ကပ်လှူတေ
လေသည်။

**နရပတိစည်သူမင်းကြီး။** ။ 'ကျေးဇူးတော်ရှင် သခင်မြတ်ဘုရား၊ ယ
ယခုမှ စ၍ ရှေ့ခရီးတွင် မည်သည့်အမှုကိစ္စ
မဆို သခင်မြတ်၏ အဆုံးအမတော်ကို ခံယ
၍ ကျင့်သုံးဆောင်ရွက်ပါတော့မည် ဘုရား

ထိုပြင် တစ်ဝ၊ တပည့်တော်၏ သားတော်
ငါးပါးတို့ ဖြစ်ကြသော ဓေယျာသိမ်၊ ဓေယျာသူ
ရ၊ ရာဇသူရ၊ ဂင်္ဂသူရ၊ ပျံချီဟူသော သား
တော် ငါးပါးကိုလည်း သခင်မြတ်အား အ
လုပ်အကျွေး ပြုရန် လှူဒါန်းပါသည် ဘုရား'

ထိုနေ့က ပုဂံရွှေနန်းတော်မှ ပုံသုကူမထေရ်မြတ် ပြန်လည် ကြွချီသောအခါ နရပတိစည်သူမင်း၏ သားတော် ငါးပါးတို့သည် ပုံသုကူမထေရ်မြတ်၏ ရဟန်းကျောင်းသို့ တပါတည်း လိုက်သွားကြလေ၏။ မထေရ်မြတ်လည်း လမ်းခုလတ်သို့ ရောက်လျှင် မြေပြင်၌ အဝိုင်း ငါးဝိုင်း ဝိုင်းပြလိုက်ပြီး ဤသို့ မိန့်ကြားလေ၏။

**ပုံသုကူမဟာထေရ်။** ။ 'ဒကာ မင်းသားတို့၊ ဤ နေရာမှ နေ၍ နန်းတော်သို့ ပြန်ကြလေ'

နရပတိစည်သူမင်းကြီး၏ သားတော် ငါးပါးတို့သည် ပုံသုကူမထေရ်မြတ် မိန့်ကြားသည်ကို နာခံမှတ်သားပြီး ရွှေနန်းတော်သို့ ပြန်ကြလေ၏။ နန်းတော်သို့ ရောက်သောအခါ မင်းသားတို့သည် ခမည်းတော်မင်းကြီးအား ပုံသုကူမဟာထေရ် သခင်မြတ် မြေပြင်၌ အဝိုင်း ငါးဝိုင်း ရေးသားပြပြီး ပြန်ကြဟု စေလိုက်ကြောင်း လျှောက်တင်ကြသည်။

နရပတိစည်သူမင်းကြီးသည် ခေါင်းကို အကြိမ်ကြိမ် ညိတ်၍ တစ်ခွန်းတည်းသော စကားကို ဆို၏။

**နရပတိစည်သူမင်းကြီး။** ။ 'ချစ်သားတို့ ကျေးဇူးရှင် ပုံသုကူမဟာထေရ် မြတ်က သားတော်များကို တာဝန်တစ်ရပ် ပေးလိုက်ပြီ။ ဘုရားစေတီငါးဆူကိုသာ တည် ထားကိုးကွယ်ကြလေ'

နရပတိစည်သူမင်းကြီးသည် မိမိ၏ သားတော် ငါးပါး၏ ကိုယ်အလေးချိန်နှင့် ညီမျှသော ရွှေချိန်ကို ယူစေပြီးသော် ထိုရွှေနှင့် တန်ဖိုး ညီမျှသော စေတီ ငါးဆူကို တည်တော်မူစေသည်။ ဤသို့ဖြင့် ပုဂံနေပြည်တော်တွင် **စကြိုဘုရားလှ၊ မြေပုံသာဘုရားလှ၊ ကန်စွန်းအို ဘုရားလှ၊ သိကြားတောင် ဘုရားလှ၊ ချောက်ဘုရားလှ** ဘွဲ့မည်သသော ဘုရားလှ ငါးဆူကို တည်ထား ကိုးကွယ်စေခဲ့သည်။

ဤကား ပုဂံပြည်ကို အစိုးရသော နရပတိစည်သူမင်းကြီးနှင့် သာသနာ့ခေါင်းဆောင် ပုံသုကူမထေရ်မြတ်တို့အကြား သဘောထားကွဲပြားခဲ့သော အရေးကိစ္စကို ဆရာနှင့် ဒကာ၊ ဒကာနှင့် ဆရာ အပြန်အလှန် သဘောထား လဲလှယ်ကြပြီး အညီအညွတ်

ဖြစ်ခဲ့ခြင်း၏ သာဓက ဖြစ်၏။

ထိုသာဓကနှင့် ပတ်သက်၍ စာရေးဆရာကြီး **ပါရဂူ**က သူ့အမြင်၊ သူ့အ ဖြင့် **'ပုဂံခရီးသည်'** စာအုပ်တွင် ဖွဲ့ဆိုထားသည်တို့အား ကောက်နှုတ်၍ တင်ပြ သေးသည်။

**စူဠာမဏိ ဘုရားတည်ရန်အတွက် ချောက်ကမ်းပါးနေရာကို မြေဖို့ အခါ ဘုရား ဒါယိကာ နရပတိစည်သူမင်းကြီးနှင့် ရာဇဂုရုပုံသုကူမထေ သဘောချင်း မတိုက်ဆိုင်ပုံကို မှန်နန်းရာဇဝင်နှင့် အခြား ရှေးဟောင်း မြ ရာဇဝင်များ၌ ရေးသားဖော်ပြထားသည်။ တူရွင်းတောင်မှ ပြန်လာသော နရပတိစည်သူမင်းကြီးသည် နေရာ တစ်နေရာ၌ ပတ္တမြား အရောင်သ အရောင်ထွက်နေသည်ကို တွေ့ရ၏။ ထိုနေရာ၌ ဘုရားတစ်ဆူတည်လိုသ စိတ်ဆန္ဒ ဖြစ်ပေါ်လာလေသည်။ သို့သော်လည်း ထိုနေရာမှာ ချောက် ဖြစ်နေ၍ မြေဖို့ရလေသည်။ မင်းအာဏာကို အသုံးပြုလျက် ပြည်သူတို့ လုပ်အားခ မပေးဘဲ အတင်းအဓမ္မ မြေအဖို့ခိုင်းသည်ကို တွေ့ရသော ရာဇဂုရု ပုံသုကူမထေရ်သည် ဘုရင်မင်းကြီးအား ယင်းသို့ ပြုလုပ်ခြင်းသ ကောင်းမှုလုပ်သော်လည်း မကောင်းမှု လုပ်သလို ဖြစ်၏ဟု ပြောပြီး ထိုသို့ မလုပ်ရန် ပိတ်ပင်တားမြစ်သည်။ သို့သော်လည်း ဘုရင်မင်းကြီးသ မထေရ်၏ ဩဝါဒကို မနာခံပေ။ ထိုအခါ ပုံသုကူမထေရ်သည် ပုဂံပြည် နေလိုသည့် ဆန္ဒမရှိတော့၍ သိန်းဃိကျွန်းသို့ ကြွရန် အကြံပြုလေသည ထိုအခါကျမှ နရပတိစည်သူမင်းကြီးသည် ပုံသုကူမဟာထေရ်အား ဝန်ချတော ပန်လေသည်။ ရာဇဂုရု မင်းဆရာ ဖြစ်သော်လည်း မင်းအလို မလိုက် ဘုရင်မင်းကြီးကိုပင် အမှန်ပြောရဲ ဝေဖန်ရဲသော ပုံသုကူမထေရ်နှင့် ရာဇမာ ချလျက် မိမိဆရာအား ဝန်ချတောင်းပန်ရဲသော နရပတိစည်သူမင်းကြီးတို့ စံပြ အပြုအမူများသည် စူဠာမဏိ စေတီတော်သမိုင်း၏ အချီးနိဒါန်းသဖွ ဖြစ်လေသည်။**[၁]

စာရေးဆရာ ပါရဂူ၏ အမြင် ဖြစ်လေသည်။ ပါရဂူသည် ပုဂံနိုင်ငံတော သမိုင်းတွင် ထင်ရှားသော ပုံသုကူမဟာထေရ်နှင့် နရပတိစည်သူမင်းကြီးတို့အကြ ဖြစ်ပွားခဲ့သော ပဋိပက္ခမှ ရယူနိုင်ကြသည့် သင်ခန်းစာကို မီးမောင်းထိုး၍ ပြလိုက်ခြ ဖြစ်လေသည်။ ဆရာပါရဂူက ထိုစာအုပ်တွင်ပင် ဆရာနှင့် ဒကာ အငြင်းပွားပြ

---

၁။ **ပုဂံခရီးသည်**၊ ပါရဂူ၊ စာ၊ ၁၇၀။

တည်ထား ခဲ့သော စူဠာမဏိ စေတီတော်၏ အသွင်ကို ဤသို့ ဆင်ယင်ချယ်သ ရေး ပြခဲ့သေးသည်။

မင်းနန်သူရွာ မရောက်မီ လမ်းခုလတ်တောင်ဘက်၌ ဓမ္မရံကြီး ဘုရားရှိပြီး လမ်း၏ အရှေ့မြောက်တွင် စူဠာမဏိ ဘုရားရှိသည်။ ပုဂံအရှေ့ဘက် တစ်မိုင် ကျော်ခန့် အဝေး၌ ပုဂံဗိသုကာ စံနမူနာပုံသဏ္ဌာန်ဖြင့် တီးထီးမားမားကြီး တည်ရှိနေသော စူဠာမဏိ စေတီတော်ကြီးကို ခပ်လှမ်းလှမ်းမှ ထင်ထင်ရှားရှား မြင်တွေ့ရသည်။ အနီးကပ် ရောက်သွားလေလေ၊ စေတီတော်ကြီး၏ ထုထည် ကြီးမား ခိုင်ခံ့ပုံ ပိုပိုပြင်လာလေ ဖြစ်သည်။

အုတ်တစ်ချပ်နှင့် တစ်ချပ်ကပ်ထားသော အုတ်နှစ်ချပ်ကြားတွင် မျဉ်း ကြောင်းမျှလောက်သာ မြင်ရသော အုတ်စီတံတိုင်းကြီးနှင့် မှစ်ပေါက်သည်။ ပုဂံခေတ်၏ အံ့မခန်း ဗိသုကာလက်ရာအသွင် ဆောင်နေကြသည်။ ဓမ္မရံကြီး စေတီ၏ အုတ်စီပုံကို ချီးကျူး မဆုံးဖြစ်နေကြသည်။ သို့သော် စူဠာမဏိ၏ အုတ်စီပုံမှာလည်း ဓမ္မရံကြီးနှင့် သူမသာ ကိုယ်မသာ ဖြစ်နေသည်။ အုတ်တစ် ချပ်နှင့် တစ်ချပ်၊ အကြား မရှိအောင် စီလျက် မျက်နှာပြင်ကို ညှိထားသော စူဠာမဏိ၏ အုတ်စီပုံ၊ ပန်းရံအတတ်ပညာကို အဖုံးအကွယ် အကာ ဖြစ်သော အင်္ဂတေများ ကွာကျနေပြီ ဖြစ်၍ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား မြင်တွေ့ နေရသည်။ စူဠာမဏိ အုတ်စီအတတ်ပညာကို ပြတ်ပြတ်သားသား လေ့လာ အကဲဖြတ်နိုင်ရန်အတွက် အင်္ဂတေများက ကွယ်မထားဘဲ နေရာဖယ်ပေးနေကြ သကဲ့သို့ပင် ထင်နေရသည်။

နရပတိစည်သူမင်းကြီးသည် စူဠာမဏိလိုဏ်ဂူဘုရားကြီးကို ခရစ်နှစ် ၁၁၈၃ ခုနှစ်တွင် ကိုးကွယ်တည်ထားခဲ့သည်။ အခြေခံ ပန္နက်ပုံစံမှာ သဗ္ဗညု ဘုရားနှင့် ဆင်တူသည်။ လေးမျက်နှာ၊ အာရုံခံ မုခ်များ တည်ဆောက်ထား ပြီး အရှေ့ဘက် အာရုံခံမှာ ပိုမို ကျယ်ပြန့်သည်။ ဂူဘုရားကြီးတွင် လိုဏ်နှစ် ဆင့် ရှိသည်။ အပေါ်ထပ် တက်လိုသူများအတွက် တောင်ဘက်နှင့် မြောက်ဘက် နံရံတွင်း၌ ဖောက်ထားသော လှေကားနှစ်ခု ရှိသည်။ ပုဂံခရီး သည်သည် အပေါ်ထပ်သို့ တက်သွားပြီးလျှင် ယင်းအပေါ်ထပ် နံရံတွင်း လှေကားမှ တစ်ဖန် အပေါ်ဆုံးထပ်သို့ တက်သွားသည်။ ထိုနောက် ပစ္စယာ နတ်လှေကားများမှ တစ်ဆင့် ကွမ်းထောင်ပတ်လည်အထိ တက်သွားသည်။ ကွမ်းထောင်ပတ်လည်မှ ပုဂံတစ်ခွင်ရှိ ရှုမျှော်ခင်းကို ငေးမျှော်ကြည့်ရှုရသည် မှာ ကြည်နူးဖွယ်ကောင်းလှသည်။

စေတီတော်၏ ပစ္စယာအဆင့်ဆင့်ရှိ စိန်တန်းများတွင် တင့်တယ်
သော စဥ့်ဝါနှင့် စဥ့်စိမ်း၊ စဥ့်ကွက်၊ စဥ့်ပန်းများ မွမ်းမံချယ်လှယ်
သည်။ ကုလားကျောင်းခံ စေတီအထပ်ထပ်သည် အောက်ထပ်အပြ
ပမာဏ နီးပါး ရှိသည်။ ပုဂံခေတ်လယ်တွင် တည်ဆောက်ထားသော ဝှ
ဖြစ်၍ အုတ်ချည်းသက်သက် မဟုတ်ဘဲ ပိုမို ခိုင်ခံ့စေရန် ယက်မထောင့်
မုတ်ဆိတ်၊ စိန်တောင်၊ သစ်စီပေါင်းကူး စသော နေရာများ၌ ကျောက်
များ ညှပ်၍ တည်ဆောက်ထားသည်။ အင်္ဂတေပန်းလက်ရာများ ဖြစ်
တိုင်ဖုံးပန်းများ၊ ဘီလူးပန်းဆွဲများ၊ ကနုတ်ပန်းများ၊ ပုလဲကုံးများကို
တွေ့ရသည်။

အောက်ထပ်ရှိ ထုထည် ကြီးမားသော မဏ္ဍိုင်ပတ်လည် စင်္ကြံပေါ်
များ၌ နံရံပန်းချီ ၊ ခြူးပန်း၊ ခြူးနွယ် ကနုတ်ပန်းများကိုလည်း တွေ့ရသ
ပုဂံခေတ် နံရံပန်းချီများပေါ်တွင် ကုန်းဘောင်ခေတ်နှင့် နောက်ပိုင်းလက်
နံရံပန်းချီများကို ထပ်မံ ရေးဆွဲထားသည်။ အောက်ထပ်ပတ်လည်ရှိ ဆင်
တော်များမှာ နောက်ပိုင်း ပြုပြင်ထားသော လက်ရာများ ဖြစ်သည်။ အရှေ့
အာရုံခံရှိ ဆင်းတုတော်ကြီး၌မူ မူလလက်ရာ အနည်းငယ် ကျန်နေ
သည်။ လိုဏ်ဂူအတွင်းရှိ မြောက်ဘက် ဆင်းထုတော်၏ ရှေ့နံရံများ၌
ခေတ်က ရေးထိုးထားသော စူဠာမဏိ ဂူဘုရားကျောက်စာ တစ်ချပ်ရှိသ
ယင်းကျောက်စာ၌ စူဠာမဏိလိုဏ်ဂူဘုရားကို သက္ကရာဇ် ၅၄၅–ခုနှစ် စည
မင်းကြီး (နရပတိစည်သူ) တည်သည်ဟု ဖော်ပြထားသည်။

စူဠာမဏိဘုရားဝန်းကျင်သည် တစ်ခေတ်တစ်ခါက ရဟန်းသံဃာ
များ သီတင်းသုံးခဲ့သော အချက်အချာ နေရာဌာန တစ်ခု ဖြစ်ခဲ့ပုံရသ
စူဠာမဏိဘုရား၏ မြောက်ဘက်၌ ကပ်လျက် ရှေးဟောင်းကျောင်း အဆော
အအုံ၊ အပျက်အစီး အကျန်အကြွင်းများကို တွေ့ရသည်။ ကျောက်တံတိုင်း
အတွင်းဘက်တစ်လျှောက်၌ သံဃာတော်များ သီတင်းသုံးသည့် တိုက်ခန်းပေ
များစွာကို တစ်ခန်းနှင့် တစ်ခန်း ကပ်လျက် ဆောက်ထားပြီး တံတ
အလယ်ဗဟို၌ကား ကျောင်းမကြီး ရှိသည်။ ယင်းကျောင်းသစ်၌ ရဟန်းသံ
များ သီတင်းသုံးကြသည်ကို တွေ့ခဲ့ရသည်။

စူဠာမဏိစေတီ ပတ်ဝန်းကျင်၌ ရှေးဟောင်းရေကန်ကြီးများလည်း
သည်။ ယင်းရေကန်ကြီးများ၌ သမိုင်းနောက်ခံ ကိုယ်စီရှိနေကြသည်။ ကျော
ပရိဝုဏ်အတွင်းရှိ အုတ်စီရေကန်ကြီးမှာ ကျစွာမင်းကြီးလက်ထက်က ကျည်

အတက်ပေါက်သော ဦးကျည်ပွေ့၏ ဇာတ်လမ်းနှင့် ဆက်စပ်နေသည်။ ကျွှာ မင်းကြီးလက်ထက်၌ စာမတတ်ပေမတတ် ရဟန်းကြီးတစ်ပါးရှိသည်။ ဘုရင် မင်းကြီးက ထိုရဟန်းကြီးအား 'ကျည်ပွေ့အတက်ပေါက်လျှင်သာ ပေါက်လာ မည်။ ကိုယ်တော် တစ်သက် စာတတ်မှာ မဟုတ်' ဟု ပြောလိုက်လေသည်။ ထိုရဟန်းကြီးသည် ဘုရင်မင်းကြီး နှိမ့်ချပြောသည်ကို နာကြည်းသွားပြီး စာမတတ် တတ်အောင် ကြိုးစားအားထုတ်မည်ဟု ဆုံးဖြတ်ပြီးလျှင် တစ်နေ့ တံပူတစ်ထောက် စာကျက်သောအခါ စာတတ်ပေတတ် ပုဂ္ဂိုလ်တစ်ပါး ဖြစ် သွားသည်။

စာတတ်လာသော ထိုရဟန်းကြီးသည် ကျည်ပွေ့ကို အတက်တပ်လျက် နန်းတော်ထဲ ကြွသွားပြီးလျှင် မိမိ စာတတ်လာပြီ ဖြစ်ကြောင်း ပြလိုက်လေ သည်။ ဘုရင်မင်းကြီးက ဆရာတော်ကြီးများအား ထိုရဟန်းကြီး တကယ် စာတတ် မတတ် စစ်ဆေးခိုင်းသည်။ ဆရာတော်ကြီးများက ထိုရဟန်းကြီး အား ပိဋကတ်ကျမ်းစာများနှင့် ပတ်သက်၍ မေးခွန်းအမျိုးမျိုး မေးသည်။ ရဟန်းကြီးက မေးခွန်းအမျိုးမျိုး ဖြေနိုင်သည်။ ရဟန်းကြီး တကယ် စာတတ် မတတ် သိရအောင် ခက်ခဲသည့် နည်းတစ်နည်းဖြင့် စမ်းသပ်ပြန်သည်။ ထို နည်းမှာ ရေကန်ထဲ နှစ်ပြီး ရေထဲမှ ဘွားကနဲ ပေါ်လာသည်နှင့် မဆိုင်း မတွဘဲ မေးခွန်းကောက်မေးသည်။

ယင်းနည်းလမ်းဖြင့် မေးသော မေးခွန်းကိုလည်း ရဟန်းကြီးသည် ကောက်ကာငင်ကာ ဖြေဆိုနိုင်သည်။ ထိုအခါကျမှ ထိုရဟန်းကြီးအား စာတတ်ပေတတ် ရဟန်းတစ်ပါးအဖြစ် အသိအမှတ် ပြုကြသည်။ ကျည်ပွေ့ အတက်ပေါက်လာသည် ဖြစ်၍ ထိုရဟန်းကြီးအား ဦးကျည်ပွေ့ဟု အမည်တွင် နေလေသည်။ စူဠာမဏိ ဘုရား၊ ဘုန်းကြီးကျောင်း ပရိဝုဏ်အတွင်းရှိ အုတ်စီ ရေကန်ကြီးမှာ ဦးကျည်ပွေ့ကို ရေထဲနှစ်ပြီး စာမေးသော ရေကန် ဖြစ်သည်ဟု အစဉ်အလာ ပြောဆိုကြသည်။

စူဠာမဏိ ဘုရားကြီး၏ အရှေ့မြောက်ဘက် မလှမ်းမကမ်း၌ ပျက်စီး ယိုယွင်းနေသော နှစ်ထပ်ဘုရား တစ်ဆူရှိသည်။ ထိုဂူဘုရားမှာ စူဠာမဏိ စေတီကို အကြောင်းပြုလျက် ပုံသကူမထေရ်နှင့် နရပတိစည်သူမင်းကြီး အချင်း များသော အဖြစ်အပျက် အထိမ်းအမှတ် အဖြစ် တည်ထားသော ဘုရားဖြစ် သည်ဟု ဆိုကြသည်။ ထို့ကြောင့် ထိုဘုရားကို 'သပိတ်မှောက် ဂူဘုရား' ဟု ခေါ်ကြသည်။ သပိတ်မှောက်ဂူဘုရား၏ အရှေ့မြောက် ယွန်းယွန်း၌လည်း

တစ်ဖက်ဆည်ရေကန်ကြီး တစ်ကန် ရှိသည်။ မိုးကောင်းသော နှစ် ရေကန်ကြီးမှာ ရေပြည့်နေပြီး ကြာပန်းကြာပွင့်များဖြင့် သာသာယာယာ နေသည်။ ထိုအချိန်များ၌ ရေကန်ကြီးတွင် ဝမ်းဘဲ ဟင်္သာငှက်များ ကြသည်ကို တွေ့ရသည်။[၁]

စာရေးဆရာကြီး ပါရဂူသည် နရပတိစည်သူမင်းကြီး တည်ထားသော စူဠာ စေတီတော်နှင့်၊ သပိတ်မှောက်ဘုရား၊ တစ်ဖက်ဆည်ကန်တို့ကို အထက်ပါအ ရေးဖွဲ့ တင်ပြပြီးနောက် ထိုကန်ကြီးနှင့် စလေငခွေးမင်းတို့၏ ဆက်နွယ်နေပုံကို တစ် တည်းပင် ဤသို့ ထပ်မံ တင်ပြလေသည်။

ထိုရေကန်ကြီးမှာ ပုဂံရာဇဝင်၌ ပါရှိသော စလေ ငခွေး၏ ဇာတ်လ ဆက်စပ်မှု ရှိလေသည်။ စလေငခွေးအကြောင်းကို မှန်နန်းရာဇဝင်၌ ' အဖြစ်မှ စုတေလာသည် ဖြစ်၍လည်း အမျက်စောင်မာန်ကြီး၏။ အ ကျူး၏။ မှူးမတ်ဗိုလ်ပါတို့လည်း ကြောက်ရွံ့ခြင်း ပြင်းကုန်ကြသည် ဖြ စားရလေကုန်၏။ ထိုမင်းကား စလေအရပ်၌ သခင်ဖြစ်သသူ ညှင်း ဖူးလေသည်ကို အငြိုးထား၍ မင်းဖြစ်လျှင် သခင်ကိုလည်း သတ်လေသ သခင်နှင့် တူသော သူတို့ကိုလည်း ဖမ်း၍ ရလျှင် ရေကန်ဝယ်၊ ချစေပြီး 'ဝက်' ဟူ၍ ဆင်ထက်က လှံနှင့် ထိုးသော ဟူ၏။ ထိုသို့ ပြုဖန်များလတ် အမတ်ဗိုလ်ပါတို့လည်း ဆင်ကဲကို တံစိုးများစွာ ပေး၍ ရေကန်ဝယ် ကစား ဆင်ကဲလည်း အောက်က ကြိုးကို ဖြတ်၍ 'က' လည်လေလျှင် 'က' တစ်ကွ ရေတွင်ကျလေ၏။ မှူးမတ်ဗိုလ်ပါတို့လည်း ရွံ့ညွန်တစ်ယော တစ်လက်စီနှင့် ပစ်၍ အနိစ္စရောက်လေ၏။ ယခုတိုင်အောင် ထိုရေကန် 'ညွန်တစ်လက်ဖက်ကန်' ဟူ၍ အမည်တွင်၏' ဟူ၍ ရေးသား ဖော်ပြ သည်။ စလေငခွေးမင်းအား ညွန်ဖြင့် နှစ်သတ်ရာ ဖြစ်သော ညွန်တစ်လ ဖက်ကန်' မှာ ယခု သပိတ်မှောက်ဂူဘုရား၏ အရှေ့မြောက် ယွန်းယွန် တစ်ဖက်ဆည် ရေကန်ကြီး ဖြစ်သည်ဟု ဆိုကြသည်။

ယခု ပုဂံတစ်ဝိုက်က လူများက ထိုရေကန်ကြီးကို 'ညွန်လက်ဖက်က ဟု ခေါ်ကြသည်။[၁]

ဤသို့ဖြင့် ပုဂံနိုင်ငံတော်ပြည့်ရှင် နရပတိစည်သူဘုရင်မင်းမြတ်သည် သမိုင်း စူဠာမဏိ စေတီတော်ကြီးကို အပြီးတိုင် တည်ထားကိုးကွယ်နိုင်ခဲ့ပြီ။ ဘုရားတည်ထ ရာ၌ ပြည်သူတို့ ပင်ပန်းဆင်းရဲဖြစ်သည် မှန်စေ၊ ပြီးတော့ ပုံသုကူမဟာထေရ်နှ

၁။ **ပုဂံခရီးသည်**၊ ပါရဂူ၊ စာ၊ ၁၈၃။

သရာနှင့်ဒကာ သဘောထား ကွဲပြားမှု ဖြစ်ခဲ့သည် မှန်စေ၊ ဘုရင်မင်းတရား၏ ရင်မှ ဖြစ်သော ဆန္ဒအတိုင်း **မဟာစေတီမဏ္ဍီ စေတီတော်မြတ်ကြီး**ကို တည်ထားကိုးကွယ် နိုင်ခဲ့ခြင်းမှာ နရပတိစည်သူမင်း၏ အောင်ပွဲတည်း။

## (၁၀) သိန်းယိုရောက် သံဃာတော်များနှင့် ပုဂံနေပြည်တော်

### (က)

နရပတိစည်သူမင်းသည် လူသားတစ်ဦးသာ ဖြစ်လေ၏။ ထို့ကြောင့် လူသားတို့တွင် ရှိလေ့ ရှိထ ဖြစ်သော လောဘလည်း ရှိ၏။ ဒေါသလည်း ကပ်၏။ မောဟလည်း မကင်း။ ရာဂလည်း ငြိ၏။ တဏှာပေမဆို ဖောဖောသီသီကြီး စားသုံးလို၏။

သို့သော် နရပတိစည်သူမင်းသည် ဗုဒ္ဓဘာသာ၏ အဆုံးအမ ဩဝါဒတရားကို မလွဲမသွေ ခံယူ၏။ ဗုဒ္ဓဘာသာကို ကြည်ညိုလေးစား မြတ်နိုး၏။ တစ်ကြိမ်တစ်ခါ မှားမိမည်။ နှစ်ကြိမ်နှစ်ခါလည်း မှားချင်မှားမည်။ သုံးကြိမ် သုံးခါလည်း မှားပါလိမ့်မည်။ သို့သော် နရပတိစည်သူမင်းသည် သတိကို မကွာစေရ။ သတိအမြဲကပ်၏။ သတိနှင့် ကင်းကွာစဉ် အမှားအယွင်းများကို ပြုမိငြားသော်လည်း သတိသမ္ပဇဉ် ဉာဏ်နှင့် ယှဉ်လာသောအခါတွင် အမှားမှအမှန်သို့ ချက်ချင်းမကြာ ပြင်ဆင်ရှာပါ၏။ ထို့ကြောင့်ပင် နရပတိစည်သူမင်း အုပ်စိုးသောခေတ်ကာလတွင် ပုဂံနိုင်ငံတော်၌ သာသနာ့သူရဲကောင်း ရဟန်းသံဃာတော်များ ထီးထီးမားမား ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်လေသည်။

## (၁၀) သိန်းယိုရောက် သံဃာတော်များနှင့် ပုဂံနေပြည်တော်

(က)

နရပတိစည်သူမင်းသည် လူသားတစ်ဦးသာ ဖြစ်လေ၏။ ထို့ကြောင့် လူသားတို့တွင် ရှိလေ့ ရှိထ ဖြစ်သော လောဘလည်း ရှိ၏။ ဒေါသလည်း ကပ်၏။ မောဟလည်း မကင်း။ ရာဂလည်း ငြိ၏။ တဏှာပေမဆို ဖောဖောသီသီကြီး စားသုံးလို၏။

သို့သော် နရပတိစည်သူမင်းသည် ဗုဒ္ဓဘာသာ၏ အဆုံးအမ ဩဝါဒတရားကို မလွဲမသွေ ခံယူ၏။ ဗုဒ္ဓဘာသာကို ကြည်ညိုလေးစား မြတ်နိုး၏။ တစ်ကြိမ်တစ်ခါ မှားမိမည်။ နှစ်ကြိမ်နှစ်ခါလည်း မှားချင်မှားမည်။ သုံးကြိမ် သုံးခါလည်း မှားပါလိမ့်မည်။ သို့သော် နရပတိစည်သူမင်းသည် သတိကို မကွာစေရ။ သတိအမြဲကပ်၏။ သတိနှင့် ကင်းကွာစဉ် အမှားအယွင်းများကို ပြုမိငြားသော်လည်း သတိသမ္ပဇဉ် ဉာဏ်နှင့် ယှဉ်လာသောအခါတွင် အမှားမှအမှန်သို့ ချက်ချင်းမကြာ ပြင်ဆင်ရှာပါ၏။ ထို့ကြောင့်ပင် နရပတိစည်သူမင်း အုပ်စိုးသောခေတ်ကာလတွင် ပုဂံနိုင်ငံတော်၌ သာသနာ့သူရဲကောင်း ရဟန်းသံဃာတော်များ ထီးထီးမားမား ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်လေသည်။

နရပတိစည်သူမင်း စိုးစံသော ကာလတွင် ထင်ရှားသော သံဃာတော်မြတ် **ဥတ္တရာဇီဝမထေရ်** ဖြစ်လေသည်။ ဥတ္တရာဇီဝမထေရ်မြတ်အကြောင်း မှန်နန်းရာဇဝင်တော်ကြီးက ဤသို့ မော်ကွန်းတင်သည်။[၁]

> **ဥတ္တရာဇီဝ မဟာထေရ်အကြောင်းကား ဘုရားသခင် ပရိနိဗ္ဗာန် ပြုတော်မူ၍ နှစ်၊ သုံးဆယ့်ခြောက်နှစ်ရောက်သောအခါ ရာမညတိုင်း ဖြစ်သော တိုင်းကလားမြို့ သုဝဏ္ဏဘုမ္မိအရပ်၌ ရှင်သောဏထေရ်၊ ဥတ္တရထေရ်တို့ သာသနာတော်ကို တည်ထောင်စုပြုသည်။**
>
> **ထိုမထေရ်တို့ အစဉ်အနွယ် ဖြစ်သော သထုံမြို့နေ ပြာဏဒဿီ မဟာထေရ်ကား လောကီဉာဏ်အဘိညာဉ်ကို ရသည် ဖြစ်၍ နံနက် ဆောမ်းကို မဟာဗောဓိ (အိန္ဒိယပြည်၌ တည်ထားသော စေတီ။ စာရေးသူ) ကို တံမြက်လှည်း သုတ်သင်ပြီးလျှင် သထုံမြို့မှာ ပြန်၍ ဆွမ်းခံစမှတ် ပြုတော်မူ၏။ ထိုပြာဏဒဿီ မဟာထေရ်၏ တပည့်တော်ကား ဒဂုံမြို့နေ ရှင်မဟာကာလထေရ်တည်း။ ထိုရှင်မဟာကာလထေရ်၏ တပည့်တော်ကား ရှင်အရိယာဝံသမထေရ်တည်း။ ထိုအရှင်အရိယာဝံသမထေရ်၏ တပည့်တော်ကား နရပတိစည်သူမင်းကြီး၏ ဆရာတော် ဥတ္တရာဇီဝမဟာထေရ်တည်း။**

မှန်နန်းရာဇဝင်တော်ကြီးက ဖော်ညွှန်းသကဲ့သို့ပင် ဥတ္တရာဇီဝ မဟာထေရ်မြတ်သည် နရပတိစည်သူမင်း၏ ထင်ရှားသော ဆရာတော် ဖြစ်သည်။ ဥတ္တရာဇီဝ မထေရ်မြတ်သည် သိန်းဃိုကျွန်း (ယခု သီရိလင်္ကာနိုင်ငံ) သို့ ကောဇာသက္ကရာဇ် ၅၄၂ ခုနှစ်တွင် ကြွသွားတော်မူ၏။ ဥတ္တရာဇီဝ မဟာထေရ်နှင့်အတူ တပည့်သံဃာတော်အများလည်း လိုက်ပါသွားခဲ့သည်။ ထိုတပည့် သံဃာတော်များတွင် ထူးချွန်ပြောင်မြောက်သော သာမဏေတစ်ပါးလည်း ပါဝင်ခဲ့သည်။ နောင်အခါ **ဆပဋမထေရ်** ဟု ဖြစ်လာသည်။ ဆပဋမထေရ်မှာ အသက် (၂၀) သာ ရှိသေး၏။ ပုသိမ်မြို့ ကျေးလက် ဆပဋရွာသား ဖြစ်၍ ထိုစဉ်က ရှင်သာမဏေဘဝသာ ရှိသေးသည်။

ဥတ္တရာဇီဝ မထေရ်သည် ဆပဋ သာမဏေနှင့်အတူ သိန်းဃိုကျွန်းသို့ ကြွလှမ်းပြီးနောက် သိန်းဃိုကျွန်းရှိ သံဃာတော် မဟာထေရ်များနှင့် တရားသဘော နှီးနှောစစ်မေး ဖြစ်လေသည်။ ဤတွင် ထင်ရှားစွာ သိလာရသည်မှာ သိန်းဃိုကျွန်းရှိ မဟာထေရ်တို့မှာ ယခင်က ထင်ရှားခဲ့သော ရဟန္တာအရှင် မဟိန္ဒ၏ တပည့်သား သံဃာတော်များ ဖြစ်ကြသည်ကို သိရှိရ၏။ မိမိဥတ္တရာဇီဝမထေရ်ကား ရှင်သောဏထေရ်၊ ရှင်ဥတ္တရထေရ်တို့၏ ပဝေဏီ အစဉ်အနွယ် ဖြစ်ကြောင်း ပေါ်လွင်ခဲ့၏။

---

၁။ **မှန်နန်းရာဇဝင်တော်ကြီး၊** စာ၊ ၃၂၀

**သိန်းဃိုကျွန်းတွင်ပင် ရှင်ဥတ္တရာဇီဝမထေရ်သည် တပည့် သာမဏေ ဆပဋကို** ရဟန်းဘဝသို့ သွတ်သွင်းကာဆောင်စေ၏။ ရှင်ဆပဋ ပဉ္စင်း ဖြစ်လာသောအခါ ဆရာ ရင်းဖြစ်သော ဥတ္တရာဇီဝမဟာထေရ်နှင့် ပုဂံနိုင်ငံတော်သို့ ပြန်မလိုက်တော့ဘဲ သိန်းဃို ကျွန်း၌ စာသင်ကြား၍ နေရစ်ခဲ့သည်။ ရှင်ဥတ္တရာဇီဝ မထေရ်သည် တပည့် သံဃာ အပေါင်းနှင့် ပုဂံနေပြည်တော်သို့ ပြန်လည် ကြွချီခဲ့သည်။ ရှင်ဥတ္တရာဇီဝ မထေရ်မြတ် သည် ပုဂံနေပြည်တော်၌ **'သိန်းဃိုရောက် ဆရာတော်'** ဟု ထင်ရှားလေသည်။

ဥတ္တရာဇီဝ မထေရ်၏ တပည့် ရှင်ဆပဋသည် ဗုဒ္ဓ၏ တရားတော်များ ဖြစ်သော အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို အကုန်အစင် တတ်မြောက် ကျွမ်းကျင်ရန် ဆယ်နှစ် ဆယ်ဝါ ကြာမြင့်ခဲ့၏။

ရှင်ဆပဋ မထေရ်သည် ထိုအခါတွင်မှ ပုဂံနေပြည်တော်သို့ ပြန်လည် ကြွချီ ရန် ကြံစည်တော်မူသည်။ ထိုသို့ အပြန်ခရီးတွင် ဤသို့ ကြံ၏။ ယခု ပုဂံနေပြည်တော် သို့ ရောက်၍ ငါ၏ ဆရာတော် ဥတ္တရာဇီဝမထေရ် ခန္ဓာဝန် စွန့်ပြီး ဖြစ်လျှင် ပုဂံနေ ပြည်တော်ရှိ ဌာနေ ပြည်သူတို့ ရဟန်းဘဝသို့ သံဃကံကို ပြုကြသော်၊ အဆင်ပြေ အောင် သိန်းဃိုကျွန်းမှ ရဟန်းမထေရ်များကို ပင့်ဆောင်သွားမည်ဟု အကြံ ဖြစ်လေသည်။ ထို့ကြောင့် သိန်းဃိုကျွန်းမှ ပါဠိအဋ္ဌကထာ၊ ဋီကာတတ်ကျွမ်းသော ရှင်သီဝလိ (တာမလိတ္တရွာသား)၊ ရှင်တာလိန္ဒ (ကမ္ဘောဇမင်းသား)၊ ရှင်အာနန္ဒာ (ကိဉ္စိပုရ မြို့သား)၊ ရှင်ရာဟုလာ (သိန်းဃိုကျွန်းသား) တို့ကိုပါ ပင့်ဆောင်၍ သင်္ဘောခရီးနှင့် ပုဂံနေပြည်တော် သို့ ကြွလာကြလေသည်။

ဆပဋမထေရ်တို့ သိန်းဃိုကျွန်းမှ ပြန်လည် ကြွလာကြသည်မှာ ကောဇာသက္ကရာဇ် ၅၃၃ ခုနှစ် ဖြစ်သည်။ သင်္ဘောခရီးဖြင့် ပုသိမ်သို့ ရောက်ကြသည်မှာ ဝါဆိုလ မတိုင်မီ ဖြစ်သည်။ ဤတွင် ပုဂံသို့ မသွားကြသေးဘဲ ပုသိမ်မြို့တွင်သာ ဝါဆိုဝါကပ် နေကြရ ၏။ ပုသိမ်မြို့တောင်ဘက်အရပ်တွင် သူဌေး သုကြွယ်တို့ ဆောက်လုပ် လှူဒါန်း သော တံတိုင်းမီးတားနှင့်တကွ ခံ့ထယ်သည့်ကျောင်းတွင် ဝါဆိုကြခြင်း ဖြစ်သည်။ ဝါကျွတ်ပြီးသော် ပဝါရဏာ ပြု၍ ပုဂံသို့ ကြွချီကြသည်။ ထိုသံဃာ (၅) ပါးအား ဒုတိယ **သိန်းဃိုရောက် ဆရာတော်**ဟု အမည်တွင်၏။ ဆပဋမထေရ် ပုဂံသို့ ရောက်ရှိ ချိန်တွင် ဆရာရင်း ဥတ္တရာဇီဝ မထေရ်မြတ်မှာ ပရိနိဗ္ဗာန် ပြုသွားခဲ့ပြီ ဖြစ်လေသည်။ ဆပဋမထေရ် ပုဂံသို့ရောက်သောအခါ ဆရာရင်း ဥတ္တရာဇီဝမထေရ် ခန္ဓာဝန် စွန့်ခဲ့သော အထိမ်းအမှတ် ဂူဗိမာန်သို့ သွားရောက် ကန်တော့ ဦးခိုက်ခဲ့၏။

ဆပဋမထေရ်လည်း မိမိနှင့်အတူ ကြွလာခဲ့သော သိန်းဃိုရောက် ဆရာတော်တို့ အား ဤသို့ တိုင်ပင်လေသည်။ "သခင်တို့၊ ငါတို့၏ ဆရာရင်း ဥတ္တရာဇီဝမထေရ်

မြတ်သည် ယခုအခါ ပရိနိဗ္ဗာန် ပြုလေပြီ။ ဆရာတော် ဥတ္တရာဇီဝမထေရ် သိန်းဃိုရ
သို့ ရောက်၍ သိန်းဃိုရှိ သံဃာတော်တို့နှင့် အတူ သံဃကံကို ဆောင်ခဲ့သည်။
ငါတို့သည်လည်း သိန်းဃိုရောက် သံဃာငါးပါးအဖြစ် တစ်သီးတစ်ခြား သံဃကံဆေ
ကြမည်။"

ဆပဋမထေရ်မြတ် အပါအဝင် သိန်းဃိုရောက် ဘုန်းတော်ကြီး ငါးပါးကို
ပတိစည်သူမင်းက အတိုင်းထက်အလွန် ကြည်ညိုပူဇော်ခဲ့သည်။ ဧရာဝတီ မြ
တွင် လှေဖောင်ဖွဲ့ပြီး များစွာသော သာမဏေတို့ ပဉ္စင်းခံပွဲကြီး ကျင်းပပေး၏။ နရ
စည်သူမင်းကြီးသည် ဆပဋမထေရ်မြတ်အပါအဝင် သိန်းဃိုရောက် သံဃာတော်များ
နန်းတော်သို့ ပင့်ဆောင်၍ အလှူကြီး ပေးတော်မူသည်။

ပြောရဦးမည်။ ယခုခေတ်ကာလတွင် ပြောဆို သုံးနှုန်းနေကြသော အဖျက်သ
ဆိုသည်မှာ ဟိုလွန်ခဲ့သော နှစ်ပေါင်း (၇၀၀-၈၀၀) လောက်ကလည်း သူ့နည်း
သူ ရှိပါလိမ့်မည်။ သူ့ခေတ်အခေါ်အဝေါ်၊ သူ့အသုံးအနှုန်းနှင့်သူ ရှိပါလိမ့်မည်။ ဘယ
အမည်ခေါ်မှတ်ခဲ့ကြသည်ကို မပြောနိုင်သဖြင့် ယခုခေတ် ခေါ်ဝေါ် သုံးစွဲနေကြ
**'အဖျက်သမား'** ဟုပင် သုံးကြပါစို့။

နရပတိစည်သူမင်းတရား၏ ဗုဒ္ဓဘာသာ သာသနာကို ကြည်ညိုသော စိတ်
ကြောင့်၊ သိန်းဃိုရောက် သံဃာတော် ငါးပါးအား အတိုင်းထက်အလွန် ခံညားထယ
သော ပူဇော်ပွဲကြီး ကျင်းပခဲ့၏။ ဘုရင်မင်းတရားကြီးမှာ မိမိ၏ ဘာသာ သာသ
ကြည်ညို ပူဇော်ပွဲကြီးတွင် ပြည်သူတွေလည်း ပါဝင်နိုင်ရန် ကြိုးပမ်းခဲ့သည်။ ပြည်
တွေ ပါဝင်နိုင်စေရန် ဆိုတော့ ထုံးစံအတိုင်း ပွဲလမ်းသဘင် ဆင်ယင်ကျင်းပပေ
ပြန်ပေသည်။ ပြဿနာက ထိုပွဲလမ်းမှစတင်လေသည်။

နရပတိစည်သူမင်းကြီး၏ မိန့်မှာချက်ဖြင့် သိန်းဃိုရောက် သံဃာတော်မ
ပူဇော်ပွဲသဘင်တွင် ထင်ရှားသော ကချေသည်မကလေးတစ်ဦး၏ ကပွဲကို ထည့်ထ
သည်။ ပုဂံနေပြည်တော်သူ နေပြည်တော်သားတို့မှာ သည်ကချေသည်ကလေး၏ 'အ
အပြ၊ အဆို၊ အနွဲ့၊ အလှုပ်အရှား၊ အညှအခရာ' တို့ကို စွဲလန်းခုံမင်ကြပြီး ဖြစ်သ
ထို့ကြောင့် သံဃာပူဇော်ပွဲတွင် သည်သဘင်သည်မကလေး၏ ကပွဲ ပါလာမည်ဟု
တင် သိထားကတည်းက လူပျိုကာလသားတွေရှေ့က ပုဂံသူပျိုဖြူချောတွေက ပိုလို
ကဲကြသေး၏။ ကချေသည် အပျိုစင်ကလေး ဘာအဝတ်အစားများ ဝတ်ဆင် ထား
လိမ့်။ ဘာ သီချင်းကိုများ ဟစ်ကြွေးသီဆိုမှာပါလိမ့်။ ဘာ အကတွေများ ခု
ကျော်လွှား၊ စွဲမက်သွားအောင် ကပြဖျော်ဖြေမှာပါလိမ့်။ ကာလသား လူပျိုတွေ၊ ကာ
သမီး အပျိုတွေ၊ ဘေးက ခလေးအမေတွေ၊ အိမ်ထောင်သည် မိန်းမတွေကလ

ဘာမပြော၊ ညာမပြောနှင့် နို့စို့ကလေး တပိုက်ပိုက်၊ 'ပွဲကြိုက်မယ်' ဘွဲ့ကို ခံယူတော့မည့် အလား ရှေ့ဆုံးမှာ တိုးလို့ ဝှေ့လို့။

သည်လို စည်ကားလှသော ကပွဲကြီးမှာ မကြည့်ချင်၊ မြင်ချင်လျက်သား သိန်းဃိ ရောက် သံဃာတော် ငါးပါးနှင့် သီတင်းသုံးရန် စီမံချထားပေးသော နေရာနှင့် မနီး မဝေး ဖြစ်နေသည်။

ပူဇော်ပွဲ အခမ်းအနား မတိုင်မီ ကချေသည်မကလေး၏ ကပွဲကို ကြိုတင်ကပြစေ ရသည်။ ဟိုခေတ်က ကချေသည်များ၏ ပုံကလည်း အနေမတတ်၊ မသေမသပ်နှင့်၊ မြင်ရသူ ဖိုသတ္တဝါတို့ ရင်လှိုက်သည်းကြွေ မနေနိုင် မထိုင်နိုင်အောင် ဝတ်စားဆင်ယင် ထားသည်ထင်ပါရဲ့။ ရင်ကို လှုပ်လှုပ်၊ တင်ကိုခါခါ၊ ဝတ်လွှာမလုံ့တလုံနှင့် ခုန်ပျံ ကျော်လွှားနေသော ထိုကချေသည်မကလေးကို ပုဂံနေပြည်တော်၏ ကိုကိုကာလသားတို့ လက်ခုပ် လက်ဝါး တဖျောင်းဖျောင်းနှင့် ကောင်းကောင်းကြီး ဩဘာပေးနေကြလေ ၏။ ထိုခဏတွင်...

သိန်းဃိရောက် သံဃာတော် ငါးပါးထဲမှ ရှင်ရာဟုလာ မထေရ်သည် အမှတ်မထင် ဖြစ်ကာ ကချေသည်မကလေး၏ အကကို လျှပ်တစ်ပျက် ကြည့်မိလိုက်သည်။

ထိုသို့ ကြည့်လိုက်မိသည်မှာ တဒင်္ဂဆိုမှ တကယ့်ကို တဒင်္ဂလေးပါ။ တခဏ ဆိုမှ တကယ့်ကို တခဏ ကလေးပါ။ ကြည့်မိသည် ဆိုမှ မျက်စိတစ်မှိတ် လျှပ်တစ် ပျက် ကလေးသာပဲ ဖြစ်ပါလိမ့်မည်။ သို့သော် အဲသည့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် ကလေးမှာပဲ အဖျက်က ဝင်လေပြီ။ ရှင်ရာဟုလာ၏ မွန်မြတ်သန့်စင်သော ဘဝကို ထိုးနှက်မည့် အဖျက်စိတ်ဓာတ်က ကပ်ငြိ တွယ်ဖက်လိုက်ပါချေပြီ။

ရှင်ရာဟုလာသည် မျက်စိတွင် မြင်လိုက်ရသော ထိုမာတုဂါမ၏ အလှအပကို အဟုတ်ကြီးထင်ကာ တသသ စွဲလန်းနေမိတော့သည်။ ထိုနေ့က နရပတိစည်သူမင်းကြီး သည် ပိတ်ဖြူ ဝတ်စုံတွင် ယောဂီ တဘက်ကို ကိုယ်တွင်သိုင်းကာ နဝင်္ဂသီလကို ခံယူလျက် သိန်းဃိရောက် သံဃာငါးပါးကို ရိုသေညွတ်စွာ ပူဇော်သွားခဲ့၏။ လှူဖွယ် ပစ္စည်းတွေကလည်း အထပ်ထပ် စုပုံလျက် ရေတွက်၍ပင် မကုန်နိုင်။ သင်္ကန်းအစုံစုံ၊ ရဟန်းအသုံးအဆောင် ထီး၊ ဖိနပ်၊ ပရိက္ခရာတွေက အဖုံဖုံ။ ရှင်ဘုရင်က ယခုလို တုပ်ကွ ရိုကျိုး ရှိခိုး ပူဇော်သည့် ဒါနသဘင်ကြီးတွင် ပြည်သူတွေကလည်း တစ်တပ် တစ်အား မနားပါဝင် လှူဒါန်းထားကြသည်မှ ထောင်ပုံ ရာပုံ။

ထိုနေ့က သိန်းဃိရောက် သံဃာတော် ငါးပါးကို ဆင်တစ်စီးစီဖြင့် တင်ယူပင့် ဆောင်ကာ ပုဂံနေပြည်တော်ထဲသို့ တစ်ပတ်လှည့် အပူဇော်ခံ၏။ ထို့နောက်မှသာ သံဃာတော်များအား သီတင်းသုံးသော စံကျောင်းတော်သို့ ပြန်ပို့ပေးခဲ့သည်။

သံဃာတော် ငါးပါး ရဟန်း ကျောင်းသို့ ပြန်လည် ရောက်ရှိကြသော
ရှင်ရာဟုလာ မထေရ်က ကျန် သံဃာလေးပါးကို အသိပေး၏။ 'မိမိသည် ရဟန်းဘဝ
မပျော် ပိုက်ပြီ ဖြစ်၍ လူ့ဘဝကို ကူးပြောင်းတော့မည့်အကြောင်း'

ရှင်ရာဟုလာ၏ စကားကို ကြားသောအခါ ဆပင္ဒမထေရ် အပါအဝင်
သံဃာတော် လေးပါးမှာ များစွာ စိတ်မချမ်းမြေ့ ဖြစ်ရတော့သည်။ ပရိသုဒ္ဓကံ (လူ့
သို့ ကူးပြောင်းခြင်း) မဆောင်ဘဲ သာသနာရေးလုပ်ငန်းများတွင် အတူတကွ ယှဉ်တွဲပါ
ဆောင်ရွက်ရန် တရားစကားဖြင့် ဆုံးမဟောပြ တိုက်တွန်းကြသည်။ မည်သို့ပင် ဖျော
ဖျပါသော်လည်း ကခြေသည် မာတုဂါမ၏ အဖျက်အမှောင့်ပယောဂ ကပ်ငြိနေမိ
ဖြစ်သော ရှင်ရာဟုလာက သဘောမတူ။

သာသနာ့ဝန်ဆောင် ရဟန်းဘဝတွင် မိမိဘယ်သို့မျှ မပျော်ပိုက်နိုင်တော့သေ
ကြောင့် လူထွက်တော့မည်ဟုသာ ပြောနေတော့သည်။ သည်တွင် ဆပင္ဒ မထေရ်
တစ်ခွန်းတည်းသော စကားကို ဆို၏။

**ဆပင္ဒမထေရ်။** ။ 'ကဲ ကိုယ်တော့်ကို ဖျောင်းဖျ တားဆီးလို့မှ မရလ
မပြောလိုပြီ။ သို့သော် ကျွန်ုပ်တို့ သံဃာလေးပ
အများပြည်သူတို့ ရှေ့တွင် အရှက်မရစေဖို့၊ လူထွ
ချင်လျှင် ပုဂံပြည်တွင် မထွက်ပါလေနှင့်။ မာလာ
ကျွန်းသို့ သွားပြီး လူ့ဘဝကို ရယူပါ'

ရှင်ရာဟုလာသည် ဆပင္ဒမထေရ်၏ စကားကို နာယူကာ ပုဂံနေပြည်မှ ပုသိ
မြို့သို့ သွား၏။ ပုသိမ်မြို့မှ တစ်ဆင့် သင်္ဘောစီးကာ မာလာယုကျွန်းသို့ ထွက်
သွားသည်။ ရှင်ရာဟုလာသည် မာလာယုကျွန်းသို့ ရောက်သည်ဟု ကြားလျှင် မာလ
ယုဘုရင်သည် ရှင်ရာဟုလာကို ပင့်ဆောင်ပူဇော်ပြီး ရဟန်းတို့ ကျင့်ရာ ဝိနည်းတေ
အဆုံးအဖြတ်ကို သိလို၍ တောင်းပန်လျှောက်ကြားလေသည်။ ရှင်ရာဟုလာ မထေရ်မှ
လူထွက်ရန် စိတ်ကူးဖြင့် မာလာယုကျွန်းကို လာခဲ့သော်လည်း လူမထွက်နိုင်သေး
မာလာယုမင်း တောင်းပန် လျှောက်ကြားသည့် အတိုင်း ဋီကာကျမ်းနှင့်တကွ ခုဒ္ဒသိက္ခ
ကျမ်းကို ရှင်းပြ၍ ဝိနည်းတော် အဆုံးအဖြတ်များကို သင်ကြားပေးလေသည်။

မာလာယုမင်းသည် ရာဟုလာ မထေရ်ကို များစွာ ကြည်ညိုပွား၊ သဒ္ဓါထားပြီးလျှ
သပိတ်တော်နှင့် တစ်လုံး ပတ္တမြား ရတနာများ လှူဒါန်းခဲ့သည်။

ပြောရဦးမည်။ မာလာယုမင်း၏ သပိတ်တစ်လုံးအပြည့် ပတ္တမြားကို ရရှိပြီးနောက်
ရာဟုလာ မထေရ်သည် မာလာယုကျွန်းတွင်ပင် လူ့ဘဝသို့ ရယူလိုက်၏။ နော
လူ့ဘဝတွင် အိမ်ရာထောင်၍ နေလေတော့သည်။

(ခ)

ဤနေရာတွင် မေးစရာ ရှိလေသည်။ ပုဂံခေတ် နရပတိစည်သူမင်း၏ လက်ထက်တွင် ကြုံခဲ့ရသော သိန်းယိုရောက် ဘုန်းတော်ကြီး ရာဟုလာမထေရ် လူဝတ်လဲသွားခြင်း၏ အကြောင်းကို ဘောက်မဲ့ကြောင့်များ စာရေးဆရာက တစ်ခုတ်တစ်ရ ရှာဖွေ ရေးသားတင်ပြရပါသလဲ။ ဤသို့ မေးသည် ဆိုပါအံ့။ အဖြေသည် အခုံအညား ထင်ရှားစွာ ရှိလေသည်။

ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်အချိန်၊ ဘယ်ကာလတွင်မဆို အဆိုးရှိလျှင် အကောင်းရှိမြဲတည်း။ အဟောင်းရှိလျှင် အသစ် ရှိမြဲတည်း။ ယခုလည်း ကြည့်ပါတော့။ ကချေသည်မ၏ အချော့အမြူ အမူအရာ၊ မာယာတစ်သိန်း အပလိန်း အနန္တတွင် နှစ်ခြိုက် မက်မော နစ်မျောခြင်းဖြင့်ပင် ရာဟုလာမထေရ်သည် ကာမတဏှာ၏ ရေယာဉ်ကြောတွင် ပေါ်လောကြီး ဇာတ်သိမ်းခဲ့ပြီ။

အခြားသော ပုဂံနေပြည်တော်ရှိ ရဟန်းသံဃာအပေါင်းကကော အဘယ်သို့ ရှိသနည်း။ ပြောပြပါမည်။ ရာဟုလာမထေရ်ကဲ့သို့ သာသနာ့ခရီးတွင် ကျဆုံးသွားသူ ရှိသလို သာသနာ့အောင်လံကို မိုးမြင့်ဝေယံတွင် တလူလူ လွှင့်ထူနေသော ဗုဒ္ဓဂေါတမ မြတ်စွာဘုရား၏ တပည့်သား သံဃာတို့မှာ ပုဂံနေပြည်တော်၌ များစွာမှ များစွာ။

ရာဟုလာ မထေရ်မှာ ကချေသည် မာတုဂါမ၏ အစမ်းသပ်ခံရင်း လူ့ဘဝသို့ လျှောကျသွားရသလို မာတုဂါမိန်းမနှင့် ပက်ပင်းတွေ့ကြုံခဲ့သော်လည်း အဖျက်အမှောင့် ယောဂ အကပ်မခံဘဲ အောင်လံလွှင့်ခဲ့သော သာသနာ့ အာဇာနည် ရဟန်းမြတ် တစ်ပါးအကြောင်းကို ဆိုရဦးမည်။

ထိုအကြောင်းကို စာရေးဆရာကြီး **မှော်ဇရိယာ ဦးဌေးလှိုင်** ရေးသားပြုစုသော **'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ'** စာအုပ်တွင် ဤသို့ ဖော်ပြပါရှိလေသည်။

## ငှက်ပစ်တောင် အရှင် ပဏ္ဍိတမထေရ်

**နရပတိစည်သူမင်းကြီး၏ လက်ထက်ပင်ဖြစ်သည်။ ငှက်ပစ်တောင်သံဃာ့ဂိုဏ်းကြီး၏ ဦးစီးနာယကက အရှင်ပဏ္ဍိတမထေရ်ဟူ၍ရှိ၏။အရှင် ဥတ္တရာဇီဝမထေရ်၁ ၏ တပည့်တည်း။ ဝိနည်းပိဋကာလေးစား၏။ တန်ခိုးဣဒ္ဓိပါဒ်လည်း ကြီးမား၏။ ဈာန်အဘိညာဉ်ရသည်ဟု ယူဆရသည်။ မင်းနှင့်တကွ ပြည်သူ**

၁။ ပထမ သိန်းယိုရောက်ဆရာတော်

ပြည်သားတို့ အလွန်ရှိသေကြသည်။ ကြီးစွာသော ပူဇော်သက္ကာကို ပြုကြ

ထိုအတောအတွင်း ယုတ်မာသော အလိုဆိုးရှိသူ ဒကာမတစ်ဦး
မထေရ်၏ သီလကို ညစ်နွမ်းစေရန် ကြံလေ၏။ မထေရ်၏ ကျောင်း
ကမ်းပါးထိပ်တွင် အရိပ်ခိုကာ သီတင်းသည် ယောဂီမအသွင်ဆောင်၍ (
ရက်ခန့် လာနေ၏။ အိမ်သို့ ပြန်ရောက်လျှင် မထေရ်သည် မိမိ
ကျူးလွန်ကြောင်း ယုတ္တိဆင်၍ တီးတိုးစကား ပြန့်ပွားအောင်လုပ်သ
ရင်းနှီးသူတို့က မထေရ်အား လာ၍ လာ၍ သတိပေးလျှောက်ထားကြ
ထိုသတင်းကား နေပြည်တော် တစ်ခုလုံး ပြန့်ပွားကူးစက်၍ မင်းနှင့်တ
သံဃာတော်အများ နားသို့ပင် ရောက်လေသည်။

မထေရ်လည်း အကျယ်ပွားလာသော မတရားသတင်းကို နှုတ်ဖြင့် မ
နိုင်တော့ချေ။ ရှင်းသော်လည်း ပြေလိုမှ ပြေမည်။ ထို့ကြောင့် မင်းနှင့်တ
ရဟန်းသံဃာနှင့် ဒကာ ဒကာမတို့အား ကျောင်းသို့ ဖိတ်ခေါ်၏။ ပရိသ
များ ရောက်လာလျှင် ကျောင်းမှတစ်ဆင့် ရောဝတီ မြစ်နားသို့ တစ်
ခေါ်သွား၏။ မြစ်ဆိပ်အရောက် ကျောက်နှင့် ဓားသွေးနေသော ဒကာ တစ်
တွေ့၍ ဓားနှင့် ကျောက်ကို အလှူခံသည်။

ပရိသတ်အများရှေ့တွင် သမ္မာဒေဝနတ်များကို တိုင်တည် သ
ပြုလေသည်။

'ငါ၏ သီလ ညစ်နွမ်းရိုးမှန်သော် ဤကျောက်နှင့် ဓားမသည် ရေ
သော ခဏ စုပ်စုပ်မြုပ်စေသော်။ ငါလည်း အပါယ်လေးပါး၌ ကျစေသတေ
ဤ မာတုဂါမနှင့် အမှန်ကင်းရှင်း၍ သီလစင်ကြယ်ခြင်း ရှိဘိမူ ငါး
အလား ရေ၌ ကူးသွားစေသော်။ ငါတစ်မူလည်း ဝဋ်မှ ကျွတ်ရစေသတေ
ဟု သစ္စာ မိဌာန်ပြု၍ ကျောက်နှင့် ဓားမကို ရေသို့ ချ၏။ ဓားသွေးကျော
နှင့် ဓားမတို့လည်း ရေညာဆန်၍ ကူးကြ၏။ မင်းနှင့် တကွ ပရိသတ်လည
အားရဝမ်းသာ သဒ္ဓါကြည်ညို ရှေးကထက် ပို၍ပင် ပူဇော်ကြကုန်၏။

နရပတိစည်သူမင်းကြီးသည် နောင်လာနောက်သားတို့ သတိ၊ ပည
သဒ္ဓါ ဝိရိယ ပွား၍ မှတ်သားရစ်ကြစေရန် ညောင်ဦးမြို့ အရှေ့တာ ၇
ခန့်၌ ချောက်ကမ်းပါးကို ဥမင်လိုဏ်တူး၍ အုတ်ကျောက်တို့ဖြင့် ဘုရားတ
လေသည်။ ကျောက်ကူးဘုရားဟု သမုတ်တော်မူ၏။ ထိုဘုရား၏ မြောက်ဘ
ကုန်းထိပ်တွင်လည်း ဘုရားတစ်ဆူ ထပ်၍ တည်ပြန်သည်။ ကျောက်ကူး
ဓားမပါ၍ ဓားမပါဘုရားဟု သမုတ်တော်မူ၏။ ထိုနှစ်ဆူကို 'ကျောက်ကူးဓား

**ပါဘုရား’ ဟု ခေါ်တွင်ကြကြောင်း မြတောင်ဆရာတော်၏ သမိုင်း၌ ဖတ်ရှုရ၏။**[၁]

(ဂ)

အထက်ပါ အကြောင်းအရာမှာ ဆရာဓမ္မာစရိယဦးဌေးလှိုင်၏ မှတ်တမ်း မှတ်ရာ ဖြစ်သည်။ နရပတိစည်သူမင်းကြီး ကိုယ်တိုင် မြင်တွေ့ခဲ့ရသော အံ့ဖွယ်သရဲ ဖြစ်ရပ်များကြောင့် ဘုရင်က ဘုရားတည်ပြီး မော်ကွန်းထိုးခဲ့ကြောင်း သိနိုင်ကြပေသည်။

အထက်ဖော်ပြပါ သိန်းဃိုရောက်သံဃာ ရာဟုလာ မထေရ်နှင့် ငှက်ပစ်တောင်အရှင် ပဏ္ဍိတ မထေရ်တို့မှာ နရပတိစည်သူမင်းကြီး စိုးစံနေသော ခေတ်တွင် ဖြစ်ပေါ်ခဲ့သော အကြောင်းရပ်များ ဖြစ်သောကြောင့် ယှဉ်တွဲ ဖော်ပြလိုက်ရလေသည်။

ရာဟုလာ မထေရ်သည် မာလာယုကျွန်းသို့ ထွက်ခွာခဲ့ပြီးနောက် ကျန်ရစ်သော သံဃာလေးပါးအနက်မှ ဆပဋ မထေရ် ပျံလွန်တော်မူခဲ့သည်။ ထိုအခါ သိန်းဃိုရောက် သံဃာသုံးပါးသာ ကျန်သည်။ နရပတိစည်သူမင်းကြီးသည် သိန်းဃို သံဃာတော်များကို အလွန် ကြည်ညိုလှသည်။ ထို့ကြောင့်ပင် တစ်ကြိမ်တွင် သံဃာတော် သုံးပါးအား နရပတိစည်သူမင်းကြီးက ဆင်ပေါက် တစ်စီးစီ လှူဒါန်းခဲ့သည်။ ထိုသို့ လှူဒါန်းခဲ့သော ဆင်များကို ရှင်သီဝလိမထေရ်နှင့် ရှင်တာမလိန္ဒ မထေရ် နှစ်ပါးတို့က ဘောမဲ့တောသို့ လွှတ်လိုက်၏။ အာနန္ဒာမထေရ်ကမူ သိန်းဃိုကျွန်း ကိဉ္စိပုရမြို့နေ ဆွေမျိုးတို့အား ပေးရန် ပုသိမ်သို့ သွားသော သင်္ဘောလှေပေါ်၌ ဆင်ကိုတင်ပေးလိုက်သည်။ ထိုသတင်းကို ရှင်သီဝလိနှင့် ရှင်တာမလိန္ဒ မထေရ်တို့ ကြားသိသောအခါ အာနန္ဒာမထေရ်အား ပြစ်တင်စကား ဆိုလေသည်။

**‘ငါတို့မူကား တရားမင်းကြီး လှူသောဆင်ကို ချမ်းသာစေခြင်းငှာ တောမှာ လွှတ်သည်။ ငါ့ရှင်မူကား ထိုဆင်ကို ဆင်းရဲစေခြင်းငှာ ဆွေမျိုးတို့အားပေး လိုက်ဘိသည်။ သင်၏ အမူအကျင့်သည် တရားနှင့် မလျော်ကပ်တကား’**

ရှင်အာနန္ဒာမထေရ်က အားကျမခံ ဤသို့ တုံ့ပြန်စကားဆိုလေသည်။ ‘သဗ္ဗညု ဘုရားရှင် ဟောတော်မူသော မင်္ဂလာတရားတော်၌ ဉာတကာနဉ္စသင်္ဂဟော၊ အဆွေအမျိုးတို့အား ထောက်ပံ့ပေးကမ်းခြင်းသည် မင်္ဂလာတရားဟု ပါရှိသည် မဟုတ်လား’

မဟာထေရ်နှစ်ပါးတို့က ‘ငါတို့ အကျိုးရှိသော စကားကို ဆိုပါသည်။ ငါ့ရှင် မလိုက်နာလျှင် ယနေ့ကစ၍ သီးခြား သံဃကံပြုလေ’ ဟု ပြော၍ သီးခြား သံဃကံကို

၁။ **ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ**၊ ဓမ္မာစရိယဦးဌေးလှိုင်၊ စာ၊ ၅၉။

ပြုလေတော့သည်။ ဝမ်းနည်းဖွယ်ကောင်းလှပေသည်။ ဒုတိယ သိန်းဃိုရောက် တော် ငါးပါးတို့တွင် ရာဟုလာ မထေရ်သည် ကချေသည်၏ အမြှုအချော့တွင် သာယာပြီး မာလာယုကျွန်းသို့ ထွက်ခွာ၍ လူဝတ်လဲသွားသည်။ အကြီးအမှူး မထေရ်မြတ်မှာ ခန္ဓာဝန်စွန့်ခဲ့ပြီ။ ယခု အာနန္ဒာမထေရ်ကား အလှူခံ ရ ဆင်တစ်ကောင်အပေါ် လောဘစိတ် တွယ်ငြိ၍ သီးခြား သံဃကံပြုလေပြီ။ သိန်းဃိုရောက် သံဃာတော်များအနက် ရှင်သီဝလိနှင့် ရှင်တာမလိန္ဒတို့ နှစ်ပ စုစုပေါင်း ကျန်ရစ်လေတော့သည်။

# (၁၁) နရပတိစည်သူမင်း၏ နောက်ဆုံးနေ့များ

## (က)

နရပတိစည်သူမင်းကြီးသည် သာသနာ့ကိစ္စအဝဝကို ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်း ရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မင်းကြီးသည် ပုဂံခေတ် နောက်ပိုင်းတွင် နန်းပလ္လင်ပေါ်သို့ ရောက်လာသော ဘုရင်များအနက် အရည်အချင်း အပြည့်ဝဆုံး အုပ်ချုပ်သူ မင်းတစ်ပါးဟု ဆိုရလျှင် လွန်အံ့မထင်။

နရပတိစည်သူမင်းကြီး၏ ဘာသာ သာသနာ အဆောင်အရွက်တို့တွင် ထင်ရှားသော အကြောင်းအရာတို့မှာ ဘုရားစေတီများ တည်ထားကိုးကွယ်ခြင်း ဖြစ်သည်။

ပြောရဦးမည်။ နရပတိစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ဘုရားစေတီများအနက် ပုဂံမြို့ သမထီးအရပ်မှ **ဓမ္မရာဇိက ဘုရားစေတီ** ကြီးသည် ထင်ရှားကြီးကျယ်သော စေတီတော်ကြီးပင် ဖြစ်သည်။ ထိုစေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့သူ နရပတိစည်သူမင်းကြီး၏ ဇာတ်လမ်းကို **ပုဂံရွှေရုပ်လွှာ (၂) စာအုပ်တွင်** စာရေးဆရာမ ဓိမ့် (ပညာရေး) က ဤသို့ စိတ်ဝင်စားဖွယ် စာပန်းချီ ချယ်သလေသည်။

## သမထိုးမှ ဓမ္မရာဇိက

'ဟာ မိကျောင်းကြီး၊ မိကျောင်းကြီး' အထိတ်တလန့် အော်ဟစ်သံမျ
အတူ ရွှေဖောင်တော်သည် ခပ်ကြမ်းကြမ်း လှုပ်ခါသွားသည်။ အမှတ်
ဖြစ်၍ မတ်တပ်ရပ်နေသူများ လဲပြိုလုမတတ် ဖြစ်သွားကြသည်။ မိကျေ
ကြီးသည် ဖောင်တော်ကို သူ့ ကျောကုန်းထက်မှ ရွက်ပြီး ချုပ်ကိုင်ထားသ
ဖောင်တော်သည် ရွေ့လျားခြင်း မရှိတော့ပေ။ ကျောက်ချထားဘိသည့် အ
ရပ်တန့်နေသည်။ သည်ဖောင်တော်မှာ နရပတိစည်သူမင်းကြီး၏ ရွှေ
တော် ဖြစ်သည်။ ကြက်ယက်ဘုရား နှစ်ဆူကို ထီးတော်တင်ရန် အ
မြစ်ရော အတွင်းဝယ် ယခုကဲ့သို့ ကြုံတွေ့ရခြင်း ဖြစ်သည်။

ဖောင်တော်တွင် ပါလာသူတွေ အားလုံး ထိတ်လန့်တုံလှုပ်သွားကြသ
အထူးအားဖြင့် မိဖုရား၊ မောင်းမမိဿံ၊ အပျိုတော် စသည့် မိန်မသားများက
ကြောက်လွန်း၍ လှုပ်ပင် မလှုပ်ရဲကြပေ။ မျက်စိပျက်၊ မျက်နှာပျက်
ဖြစ်နေကြသည်။

ထိုစဉ်မှာပင် မင်းမှုထမ်း တစ်ယောက် ရုတ်တရက် ရေထဲသို့ ခုန်ဆ
ငုပ်လျှိုးသွားသည်ကို တွေ့လိုက်ကြသည်။ သူကား နရပတိစည်သူမင်းကြီး
သူရဲကောင်း ရန်မန် ငထွေး ဆိုသူပင်တည်း။ လက်ထဲတွင် သံလျက်
ကျစ်ကျစ်ပါအောင် ဆုပ်ကာ ရေထဲသို့ ခုန်ဆင်းငုပ်လျှိုးသွားသည်ကို မြင်လိုက
ရသူ အားလုံးပင် 'ဟင်ကနဲ၊ ဟာကနဲ' အာမေဋိတ်သံများ ထွက်သွားကြသည်
မည်မျှပင် သူရသတ္တိ ရှိစေကာမူ ယခုတိုက်ခိုက်ရမည့် သူမှာ လူသားချင်
မဟုတ်၊ ဖောင်တော်တစ်ခုလုံး မလှုပ်ရှားနိုင်အောင် ချုပ်ကိုင်ရွက်ထားနိုင်သည
ရောမ မိကျောင်းကြီးနှင့် တိုက်ခိုက်ရမည် မဟုတ်ပါလား။ ပြီးတော့ ရေအောက
ထဲမှာ၊ အခြေအနေက မိကျောင်းကြီးဘက်တွင် အားသာနေပါသည်။

မင်းကြီးနှင့် တကွ ဖောင်တော်ပေါ်ရှိ မှူးမတ်များ၊ ရဲမက်တော်များသည်
ဘာမျှ မမြင်ရသည့် ရေပြင်ကိုသာ စူးစိုက်ကြည့်နေကြသည်။ စူးစိုက် ကြည့်
နေသည့် မျက်လုံးများတွင် စိုးရိမ်ပူပန်မှုများ အထင်းသား ပေါ်လွင်နေသည်။
မကြာခင်မှာပင် ဖောင်တော်သည် သွက်သွက်ခါ လှုပ်ရမ်းသွား၏။ သွေးငယ်
သူများ၏ ဘုရားတသံများ၊ ညိုးညိုးညံညံ ထွက်ပေါ်လာသည်။ ကြည့်နေရင်း
မှာပင် ရေပြင်တစ်ခုလုံး သွေးရောင် လွှမ်းသွားသည်။ ရန်မန်ငထွေး အသက်မှ

ရှိသေးရဲ့လား။ မိကျောင်းစာ ဖြစ်သွားပြီလား။ သည်လို တွေးနေကြဆဲမှာပင် သူသည် ရေထဲမှ ဘွားကနဲ ပေါ်လာသည်။ သည်တော့မှ အားလုံးပင် ပင့်သက်ချနိုင်ကြတော့သည်။

မင်းကြီးသည် ရန်မန်ငထွေး၏ ရဲစွမ်းသတ္တိကို မျက်ဝါးထင်ထင် တွေ့လိုက်ရသဖြင့် များစွာ အားရကျေနပ်တော်မူသည်။ ဖောင်တော်ပေါ် ပါလာသူအားလုံးကလည်း ကယ်တင်ရှင်အဖြစ် ကျေးဇူးတင်မဆုံး ဖြစ်နေကြသည်။

ထိုနေ့က ကြက်ယက်ဘုရား ထီးတော်တင်ပွဲမှာ အောင်မြင်ထမြောက်သွားလေတော့သည်။ ထီးတော်တင်ပွဲမှ အပြန် နောက်ပိုင်း ကာလများတွင် မင်းကြီးသည် ဆင်နှင့် တစ်ယောက်ချင်း သတ်ပုတ်စေသည်။ ကျားနှင့်လည်း တစ်ယောက်ချင်း သတ်ပုတ်စေသည်။ အနိုင်ရသည်ချည်း ဖြစ်၏။ ရပ်ဝွန်ပြည်နားတွင် ခိုးသား ဓားပြတွေ ပေါ်တိုင်းလည်း ရန်မန်ငထွေးကိုသာ နှိမ်နင်းစေခဲ့သည်။ ရန်အပေါင်း အောင်မြင်ဖန်များသဖြင့် မင်းကြီးက ရန်မန်ငထွေးကို 'အနန္တသူရိယ' ဘွဲ့ ချီးမြှင့်သည်။ ကျေနပ်အားရ မြတ်နိုးတော်မူလှသဖြင့် မိဖုရားငယ်တွင် မြင်သော ဓေယျသိခ်၏ နမတော် မင်းသမီးနှင့် စုံဖက်ပေးသည်။ ပြီး ဆွာချောင်းကမ်းပါးပေါ်ရှိ ကမ်းပါးမြင့်ရွာကိုလည်း အပိုင်စားပေးတော်မူသည်။

(၂)

နရပတိစည်သူမင်းကြီး ယခုကဲ့သို့ ကုသိုလ်ကောင်းမှုများ ပြုတော်မူနေသည်မှာ အကြောင်းရှိသည်။ အိမ်ရှေ့မင်းသားဘဝတွင် သူ၏ ကြင်ရာတော် ဝေဠုဝတီကို နောင်တော် နရသိခ်မင်း သိမ်းပိုက်စဉ်က နောင်တော်ကို လုပ်ကြံမိသဖြင့် များစွာ နောင်တရသည်။ သံသရာဘေးကိုလည်း များစွာ ကြောက်ရွံ့တော်မူသည်။ ထို့ကြောင့် ဘေးတော် အနော်ရထာမင်းစောကဲ့သို့ ကုသိုလ်ကောင်းမှုများကို မပြတ် ပြုတော်မူခြင်း ဖြစ်သည်။ တောင်ဘက်၊ မြောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက် မြန်မာပြည်အနှံ့ မိဖုရား၊ မောင်းမမိဿံ၊ မှူးမတ်အပေါင်း ခြံရံလျက် စစ်အင်္ဂါလေးပါးနှင့် တိုင်းခွင်လှည့်ကာ ကန်ချောင်း ဆည်မြောင်း များစွာ ပြုစုတော်မူသည်။ ကျောက်ဆည်မြို့ရှိ ကျောက်ဆည်ကို ဆည်တော်မူသည်။ ထိုကျောက်ဆည်မှ တမုတ်တူးမြောင်းများ ဖြာထွက်သည်။ ရွှေဘိုနယ်ရှိ မူးချောင်းကိုလည်း ပြုစုတော်မူသည်။

မိဖုရား ဝေဠုဝတီနှင့် သားတော် ဓေယျသူရ စားရသော တလုတ် အမြင့်မြို့၊ အနိမ့်မြို့၊ သည်သုံးမြို့အနက် အနိမ့်မြို့တွင် ပုထိုးကြီး တစ် တည်တော်မူပြီး 'သုံးလူ့အဘ ဘုရားလှ' ဟု သမုတ်တော်မူသည်။

နရပတိစည်သူမင်းကြီး တလုတ်မြို့၌ ရှိစဉ် ညဥ့်အခါ မီးလောင်သကဲ့ ထင်မှတ်ရအောင် အလျှံတွေ တက်နေသည်ကို တွေ့ရသည်။ မင်းချင်းတို့ ထိုနေရာသို့ သွားရောက် ကြည့်ရှုစေရာ သီရိဓမ္မာသောကမင်းကြီး တည်ထ ခဲ့သည့် မုဋ္ဌောရာကို တွေ့ရသည်။ သည်အခါ မင်းကြီးက ပုထိုးကြီး ထပ်၍ လုပ်တော်မူသည်။ တလုတ်မြို့ မြေဝပ်နှင့် ပုဂံမြေဝပ်တောင်ကမ်းပ တွင်လည်း သာယာလှသော ဥမင်ပြုလုပ်ကာ ဘုရားရှင် ရုပ်ထုတော် စ ကြွသွားရန် ထုလုပ်၍ ထားတော်မူသည်။

ပြီးတော့ ရွှေဘိုမြို့တွင် ရွှေတန်ဆာဘုရား၊ သရက်မြို့တွင် မြသိန်းတ ဘုရား၊ စွယ်တော်ဘုရား၊ မုံရွာနယ်တွင် စေတီလှဘုရား၊ ကျောက်ဆည်တွ ဖောင်တော်ဦး ဘုရားများကိုလည်း တည်ထားကိုးကွယ်တော်မူသည်။

မြန်မာပြည်အနှံ့ ကုသိုလ်ကောင်းမှုများ ပြုပြီးနောက် နေပြည်တော ပုဂံသို့ ပြန်ခဲ့သည်။ ပုဂံသို့ ရောက်သည့်အခါ လှေတော်သက်နက်ဦး စကာ ရွက်များကို ဘုရားကိုးဆူထုလုပ်သည်။ ပြီးတော့ ခပ်သိမ်းသော သတ္တဝ အပေါင်းတို့၏ အစီးအပွား အလို့ငှာ သာသနာတော် ငါးထောင် တည်ရစ စေဟူသော ဆန္ဒဖြင့် ကလေးမြို့၊ ကြံခင်းမြို့၊ မြေဒူးမြို့၊ စည်ပုတ္တရာမြို့ ကြည့်ညှပ်မြို့၊ စဥ့်ကူးမြို့၊ မုဆိုးဘိုမြို့၊ စမွန်းမြို့၊ စစ်ကိုင်းမြို့တို့တွင် တစ်ဆူစီ ဝူတည်ပြီး သီတင်းသုံးစေသည်။ ဘုရားကိုးဆူ ထုလုပ်ရာ၌ လွင့်စဉ်သော ရူးစာ၊ ဆောက်စာများကို စုပြီး မံဘုရား တစ်ဆူထုလုပ်သည်။ ယင်းဘုရားကို အမြင့်မြို့၌ တည်ထားကိုးကွယ်စေသည်။

မြန်မာနိုင်ငံအနှံ့ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပြီးသော်လည်း မင်းကြီး သည် အားရကျေနပ်ခြင်း မရှိသေးပေ။ သို့ဖြင့် တစ်နေ့တွင် မှူးမတ်များ ကလန်သံပျင်များအား ယခုလို မိန့်ကြားတော်မူသည်။

"မင်းကြီးများ၊ ငါကိုယ်တော်မြတ်စီးပွား၊ ပြည်သူလူတကာတို့၏ စီးပွား ကို ဆောင်တော်မူပြီး နိဗ္ဗာန်မဂ်ဖိုလ် အလို့ငှာ ကန်ချောင်းဆည်မြောင်းတွေ ကုသိုလ်တော် စေတီပုထိုးတွေ မြန်မာပြည်အနှံ့ တည်ဆောက်ပြုပြင်ခဲ့တာ မနည်းပေဘူး။ သို့ပေမယ့် ငါကိုယ်တော်မြတ်မှာ ဆန္ဒပြည့်ဝသွားပြီ ရယ်လို့ မရှိခဲ့ဘူး။ အားရကျေနပ်တော်မူပြီလို့ မရှိပေဘူး။ ယခုတဖန် သမထီးအရပ်မှာ

ဘုရားတစ်ဆူတည်ရန် ဆန္ဒရှိတော်မူပေတယ်။ မင်းကြီးများ နရပတိစည်သူ မင်းကြီးက ယခုလို မိန့်ကြားသည့်အခါ မှူးမတ်အပေါင်းလည်း သင့်မြတ် လျော်ကန်လှကြောင်းပါ ဘုရားဟု ပြန်လည် လျှောက်တင်ကြလေသည်။

နောက်တစ်နေ့နံနက် စောစောမှာပင် နရပတိစည်သူမင်းကြီးသည် မိဖုရား၊ မောင်းမမိဿံ၊ မှူးမတ်အပေါင်း ခြံရံလျက် သမထီးအရပ်သို့ ကြွ ချီတော်မူသည်။ သမထီးသို့ ရောက်လျှင် စေတီတည်ရန် မြေနေရာကို ရွေး ချယ်သည်၊ အနောက်ဖွားစောရွာအနီး သမထီးကျောင်းတိုက် အနောက် ယွန်း ယွန်းရှိ မြေနေရာကို မင်းကြီး သဘောကျ နှစ်ခြိုက်သည်။ သို့နှင့် သမထီး ကျောင်းတိုက်တွင် သီတင်းသုံးနေသော မထေရ်ကြီးထံ တောင်းပန်လျှောက် ထား၍ အခွင့်ရလေသည်။ မင်းကြီးလည်း များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်၏။ စေတီတည်ဆောက်ရန် လက်ငွေ လေးသောင်းလေးထောင် နှစ်ဆယ့်ခုနစ် ကျပ်၊ ပဲ တစ်ဆယ့်ရှစ်လုံးကို ရေစင်တော် သွန်းချသည်။ ထိုနေ့ကား သက္ကရာဇ် ၅၅၈ ခုနှစ် သီတင်းကျွတ်လဆန်း (၁၃) ရက်၊ တနင်္ဂနွေနေ့ပင်တည်း။

မင်းကြီးသည် နေပြည်တော်ဝန်းကျင်တွင် သီတင်းသုံးနေထိုင်သော အရိယာ သံဃာတော်များကို ပစ္စည်းလေးပါး ထောက်ပံ့ကိုးကွယ်သည်။ ထို သံဃာတော်များသည် သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံသို့ ကူးလူးဆက်ဆံလေ့ ရှိကြသည်။ ထိုစဉ်က နရပတိစည်သူမင်းကြီးနှင့် နန်းပြိုင် သီဟိုဠ် (သီရိလင်္ကာ) ဘုရင်မှာ သီရိသံဃာဗောဓိ ပရက္ကမဗာဟုမင်း ဖြစ်သည်။ ယခု သမထီးအရပ် တွင် စေတီတော် တည်ဆောက်သည့်အခါ စေတီတော်တွင် ဌာပနာရန် မင်းကြီး က ဓာတ်တော်တောင်းစေလွှတ်သည်။ သီဟိုဠ် (သီရိလင်္ကာ) ဘုရင်က သရီရ ဓာတ်တော်၊ အဆုသုံးဆယ်ကို ရွှေကြုတ်နှင့် တကွ ပေးပို့သဖြင့် စေတီတော် တွင် ဌာပနာတော်မူသည်။

(၃)

သက္ကရာဇ် ၅၆၀ ပြည့် သီတင်းကျွတ်လဆုတ် (၂)ရက်၊ သောကြာနေ့။

သည်နေ့တွင် နရပတိစည်သူမင်းကြီး တည်ထားသော စေတီတော်မြတ် ကို အထွတ်တင်သည်၊ ပြီးတော့ 'ဓမ္မရာဇိက' စေတီဟူ၍ ဘွဲ့မည်သမုတ် တော်မူသည်။

မင်းကြီးသည် စေတီတော်မြတ်အား လက်ျာရစ် လှည့်ပတ်ကာ ပူဇော်

**ပြီးနောက် မြတ်ဘုရား ဂုဏ်တော်ကျေးဇူးတော်တို့ကို အာရုံယူ ဆင်ခြင်၍ ဦးခိုက် ကန်တော့လိုက်၏။ ထိုခဏတွင် မင်းကြီး၏ ရင်တွင်းမှ ... အပူန်သည် ကြက်သီးဖြန်းဖြန်း ထမျှ လွှမ်းခြုံသွားလေတော့သတည်း။**

## (ခ)

အထက်ပါ စာသားတို့မှာ ပုဂံမြို့ **'ဓမ္မရာဇိက စေတီတော်မြတ်ကြီး'** အ... နရပတိ(၄) ၂သူမင်းကြီး စေတနာသဒ္ဓါ ထက်သန်စွာဖြင့် တည်ထားကိုးကွယ်ခဲ့ပုံ... စာရေးဆရာမ စိမ့် (ပညာရေး) က တင်ပြ ရေးသားထားခြင်း ဖြစ်သည်။ 'ဓမ္မရာဇိက' စေတီတော်မြတ်ကြီးနှင့် ပတ်သက်၍ စာရေးဆရာများက မိမိတို့ ရှုမြင် သုံးသပ်ပုံများ ကို ရှုထောင့် အသီးသီးမှ ရေးသားဖော်ပြခဲ့ကြသည်။ ယခု စာရေးဆရာကြီး ပါရဂူ၏ ရှုမြင်ပုံကို လေ့လာကြည့်ကြပါဦးစို့။

**'ပုဂံခရီးသည်'**စာအုပ်တွင် ဆရာပါရဂူက **'ဓမ္မရာဇိက'** စေတီတော်ကြီး အကြောင်း ဤသို့ ကလောင်စုတ်ချက် သထားလေသည်။ စာရေးဆရာကြီး ပါရဂူ သည် အဆိုပါ ဓမ္မရာဇိက စေတီတော်အကြောင်း ရေးသားရာတွင် ခေတ်လူတို့ စိတ်ဝင် စားကြစေရန် ခေတ်သုံးစကား အချို့ကို ထည့်သွင်းရေးသားခဲ့သည်ကို တွေ့ကြရပေ မည်။ ဥပမာဆိုရလျှင် စာရေးဆရာကြီး ပါရဂူက ဆိုသော အင်္ဂလိပ်စာ ဝေါဟာရ စာလုံးအား မြန်မာအသံဖြင့် ဖလှယ်ထားသော 'popular' ဆိုသည့် စကားကို သုံး နှုန်းထားသည်။ ထိုပေါ်ပြူလာ ဆိုသော စကားလုံးမှာ ယနေ့ မြန်မာတို့၏ လက်သုံး စကား ဖြစ်နေပေပြီ။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် ထင်ရှားသော ဂျာနယ်တစ်စောင် ၏အမည်ကိုပင် 'ပေါ်ပြူလာ'ဂျာနယ်ဟု ပေးထားသည်ကို တွေ့ကြရသည်။ ထားတော့။ ဆရာပါရဂူ၏ ရှုမြင်သုံးသပ်ချက်ဖြင့် ရေးသားထားသော **ဓမ္မရာဇိက စေတီတော်** အကြောင်းကို လေ့လာကြည့်ကြပါဦးစို့။

**'ပုဂံသမိုင်း၌ 'သမထီး' ဟူသော ဝေါဟာရ၊ စကားလုံးသည် ပေါ်ပြူလာ စကားလုံးတစ်လုံး ဖြစ်သည်။ ရှေးအခါက 'သစ်မတီ'ဟု ခေါ်ပြီး ကာလရွေ့ လျောလာသည့်အခါ 'သမထီး' ဖြစ်လာသောအရပ်သည် အနောက် ဖွားစော ရွာ၏ အနောက်တောင်ဘက်၊ အနောက်ဘက် တစ်ဝိုက်ကို ခေါ်သောအရပ် ဖြစ်သည်။ သမထီး အရပ်၌လည်း ကျောင်းကန်ဘုရားများရှိသည်။ ယင်းကျောင်း ကန်၊ ဘုရားများ တည်ရှိနေရာကို 'သမထီးကျောင်း' ဟု ခေါ်ကြသည်။**

၁။ ပုဂံရွှေရပ်လွှာ (၂)၊ စိမ့် (ပညာရေး)၊ စာ၊ ၅၉။

ပုဂံခရီးသည်သည်၊ သမထီးကျောင်းဝိုင်း မြောက်ဘက်မှ အနောက်ဘက်သို့ လာခဲ့သည်။ လမ်းတစ်လျှောက်လုံး၌ အရွယ်အစား၊ အမျိုးမျိုး ရှိသော အုတ်ကျောင်း အပျက်အစီးများကို အနှံ့အပြား တွေ့ရသည်။ ဤနေရာ ဤအရပ်သည် ပုဂံခေတ်က သာသနာရောင်ဝါထွန်းခဲ့သော နေရာဒေသ တစ်ခု ဖြစ်လိမ့်မည်ဟု ခန့်မှန်းရသည်၊ ထို့နောက် ပုဂံ၏ အထိကရ ဘုရားတစ်ဆူ ဖြစ်သော ဓမ္မရာဇိက ဘုရားသို့ ရောက်လာသည်။

ဓမ္မရာဇိက ဘုရားသည် ပုဂံဒေသ တစ်ဝိုက်၌ရှိသော အဓိက ဘုရားပုထိုးများထဲတွင် အပါအဝင် ဖြစ်သည်။ ဉာဏ်တော် မြင့်မားသည် ဖြစ်၍ ရွှေစည်းခုံစေတီ မင်္ဂလာစေတီကဲ့သို့ပင် အဝေးမှ လှမ်းဖူး၍ ရလောက်အောင် ဆေါ်လွင်ထင်ရှားစွာ မားမားမတ်မတ် ရပ်တည်နေသည်။

အိန္ဒိယပြည် ဗာရာဏသီ အနီးရှိ မိဂဒါဝုန်၌ မြတ်စွာဘုရား ဓမ္မစကြာ တရားဦး ဟောကြားတော်မူရာ၌လည်း ဓမ္မရာဇိက အမည်ရှိ ပုထိုးတော် တစ်ဆူတည်ထားသည်။ သို့သော်လည်း ယခုအခါ ဓမ္မရာဇိက စေတီတည်ရှိရာ နေရာမျှသာ ကျန်တော့သည်။

အနောက်ပွားစောရွာအနီးရှိ ဓမ္မရာဇိက ဘုရားကို ဓမ္မရာဇကဟုလည်း ခေါ်သည်။ ကျောက်စာ၌ ဓမ္မရာဇကဟု ရေးထိုးထားသည်။ ဓမ္မရာဇိက ဘုရားဒါယိကာမှာ နရပတိစည်သူမင်းကြီး ဖြစ်သည်။ စေတီတော်ကို နှစ်နှစ် ကြာမျှ တည်ရသည်။ သိန်းယိုမင်းထံမှ ပေးပို့လိုက်သော သရီရဓာတ်တော် အဆူ (၃၀) ကို ရွှေကြုတ်တွင် ထည့်ပြီးလျှင် ဌာပနာထားသည်။ ပစ္စယာ သုံးဆင့်ရှိသည်။ လှေကားမှ တက်၍ ရသည်။ ပထမ ပစ္စယာက စ၍ လက်ျာရစ် လှည့်ပြီးလျှင် ပစ္စယာအဆင့်ဆင့်၌ ဓာတ်တော်များကို စဥ့်ကွင်း စဥ့်ချပ်တို့တွင် ကွင်းထုပြီး စီခြယ်ထားသည်။

စေတီတော် တည်ဆောက်ပုံမှာ ရွှေစည်းခုံစေတီနှင့် အခြေခံအားဖြင့် တူညီမှု ရှိသော်လည်း တန်ဆာဆင်ပုံ မွမ်းမံပုံနှင့် အာရုံခံမုခ် ငါးမျက်နှာ ထုတ်ထားပုံတို့မှာ တစ်မူထူးခြားနေသည်။ ငါးမျက်နှာတွင် တစ်မျက်နှာ တစ်မျက်နှာ၌ အုတ်ဂူတစ်လုံးစီ တည်လျက် ဤ ဘဒ္ဒကမ္ဘာတွင် ပွင့်တော် ကြသော ဘုရားငါးဆူကို ရည်စူးပြီး ကြေးဆင်းထု ငါးဆူ သွန်းလုပ်ထား သည်။ စေတီတော်နှင့် တွဲဆက်ထားသော ဂူဘုရား ငါးဆူအတွင်း နံရံများ၌ ပုဂံခေတ်ပန်းချီနှင့် ပုဂံခေတ် ကမ္ဗည်းမှင်စာများ ရှိသည်။ ဂူများအတွင်း၌ မှတ်တမ်းတင်ထားသော မှတ်တမ်းများနှင့် အရှေ့ဘက် အာရုံခံမုခ်အတွင်း

ရှိ ကျောက်စာသည် ဓမ္မရာဇိက စေတီတော်အကြောင်းကို ဖော်ပြနေ
ယင်းမှတ်တမ်းများအရ သိရသည်မှာ

၁။ သက္ကရာဇ် ၅၅၈ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက် တ
နေ့တွင် စည်သူမင်းကြီးသည် သစ်မတိဒ္ဓ ပုထိုးတော် ပြုအံ့ဟု မြေ
ရှာ၍ တွေ့ရှိပြီး ထိုအနီးနေ မထေရ်ကြီးကို တောင်းပန်အခွင့်ရ၍ လက်
လေးသောင်း လေးထောင် နှစ်ဆယ့် ခုနစ်ကျပ် ပဲတစ်ဆယ့် ရှစ်
ရေစင်တော် သွန်းသည်။

၂။ သက္ကရာဇ် ၅၅၉ ခု၊ သီတင်းကျွတ်လဆန်း ၂ ရက် သောကြ
တွင် မူလ နက္ခတ်၊ မိန်လဂ်နေ့ သုံးပဟိုရ်တွင် ကျောက်ဖျာထက် အ
ဦး၍ ပြု၏။ သီဟိုကျွန်းသို့ ဓာတ်တော်တောင်း စေလွှတ်ရာ သီဟိုမင်း
ထက်တွင် သရီရ ဓာတ်တော် (၃၀) ကို ရချေသော ဓာတ်တော်လေ
နှင့် တကွ ကျောက်ဖျာထက် ထာပနာသည်။

၃။ သက္ကရဇ် ၅၆၀ ပြည့်နှစ် သီတင်းကျွတ်လဆုပ် ၂ ရက်သော
နေ့တွင် အထွတ်တင်သည်။

ဓမ္မရာဇိက စေတီကျောက်စာ၌ 'အထွတ်တင်သည်' ဟူ၍ ဆို
သည်ကို ထောက်လျက် ပုဂံခေတ် စေတီပုထိုးများတွင် ယခုခေတ် '
မျိုး မရှိဘဲ၊ အထွတ်သာ ရှိမည်ဟု ခန့်မှန်းကြည့်နိုင်သည်။[၁]

နရပတိစည်သူမင်းကြီး နတ်ရွာမစံမီ တည်ထားခဲ့သော ဓမ္မရာဇိက စေတီတော်
နှင့် ပတ်သက်ပြီး စာရေးဆရာကြီး ပါရဂူ၏ ရှုမြင်သုံးသပ်ချက်ကို ကောက်နုတ်ဖေ
ရခြင်းဖြစ်သည်။

(ဂ)

နရပတိစည်သူမင်းကြီးသည် ဘုရားတည်ရန် လူဖြစ်လာသည်လား မသိတော့
သူ၏ နန်းသက်တွင် အများဆုံး ကြိုးပမ်း ဆောင်ရွက်ခဲ့သည်တို့မှာ ဘုရားတည်ခြင်း
ဖြစ်နေလေသည်။ ဆိုကြပါစို့။ ဘာသာသာသနာ လုပ်ငန်းများတွင် အထင်က
အားစိုက်ထုတ်မှုများကို မြင်တွေ့ကြရ၏။ ဤသည်မှာလည်း ဤစာအုပ်ရှေ့ပိုင်းတ
ဖော်ပြခဲ့သလို နရပတိစည်သူမင်းကြီးသည် သူ၏နန်းသက်၊ အစကနဦးပိုင်းကာလမျာ
**'ပါဏာတိပါတကံ'** ဟု ဆိုသော သူတစ်ပါးအသက် သတ်ဖြတ်စီရင်မှုများ ရှိခဲ့

---

၁။ **ပုဂံခရီးသည်**၊ ပါရဂူ၊ စာ၊ ၂၆၀

အပြစ်မှ ပပျောက်စေရန် ကုသိုလ်ကောင်းမှုများကို တရစပ် ပြုသည်ဟု ဆိုနိုင်၏။

ဤနေရာတွင် စာရေးဆရာက အနည်းငယ် လျှာရှည်ချင်ပါသည်။ နရပတိစည်သူမင်းကြီး၏ **'ပါဏာတိပါတကံ'** ကျူးလွန်မှုသည် ထိုသို့ ကုသိုလ်ကောင်းမှုပြုရုံဖြင့် ပျက်ပြယ်နိုင်ပါမည်လော ဆိုသည်ကို စဉ်းစားဖွယ် ဖြစ်ကြောင်း ရှေ့အခန်းများ၌ အမြွက်မျှ ရေးသားခဲ့သည်။ နရပတိစည်သူ၏ဘဝတွင် မိမိအကျိုး သက်စွန့်ကြိုးပမ်း ထမ်းရွက်ရှာသူ မြင်းခံငပြည့်ကို ဝတ္တုရားပေါ့လျော့ချေသလောဟု ပထမဆုံး ကွပ်မျက်စေ၏။ နောက် နောင်တော်အရင်း မင်းယဉ်နရသိခ်ဘုရင်ထံ ကျွန်ယုံ ငအောင်စွာကို လွှတ်၍ အဆုံးစီရင်စေခဲ့သည်။ တစ်ဖန် ကျွန်ယုံ ငအောင်စွာကို မထီလေးစား လုပ်သည်ဟု သတ်ပြန်၏။ **နောက် နောင်တော်မင်းယဉ်နရသိခ်ဘုရင်၏ အမတ်ကြီး အနန္တသူရိယကို ကွပ်မျက်ပြန်သည်။ ပညာရှိအမတ်ကြီး အနန္တသူရိယသည် သူသတ်ကုန်းမှနေ၍ သံဝေဂ**ကဗျာရေးပြီး 'မောင်မင်းတို့ ရှင်ဘုရင်ကို ဆက်လေ' ဟု မှာကြား၍ ရဲဝံ့စွာဖြင့် အသေခံ သွားလေသည်။ ထိုအခါကျမှ အနန္တသူရိယ အမတ်ကြီး၏ သံဝေဂကဗျာကို ကြားနာပြီး ဘုရင်ကြီး အမှန်ပင် သံဝေဂရ၏။ အနန္တသူရိယ အမတ်ကြီးကို အသက်ဘေးမှ 'လွှတ်စေ' ဟု ဘုရင်က အမိန့်ချသောအခါ 'လွန်ပါပြီ' ဟု လျှောက်တင်ကြသည်။ ဘုရင်မင်းမြတ်ခမျာ ထိုအခါမှပင် တရားကို မြင်လေသည်။ နောင်တကို ရလေသည်။ သို့သော် နှောင်းခဲ့လေပြီ။ များစွာပင် နှောင်းခဲ့ပါပြီ။ လူတွေအများကြီး သတ်ပြီးမှ ရခဲ့သော ''နောင်တ' သည် တန်ဖိုးရှိပါသေး၏လောဟု မေးမြန်းသောအခါ ဘုရင်သည် မည်သို့ ဖြေမည်နည်း။

ဗုဒ္ဓဂေါတမ မြတ်စွာဘုရားက **အဘိဓာသုတ်တော်**တွင် ဤသို့ သတိပေးထားသည် မဟုတ်ပါလား။

**'အဟံ ငါသည်၊ ကမ္မသကော၊ ကံသာလျှင် မိမိဥစ္စာ ရှိသည်။ ကမ္မဒါယာဒေါ၊ ကံသာလျှင် အမွေခံရှိသည်။ ကမ္မယောနိ အကြောင်းရင်း ရှိသည်။ ကမ္မဗန္ဓု၊ ကံသာလျှင် အဆွေမျိုး ရှိသည်။ ကမ္မပ္ပဋိသရဏော၊ ကံသာလျှင် ကိုးကွယ်လဲလျောင်းရာ ရှိသည်။ အမှိုဖြစ်၏။ ကလျာဏံဝါ ကောင်းသည်လည်း ဖြစ်သော၊ ပါပကံဝါ၊ မကောင်းသည်လည်း ဖြစ်သော၊ ယံကမ္မံ၊ အကြင်ကံကို၊ ကရိဿာမိ၊ ပြုအံ့။ တဿကမ္မဿ၊ ထိုကောင်းမှု၊ မကောင်းမှုကံ၏ ဒါယာဒေါ၊ ကောင်းမွေ ဆိုးမွေခံသည်။ ဘဝိဿာမိ၊ ဖြစ်ရအံ့။ ဣတိ၊ ဤသို့၊ အဘိဏှံ၊ နေ့ညဥ့်မပြတ်၊ ပစ္စဝေက္ခိ တဗ္ဗံ၊ ဆင်ခြင်အပ်၏။'**[၁]

ဗုဒ္ဓဂေါတမ မြတ်စွာဘုရားက ထပ်မံ၍ သတိပေးထားပြန်ပါသေး၏။

**ဘိက္ခဝေ၊ ရဟန်းတော်တို့၊ ဣမာနိ၊ ပဥ္စဋ္ဌာနာနိ၊ ဤ ငါးပါးသော**

---

၁ **ဆရာဖြေဝတ်ရွတ်စဉ်**၊ အဂ္ဂမဟာပဏ္ဍိတ ဆရာဖြေ၊ တည်းဖြတ်၊ စာ၊ ၆၄။

**အကြောင်းရပ်တို့ကို ဣတ္ထိယာဝါ၊ မိန်းမသည်လည်းကောင်း၊ ပုရိ... ယောက်ျားသည် လည်းကောင်း၊ ပဗ္ဗဇိတေနဝါ၊ ရဟန်းသည် လည်း... အဘိဏှံ၊ နေ့ညဥ့်မပြတ် ပစ္စဝိက္ခိတဗ္ဗာနိ၊ ဆင်ခြင်အပ်ကုန်၏။**[၁]

ရှင်းပြီ မဟုတ်ပါလား။ လင်းပြီ မဟုတ်ပါလား။ တိကျပြီ မဟုတ်ပါလား။ ... ပြီ မဟုတ်ပါလား။ ဗုဒ္ဓဂေါတမ မြတ်စွာဘုရား၏နှုတ်တော်မှ မြွက်ဟသော တရား... က ရှင်းလင်းပြတ်သား တိကျစွာ ဖော်ပြပြီမဟုတ်ပါလား 'ကောင်းသည်လည်းဖြစ်... ကောင်းသည်လည်းဖြစ်သော၊ကောင်းမှု၊မကောင်းမှု၏ ကောင်းမွေ၊ဆိုးမွေခံသည် ဖြ...'

ဤသို့ ဆိုရလျှင် ပါဏာတိပါတကံကို ကျူးလွန်ပြီးမှ ဘုရားစေတီ... တည်ပြုခဲ့သော နပတိစည်သူမင်းအတွက် မည်သို့ စဉ်းစားကြအံ့နည်း။

နရပတိစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ပုဂံဘုရားစေတီမျ... နောက်ဆုံး တည်ထားကိုးကွယ်သော စေတီတော်မှာ 'ဂေါဓောပလ္လင်' စေတီတော်... သည်။ ထိုစေတီတော်ကို အပြီးမသတ်နိုင်မီ မင်းကြီး နတ်ရွာစံခဲ့သည်ဟု သမိုင်းအ... စောင်က ဖော်ပြလေသည်။ မှန်နန်းရာဇဝင်တော်ကြီးက ဤသို့ ဆို၏။

**ဤသို့ ဆိုခဲ့ပြီးသော ကိုယ်တော်မြတ် စီးပွား၊ ပြည်သူလူတ... စီးပွားကို ဆောင်တော်မူ၍ နိဗ္ဗာန်မဂ်ဖို အလို့ငှာ လိုဏ်နှစ်ဆင့် ရှိ... ကြီးစွာသော ကောင်းမှုတော်ကို တည်တော်မူ၍ စူဠာမဏိဟူသော အမ... သမုတ်တော်မူ၏။ ထိုမှ တစ်ပါး လိုဏ်နှစ်ဆင့် ရှိသော အထက်ကြော... နှင့်တကွ ကောင်းမှုတော် တစ်ဆူ တည်တော်မူ၍ ကော်တော့ပလ္လင် ဟူ... အမည်ကို သမုတ်တော်မူ၏။**

မှန်နန်းရာဇဝင်တော်ကြီးက 'ကော်တော့ပလ္လင်' ဟူ၍ ဘွဲ့ မည်သခဲ့... ထိုစေတီတော်ကြီးမှာ အခြားအမည်များလည်း ရှိပါသေးသည်။ ထိုသို့ ဘွဲ့မည် အသ... နှင့် ထင်ရှားခဲ့ကြောင်းကို **'ပုဂံစရိုးသည်'** စာအုပ်တွင် စာရေးဆရာကြီး **ပါ...** ဤသို့ ရေးသားဖော်ပြခဲ့လေသည်။

- **ဂေါဓောပလ္လင်**
- **ဂေါဓော့ပလ္လင်**
- **ဂေါ်ဓပလ္လင်**
- **ကန်တော့ပလ္လင်**

**အမည်အမျိုးမျိုးဖြင့် ထင်ရှားသော ပုဂံဘုရား တစ်ဆူဖြစ်သည်။ ပု... တောင်ဘက် ကတ္တရာလမ်းဘေးတွင် ရှိသည်။ ဂေါဓောပလ္လင်၊ ဘုရားပုံ...**

၁။ဆရာမြေဝတ်ရွှတ်စဉ်၊ စာ၊ ၆၄။

အာနန္ဒာ ဘုရားလိုလို၊ သဗ္ဗညုဘုရားလိုလို ထင်ရသည်။ ဘုရားတည်သော ပုဂံဘုရင်မှာ အလောင်းစည်သူမင်း၏ မြေး နရပတိစည်သူ ဖြစ်သည်။

စာရေးဆရာကြီး ပါရဂူက ပုဂံမြို့ ဂေါဓောပလ္လင်ဘုရားနှင့် ပတ်သက်၍ ဤသို့ ကာမ ပျို့ပြီးလျှင် ထိုဘုရားစေတီနှင့် ပတ်သက်ယှက်နွယ်နေသော ဇာတ်လမ်း တစ်ပုဒ် ဤသို့ စိတ်ဝင်စားဖွယ်ကောင်းအောင် ရေးပြလေသည်။

ဂေါဓောပလ္လင် တည်နေရာနှင့် ပတ်သက်၍ ဆိုရိုးစကား အမျိုးမျိုး အပြားပြား ရှိလေသည်။ ယင်းဆိုရိုးစကားများထဲတွင် ပါးစပ်စကား ဖြစ်သော 'ပုဂံညှပ်ကြီး' အကြောင်းလည်း ပါသည်။ ရာဇဝင်သမိုင်းထဲတွင် မှတ်တမ်းတင်ထားခြင်း မရှိသော်လည်း အရပ်စကား၊ ပါးစပ်စကား အဖြစ် ဖြင့် အစဉ်အလာ ပြောမှတ် ပြုလာခဲ့သော အကြောင်းအရာ တစ်ရပ် ရှိ သည်။ အလောင်းစည်သူမင်းကြီး လက်ထက်က ပုဂံသူ ပုဂံသားများ တစ်ဦး နှင့် တစ်ဦး အချင်းများသည့်အခါ တရားအဆုံးအဖြတ်ပေးသည့် တရားခွင် တစ်ခု ရှိသည်၊ ယင်းတရားခွင်မှာ ပုဂံညှပ်ကြီးခေါ် ညှပ်ကြီး ဖြစ်သည်။

ညှပ်ကြီးကို ပလ္လင်တစ်ခုပေါ်၌ တည်ထားသည်။

အမှုတစ်စုံတစ်ရာ ဖြစ်ပါက တရားလိုနှင့် တရားခံ နှစ်ဦးလုံး ညှပ်ကြီး ထဲ တစ်ယောက်စီ လက်တိုးထည့်ရသည်။ ထိုအခါ ညှပ်ကြီးက မှန်ကန် ဖြောင့်မတ်သူ၏ လက်ကို မညှပ်ဘဲ လိမ်ဆယ်သူ၏ လက်ကို ညှပ်လေသည်။ ညှပ်ကြီး ညှပ်မညှပ်ကို ကြည့်လျက် တရားအဆုံးအဖြတ် ပေးရသည်။

တစ်နေ့သ၌ မယ်သူတော် တစ်ယောက်သည် သူ၏ လက်စွပ်ကို ဘိုး သူတော် တစ်ယောက်ထံ အပ်နှံထားသည်။ မယ်သူတော်က သူအပ်နှံထားသော လက်စွပ်ကို ဘိုးသူတော်ထံမှ ပြန်တောင်းသည်။ ဘိုးသူတော်က ပြန်ပေးပြီးပြီဟု ငြင်းနေသည်။ ဤတွင် အဆုံးအဖြတ် ခံယူရန် မယ်သူတော်နှင့် ဘိုးသူတော် တို့သည် ပုဂံညှပ်ကြီးထံ သွားကြသည်။ မယ်သူတော်က 'အကျွန်ုပ်၏ လက်စွပ် ကို ဘိုးသူတော်ထံ အပ်နှံထားပါ၏။ အကျွန်ုပ် အပ်နှံထားသော လက်စွပ်ကို ဘိုးသူတော်က အကျွန်ုပ်အား ပြန်မပေး သေးပါ။ အကျွန်ုပ် ဆိုသည့်အတိုင်း မှန်ပါက အကျွန်ုပ်၏ လက်ကို ညှပ်ကြီး မညှပ်ပါစေနှင့်။ အကယ်၍ အကျွန်ုပ် လိမ်ဆယ်ပြောဆိုခြင်း ဖြစ်ပါမူကား ညှပ်ကြီးသည် အကျွန်ုပ်၏ လက်ကို ညှပ်ပါစေသား' ဟု သစ္စာဆိုလျက် ညှပ်ကြီးလက်ထဲ လက်ထည့်လိုက်လေ သည်။ ညှပ်ကြီးက မယ်သူတော်လက်ကို မညှပ်ပေ။ မယ်သူတော် မျက်နှာ ဝင်းကနဲ လက်သွားသည်။

ဘိုးသူတော်အလှည့် ရောက်လာသည်။ ဘိုးသူတော်က ဉာဏ်များ
ဝိနည်းလွတ်အောင်လည်း ရှောင်တတ် တိမ်းတတ်သည်။ လက်စွပ်ထည
သည့် တောင်ဝှေးကို မယ်သူတော်အား ပေးလျက် 'တောင်ဝှေးကို ကို
စမ်းပါ'၊ ကျုပ်သစ္စာ ဆိုမလို့ပါ' ဟု ပြောသည့်အတွက် မယ်သူ
ဘိုးသူတော်၏ တောင်ဝှေးကို ကိုင်ပေးထားသည်။ ဘိုးသူတော်က 'အ
ကို မယ်သူတော် လက်စွပ်အပ်ထားသည်မှာ မှန်ပါ၏။ သို့သော်လည်
လက်စွပ်ကို ကျွန်ုပ် ပြန်ပေးပြီးပြီ။ ကျွန်ုပ်၏ စကားမှန်ပါက ညှ
သည် မညှပ်ပါစေနှင့်။ အကယ်၍ ကျွန်ုပ်မုသားစကား ဆိုသည်ဆို
ကျွန်ုပ်၏ လက်ကို ညှပ်ကြီး ညှပ်ပါစေသား' ဟူ၍ သစ္စာဆိုလိုက်လေသ
ဘိုးသူတော်ကို မညှပ်ဘဲ နေသည်။

မယ်သူတော်နှင့် ဘိုးသူတော် အမှု၌ ရုပ်ဝတ္ထုအခြေအနေကို ကြ
ဆုံးဖြတ်ခြင်း ဖြစ်သော်လည်း ဆုံးဖြတ်ချက်မှာ တရားသော ဆုံးဖြတ်
မဟုတ်ပေ။ ထို့ကြောင့် ညှပ်ကြီးသည် သူ့ဆုံးဖြတ်ချက်ကို သူကိုယ်
ဘဝင်မကျ ဖြစ်သွားပုံ ရသည်။ တရားသူကြီး အဖြစ်က နုတ်ထွက်
တရားခွင်၌ဆက်လက် မနေတော့ဘဲ ပျောက်ကွယ်သွားလေသည်။ ဂေါ
ပလ္လင်သည် ညှပ်ကြီးတင်ထားသော ပလ္လင်၏ နေရာ၌ ကိုးကွယ်တည်ထား
စေတီပုထိုးဖြစ်လေသည်။

နောက် ဆိုရိုးစကား တစ်ခု ရှိသေးသည်။ ညှပ်ကြီး ပျောက်ကွယ်
သောအခါ ညှပ်ကြီးတည်ရှိရာ တရားခွင် ပလ္လင်သို့ 'ဂေါဓ' နှင့် 'ဂေ
အမည်ရှိ ဘီလူးနှစ်ဦး အမွှားပြုသော ဘီလူး တစ်သိုက် ရောက်လာကြပြီး
ညှပ်ကြီးအစား တရားသူကြီးအဖြစ် ဝင်ရောက် အမှုထမ်းကြသည်။ ထိုပ
ရှိရာသို့ လာရောက်၍ တရားအဆုံးအဖြတ် ခံယူသူများအား 'ဂေါဓ'
'ဂေါစီ' တို့က လိမ်ညာ ပြောနေသူကို ရိုက်ပုတ်ပြီး မှန်မှန်ကန်ကန် ပြော
ကို မည်သို့မျှ မပြုလုပ်ဘဲ နေသည်။ ယင်းသို့အားဖြင့် 'ဂေါဓ' ဘီ
တရားစီရင်သော ပလ္လင်ရှိရာ အရပ်၌ ကိုးကွယ်တည်ထားသောကြောင့် 'ဂေ
ပလ္လင်' အမည်တွင်နေခြင်း ဖြစ်သည်။

နောက်ဆိုရိုးစကား တစ်ခုမှာ အလောင်းစည်သူမင်းကြီးနှင့် ပတ်သ
နေသည်။ အလောင်းစည်သူမင်းကြီးသည် ပုဂံသမိုင်း၌ ဘုန်းလက်ရုံး
ပြည့်စုံသော ဘုရင်တစ်ပါး ဖြစ်သည်။ အာဏာတန်ခိုးနှင့် ပြည့်စုံလာသေ
အခါ အာဏာတန်ခိုးနှင့် အတူ မာန်မာန ကပ်ပါလာသည်။ ငါ၏ ဘေးလော

တော်၊ ဘိုးလောင်းတော်တို့သည် ငါ့လောက် ဘုန်းတန်ခိုး အာနုဘော် ကြီးသူများ မဟုတ်ကြ။ အလောင်းစည်သူမင်းကြီး ပြောမှား ဆိုမှား ရှိသွားသည်။ သမုဒ္ဒရာဇ်မင်းမှ စ၍ ခမည်းတော် စောယွန်းမင်း တိုင်အောင် ၄၅ ပါးသော ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့အား ဝစီကံ မနောကံဖြင့် ပြစ်မှားမိသည် ဖြစ်၍ မျက်စိကွယ်သွားသောအခါ အလောင်းစည်သူသည် နောင်တကြီးစွာ ရပြီးလျှင် မင်း ၄၅ ပါးတို့ကို ရွှေစင်ရုပ်သွန်းလုပ်၍ ပလ္လင်တွင် တင်ထားပြီး ကန်တော့လေသည်၊ ထိုအခါကျမှ မျက်စိနှစ်ကွင်း အလင်း ပြန်ရလာလေသည်။ မင်း ၄၅ ပါးတို့၏ ရွှေစင် ရုပ်တုများ တင်ထားသော ပလ္လင်ရှိရာ အရပ်၌ ကိုးကွယ်တည်ထားသောကြောင့် 'ကန်တော့ပလ္လင်' ဟု အမည်နာမ တွင်နေခြင်း ဖြစ်သည်။

စေတုတ္တ ဆိုရိုးစကားလည်း ကန်တော့ခန်းနှင့်ပင် ပတ်သက်သည်။ သို့ရာတွင် အလောင်းစည်သူ၏ ကန်တော့ခန်း မဟုတ်ဘဲ ဘုရားဒါယကာ နရပတိစည်သူမင်း၏ကြီး ကိုယ်တိုင်၏ ကန်တော့ခန်း ဖြစ်သည်။ နရပတိစည်သူသည် စူဠာမဏိဘုရား ဒါယကာလည်း ဖြစ်သည်။ ဂေါဓောပလ္လင် ဘုရားကို မတည်မီကပင် စူဠာမဏိ ဘုရားကို တည်သည်။ စူဠာမဏိ ဘုရား တည်စဉ်က မင်းဆရာ ပုံသုကုဠေ့ယ်ရှင် မဟာထေရ်သည် ပြည်သူပြည်သားများအား မင်းအာဏာ သုံးပြီး အတင်းခိုင်း မစေခိုင်းရန် နရပတိစည်သူအား ဆုံးမစကား ဆိုသည်၊ မဟာထေရ်၏ ဆုံးမစကားကို မကျေနပ် မနှစ်သက်သောကြောင့် ဘုရင်မင်းကြီးသည် မဟာထေရ်အား ဝစီကံဖြင့် ပြစ်မှားမိလေသည်။

ဘုရင်မင်းကြီးနှင့် သဘောထား မတိုက်ဆိုင်၍ မဟာထေရ်သည် ပုဂံမှ ထွက်ခွာသွားသောအခါ ဘုရင်မင်းကြီးသည် မဟာထေရ်အား စွယ်ကြို အရပ်မှ မရမက ပြန်ပင့်လျက် ပလ္လင်ထက်တွင် သီတင်းသုံးစေပြီးလျှင် ဝန်ချကန်တော့လေသည်၊ ယင်းကန်တော့ပလ္လင် တည်ရှိရာ၌ ကိုးကွယ်တည်ထားသော ကြောင့် 'ကန်တော့ပလ္လင်' ဟူ၍ ခေါ်ဝေါ်သမုတ်လေသည်။

မြန်မာသက္ကရာဇ် ၅၆၅ ခုနှစ်တွင် နရပတိစည်သူမင်းကြီးသည် ဂေါဓောပလ္လင် ဘုရားကို တည်သည်။ သို့သော်လည်း နှစ်ပေါင်း (၈) နှစ်ကြာသည် အထိ အပြီး မသတ်နိုင်ခဲ့ပေ။ ယင်းသို့ (၈) နှစ် ကြာသည့်တိုင်အောင် ဘုရားကို အပြီးမသတ်နိုင်ခြင်းမှာ စူဠာမဏိ ဘုရားတည်စဉ်က ပုံသုကူ မဟာထေရ် မိန့်တော်မူသော ဆုံးမစကားကို သတိရသည် ဖြစ်၍ ပြည်သူပြည်သားတို့အား မင်းအာဏာ သုံးပြီး အတင်းအဓမ္မ မခိုင်းစေသောကြောင့် ဖြစ်လေသည်။

သက္ကရာဇ် (၅၇၃) ခုနှစ်တွင် နရပတိစည်သူမင်းကြီး ကံကုန်
လေသည်။ သို့ရာတွင် ဘုရင်မင်းကြီး၏ တည်ဆဲ ဂေါဓောပလ္လင် ဘုရာ
အပြီးမသတ်သေးဘဲ တန်းလန်းပင် ကျန်နေခဲ့သည်။ နရပတိစည်သူမင်း
လွန်သော် သားတော် နားတောင်းများမင်း နန်းတက်သည်။ သားတော် လ
ထက်ကျမှ ခမည်းတော် အပြီးသတ် မသွားခဲ့သော ဂေါဓောပလ္လင်ကို အ
သတ်နိုင်ခဲ့လေသည်။ ယင်းသို့အားဖြင့် ဂေါဓောပလ္လင် ဘုရားသည် ဘု
ဒါယိကာ နှစ်ဦးတည်သော ဘုရား ဖြစ်နေလေသည်။

ရွှေစည်းခုံ ဘုရားလည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ အနော်ရထ
တည်သွားသော ရွှေစည်းခုံမှာ အပြီး မသတ်သဖြင့် ကျန်စစ်သားက အ
သတ် အရောကိုင်ရလေသည်။ သီရိလင်္ကာနိုင်ငံ၌လည်း ဘုရင်နှစ်ပါး တ
သော အထိကရ စေတီပုထိုးကြီး တစ်ဆူရှိသည်။ ယင်းစေတီပုထိုးမှာ အနု
ပုရရှိ မဟာထူပါရုံစေတီကြီး ဖြစ်သည်။ ဒုဋ္ဌဂါမဏိ မင်းကြီး အပြီးသ
မသွားနိုင်ခဲ့သော မဟာထူပါရုံ စေတီကို ညီတော် သဒ္ဒါတိဿမင်းက ဆ
လက် တည်ရသည်။

ဂေါဓောပလ္လင် ဘုရားသည် ရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရားများကဲ့သ
ဘုရားစင်ပေါ်က ဘုရားမျိုးလည်း မဟုတ်ပေ။ ထီးလိုမင်းလိုဘုရားမျိုးကဲ့သ
ပြတိုက် ပြခန်းထဲက ဘုရားမျိုးလည်း မဟုတ်ပေ။ ယင်းနှစ်မျိုး၏ ကြားတွ
တည်ရှိသော ဘုရားမျိုး ဖြစ်သည်။ ရွှေစည်းခုံ အာနန္ဒာတို့ကဲ့သို့ စောင်းတန်
အသွယ်သွယ်ဖြင့် ပန်းကပ်သူ၊ ဆီမီးကပ်သူ၊ ပူဇော်ဝတ်ပြုသူများလည်း စည်စ
ကားကား ရှိမနေပေ။ ထီးလိုမင်းလို ဘုရားကို မူလ တည်စဉ်က ပုံစံမျိုး
ဖြစ်သည့် သမိုင်းတန်ဘိုးနှင့် ပြတိုက်ပြခန်း၏ ကျက်သရေမျိုးလည်း မ
တော့ပေ။ နောင်းခေတ် ကုသိုလ်ရှင်များ၏ ကောင်းမှုကြောင့် ရှေးဟောင်း
မူလ ပုံစံငုပ်လျှိုးသွားပြီး ထုံးရောင်ဖွေးဖွေးဖြင့် အဝေးက ကြည့်လျှင်ပင်
မျက်စိအာရုံကို ဆွဲဆောင်နိုင်သည့် ပုဂံရှုမျှော်ခင်း၏ ကျက်သရေဆောင်
သစ်လွင် တောက်ပြောင်သော စေတီပုထိုးတစ်ဆူ ဖြစ်နေပေပြီ။

ဂေါဓောပလ္လင်သည် ဖိနပ်တော်မှ ငှက်မြတ်နားအထိ ပေ ၁၈၀ ခန့်
ဉာဏ်တော်အမြင့် ရှိသည်။ ကွမ်းတောင်နှင့် ကွမ်းတောင်အထက်က စေတီ
ငယ်ပုံစံမှာ သွယ်သွယ်လျလျ ရှိသည်။ အာရုံခံမုခ်ကို အရှေ့ဘက် လှည့်ထား
သည်။ အထပ်နှစ်ထပ် ရှိသော ဂူဘုရား ဖြစ်သည်။ အောက်ထပ်သို့ ဝင်လျှင်
ဝင်ချင်း အရှေ့ဘက်ခန်း၌ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဖူးတွေ့ရသည်။ အောက်ထပ်

**မှစ်လေးမျက်နှာလုံး၌ပင် ဗုဒ္ဓရုပ်ပွားတော်များ ရှိသည်။ အချို့ ရုပ်ပွားတော်များမှာ အလယ်မဏ္ဍိုင်ကို ကျောပေးလျက် စမ္မာယ်တော်မူကြသည်။**

**အပေါ်ထပ်တက်သည့်လှေကားရှိသည်။ ဂေါ်တောပလ္လင်လှေကားမှာ သဗ္ဗညုဘုရား လှေကားမျိုး မဟုတ်ဘဲ ထုထည်ကြီးမားသော နံရံအတွင်း၌ လှေခါးကျဉ်းကျဉ်း နှစ်ခုဖောက်ထားသည်။ အထက်ထပ်ခန်းမတွင်း၌လည်း ဗုဒ္ဓ ရုပ်ပွားတော်ကြီး ရှိသည်။ ထိုမှ တစ်ဖန် အပေါ်ထပ်သို့ ဆက်တက်သွားရန်အတွက်လည်း လှေကားရှိသည်။ ပုဂံခရီးသည်သည် လှေကားနှင့် တက်၍ ရသည့် အပေါ်ဆုံး အထပ်သို့ ရောက်အောင် တက်သွားပြီးလျှင် ပုဂံပတ်ဝန်းကျင် ရှုမျှော်ခင်းကို လှမ်း၍ မျှော်ကြည့်လိုက်သည်။ အနောက်ဘက်၌ တန့်ကြည်တောင်တန်းကို ကျောထောက်နောက်ခံ ပြုထားသော ဧရာဝတီမြစ် သဘာဝရှုခင်းပန်းချီကားကြီးတစ်ချပ် ပေါ်လာသည်။ အရှေ့နှင့် တောင်မြောက်တို့၌ကား ရှေးဟောင်း ပုဂံခေတ်ကို လှမ်းဆွတ် တသစေသည့် ရှေးဟောင်း ပုဂံရှုခင်း ကားချပ်ကြီးကို မြင်တွေ့နေရသည်။**[၁]

ဆရာပါရဂူက ပုဂံမြို့ ဂေါ်တောပလ္လင်ဘုရားကို ရှုမြင်သုံးသပ်ချက် ဖြစ်လေသည်။ ဆရာပါရဂူ၏ ရှုမြင် သုံးသပ်ချက်တွင် အဓိကကျသော အကြောင်းအရာ တစ်ခုကို ထင်ရှားစွာ တွေ့ရသည်။ ယင်းမှာ ပုဂံမြို့ ဂေါ်တောပလ္လင်ဘုရားကို နရပတိစည်သူမင်းကြီးသည် (၈) နှစ်ကြာအောင် တည်ထားနေရဆဲတွင် ကံကုန်သွားရှာခြင်း ဖြစ်သည်။ နရပတိစည်သူသည် သက်ဦးဆံပိုင်ရှင်ဘုရင် တစ်ပါးဖြစ်သည်။ မှန်ပါ၏။ ထို့ပြင် ပုဂံပြည်၌ ထိုရှင်ဘုရင်၏ ဩဇာ၊ အာဏာ၊ အမိန့်ကို ပယ်လှန်ဝံ့သူ ပြည်သူတစ်ဦးတစ်ယောက်မျှ မရှိသည်မှာလည်း အမှန်ပင် ဖြစ်ပါလေ၏။ သို့သော် စူဠာမဏိ ဘုရားကို ပြည်သူ့ အင်အားများအား အဓမ္မ ဆင့်ခေါ်စေခိုင်းတည်ပြုခဲ့မိ၍ ပုံသုကူမဟာထေရ်နှင့် ဘုရင်မင်းမြတ်တို့အကြား သဘောထားကွဲပြားမှုကြီး ဖြစ်ပေါ်ခဲ့သည် မဟုတ်လား။ ဤကဲ့သို့ ပြဿနာမျိုးကို နရပတိစည်သူမင်းကြီးသည် နောက်တစ်ကြိမ် ကြုံရန် မဝံ့တော့ပြီ။ ထို့ကြောင့်ပင် သူသည် ဂေါ်တောပလ္လင်စေတီတော်ကြီးကို ဖြည်းဖြည်း မှန်မှန် တည်ထားနေရင်း နတ်ရွာစံခဲ့ရခြင်း ဖြစ်လေသည်။

ဤ သာဓကကို ကြည့်၍ ပုံသုကူမဟာထေရ်အပေါ်တွင် လည်းကောင်း၊ ဗုဒ္ဓဂေါတမ၏ တပည့်သား သံဃာတော် ရဟန်းတစ်ပါးအပေါ်တွင် လည်းကောင်း၊ ပြည်သူပြည်သား လူအများအပေါ်တွင် လည်းကောင်း၊ နရပတိစည်သူမင်းကြီး အလေးအမြတ်ထားသည့် သဘောထားကို ပြက်ပြက်ထင်ထင် မြင်ကြရလေသည်။ နှောင်းလူတို့

---

၁။ **ပုဂံခရီးသည်၊** ပါရဂူ။ စာ၊ ၁၄၃။

ရေးထိုးကြမည့် ပုဂံသမိုင်းတွင် အထင်ကရ ဖော်ပြရမည့် ဖြစ်သော အုပ်စိုးသူ
ပိုင် တစ်ဦး၏ မျှတသောသဘောစိတ်ထားကို နရပတိစည်သူမင်းက စံနမူနာ
သည်ဟုပင် ဆိုဆို၊ ဆုံးမသြဝါဒ ပေးခဲ့သည်ဟုပဲပြောပြော ရနိုင်ပေတော့သည်။

ထို့ပြင် အရပ်သုံးစကား တစ်ခု ဖြစ်နေသော 'ငါရှင်ဘုရင် ဘယ်နှစ်ပတ်
ပတ်' ဆိုစကားမျိုးကို နရပတိစည်သူမင်းကြီး လက်ကိုင်မထား။ အများသူငါ၏
မှ ထွက်ပေါ်လာသော သဘောထားကို အဓမ္မပယ်ရှားခြင်း မပြုလိုသည့် ဘု
မြတ်၏ စိတ်ထအား သဘောထားမှာ ဘယ်အရာနှင့်မှ ဖုံးကွယ်၍ မရအောင်
ထင်ရှားနေလေသည်။

ဆိုရလျှင်မူ ဤသို့သော သဘောထားမျိုးမှာ နရပတိစည်သူမင်းကြီး နန်း
စ ကာလကလည်း ပေါ်ပေါက်ခဲ့ဖူးသေးသည်။ အနန္တသူရိယ အမတ်ကြီး၏
မရောက်မီ ရေးသားခဲ့သော သံဝေဂဗျာလင်္ကာ လေးပိုဒ်ကို ကြားနာရပြီး
အချိန်ကလည်း နရပတိစည်သူမင်းကြီးသည် တရားသံဝေဂ ကောင်းစွာ ရခဲ့လေ
ထို့ကြောင့်ပင် 'နောင်အခါ၌ ငါက သတ်စေ အမိန့်ချသော်လည်း တစ်လ လေးသ
ထားပြီး သေသင့်မှ သေပါစေ' ဟု နရပတိစည်သူမင်းကြီးက အမိန့်ချခဲ့သည် မ
ပါလော။

ဤသို့ဖြင့် ကောဇာသက္ကရာဇ် ၅၇၃ ခုနှစ်တွင် နရပတိစည်သူမင်းကြီး
လူပြည် ငြီး၍ နတ်ထီးစံတော်မူခဲ့သည်။ နတ်ရွာစံ ကံတော်ကုန်သည့် အခါ၌ နရပတိ
သူမင်းကြီး၏ သက်တော်မှာ (၇၄) နှစ် ရှိလေပြီ။ အသက် (၃၇) နှစ်တွင် နောင်
ရင်း မင်းယဉ်နရသိင်္ခကို လုပ်ကြံ၍ နန်းတက်ခဲ့သော နရပတိစည်သူမင်းသည်
(၃၇) နှစ်တွင် ဘဝနိဂုံး အဆုံးသတ်သွားလေပြီ။ သူနတ်ရွာစံတော်မူသောအခါ
သည့် ရှုခင်းရှုကွက်ကို **စာရေးဆရာမ စိမ့် (ပညာရေး)** က **ပုဂံရွှေရုပ်လွှာ**
စာအုပ်တွင် ဤသို့ စာပန်းချီ ချယ်သခဲ့လေသည်။

> **နရပတိစည်သူမင်းကြီးသည် သက်တော် ခုနစ်ဆယ့် လေးနှစ်သို့ ရောက်ရှိလာပြီ ဖြစ်၏။ ရောဂါသည် သူနှင့်အတူ ဗျာဓိကိုလည်း အဖော်အဖြစ် လာသည်။ မင်းကြီးသည် ပြင်းစွာ နာမကျန်း ဖြစ်နေ၏။ သလွန်တော် မှပင် မထနိုင်တော့ပြီ။ သည်တစ်ကြိမ်တွင် မင်းကြီး ဝေဒနာမှ သက်သာ ရန် မိဖုရားငယ်လည်း မည်သို့မျှ ပြုလုပ်မပေးနိုင်တော့ပြီ။ မင်းကြီးသ သေအံ့သော အချိန်ကိုသာ ငံ့လင့်လျက် ရှိ၏။ သူ၏ နောက်ဆုံးအချိန် သားတော် ငါးပါးစလုံးကို မိမိအနားသို့ ခေါ်ယူသည်။ သားတို့၏ လက် အလှည့်ကျ မိမိ၏ ရင်တော်ထက်၌ ထားကာ သည်လို မိန့်တော်မူသည်**

'သားတော်များ ငါစီစဉ်ထားတဲ့အတိုင်း မပျက်စေနဲ့၊ ညီတော် နောင်တော် ငါးပါး ညီညွတ်ချစ်ကြည်စွာ အမှုတော်ကို ထမ်းဆောင်ကြပါ။ အတူအညီ ကောင်းစားခြင်းသည်သာ အလွန်တင့်တယ်ပေတယ်။ ကျွန်များစွာ ရှိပေမယ့် ဆွေမျိုးရင်းချာမရှိတဲ့ သူဟာ ကောင်းစားတယ် မမည်ပေဘူး။'

သားတော်များအပေါ် ထားရှိသော မင်းကြီး၏ ရင်တွင်းမှ မေတ္တာ စေတနာ ဓာတ်များသည် လက်များမှ အသီးသီး ရင်ထဲသို့ စီးမျော ဝင်ရောက် သွားသည်ကို သားတော်အားလုံး ခံစားလိုက်ကြရသည်။ သူတို့၏ နှလုံးအိမ် တွင် သိမ့်သိမ့်တုန်ခါ သွားသည်ကိုလည်း သတိပြုမိလိုက်ကြသည်။ 'သားတော် များ ညီညွတ်စွာ စည်းလုံးလျက် ပြည်ရွာ ငြိမ်းချမ်းအောင် ဆောင်ရွက် ပါ့မယ် ခမည်းတော်ဘုရား'

သားတော်များထံမှ ကတိစကား ကြားရသောအခါ မင်းကြီး၏ စိတ် တွင် ငြိမ်းအေးသက်သာသွား၏။ မင်းကြီးသည် မျက်လုံးကို မှိတ်ပြီး ရင်တော် ထက်မှ လက်နှစ်ဘက်ကို ကြာမှုံသဏ္ဌာန် လက်အုပ်ချီ၏။ လွယ်လွယ်နှင့် မရ။ သားတော်များက ကူညီပေးကြရသည်။ ခဏအကြာတွင် မင်းကြီး၏ လက်အစုံသည် ပြေလျော့ကျသွား၏။ မင်းကြီး ကံတော်ကုန်လေပြီ'

နရပတိစည်သူမင်းကြီး၏ နောက်ဆုံးနေ့၊ နောက်ဆုံးအချိန်ကို၊ စိမ့် (ပညာရေး) အထက်ပါအတိုင်း ဖော်ပြခဲ့သည်။ မှန်နန်းရာဇဝင်တော်ကြီးကမူ ဝါကျတိုတိုဖြင့် ရင်းကို ဤသို့ ဆိုလေသည်။

'နရပတိစည်သူအမည်ရှိသော အလောင်းမင်းမြတ်သည် သံသရာ ပစ္စုပ္ပန်နှစ်ပါး စီးပွားကို ဆောင်တော်မူ၍ အိမ်နိမ့်သုံးဆယ့်ခုနစ်နှစ်၊ စည်းစိမ် သုံးဆယ် ခုနစ်နှစ်၊ သက်တော် ခုနစ်ဆယ့်လေးနှစ်သော် အနိစ္စ ရောက်၏။ အနိစ္စ ရောက်တော်မူလိုသော် မော်ကွန်းတံခါးဦးဝယ် ဘီလူးကိုယ်ထင်ပြ၏။ အနောက်က ကြယ်တံခွန်ထွက်၏'

တက္ကသိုလ် စိန်တင်
၁၈၊ ၁၀၊ ၉၉

ဝလုံးတစ်လုံးကိုဖျက်လျှင် နှစ်လုံးဖြစ်လာသည်။ လူ့စွမ်းအင်များကို စဉ်ဆက်မပြတ် တိုးတက်စေမည့်စာများဖြစ်သည်။

## ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)

### "ဘိုးဘိုးအောင်၏ ဝလုံးလေးများ"

ထွက်ပြီ

သမိုင်းဆိုင်ရာ စစ်သူကြီးများ စစ်ဘုရင်များအကြောင်းကို
လေ့လာချင်သူများ ဖတ်ရှုချင်သူများအတွက်

**ဒေါက်တာမတင်ဝင်း** (ပညာရေးတက္ကသိုလ်)

**"စစ်သူကြီးများ၊ စစ်ဘုရင်များ"**

**ထွက်ပြီ**